# ဦးစပ်စု ၏ ထူးတဲ့စပ်စု (ပထမတွဲ)



ရန်ကုန်မြို့၊ ကုတ်ကိုင်းရပ်၊ အမှတ် ၅၊ ချင်းချောင်းရိပ်သာလမ်း။ 'မာလာမြိုင်' ပုံနှိပ်တိုက်တွင် ဦးသိန်းမောင်က ရိုက်နှိပ်၍၊ အမှတ် ၇၄၆၊ မဟာဗန္ဓုလလမ်း၊ ဦးစပ်ရ (လန်းဆောင်စာတိုး) က ထုတ်ဝေပါသည်။

ပထမနှိပ်ခြင်း၊ အုပ်ရေ ၂၅၀၀

# ဦးစပ်စု ၏ ထူးတဲ့စပ်စု (ပထမတွဲ)

## မိတ်ဆက်

ဦးစပ်စု၏ "ထူးတဲ့စပ်စု" စာအုပ်တွင် ကျွန်တော်က မိတ်ဆက် အမှာစာရေးသားရန် တာဝန်ကျသဖြင့် ဤစာအုပ်မည်သို့ ဖြစ်ပေါ်လာရသည်ကို စာဖတ်သူပရိသတ်တို့အား အမှာစာအားဖြင့်ဖေါ်ပြလိုပါသည်။

ကျွန်တော်နှင့်ဦးစပ်စု၊ ကျွန်တော်နှင့် ဆရာကြီးဦးရန်အောင်တို့မှာ တဦးနှင့်တဦး အတော်ပင် ရင်းနှီးကြသော မိတ်ဆွေများဖြစ်ကြပါသည်။

ဆရာကြီး ဦးရန်အောင်ဆိုလျှင် ၁၉၄၃ ခုနှစ် ဂျပန်ခေတ်က ကြားတောရလမ်းတွင် စာအုပ်ဆိုင် ဖွင့်ထားစဉ် အခါကပင် ရင်းရင်းနှီးနှီး သိသကဲ့သို့ ထိုအချိန်လောက်ကပင် တရုပ်အမျိုးသား ဖြန်ဟပ်ဘွေ အသင်းကြီး၌ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေသော ဦးစပ်စုကို သိခဲ့ရပါသည်။

ထို့နောက်ကာလတွေကြာညောင်းပြီး အခါတွေအမျိုးမျိုးပြောင်းလာသည့်အတိုင်း ကျွန်တော်တို့မှာ တဦးနှင့်တဦး တွေ့ဆုံခွင့်မရကြဘဲ လုပ်ငန်းကိုယ်စီနှင့်သာ အလုပ်များနေကြရာမှ ကျွန်တော်သည် တချိန်က မယ်ဇမာ လဘက်ခြောက်သယ်ပီပီ လဘက်ခြောက်လိုက်ရောင်းရာတွင် ကျွန်တော်၏လဘက်ခြောက်ကို အင်တိုက်အားတိုက် ရောင်းချပေးမည့်သူကို မျှော်လင့်နေဆဲ ဦးစပ်စုအားသတိရသဖြင့် ၎င်းအား အကူအညီတောင်းရာမှ ယနေ့တိုင် ဦးစပ်စုနှင့်ကျွန်တော်မှာ ပိုမိုရင်းနှီးလာသော မိတ်ဆွေများဖြစ်ကြရပါသည်။

အမှန်မှာ ဦးစပ်စုသည် ထူးတဲ့စပ်စုကြီးဖြစ်လာခဲ့ရသော်လည်း သူသည် သူဌေးသူကြွယ် မင်းစိုးရာဇ သားသမီးထဲက မဟုတ်ဘဲ တရုပ်ပြည်ကြီး၏ တခုသောတောရွာမှ သာမန်တောသား ထောင်ကဲလေးသာဖြစ်ပါသည်။

သို့သော် ဦးစပ်စု၏အိမ်တွင် ရောက်ဘူးသူတိုင်း သူ၏အိမ်နံရံတွင် နံရံပြည့်လုခမန်း ချိတ်ဆွဲထားသော ဓာတ်ပုံများကို တွေ့ရလျှင် ဦးစပ်စုသည် ခေတ်သုံးခေတ်က ဂုဏ်သရေရှိ လူကြီးလူကောင်းများနှင့် ရင်းနှီးခင်မင်သည်ကို သိရလေသည်။

ကျွန်တော်မှာ ခင်မင်ရင်းနှီးသူဖြစ်သည့်အတိုင်း ဦးစပ်စုအိမ်သို့ မကြာခဏရောက်ရာ ရောက်တိုင်းလိုပင် ခေါက်ဆွဲစားရလေ့ရှိပါသည်။ ဦးစပ်စုနှင့် သူ၏ဇနီး ဒေါ်ကျင်မြိုင်တို့တွင် စွဲကပ်နေသော အကျင့်လေးတခုမှာ လာသမျှသော ဧည့်သည်များကို ခေါက်ဆွဲလေး တပန်းကန်လောက်ကိုတော့ အနည်းဆုံးကျွေးရမှ ကျေနပ်ကြပါသည်။ "အရပ်ရပ်က ကျောင်းဒကာ အစားရှိရာ စုရုံးစုရုံး" ဆိုသကဲ့သို့တော့ မဟုတ်ပါ။

တနေ့တွင် ကျွန်တော်သည် ကိစ္စတခုအတွက် ဦးစပ်စုဂေဟာသို့ရောက်ခဲ့ပါသည်။ ခေါက်ဆွဲကိုတော့ စားချင်၍မဟုတ်ပါ။ ကိစ္စတခုကြောင့်လာရသော်လည်း ဦးစပ်စုနှင့် ကျွန်တော်မှာ စကားပြောနေရင်း တူသံ ပန်းကန်သံများကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ခေါက်ဆွဲပြုပ်ကြော် ပူပူနွေးနွေး နှစ်ခွက်ကို ကိုင်ဆောင်လာသော ဒေါ်ကျင်မြိုင်က ပြုံး၍ "ကဲ-ကဲ-စားကြအုံး၊ ပီးမှ ဆက်ပြီး စကားပြောပါ" ဟုပြောလာသဖြင့် ကျွန်တော်က အားနာပါးနာနှင့် ထုံးစံအတိုင်း ဂင်လွေးရပါတော့သည်။

ခါတိုင်းကဲ့သို့ပင် ကျွန်တော်သည် ခေါက်ဆွဲစားရင်း နံရံတွင်ချိတ်ဆွဲထားသော ဓာတ်ပုံများကိုကြည့်ရင်းက မြင်နေကျ ဓာတ်ပုံတပုံကို ထိုနေ့ကမှ သေချာစွာကြည့်မိရာ ဦးစပ်စုက " ဟာ-ဒီဓါတ်ပုံဟာ ကျုပ်အတွက် အရေးကြီးတဲ့ ဓာတ်ပုံပေ့ါ၊ ကျုပ်ကို ပြည်ထဲရေးဝန်ကြီးဆာဦးဘ က စပ်စုလို့ နာမည်ပေးခဲ့တဲ့ အထိမ်းအမှတ်ပွဲမှာ ရိုက်ထားတဲ့ပုံဘဲ" ဟုပြော၏။

ကျွန်တော်သည် အနားကပ်ပြီး သေချာစွာကြည့်ရာ ၁၉၃၄-ခုနှစ် ဒီဇင်ဘာလ ၂၉-ရက်နေ့က ရိုက်ထားသော ဓာတ်ပုံဖြစ်နေသဖြင့် ကျွန်တော်လည်း အမှတ်မထင် "ဟာ-၁၉၃၄ ခုနှစ်ကဆိုတော့ အခု ၁၉၅၉-ခုနှစ်မှာ ဦးစပ်စု ဗမာနာမည်ရတာ နှစ်ဆယ့်ငါးနှစ် ပြည့်ပြီပေ့ါ၊ ဦးစပ်စု နာမည်ရတာ အနှစ်အစိတ်ဆိုတော့ "ငွေရတုသဘင်" ကျင်းပပြီး ကျွန်တော်တို့ကို ခေါက်ဆွဲကျွေးအုံးမှာပေ့ါ" လို့ နှုတ်ဆတ်ဆော့လိုက်ရာ ကျွန်တော့်အား ဦးစပ်စုက "အား-အား-ခင်ဗျားပြောလို့ ကျုပ်သတိရတယ်၊ ဟုတ်တယ် ကျုပ်စပ်စုနာမည်ရတာ နှစ်ဆယ့်ငါးနှစ်ပြည့်ပြီ၊ အင်း-အင်း- နေပါအုံး၊ ငွေရတုသဘင်ဆိုတာ ဘာလဲ" ဟုမေးရာ ကျွန်တော်က ဆီလ်ဘားဂျူဗလီ၊ ဂိုလ်ဒင်းဂျူဗလီ၊ ဒိုင်းမွန်းဂျူဗလီ စသော ကိစ္စများကို ပြောပြရာ ဦးစပ်စုမှာ အတော်ပင် သဘောပေါက်သွားပါသည်။

ထိုနောက် သူ့ဇနီးသည် အစ်မကြီး ဒေါ်ကျင်မြိုင်ကို ခေါ်ကာ ပြောပြပြန်သည်၊ ပဌမတွင် ကျွန်တော်တို့အနေနှင့် ဦးစပ်စု၏ ငွေရတုသဘင်တွင် ပွဲကောင်းကြီးတခုတော့ တွေ့အုံးရတော့မည်ဟု တွေးထင်မိသည်၊ ဦးစပ်စုမှာ မိတ်ဆွေများအား ကျွေးမွေးဧည့်ခံလိုသည်သာမကဘဲ သူ၏ အဖြစ်သနစ်စုံကို မြန်မာပြည်သူပြည်သားများအား ဖေါက်သည်ချလိုကြောင်း ပြောပြရာ ကျွန်တော်က မဂ္ဂဇင်းတခုတွင် ဦးစပ်စု အကြောင်းရေးရန်ပြောသောအခါ ဦးစပ်စုမှာ ပိုမိုသဘောပေါက်လာပြီး "ကျုပ်အကြောင်းကို မဂ္ဂဇင်းထဲမှာ အတိုအထွာလေးတော့ မရေးချင်ပါဘူး၊ ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာ အားလုံးပါတဲ့ ကိုယ်ရေးရာဇဝင်ကိုရေးချင်တယ်၊ အဲဒါ ခင်ဗျားရေးပေးပါ" ဟုပြောလေတော့သည်။

ရော....အဲဒီအခါကျမှ ခက်ရပါပြီ၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် စာရေးဆရာလည်း အင်မတန်မှ ဖြစ်ချင်သည်၊ စာရေးရမည်ကိုလည်း များစွာမှ ပျင်းရသည့်အထဲ အလုပ်ကလည်း အားရသည်မရှိပါ။ ကျွန်တော်၏ ကလောင်နာမည်

"တက္ကသိုလ်ထင်ရှား" ဆိုသည်မှာလည်း ငုပ်ချည် ပေါ်ချည်နှင့် ပေါ်တခါ ပျောက်တလှည့် ဖြစ်နေပါသည်။

ကျွန်တော်လည်း မတတ်သာသောအဆုံး၌ ဦးစပ်စု ကိုပင် စာရေးဆရာတဦးဦးအား အချိန်ပြည့်ရေးစေပြီး ဉာဏ်ပူဇော်ခ ချီးမြှင့်ပါက ပိုမိုကောင်းပါမည်။ လိုအပ်ပါက ကျွန်တော်က နာမည်နှင့် နေရာအရပ်ဒေသ အကြောင်းအရာများကို စီစစ်ပေးပါမည်ဟု ပြောပါသည်။

ထို့နောက် ရုပ်ရှင်မင်းသား ကိုထွန်းဝေမှတဆင့် စာရေးဆရာ ဦးရန်အောင်နှင့် ဆက်သွယ်မိသည့်အကြောင်း၊ ၎င်းနောက် ဦးစပ်စု၏ အတ္ထုပ္ပတ္တိကို စတင်ရေးနေပြီ ဖြစ်သည့် အကြောင်းများကို ကြားရသဖြင့် ဦးစပ်စုကဲ့သို့သော ပြည်ကြီးပေါက် မြန်မာတိုင်းရင်းသား ထောင်ကဲတဦး၏ ပြည်ထောင်စုအပေါ်တွင် ထားအပ်သော စိတ်စေတနာကို ပြည်သူလူထုတို့ ဖတ်ရှုရတော့မည်ဖြစ်သဖြင့် ကျွန်တော့်အနေနှင့် များစွာမှ ဝမ်းမြောက်မိပါသည်။

ဦးစပ်စု၏ အကြောင်းအရာများကို ရေးသားပေးရသော ဆရာဦးရန်အောင်၏ သားတပည့် ကိုမောင်လေးမှာ စာရေးဆရာ ပေါက်စတို့၏ ဖွဲ့အတိုင်း မနက် ၈ နာရီမှ စရေးသည်မှာ ည ၉ နာရီ ထိုးသည့်အချိန်အထိ ရေးတုံးပင်ရှိသေး၍ တခါက သူ့ဇနီးလေး မသန်းမြင့်ကပင် "ကိုမောင်လေး တယောက် စာရေးသည် စာရေးသည် ဆိုပြီး ညကြီး မိုးချုပ်မှ ပြန်-ပြန်လာသည်မှာ ဟုတ်မှ ဟုတ်ပါလေစ" ဟု သံသယမကင်း ရှိသည်ဟု အဆိုရှိခဲ့လေသည်။

အမှန်မှာ စာရေးဆရာကြီးဦးရန်အောင်သည် ဗမာစာပေကို ဗမာပီပီသသကြီး ပျိုးထောင်နေသူတဦးဖြစ်သည့်အားလျော်စွာ လွန်ခဲ့သော ၁၉၃၇-၁၉၃၈ ခုနှစ်လောက်ထဲက တိုးတက်ရေး သတင်းစာတွင် ဖတ်ခဲ့ရသော ဆရာဦးရန်အောင်၏ ရသအပေါင်းနှင့် ပြည့်စုံသော "အညာသားကလေးဂတ္တု"ကို ယနေ့တိုင် မမေ့နိုင်သေးပါ။

သို့သော် ယခု ဦးစပ်စု၏ ထူးတဲ့စပ်စု စာအုပ်မှာ ဂတ္တုဇာတ်လမ်းရိုးရိုးမဟုတ်ဘဲ ဦးစပ်စု၏ တကယ်ဖြစ်ပျက်ခဲ့သော အကြောင်းအရာများ ဖြစ်ခြင်းကြောင့် သူပြောသမျှကိုသာ လက်မလွတ်တမ်း ရေးနိုင်မည့်သူသာ လိုအပ်လေသဖြင့် အလုပ်များပြားလှသော ဆရာဦးရန်အောင်အနေနှင့် မည်သို့မျှ အချိန်ပေးနိုင်မည် မဟုတ်ပါပေ။

ထို့ကြောင့် တရုပ်ရာဇဝင် အနှစ်ငါးထောင်ကို အာဂုံဆောင်ထားသော ဦးစပ်စု၏ စကားလုံးများကို အဆက်မပြတ် ရေးသားနိုင်သော ကိုမောင်လေး၏ ဖွဲ့ကြောင့်သာ ယခုအချိန်အနည်းငယ် အတောအတွင်း၌ ဤစာအုပ်မှာ ဂေဂေဆာဆာ ထွက်ပေါ်လာနိုင်ပါတော့သည်။

ထို့ကြောင့် ကျွန်တော်၏ နှုတ်ဆတ်ဆော့မှုမှ ပေါ်ပေါက်လာရသော ဦးစပ်စုနာမည်ရသည့် နှစ်ဆယ့်ငါးနှစ်မြောက် ငွေရတုသဘင်ပွဲကြီးမှာ ရိုးရိုးသားသား "ခေါက်ဆွဲပါတီ" သာမကဘဲ၊ ဦးစပ်စုသည် မည်သို့မည်ပုံ မြန်မာနိုင်ငံတော်၏ လောကီ စီးပွားရေး၊ အရေးကြီးလှသည့် နိုင်ငံရေး၊ တော်လှန်ရေး စသည်တို့တွင် မည်သို့မည်ပုံ

စိတ်ပါဝင်စားစွာ ပါဝင်ဆင်နွှဲ ဆောင်ရွက် လာသည်တို့ကို စာရှုသူတို့ ဆက်လက် ဖတ်ရှုရန် ဤစာအုပ်ငယ်နှင့် မိတ်ဆက် ပေးရခြင်း ဖြစ်ပါသည်။

**ခင်မောင်ဇော်(တက္ကသိုလ်ထင်ရှား)**
**ရန်ကုန်မြို့**

## ရန်အောင်၏အမှာ

""စာများများရေးခြင်းသည် စာရေးဆရာ၏ တာဝန်ဝတ္တရားတည်း""ဟူသောဆောင်ပုဒ်ကို လက်ကိုင်အမြဲ သုံးစွဲဆောင်ရွက်ခဲ့သော ကျွန်တော်သည် တတ်နိုင်သမျှ စာများများရေးခဲ့၏။

ထို့ကြောင့် ကျွန်တော့်၏စာရေးသက် အနှစ် ၄၀အတွင်း ဝတ္ထု ဆောင်းပါး၊ ကဗျာစသည့် စာပေ အတော်များများ ထွက်ပေါ် ရခြင်းဖြစ်၏။

ကျွန်တော်ကိုယ်တိုင် စာရေးရုံသာလျှင်မက အခြားသူများစာရေးဖြစ်အောင်လည်း တတ်နိုင်သမျှ တိုက်တွန်း နှိုးဆော်သွေးထိုးပေးခဲ့ပေသည်။ သာဓကပြရလျှင် လွန်ခဲ့သည့် ၁၉၅၃ခုနှစ်၊ ဇူလိုင်လထုတ်မြဝတီမဂ္ဂဇင်းတွင် ထည့်သွင်းရန်စာမူများကို ကျွန်တော်ရှာဖွေစုဆောင်းနေစဉ်တွင် ဂန်ကြီးဟောင်းဦးဘဂျမ်းထံသို့ သွားရောက်တွေ့ ဆုံသည်။

ဗိုလ်ချုပ်တို့ကျဆုံးသည့်အချိန်က ဦးဘဂျမ်းမှာ ဂန်ကြီးဖြစ်လျက် ဗိုလ်ချုပ်တို့ကျဆုံးသည့် အတွင်းဝန် ရုံးခန်းတွင်ပင်ရှိရာ ဦးဘဂျမ်းမှာ ကံကောင်းထောက်မသည့်အတွက် အသက်မသေကျန်ရှိနေရသူဖြစ်၏။

ဇူလိုင်လမှာ ဗိုလ်ချုပ်တို့ကျဆုံးသည့်လဖြစ်ရာ ဗိုလ်ချုပ်တို့ကျဆုံးခြင်းကို မျက်မြင်ကိုယ်တွေ့ဖြစ်သူ ဦးဘဂျမ်းကသာ ထိုအကြောင်းကိုရေးသားပါက ထိုစာမှာ စိတ်ဝင်စားဖွယ်ဖြစ်လိမ့်မည်ဟု ကျွန်တော်တွေးမိသည့် အတိုင်း ဦးဘဂျမ်းထံသွား၍ တောင်းပန်တိုက်တွန်းရာ ဦးဘဂျမ်းကရေးသားပေးသည့်အတွက် စာထူးတစ်ပုဒ် ပေါ်ထွက်ခဲ့ရလေသည်။

ထို့အတူပင် စာရေးရန်အကြောင်းထူးထွေ သိရှိထားပါလျက် စာမရေးဖြစ်သောသူများအား ကျွန်တော် သွေးထိုးလှုံ့ဆော်ပေးမှုကြောင့် စာထူးစာဆန်းများ ပေါ်ပေါက်ခဲ့ဖူးလှပြီဖြစ်၏။

ဗမာပြည်လွတ်လပ်ရေးရစက ဗမာ့ယဉ်ကျေးမှု ပန်တျာအဖွဲ့သည် တရုတ်ပြည်သို့သွားရောက်ကာ ယဉ်ကျေးမှုဖလှယ်မိတ်ဆက်ပွဲများ လုပ်ခဲ့၏။ ထိုအဖွဲ့တွင် စောင်းဦးဘသန်းပါလေရာ၊ တရုတ်ပြည်မှ ဦးဘသန်း ပြန်ရောက်လာပြီးနောက် သူတွေ့ကြုံခဲ့သည့် အဖြစ်သနစ်များကို စာအုပ်တစ်အုပ်ရေးရန်ကြံလျက် သူပြောသည့် အတိုင်း ပြေပြစ်အောင်ရေးပေးနိုင်မည့် စားရေးဆရာတစ်ယောက်ကိုရှာနေကြောင်း သတင်းကြားရလေရာ ကျွန်တော့်ဂါသနာနှင့် ကိုက်ညီနေသဖြင့် ဦးဘသန်းထံကျွန်တော်သွားရောက်ခဲ့လေသည်။

ဦးဘသန်းက သူ့အတွေ့အကြုံများကို နှုတ်နှင့်ပြောပြမည်။ ဦးဘသန်း၏ မှတ်စု-မှတ်တမ်းများကို ကြည့်ရှုရမည်။ ထို့နောက် ကျွန်တော်က ဦးဘသန်းအရေးနှင့်

ရေးရမည်ဖြစ်ရာ အသေအချာပြောဆိုစီစဉ်ပြီးခါ မှ မရေးဖြစ်တော့သဖြင့် ကျွန်တော့်မှာ ဂမ်းနည်း၍မဆုံးဖြစ်ရလေတော့သည်။

တစ်ခါကလည်း ဗမာဆေးဆရာကြီး ဆရာကြွယ် (ယခုကွယ်လွန်ပြီ)၏ အတ္ထုပ္ပတ္တိကို ရေးသားထုတ်ဝေရန် စာရေးဆရာရှာ၍နေသည်ကြားသဖြင့် ကျွန်တော်သွားရောက်ကာ ပြင်ဆင်စီစဉ်ပြီးသောအခါတွင်မှ မရေးဖြစ်တော့ သဖြင့် စိတ်မကောင်းခြင်းဖြစ်ခဲ့ရသည်။

လူတိုင်းတွင် ထူးထွေဆန်းကြယ်သော အဖြစ်ထူးများရှိတတ်၏။ အံ့သြဖွယ်ရာသော အတွေ့အကြုံများ လည်း တွေ့ကြုံတတ်လေသည်။ ထိုအဖြစ်ထူး ထိုအတွေ့အကြုံများကို ဖြစ်ပျက်တွေ့ကြုံခဲ့သူများမှာ စာပေဖြစ်အောင် မရေးတတ်သည့်
အတွက်ကြောင့်သာလျှင် ထူးထွေဆန်းကြယ် အံ့သြဖွယ်ကောင်းသောအကြောင်းအရာ များသည်စာပေလောကသို့
မရောက်ရခြင်းဖြစ်သည်ဟု ကျွန်တော်တွေးမိကာ ဦးဘသန်း၊ ဆရာကြွယ်တို့၏ စာအုပ်များ ရေးသားထုတ်ဝေဖြစ်ရန် တတ်နိုင်သမျှ
ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ သို့သော် ကျွန်တော့်ဆန္ဒမပြည့်ဂ ခဲ့ပါပေ။

ကျွန်တော့်ဆန္ဒပြည့်ဂမည့်နေ့တစ်နေ့သို့ ရောက်ခဲ့၏။ ၁၉၅၉-ခု အောက်တိုဘာလ ၂၅-ရက်၊ တနင်္ဂနွေ နေ့တွင်အလုပ်အား၍
နေသည့်အတွက် ကျွန်တော်သည် အိမ်တွင်မရှိပဲ အပြင်သို့ထွက်နေ၏။ ကျွန်တော်အိမ်သို့ ပြန်ရောက်သောအခါတွင် သမီးများက ""အဖေ . . . ဦးစပ်စုဆိုတဲ့လူကြီးလာတယ်၊ အဖေနဲ့တွေ့ချင်လို့တဲ့၊ အဖေမရှိလို့ပြန်သွားပြီ၊ သူ့လိပ်စာလည်းပေးခဲ့တယ် . . .""ဟု ပြောကာ လိပ်စာကိုပြ၏။

ဦးစပ်စုလိပ်စာကိုကြည့်သောအခါ မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်ထောင့်တွင်တည်ရှိကြောင်းတွေ့ရ၏။ လမ်းမတော်ဦးစပ်စုပါတကား။

ဦးစပ်စု၏အကြောင်း ကြားဖူးနေသည်မှာ ကြာပေပြီ။ ဗမာတိုင်းရင်းသားစာရင်းဝင် တရုတ်အမျိုးသားကြီးဖြစ်ကြောင်း သိထား၏။ အမျိုးသားရေးရာများတွင်း စပ်စပ်စုစုလုပ်တတ်သည်ဟူ၍လည်း ကြားဖူး၏။ ဦးစပ်စုနှင့် တစ်ကြိမ်တစ်ခါမှ မတွေ့ဖူး မသိကျွမ်းဖူးပါပဲလျက် ဦးစပ်စုသည် စပ်စပ်စုစုလုပ်ကာ အဘယ်ကြောင့် ကျွန်တော့်အိမ်သို့ ရောက်လာလေသနည်း။

ကျွန်တော့်မှာလည်း စာရေးဆရာစပ်စုပင်ဖြစ်သည့်အတိုင်း စာပေရေးရာနှင့်ပတ်သက်၍ စပ်စပ်စုစု လုပ်တတ်သည်။ စာရေးကွင်းရေးကွက်ရအောင် စပ်စပ်စုစုဖန်တီးတတ်သည်။ ထို့ကြောင့် မလာစဖူးအလာထူး သည့် ဦးစပ်စုနှင့်တွေ့လျှင် အနည်းဆုံးစာတစ်ပုဒ်တော့ဖြစ်တန်ကောင်းရာ၏ဟုတွေးကာ နောက်တစ်နေ့ဖြစ်သော (၂၆-၁၀-၅၉) နေ့နံနက်တွင် ဦးစပ်စုနေအိမ်သို့ စပ်စပ်စုစုလုပ်ကာရောက်သွားသည်။

ဦးစပ်စုက သူ့အတ္ထုပ္ပတ္တိကို ရေးလိုကြောင်း၊ သူပြောပြသည့်အကြောင်းအရာများကို လိုက်၍ ရေးပေးနိုင်မည့်သူလိုကြောင်း၊ သူ့အတ္ထုပ္ပတ္တိကို စာအုပ်ရိုက်ကာ

မြန်မာနာမည်ဦးစပ်စုဟု အမည်မှည့်သည့် ၂၅-နှစ်မြောက်နေ့ဖြစ်သော ၁၉၅၉-ခုနှစ်၊ ဒီဇင်ဘာလ ၂၉-ရက်နေ့တွင်ဖြန့်ချိလိုကြောင်းပြော၏။

ကျွန်တော်သာ လခစားအလုပ် လက်ရှိမဟုတ်ပါက ကျွန်တော်ကိုယ်တိုင် ဦးစပ်စု၏အတ္ထုပ္ပတ္တိကို ရေးမည်အမှန်ပင်ဖြစ်သည်။ သို့သော် ကျွန်တော်မှာ လခစားလုပ်နေသူဖြစ်သောကြောင့် ဦးစပ်စုပြောပြသည့် အတ္ထုပ္ပတ္တိကို ရေးသားရန် ကျွန်တော့်တပည့် မောင်လေးကို စေလွှတ်အရေးခိုင်းရတော့သည်။

ဦးစပ်စု နှုတ်ဖြင့်ပြောပြသည့် အတ္ထုပ္ပတ္တိကို မောင်လေးက အကြမ်းလိုက်၍ရေး၏။ ထို့နောက်အချော ကူး၏။ အောက်တိုဘာလ ၂၇-ရက်နေ့မှစ၍ရေးသားရာ နိုဝင်ဘာလကုန်ခါနီးတွင် အချောကူးရေး၍ပြီးလေသည်။

ထိုအခါတွင် ကျွန်တော့်မှာ ပြင်ဆင်တည်းဖြတ်ပေးရမည့်တာဝန် ကျရောက်လာ၏။ သို့သော် စာဆိုတော် နေ့နှင့် ကြုံကြိုက်နေသည့်အတွက် ကြံ့မငေးနှင့် ဂါးခယ်မမြို့များသို့သွားကာ စာဆိုတော်နေ့အတွက်ဟောပြော နေရသဖြင့် ရက်ကြာညောင်းသွားပြန်လေသည်။

ဦးစပ်စု၏စာအုပ်မှာ ဒီဇင်ဘာလ ၂၀-ရက်နေ့လောက်တွင် ထုတ်ဝေလိုသည်ဆိုသည့်အတွက် ကျွန်တော့်မှာ ပြင်ဆင်ချိန်များစွာ မရတော့ပေ။ သို့သော် ကျွန်တော့်လက်တွေ့သာဓကတစ်ခုကို တွေးမိ၏။

လွန်ခဲ့သည့် ၅-နှစ်ကျော်လောက်က ဘားမားညွှန့်ကော်ဖီကုမ္ပဏီပိုင်ရှင်ဦးစံသည် ဝတ္ထုတစ်ပိုဒ်ရေး၏။ ထိုဝတ္ထုကို ကျွန်တော့်အားပြင်ဆင်တည်းဖြတ်ပေးရန်ခိုင်းရာ ကျွန်တော်က အသစ်ပြန်၍ရေးပေးမည်ပြော၏။ ဦးစံကလက်မခံချေ။ ပြင်ရုံပြင်ပါဟုဆို၏။ ကျွန်တော်အသစ်ပြန်ပြင်၍ရေးလိုက်ရလျှင် ပို၍ကောင်းမည်ဟု ကျွန်တော် အယူသည်းခဲ့မိသည်။

နောင်သောအခါတွင်မှ ဦးစံ၏အယူအဆမှားကြောင်း တွေးမိလေသည်။ တစ်ယောက်နှင့်တစ်ယောက် တွေးပုံ၊ ခေါ်ပုံ၊ ယူဆပုံ၊ စီကုံးသုံးနှုန်းပုံချင်း မတူကြချေ။ ကိုယ့်အတွေးအခေါ်ကို ကိုယ်ကြိုက်လျက် ကိုယ့် အရေးအသားကို ကိုယ်နှစ်သက် တတ်မြဲဖြစ်သည်။ ထို့ကြောင့် ဦးစံက သူ့ဝတ္ထုကို အသစ်ပြန်၍ရေးရန် သဘောမတူခြင်းဖြစ်၏။

ယခု ဦးစပ်စု၏အတ္ထုပ္ပတ္တိတွင်လည်း ဤသဘောမျိုးပင်ဖြစ်၏။ ဦးစပ်စုနှုတ်ကပြောသည့်အတိုင်း မောင်လေးက လိုက်၍ရေးထားသည့် အကြောင်းအရာများကို ကျွန်တော်ကအသစ်ပြန်၍ ရေးလိုက်လျှင် ဦးစပ်စု၏ အသုံးအနှုန်း အတွေးအခေါ်တွေ ပျောက်သင့်သလောက် ပျောက်သွားမည်ဖြစ်၏။ ထို့ကြောင့် ဦးစပ်စုပြောပြ သည့်အတိုင်း ရေးသားရိုက်နှိပ်ခြင်းဖြစ်၏။ စာပေတွင် ""အကြောင်းအရာ""နှင့်""အရေးအသား""ဟူ၍ ကဏ္ဍနှစ်ရပ် ရှိ၏။ အကြောင်းအရာကောင်းပါက မည်သူက မည်သို့ပင်ရေးသားစေကာမူ စာကောင်းတစ်ပိုဒ်ဟု ခေါ်ရမည် ဖြစ်၏။ ယခုဦးစပ်စု၏ အတ္ထုပ္ပတ္တိမှာလည်း အရေးအသားကို

ပဓာနမထားပဲ အကြောင်းအရာကို လေ့လာ ဖတ်ရှုကြည့်ပါက အရသာပေါ်မည်ဖြစ်လေသည်။ ဦးစပ်စုမှာ မြန်မာစာမတတ်သော်လည်း တရုတ်စာကြီးပေကြီး များကို တတ်ကျွမ်းလေ့လာထားသူဖြစ်သည့်အတိုင်း အတွေးအခေါ် အယူအဆမှာ အတော်ရင့်ကျက်သည်ကို တွေ့ရ၏။ ထို့ပြင် ၁၄-နှစ်သားအရွယ်တွင် ပြည်ကြီးမှ ဗမာပြည်သို့ရောက်လာပြီးနောက် ၄၄-နှစ်အတွင်း ဖြစ်ပျက်တွေ့ကြုံခဲ့ရသည့် ဦးစပ်စု၏ ဘဂကားချပ်ကား စိတ်ဂင်စားဖွယ် အံ့ဩဖွယ် သင်ခန်းစာယူဖွယ် သံဝေဂရဖွယ်တို့ဖြင့် ပြွမ်း၍နေလေရာ စာအုပ်ထူးတစ်ခု ထွက်ပေါ်စေချင်သော ကျွန်တော့်ဆန္ဒကား ပြည့်ဂပြီ ဖြစ်သဖြင့် ဦးစပ်စုကိုပါ ကျေးဇူးတင်၍ မဆုံးနိုင်တော့ပေ။

**ရန်အောင်**

(၂၀-၁၂-၁၉၅၉)

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | မူလစာမျက်နှာ |
| --- | --- | --- |
| ၁။ | ခင်မောင်ဇော်၏မိတ်ဆက် | ၅ |
| ၂။ | ရန်အောင်၏အမှာ | ၁၀ |
| ၃။ | ကွိုင့်ခေါက်ရွာသား သူဌေးများ | ၁၇ |
| ၄။ | ကွန်ဖြူရှပ်(Confucius)၏တပည့် | ၁၉ |
| ၅။ | အဖွား၏မှာကြားချက် | ၂၁ |
| ၆။ | ဆရာကြီး၏သြဝါဒ | ၂၂ |
| ၇။ | မြန်မာပြည်သို့လာခြင်း | ၂၅ |
| ၈။ | သမ္ဘန်သမားဘဝ | ၂၆ |
| ၉။ | လက်ဘ်ာ ၄-ပုဒ် | ၂၈ |
| ၁၀။ | မမခင်နှင့်ပေါက်ဖော်လေး | ၂၉ |
| ၁၁။ | ရန်ကုန်သို့ရောက်ခြင်း | ၃၆ |
| ၁၂။ | ငွေရတုသဘင် | ၄၃ |
| ၁၃။ | ပိုးထည်စပ်စု | ၄၆ |
| ၁၄။ | စပါးပွဲစားကြီးစပ်စု | ၄၉ |
| ၁၅။ | အင်္ဂလိပ်ဘုရင်ခံနှင့် နိဗ္ဗာန်ဈေး | ၅၄ |
| ၁၆။ | ရခိုင်စပ်စုဖြစ်လာခြင်း | ၅၇ |
| ၁၇။ | ဂျပန်တို့၏ရက်စက်မှု | ၅၈ |
| ၁၈။ | ဦးစပ်စုနှင့် လမ်းမတော်ဖိုးတုတ် | ၆၁ |
| ၁၉။ | ဂျပန်ခေတ်ဧည့်ခံပွဲ | ၆၃ |
| ၂၀။ | အဓိပတိခေတ် | ၆၈ |
| ၂၁။ | သခင်နုနှင့်ဗြိန်ဟတ်ဘွေ | ၇၀ |
| ၂၂။ | နုနှင့်ရီမင်္ဂလာဆောင် | ၇၅ |
| ၂၃။ | စော်ဘွားစပ်စု | ၇၈ |
| ၂၄။ | ဂျပန်အဖမ်းခံရသည့်စော်ဘွား၆-ဦး | ၈၀ |
| ၂၅။ | အိမ်တော်နှင့်စင်္ဂရွှေသိုက် | ၈၆ |
| ၂၆။ | ဗမာ့တပ်မတော်ထောက်ပံ့ရေးကော်မီတီ ဦးစပ်စု | ၉၂ |
| ၂၇။ | ကရင်စပ်စု | ၁၀၄ |
| ၂၈။ | နာဂစပ်စု | ၁၁၂ |
| ၂၉။ | တရုပ်ပုံပြင် | ၁၁၇ |

| | | |
|---|---|---|
| ၃၀။ | စစ်ဂန်ကြီးရုံးအစည်းအဝေးတွင် ဦးစပ်စုအစွမ်းပြလိုက်ခြင်း | ၁၂၁ |
| ၃၁။ | ဖိနပ်စပ်စု | ၁၃၆ |
| ၃၂။ | တစ်နှင့်တူသောဗိုလ်ချုပ်အောင်ဆန်း | ၁၄၃ |
| ၃၃။ | ဒေါ်မေမေခင်၏သေတ္တာ | ၁၄၉ |
| ၃၄။ | ဦးစပ်စုနှင့်ဆရာမများ | ၁၅၄ |
| ၃၅။ | သေဘေးမှသီသီကလေးလွတ်ခြင်း | ၁၆၈ |
| ၃၆။ | ကျောက်ဖရုံယိုစပ်စု | ၁၇၀ |
| ၃၇။ | တရုပ်စကားပုံ | ၁၇၆ |
| ၃၈။ | နှစ်သစ်ကူးကန်တော့ပွဲ | ၁၈၄ |
| ၃၉။ | နှစ်သစ်ကူးထမင်းစားပွဲသေနတ်သံ | ၂၀၀ |
| ၄၀။ | ခြောက်လုံးပြူးစပ်စု | ၂၀၆ |
| ၄၁။ | ခြောက်လုံးပြူးမှုကြီး | ၂၀၇ |
| ၄၂။ | ဖာစပ်စုဘဝမှလွတ်ခဲ့ရခြင်း | ၂၂၁ |
| ၄၃။ | ယမ်းတောင့်ကျည်ဆန်နှင့်တူသောကျွန်ဘဝ | ၂၂၅ |
| ၄၄။ | တရုပ်ပုံပြင်မှဟိုင်စင် | ၂၃၀ |



(နောက်-ဝဲမှယာ) မကျင်ငြိမ်း၊ ဦးခင်မောင်ဇော်၊
ကိုမောင်လေး၊ ဦးစင်စု။
(ရှေ့-ဝဲမှယာ) ဦးရန်အောင်၊ စင်စုလေး။

# ဦးစပ်စု
# ၏
# ထူးတဲ့စပ်စု (ပထမတွဲ)

+++++++++++++++++++++

## ကွိုင့်ခေါက်ရွာသား သူဌေးများ

ကျွန်ုပ်၏ ဇာတိကတော့ ၁၉၄၀ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်း တရုပ်ပြည်မှ ဂျပန်ပြည်သို့ သွားစဉ်အခါက ရောက်ဘူးခဲ့သည့် (အေမွိုင်) နှင့် သင်္ဘော တနာရီလောက် စီးနင်းသွားရသည့် ရွာကလေးတရွာဖြစ်ပါသည်။ ၎င်းရွာကလေး၏ နံမည်ကတော့ (ကွိုင့်ခေါက်) လို့ခေါ်ပါသည်။ ကျွန်ုပ်နေထိုင်ခဲ့သည့် ဇာတိချက်ကြွေရွာကလေး ကတော့ သိပ်ပြီးမကြီးကျယ်လှပါဘူး။ အိမ်ခြေ (၁၀၀၀) လောက်ဘဲ ရှိပါသည်။ ရွာကလေး၏ နောက်ကျော မြောက်ဖက်မှာ (ရှမ်ရန်ကီး) ဆိုသည့် တောင်ကြီး တတောင် ရှိပါသည်။

(ရှမ်ရန်ကီး) တောင်ကြီးကို ဗေဒင်ကြည့်တတ်သူများက ကြည့်ရှုပြီး "ဒီတောင်ကြီးဟာ အင်မတန်မှ သာယာကြည်နူးဘွယ်ကောင်းတယ်။ ရှုမျှော်ခင်းကလဲ အားကြီးကောင်းတယ်။ သို့အတွက် အင်မတန်မှ ကြီးကျယ်ကျော်ကြားသည့် ကမ္ဘာ့သူဌေးကြီးများ ထွက်နိုင်သည်။ ဒါပေမဲ့.... ဒီသူဌေးကြီးတွေဟာ ဒီရွာမှာ မဖြစ်ပါ။ ဒီဒေသမှ ထွက်ခွာ၍ နိုင်ငံခြား အသီးသီးမှာ သွားပြီး သူဌေးကြီးတွေ ဖြစ်ကြ ပါမည်" ဟု ဗေဒင်ဟောကြသည်။

ရွာကလေး၏ တောင်ဘက်မှ မြစ်ကြီးတခုဟာ ရွာ၏ထွက်ပေါက်ဖြစ်ပြီး ပင်လယ်ထဲ ဆက်သွယ်စီးဆင်း နေပါသည်။ ကျွန်ုပ်တို့၏ ရွာသူရွာသားများဟာ ဒီမြစ်ကြီးထဲမှ ထွက်၍သွားလျှင် ရောက်သည့် နိုင်ငံအသီးသီးမှာ သူဌေးလည်းဖြစ်ပါသည်။ နံမည်လည်းကြီးပါသည်။ ရုပ်ရှင်လူရွှင်တော်မင်းသား ကြယ်နီ ဇာတ်ပြားမှာ သွင်းထားသည့် ရီစရာအခန်းလို တောင်ဘက်ကို သွားလျှင် ကောင်းပါသည်။ သို့သော်လည်း သွားတော့ ဘယ်အခါမဆို သွားနိုင်ပါသည်။ ဒါပေမဲ့ ပြန်လမ်းတော့ မရှိဘူးလို ဖြစ်နေတယ်။ ဦးကြယ်နီ နောက်ပြောင်ဟောသည့် ရီစရာဗေဒင်ဟာ ယခု ကျွန်ုပ်တို့ (ကွိုင့်ခေါက်) ရွာသူရွာသားများအဘို့ သိပ်ပြီးတော့မှန်နေပြီ။ ဥပမာ- ဖိလစ်ပိုင်၊ မလေးယား၊ အင်ဒိုနီးရှား တိုင်းပြည်တို့ကိုသွားပြီးတော့ ကမ္ဘာမှာ ကြီးကြီးကျယ်ကျယ် အင်မတန်မှ နံမည်ကျော်ကြားလျက် သကြားရှင်ဘုရင် အခေါ်ခံရသော (အင်းတောင်ဟန်) ဟာ ကျွန်ုပ်တို့၏ (ကွိုင့်ခေါက်) ရွာသားတဦးဖြစ်ပါသည်။

ကျွန်ုပ်ယခုနေထိုင်လျက်ရှိသော မြန်မာပြည်မှာ မျက်မြင်ကိုယ်တွေ့ ဦးချန်မာဖီယား၊ ဦးဒင်းချင်းချောင်း၏အဖေ လင်စွီယန်၊ ဦးကေဘာကြီး၏အဘိုး ကေပွ၊ စက်သူဌေးဦးဘိုးလှနှင့် မြန်မာပြည်တစ်ပြည်လုံး နာမည်ကျော်ကြားတဲ့သူဌေး (သို့မဟုတ်) ပညာရှိတရုပ်အမျိုးသားများဟာ ကျွန်ုပ်တို့၏ရွာသားများသာ ဖြစ်ကြပါသည်။ အဆိုပါသူဌေးကြီးများ၏ ပစ္စည်းများဟာ ယခု လူတိုင်းမြင်နိုင်သည့် ကုက္ကိုင်း ချင်းချောင်းနန်းတော် (ယခုကမ္ဘောဇနန်းတော်)အပြင် အခြားပစ္စည်း အမြောက်အမြား ရှိပါသေးသည်။ တရုပ်ပြည်ကို မည်သူမျှသယ်၍ ယူမသွားကြပါ။

တချို့ တရုပ်အမျိုးသားများက ပြောဆိုကြသည်။ ""မြန်မာဘုရားကပိုတန်ခိုးကြီးသည်။ မြန်မာအမျိုးသမီးကလည်း ပိုပြီးတော့စွမ်းသည်""ဟု ဒီလိုပဲသူတို့ကပြောကြတယ်၊ မှန်ပါသည်၊ ဤအတိုင်းပင် ဖြစ်နေပါသည်။

## ကွန်ဖြူရှပ်၏တပည့်

ကျွန်ုပ်ဦးစပ်စုဟာ သူဌေးအမျိုးအနွယ် သားသမီးထဲက မဟုတ်ပါဘူး။ ဆင်းရဲသည့်အမျိုး အနွယ်ထဲမှ ဆင်းရဲသား သားသမီးတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်သည် ၇ နှစ်သားအရွယ်မှာ ကျွန်ုပ်တို့ တရုပ်ခေတ်ဟောင်း ရာဇဝင်မှ နာမည်ကျော်ကြားသည့် တရုပ်အမျိုးသား ပညာရှိကြီး (ကွန်ဖြူရှပ်)၏ စာပေကို စ၍သင်ကြားရပါသည်။ ၃ နှစ်ပဲ သင်ကြားလိုက်ရပါသည်။ ၁၀ နှစ်သားကျတော့ ၁၉၁၁ ခုနှစ်မှာ ကျွန်ုပ်တို့ တရုပ်အမျိုးသား ခေါင်းဆောင်ကြီး (ဒေါက်တာစွန်ရက်ဆင်)က မန်ချူးရီးယား ရှင်ဘုရင်ကို တော်လှန်လိုက်ပါသည်။ တော်လှန်ပြီးသည့်အခါ ကိုယ့်အချင်းချင်း တောင်ပိုင်းနှင့် မြောက်ပိုင်း စစ်တိုက်ကြပြန်သည်။ စစ်တိုက်ကြသည့်အချိန်မှာ ကျွန်ုပ်တို့ရွာကလေးမှာလည်း မအေးချမ်းတော့ပါဘူး၊ စာသင်ဖို့ဟာလည်း အခက်အခဲဖြစ်လာပါသည်။ ကျွန်ုပ်တို့ဟာလည်း ဟိုပြေး ဒီပြေးနှင့် အချိန်ကုန်ခဲ့ရပါသည်။ ကျွန်ုပ်၏ ကျောင်းဆရာကြီးဟာလည်း စာသင်သည့်နေရာမှာ ကျွန်ုပ်ကို တော်သည်ဟု ချီးမွမ်းပါသည်။ ဆရာကြီးက ကျွန်ုပ်ကို တရုပ်ခေတ်ဟောင်း အနှစ် ၅၀၀၀ ရာဇဝင်ကို သင်ပေးတယ်။ ကျွန်ုပ်ကလည်း နေ့ညအချိန်မရွေး တော်တော်ကြိုးစားသည်။ ဟိုစဉ်အခါတုန်းက ကျွန်ုပ်ဟာ ၁၃ နှစ်သားရှိပါပြီ။ ကျွန်ုပ်၏နားထဲမှာ နေ့တိုင်းနေ့တိုင်း ပြောသံ ဆိုသံကို ကြားပါတယ်။ ကျွန်ုပ်တို့ ဘကြီး၊ ဦးလေး၊ အစ်ကို၊ ဆွေမျိုးသားချင်းတစ်စုနှင့် ရွာသူရွာသား အချို့ဟာ မြန်မာပြည်ကိုသွားတာ တစ်နှစ်တစ်နှစ် အတော်များပါသည်။ မြန်မာပြည်ကိုရောက်ပြီး ၂နှစ် ၃နှစ်၊ ၄-၅နှစ်လည်းကြာရော၊ မြန်မာမကိုလည်း ယူလိုက်တာပဲ၊ နောက်ပြီး သူဌေးလည်း ဖြစ်ရော။ ပြည်ကြီးမှာကျန်ရစ်ခဲ့သည့် မိဘနှင့်ဆွေမျိုးသားချင်းတစ်စုဟာ ဘယ်လိုစာရေး၍ခေါ်ခေါ် ပြန်မလာတော့ပါဘူး။ ကပ်စေးနဲနှင့် မြန်မာပြည်မှာ ကပ်ထားသလို ဖြစ်နေပါပြီ။

ကျွန်ုပ်ဟာ ဒီအကြောင်းကိုကြားသည့်အခါ အံ့သြလည်းအံ့သြစရာဖြစ်နေတယ်။ ယုံလည်း မယုံကြည်ဘူး။ ဒါနဲ့ ကျွန်တော်ဟာ ၁၄ နှစ်သားလောက်ကျတော့ ကျွန်ုပ်၏ မိဘ၊

အဖွား၊ ဆွေမျိုးသားချင်းတစ်စုနှင့် ဆရာကြီးများကို ကျွန်ုပ်ကပြောတယ်။ ဘယ်လိုပြောသလဲဆိုတော့ ""မြန်မာပြည်သွားသည့်သူ မှန်သမျှဟာ မြန်မာပြည်မှာ သူဌေးလည်းဖြစ်၊ ပြန်လည်းမပြန်နိုင်ဘူး ဆိုတာကို ကျွန်ုပ်ဟာ အင်မတန်မှ အံ့လည်းအံ့သြတယ်၊ ယုံလည်း မယုံကြည်နိုင်ဘူး။ ကျွန်ုပ်ရဲ့ဦးနှောက်ထဲမှာ စဉ်းစားစရာတစ်ခုဖြစ်နေတယ်၊ သို့အတွက် ကျွန်ုပ်ဟာ မြန်မာပြည်ကိုသွားပြီး စုံစမ်းချင်တယ်""လို့ ကျွန်ုပ်က ပြောဆိုလိုက်သည်။

ကျွန်ုပ်၏ ပြောဆိုသံကလည်း ကြီးကြီးကျယ်ကျယ်၊ မြန်မာပြည်ကိုသွားပြီး ပြန်မလာသည့် လူစုကိုလည်း အများကြီး ကဲ့ရဲ့လိုက်မိသည်။ ကျွန်ုပ်က မရမနေ အပြင်းအထန်ပြောမှ လူကြီးတွေက သဘောတူပြီး မြန်မာပြည်ကိုလွှတ်ပါတော့သည်။ ကျွန်ုပ်ကို အင်မတန်ချစ်ခင်သည့်အဖွားနှင့် ၁၂ နှစ်သားအထိ အတူတူအိပ်လာခဲ့သည်။ သွားလာကြသည့်အခါမှာလည်း အဖွားနှင့်ပဲ အတူတူ သွားလာခဲ့သည်။ တစ်ခါမှ မခွဲခွာဖူးပါ။ ဒီတစ်ခါကစပြီး ကျွန်ုပ်ဟာ ကျွန်ုပ်အဖွားနှင့်စ၍ ခွဲခွာလာတော့မယ်၊ ကျွန်ုပ်မြန်မာပြည်ကိုသွားခါနီး သင်္ဘောဆိပ်မှာ ကျွန်ုပ်၏အဖွားဟာ စကား အချက်ကြီး ၃-ချက်ကို မှာကြားလိုက်ပါသည်။

## အဖွား၏မှာကြားချက်

ပထမမှာသည့်အချက်ကတော့ မြန်မာပြည်ကိုရောက်သည့်အခါ ရောက်လျှင်ရောက်ချင်း မြန်မာပြည်မှာ အင်မတန်တန်ခိုးကြီးသည့် ရွှေတိဂုံဘုရား၊ ကျိုက်ထီးရိုးဘုရားများကို သွားပြီးတော့ ဖူးမျှော်ကန်တော့ရမည်။

ဒုတိယမှာသည့် အချက်ဟာကတော့ မြန်မာနှင့်တည့်အောင်ပေါင်းရမည်။

တတိယနောက်ဆုံးမှာသည့်အချက်ကတော့ ကျွန်ုပ်၏အဖွားက ငိုပြီးတော့ပြောသည်။ အဖွားဟာ ငိုပြီးသည့်အတွက်ကြောင့် အသံဟာလည်း သိပ်ပြီးမကွဲဘူး။ ၃ - ၄ ကြိမ်ပြောမှ ကျွန်ုပ်ဟာ အဓိပ္ပါယ်ပေါက် နားလည်တယ်။ ကျွန်ုပ်၏လက်ကို အဖွားဟာ ခပ်နာနာ ခပ်တင်းတင်းဆွဲထားတယ်။ ""ဒီစကားတစ်ခုကို ဘယ်တော့မှမမေ့ပါနှင့်၊ ဦးနှောက်ထဲမှားထားပါ"" ဒီလိုငိုယိုပြီး မှာလိုက်သည့် စကားတစ်ခွန်းကတော့ အခြားဟာမဟုတ်ပါဘူး။ ကျွန်ုပ်မြန်မာပြည်ကိုရောက်လျှင် အလွန်ဆုံး ၄ နှစ်နေပါ။ ပိုက်ဆံရှိရှိမရှိရှိ ပြန်လာပါ။ ကျွန်ုပ်၏အဖွား စကားပြောမှာတာ ဒီနေရာကျတော့ ငိုသံဟာ ပိုပြီးတော့ ကျယ်လာတယ်။ ကျွန်ုပ်ဟာ အဖွားပြောတာကို မနည်းနားထောင်မှ နားလည်တယ်။ မြန်မာမကို မယူနှင့် ဆိုတဲ့စကားကို ကျွန်ုပ်၏အဖွားဟာ ဆက်ကာဆက်ကာ ငိုယိုပြီးမှာသည်။ ကျွန်ုပ်အား ငိုယိုမှာသည့်အကြောင်းက ကျွန်ုပ်၏အကြောင်းကို ကျွန်ုပ်၏အဖွားဟာ သိပြီးသား ဖြစ်နေတယ်။

ကျွန်ုပ်ဟာ မြန်မာပြည်ကိုလာတော့ ကောင်လေးဘ၀ ၁၄-နှစ်သားပဲ ရှိသေးတယ်။ နဂိုရ်ကလည်း ခပ်ကမြင်းတင်းတင်းနှင့်နေထိုင်သည်။ မြန်မာပြည်ကိုသွားလျှင်

မြန်မာမနှင့်တွေ့ပြီး ပင့်ကူအိမ်ထဲကို ယင်ကောင်ကပ်သွားသလို ထွက်ခွာ၍ရမည်မထင်ပါဘူး။ သို့အတွက် ကျွန်ုပ်အဖွားဟာ ကျွန်ုပ်ကို အလွန်ဆုံး ၄ နှစ်ကြာရင်ပြန်လာရမည်လို့ သေသေချာချာမှာတယ်။ ကျွန်ုပ်ကတော့ မြန်မာပြည်ရောက်တာ အခုအချိန်အထိ ၄၄-နှစ်ရှိပြီ၊ ကျွန်ုပ်အဖွားမှာထားသည့် ၄နှစ်ဟာ၊ ၄ ကတော့ ၄ ပါပဲ၊ ပြီးတော့ သုညတစ်လုံးပိုသွားတယ်၊ ၄ တစ်လုံးပိုသွားတယ်။ ဘယ်လောက်ကွာခြား သွားပါသလဲဆိုတာ စာရှုသူသိနိုင်ပါသည်။

## ဆရာကြီး၏ဩဝါဒ

ကျွန်ုပ်ဟာ ပြည်ကြီးမှ မြန်မာပြည်သို့ ထွက်ခွာလာခါနီးအချိန်မှာ ကျွန်ုပ်၏ဆရာကြီးထံ သွားပြီးတော့ တနင်္ဂနွေတစ်ပတ်လောက်ကြာကြာ ဆရာကြီး၏ ဆုံးမဩဝါဒကို နာခံယူသည်။ ကျွန်ုပ်၏ဆရာကြီးဟာ ကျွန်ုပ်ကို တရုပ်ခေတ်ဟောင်းရာဇဝင် အနှစ် ၅၀၀၀ စာအုပ်မှ စာအုပ် ၄ တွဲပေးလိုက်တယ်။ (ဒီစာအုပ်တစ်တွဲလျှင် ၁၂ အုပ်ရှိပါသည်။) ကျွန်ုပ်ကိုမှာတယ်။ ဒီစာအုပ်ကို အစကနေအဆုံး၊ အဆုံးကနေအစပြန်ဖတ်ပါ။ နေ့ညမရွေးပြန်ဖတ်ပါ။ အဲဒီလို ကြိုးစားလေ့လာလို့ ၁၀-နှစ်ကြာရင် ရာခိုင်နှုန်း ၁ လောက်ရမည်၊ အနှစ် ၂၀ ကြာရင် ၂ ရာခိုင်နှုန်းရမည်။ ၂ ရာခိုင်နှုန်းရလျှင် ကြိုတင်ပေါင်းသင်းဆက်ဆံရေးနားလည်မယ်၊ ဗေဒင်လည်းကြည့်တတ်မယ်၊ လူကဲလည်း ခတ်တတ်မယ်၊ ရုပ်ရည်လက္ခဏာလည်းကြည့်တတ်မယ်၊ အတိတ်နိမိတ်လည်း ကောက်တတ်မည်၊ သီချင်းကိုနားထောင်၍ အဖြစ်အပျက်ကို နည်းနည်းပါးပါး အကဲခတ်တတ်မယ်၊ မြန်မာပြည်အနေနှင့် ကောက်စိုက်သမမှုစပြီးတော့ တဆင့်တဆင့်တက်၍ ကုန်သည်ကြီးအထိ ပေါင်းသင်းနိုင်သည်။ အနှစ် ၃၀ ကြာလျှင် ၃ ရာခိုင်နှုန်းလောက်ရမည်။ ၃ ရာခိုင်နှုန်းလောက် ရလျှင် မြန်မာပြည်မှာ ထိပ်တန်းခေါင်းဆောင် အကုန်လုံးကို နီးနီးကပ်ကပ်ပေါင်းသင်းနိုင်သည်။ နောက်ပြီး စိတ်ထဲမှာလည်း ဘယ်လောက်ပဲ ခဲရာခဲဆစ်တွေ့တွေ့၊ ဘယ်လောက်ပဲအရေးကြီးကြီး၊ စိတ်ထဲမှာ ခပ်တည်တည် ဦးနှောက်ရှင်းရှင်းနှင့် မတုန်လှုပ်ပါဘူး။ ဘာနှင့်သွားတူသလဲဆိုတော့ ဥပမာ မိုးပေါ်ကတိမ်ဟာ တောင်ကနေမြောက်၊ မြောက်ကနေတောင် ဖြတ်သွားနေတာနဲ့ တူပါသည်။ စိတ်ထဲမှာ ဘာမှ မအောက်မေ့ပါဘူး။ အမျိုးမျိုးနှင့်တွေ့ကြုံရင်ဆိုင်လာခဲ့ရင်လည်း စိတ်ထဲမှာ သည်းခံ၍ သဘောထားကြီးကြီးရှိပါသည်။ အနှစ် ၄၀ ၅၀ လောက်လေ့လာလျှင် ၅ ရာခိုင်နှုန်းလောက်ရမည်။ ၅ ရာခိုင်နှုန်းလောက်ရလျှင် မြန်မာပြည်တစ်ပြည်လုံးမှာ ပြည်ထောင်စုသားအားလုံးကို စည်းလုံး ညီညွတ်အောင် လုပ်ပေးနိုင်သည်။ ဒါတင်မကသေးဘူး အပြည်ပြည်နှင့်လည်း ချစ်ခင်ပေါင်းသင်း ဆက်ဆံနိုင်တယ်။ အရေးအကြောင်းတစ်ခုမြင်လျှင် ဘယ်လိုဖြစ်ပေါ်လာမယ်ဆိုတာကို ကြိုတင်သိနိုင်တယ်ဟု ဆရာကြီးက မှာထားလိုက်သည်။

ကျွန်ုပ်ဟာ ဆရာကြီးပေးလိုကတဲ့ရာဇဂင်ကိုဖတ်တာ ၄၄ နှစ်လောက်ကြာပါပြီ။ ကျွန်ုပ်၏ ခန့်မှန်းခြေအရ ၄ ရာခိုင်နှုန်းလောက်ပဲ ရမည်ထင်ပါသည်။ ၄ ရာခိုင်နှုန်းလောက် ကြာအောင် လေ့လာပြီးမှ ၅ ရာခိုင်နှုန်းအထိ ကြိုးစားမယ်၊ လေ့လာမယ်လို့ ကျွန်ုပ်၏စိတ်မှာ အောက်မေ့ယူဆပေမယ့် ကျွန်ုပ်ဟာ သွေးတိုးရောဂါစွဲကပ်လာတယ်။ နောက်ပြီး သတိမေ့သွားသည့်ရောဂါလည်း စွဲကပ် လာပြန်သည်။ နေ့တိုင်းလည်း ခေါင်းမူးသည်။ ဇက်ကြောတွေလည်း အမြဲတင်းသည်။ ကျွန်ုပ်၏ ဇနီး မကျင်မြိုင်ဟာ ပရုပ်ဆီကိုလိမ်းပေးပြီး ကျွန်ုပ်ကို ခဏခဏနှိပ်ပေးရပါသည်။

ယခင်ကကျွန်ုပ်သူငယ်ချင်းများ ကျွန်ုပ်၏တိုက်ရှေ့မှ ဖြတ်သွားသည့်အခါ ကားနံပတ်က ဘယ်လောက်၊ ဘယ်သူဆိုတာ ချက်ချင်းမှတ်မိပြီး သိသည်။ ယခုတော့ ယခင်ကလိုသတိမျိုး မရှိတော့ပါ။ ကျွန်ုပ်၏ဆရာကြီးမှာလိုက်သည့် ၅ ရာခိုင်နှုန်းကို အပြည့်အဝ မအောင်မြင်နိုင်တာကို ကျွန်ုပ်ဟာ အင်မတန်မှ ဂမ်းနည်းပါသည်။ ဘာနှင့်အလားသဏ္ဍာန်တူပါသလဲဆိုတော့ အသက် ၈၅-နှစ်ကျော်ရှိသည့် အဘိုးကြီးဟာ တောင်ပုေးအားကိုးနှင့် တောင်ပေါ်ကိုတက်တော့ တောင်တစ်ဂက် လောက်ကျမှ တောင်ပုေးကျိုးသွားတာနှင့် အင်မတန်မှတူလှပါသည်။ ဂမ်းနည်းစရာလည်း အင်မတန်မှ ကောင်းပါသည်။ ဒါကတော့ ကျွန်ုပ်မကြိုးစားတာမဟုတ်ပါဘူး။ ကျွန်ုပ်၏ကုသိုလ်ကံက ဒီအတိုင်း ဖြစ်လာတာကို ကျွန်ုပ်ကလည်း ကျွန်ုပ်၏ဆရာကြီးမှာလိုက်သည့်အတိုင်း လေ့လာဆည်းပူးပါသည်။

## မြန်မာပြည်သို့လာခြင်း

ကျွန်ုပ် မြန်မာပြည်သို့လာသည့်အခါ ကျွန်ုပ်၏ဆရာကြီးပေးလိုက်သည့်စာအုပ်က ၄ တွဲ၊ ဂုံနီအိတ်ကတစ်ခု၊ တရုပ်သားရေကိုလုပ်ထားသည့် ခေါင်းအုံးကတစ်လုံး၊ စောင်တစ်ထည်၊ ဖျာတစ်ချက်၊ အကျီဘောင်းဘီ အနက်ရောင် ၄ စုံအပြင် အခြားဘာပစ္စည်းမှ မပါပါဘူး။ ကျွန်ုပ်၏ရွာကလေး ကွိုင့်ခေါက်မှခွဲခွာ၍ သင်္ဘောဆိပ်ကမ်းရှိရာ (အေမွိုင်)ကို ကျွန်ုပ်ဟာ ထွက်လာပြီး၊ ၁၉၁၅ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့ (ပောင်ဘော်)သင်္ဘောကို စီးနင်းလိုက်ပါ၍ မြန်မာပြည်ကို လာခဲ့ပါသည်။

၁၉၁၅ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့မှာ ပီနံကိုရောက်ပါသည်။ ၁၉၁၅ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ကျတော့ ဂျပန်သင်္ဘောနာမည်က (တိုစာမာယု) မျှင်ငပိတင်သည့်သင်္ဘောနှင့် ရန်ကုန်ကို လိုက်လာပါသည်။ ၁၉၁၅ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့မှာ ကျွန်ုပ်ဟာ ရန်ကုန်ကို ကောင်းမွန်စွာနှင့်ရောက်ရှိပါသည်။ ပီနံမှထွက်၍ တစ်ရက်လောက်ကြာတော့ ပင်လယ်ထဲမှာ ဂျာမနီစစ်သင်္ဘောနှင့် အင်္ဂလိပ်စစ်သင်္ဘောဟာ တစ်စင်းနှင့်တစ်စင်း အမြောက်နှင့်ပစ်ခတ်နေတာကို တွေ့မြင်ခဲ့ရပါသည်။ ကျွန်ုပ်ဟာ ပထမကမ္ဘာစစ်ကြီးကြားမှ မြန်မာပြည်ကိုလာခဲ့ရခြင်းဖြစ်ပါတယ်။

## သမ္ဗန်သမားဘဝ

ရန်ကုန်ကိုရောက်လာသည့်အခါ ရန်ကုန်မှာ ၁ဂရက်ကြာလောက် နေထိုင်ပါသည်။ ၎င်းနောက် ၁၁လမ်း ဦးဘရီပိုင် ရွှေလဂင်းသင်္ဘောနှင့်လိုက်သွားပြီး မြောင်းမြအပိုင် ကျုံမငေးနှင့် လပွတ္တာကြားရှိ ကန်ဘဲ့ရွာမှာ သွားရောက်နေထိုင်ပါသည်။ ကန်ဘဲ့ရွာကို ရွှေလဂင်းသင်္ဘောနှင့် ၃ရက်ကြာမှ ရောက်ရှိပါတယ်။ ကန်ဘဲ့ရွာမှာ ၃-၄ လလောက် နေထိုင်ပြီးမှ မြစ်ကြီးကိုသမ္ဗန်နှင့် ၅ နာရီ ၆နာရီလောက်စီးပြီး ကိုယ့်ဟာကိုယ်ခတ်သွားရသည့် ပီတွတ်ကလေးရွာမှာ သွားရောက်နေထိုင်ပါသည်။ ဒီရွာကလေးဟာ တကယ်တောကြိုအုံကြားရွာကလေးဖြစ်တယ်။ ဒီနေရာဟာ ကနစိုထင်းထွက်သည့် နေရာဖြစ်သည်။ ဒီရွာကလေးထဲမှာလည်း ကျွန်ုပ်၏အမျိုး တရုပ်ဆိုင်တစ်ဆိုင်ရှိတယ်။ တနင်္ဂနွေ တစ်ပတ်လောက်ကြာမှ လာတာဟာ ဒီရွှေလဂင်းသင်္ဘောပဲရှိတယ်။ သင်္ဘောရောက်သည့်အခါဟာလည်း များသောအားဖြင့် ညသန်းခေါင်းအချိန်မှာရောက်တယ်။ ဒီသင်္ဘောဟာလည်း ကမ်းကိုမကပ်ပါ။ မြစ်လယ်မှာ စက်ကို အရှိန်လျော့၍နားထားပါသည်။ ကျွန်ုပ်ဟာ သင်္ဘောရောက်လာလျှင် ကုန်များကို သမ္ဗန်နှင့်သွား၍သယ်ပါသည်။ သင်္ဘောကတော့ စက်ကိုရပ်မထားပါ။ ဥသြကလည်း မကြာခဏဆွဲ၍ တဖြည်းဖြည်းမောင်းနေပါတယ်၊ ကျွန်ုပ်ဟာ သမ္ဗန်မှကြိုးကို သင်္ဘောမှာချည်ပြီး ပစ္စည်းများကို သယ်တယ်။ (ယခုကျွန်ုပ်ဟာ တစ်ခါတလေ သင်္ဘောနှင့်ခရီးသွားသည့်အခါ တွံတေးဂကို ရောက်တော့ တွံတေးဂမှာလာပြီးတော့ သမ္ဗန်ကိုသင်္ဘောမှာချိတ်၍ ထမင်းရောင်းကြတာကိုမြင်သည့်အခါ လွန်ခဲ့သည့် အနှစ် ၄ဂ ကအဖြစ်အပျက်ကို သွားပြီးတော့ သတိရမိပါသည်။) ရွှေလဂင်းသင်္ဘောရောက်လို့ သမ္ဗန်နှင့် ကုန်မျိုးစုံကို သင်္ဘောမှာသွားပြီးသယ်သည့်အခါ လှိုင်းကလည်းကြီး၊ မိုးကလည်းချုပ်၊ သင်္ဘောကလည်း စက်မရပ်ထားတာကြောင့် တခါတလေ ကျွန်ုပ်ဟာ ရေထဲကိုကျသွားသည့် အခါလည်း ကျသွားပါသည်။

ဟိုစဉ်အခါက အဲဒီလို ပီတွတ်ကလေးရွာမှာ အနေကြာသွားသည့်အခါ ကျွန်ုပ်နှင့်အတူတူ သင်္ဘောကိုသွားပြီး သမ္ဗန်နှင့်ကုန်သွယ်သည့်အခါ ကောက်စိုက်သမတစ်ဦးလည်း ပါပါသည်။ သူဟာ အင်မတန် ဖျတ်လတ်ပါသည်။ သွက်လဲသွက်ပါတယ်။ ထွားလည်းထွားကျိုင်းပါသည်။ ကျွန်ုပ်နှင့်စာလျှင် ၃နှစ်လောက်ကြီးပါသည်။ ကျွန်ုပ်မြစ်ထဲကို ကုန်ရောလူပါ မတော်တဆကျသွားလျှင် သူဟာ မြစ်ထဲကိုခုန်ဆင်း၍ ကျွန်ုပ်ကိုကယ်တင်တာ ၃ခါလောက်ရှိပါသည်။ ဒီအမျိုးသမီးနာမည်ကတော့ မစိန်ခင် လို့ခေါ်ပါတယ်။ ကျွန်ုပ်ဟာ ပြည်မကြီးမှ ဒီလိုတောကြိုအုံကြား ပီတွတ်ကလေးရွာကို ရောက်ပြီး နေထိုင်၍ ညကြီးသန်းခေါင် လသာသည့်အခါမှာ လူသံတွေကလည်း တိတ်ဆိတ်ပြီး မြစ်ထဲကရေသံပဲကြားနေရပါသည်။

ဒီလိုလာသည့်အချိန်အခါမှာ ကျွန်ုပ်နေထိုင်ခဲ့သည့် ဇာတိ ရွာကလေးနှင့် အဖွား၊ မိဘ၊ ဆွေမျိုးသားချင်းတို့ နေထိုင်ကျန်ရစ်ခဲ့သည့်ပြည်ကြီးကို အင်မတန်မှ လွမ်းပြီးတော့ အောက်မေ့သတိရမိပါသည်။

## လက်ာ ၄-ပုဒ်

ရှေးကတရုပ်လူကြီးများ မြန်မာပြည်နှင့်ရန်ကုန်မြို့ကို ရောက်သည့်အခါ တရုပ်ပြည်ကို လွမ်းဆွတ်အောက်မေ့သည့်အတွက် လက်ာ ၄-ပုဒ် ရေးစပ်ထားကြပါသည်။ ဒီလက်ာ ၄-ပုဒ်က တစ်ပုဒ်ကို စာ ၅လုံးစီရှိပါ၍ လက်ာ ၄-ပုဒ်ဆိုတော့ စာလုံးပေါင်း ၂၀-ရှိပါသည်။ တရုပ်စာ တတ်သည့်သူများဟာ ဒီစာ ၄-ပုဒ်ကိုဖတ်မိလျှင် မျက်ရည်မကျပဲ မနေနိုင်ပါဘူး။ နောက်ပြီး (ရန်ကုန်)ဆိုသည့် စာလုံးနှစ်လုံးကိုလည်း ဟိုရှေးက တရုပ်လူကြီးများဟာ တမင်တကာ သူတို့က အဓိပ္ပါယ်ကို တစ်မျိုးလှည့်ပြီးကောက်ယူထားတယ်။ ရန်ဆိုတာက မော့တာ၊ ကုန်ဆိုတာက လင်းတာ၊ ဒါကြောင့်မို့ မော့ပြီးလင်းတာဟာ လသာတာနဲ့သွားတူတယ်လို့ အဓိပ္ပါယ်တစ်မျိုးကောက်ယူထားပါသည်။ ဟိုရှေးကတရုပ်လူကြီးများ ပြည်ကြီးကိုလွမ်းဆွတ်အောက်မေ့၍ ရေးစပ်ထားခဲ့သည့် လက်ာ ၄-ပုဒ် စာလုံး ၂၀၏ အဓိပ္ပါယ်ကတော့ ...။

၁။ ကူးထောင်ဘောင်ဘင်ပုက်။ ။ ကူးထောင်ဘောင်ဘင်ပုက် ဆိုတာကတော့ ခေါင်းကို မိုးပေါ်မော့ကြည့်လိုက်သည့်အခါ ရွှေလကိုသွားမြင်တာဖြစ်ပါတယ်။

၂။ အိထောင် ဘောင်ကော့ရောင်။ ။ အိထောင်ဘောင်ကော့ရောင် ဆိုတာကတော့ ခေါင်းကိုအောက်စိုက်ကြည့်ပြီး ကိုယ့်ရွာကိုယ့်ဇာတိကို အောက်မေ့ပြီး စဉ်းစားနေတာ ဖြစ်ပါတယ်။

၃။ ကော့ရောင်ပကိုးကျန်။ ။ ကော့ရောင် ပကိုးကျန် ဆိုတာကတော့ ကိုယ့်ရွာ ကိုယ့်ဇာတိကို စဉ်းစားပါသော်လည်း မမြင်နိုင်ပါ။

၄။ လေးဟာကျန့်အီးရင်း။ ။ လေးဟာကျန့်အီးရင်းဆိုသည့် နောက်ဆုံးစာ ကတော့ ဇာတိကိုမမြင်နိုင်ပဲ၊ မျက်ရည်အသွယ်သွယ်ဟာ တပေါက်ပေါက်ကျပြီး အင်္ကျီစိုသွားတာဖြစ်ပါသည်။

ဒါကြောင့် ဟိုရှေးတုန်းကတရုပ်လူကြီးများဟာ ကိုယ့်ဇာတိကိုအောက်မေ့သည့်အခါ ဒီလက်ာ လေးပုဒ်ကိုပဲ ဖတ်ရှုကြပါသည်။

ကျွန်ုပ်ဟာ ပီတွတ်ကလေးရွာကိုရောက်တာ တစ်လတောင်မပြည့်သေးခင်အခါမှာ အစားအသောက်ဟာ တစ်နေရာမှတစ်နေရာသို့ ပြောင်းလွဲစားသောက်ရလို့ပဲလား။

ကျွန်ုပ်နေထိုင်ခဲ့သည့် ပြည်ကြီးနှင့်ပဲ မတူလို့လားမပြောဆိုတတ်ပါဘူး။ တစ်လလောက်ဖျားပါသည်။

## မမခင်နှင့်ပေါက်ဖော်လေး

အထက်ဖော်ပြပါ မစိန်ခင် ဆိုသည့် အမျိုးသမီးဟာလည်း လယ်သမားသားသမီးတစ်ဦး ဖြစ်ပါသည်။ သူကိုယ်တိုင်လည်း ကောက်စိုက်သမဖြစ်ပါသည်။ သူကောက်စိုက်ချိန်ပြီး၍ အလုပ်ပြီးသည့်အခါ အများအားဖြင့် ကျွန်ုပ်တို့ဆိုင်ကို လာပါသည်။ ဆိုင်ကိုလာပြီးတော့ စက္ကူအိတ် တွေကို ပိုင်းဂန်းပြီးကပ်ပေးတယ်။ ကြက်သွန်အပုပ်တွေကို ရွေးပေးတယ်။ ထမင်းချက်တာ ရေထမ်းတာ တို့ကိုလည်း ပိုင်းဂန်း၍ လုပ်ကိုင်ကူညီပေးပါသည်။ ရေကူးတတ်အောင်ကိုလည်း သင်ပေးပါသည်။ ကျွန်ုပ်အပေါ်ကိုလည်း ဆရာမလိုပဲ ဗမာစကားကို သေချာစွာသင်ပေးပါသည်။ ပစ္စည်းမှန်သမျှ လက်မှာကိုင်ထားရင်လည်း ဒီပစ္စည်းဟာဘာခေါ်တယ်ဆိုတာကို သင်ပေးပါသည်။ ကျွန်ုပ်မြန်မြန် ခေါ်ဂေါ်သုံးစွဲတတ်လျှင် သူလည်း တော်တော်သဘောကျတယ်။ ကျွန်ုပ်ဟာလည်း မြန်မာစကား နည်းနည်းပါးပါး တတ်လာပါပြီ။ ရွှေလဂင်းသင်္ဘောမရောက်ခင် ကုန်ပြတ်ခဲ့ပါလျှင် ကျွန်ုပ်က နောက်မှပဲ့ကိုင်၍ မမခင်ကရှေ့ကလှော်၊ သို့မဟုတ် မမခင်ကနောက်မှပဲ့ကိုင်လျှင် ကျွန်ုပ်ကရှေ့က လှော်ပြီး၊ မြစ်ကြီးကိုကူး၍ ကန်ဘဲ့ရွာကိုသွားပြီး ကုန်သွားဂယ်ကြပါသည်။ ကျွန်ုပ်က သူ့ကို မမခင်လို့ပဲခေါ်ပါသည်။ သူကတော့ ကျွန်ုပ်ကို ပေါက်ဖော်လေးလို့ ခေါ်ပါတယ်။ လမ်းတစ်ဂက် ကျတော့ ပါသွားသည့် ထမင်းထုပ်၊ ဘဲဥပြုပ်၊ ငပိကျော်တို့ကို စားကြရန်အတွက် စီးလာသည့် ဘောက်တူကို ထင်းတောက သစ်ပင်တစ်ပင်မှာ ကြိုးနှင့်ချည်၍ ဆိုက်ကပ်ထားပြီး ကျွန်ုပ်နှင့် မမခင်ဟာလည်း ဘောက်တူပေါ်မှဆင်း၍ ကုန်းပေါ်သို့တက်သွားပါတယ်။ ထင်းတော၏ သစ်ပင် ကောင်းကောင်းတစ်ပင်အောက်မှာ ရပ်နား၍ထိုင်ကြပြီး စကားပါပြော အပန်းဖြေ၍ပြီးလျှင်၊ နှစ်ယောက်သား အတူတူ ထမင်းကိုစားကြသည်။ ထမင်းစားသောက်ပြီးသည့်အခါ ဒီနေရာကို သူကပိုက်ဆံကြေးပြားတစ်ပြား၊ ကျွန်ုပ်က ပိုက်ဆံကြေးပြားတစ်ပြား ပေါင်းပြီးတော့ မြှုပ်ထားခဲ့သည်။ ဘယ်နှစ်၊ ဘယ်လ၊ ဘယ်ရက်၊ ဘယ်အချိန်မှာဆိုတာကိုလည်း မှတ်သားထားခဲ့တယ်။

နောက်ပြီး မမခင်၏ကြေးပြားနှင့် ပေါက်ဖော်လေးကြေးပြားဟာ မပျောက်မချင်း တစ်ဦးနှင့် တစ်ဦးဟာ အမြဲတမ်းချစ်ခင်သွားကြပါမယ်ဆိုတာကို ဆုတောင်း၍ မြှုပ်နှံထားခဲ့သည်။ ဒီကြေးပြား ခိုင်မာသလို ပေါက်ဖော်ကလေးနှင့် မမခင်အချစ်ဟာလဲ ခိုင်မာပါစေလို့ ဆုတောင်းခဲ့တယ်။

ကန်ဘဲ့ရွာကိုရောက်၍ ကုန်များကို ဘောက်တူပေါ်သို့တင်ပြီးလျှင် ပီတွတ်ရွာကလေးကို ပြန်လာကြတယ်။ မြစ်ကြီးကို ဘောက်တူနှင့်ကူးလာသည့်အခါမှာလဲ မိုးလေကျ၍ လှိုင်းကဘယ်လောက် ကြီးကြီး ၂ဦးစလုံးဟာ ကြောက်စိတ်မရှိကြပါ။

သဘော်များသွားလာသည့်အခါ လှိုင်းကလည်း သိပ်ကြီးပါသည်။ လှိုင်းလာလသည့်အခါမှာလည်း လှိုင်းလုံးကို ဘောက်တူနှင့်ဘေးတိုက်ခံလိုက်လျှင် ဘောက်တူမှောက်သွားမည်။ ဘောက်တူဦးနှင့်လှိုင်းကို ခံရသည်ဆိုတာကိုလည်း မမခင်ဟာ သင်ပေးပါတယ်။

ကျွန်ုပ်နေထိုင်သည့် ပီတွတ်ရွာကလေးမှာလည်း ဆံပင်ညှပ်ဆိုင်မရှိပါ။ ဒီ မမခင်ပဲ ကျွန်ုပ်ကို ကတုံးရိတ်ပေးပါသည်။ ကျွန်ုပ်ကို မမခင် ကတုံးရိတ်ပေးသည့် ၁၄နှစ်သားအရွယ်ကစ၍ ယခု ၅၈နှစ်အထိ တွက်ကြည့်လိုက်မည်ဆိုလျှင် ၄၄ နှစ်လုံးလုံးကြာပါပြီ။ ကျွန်ုပ်ဟာ တစ်ခါမျှ ပိုလ်ဆံတောက် မထားဖူးပါဘူး။ ဘာအတွက်ကြောင့် ကျွန်ုပ်ဟာ ပိုလ်ဆံတောက်ကို မထားပါသလဲဆိုတော့ ကျွန်ုပ်၏ခေါင်းကို မမခင်ကိုယ်တိုင် ကတုံးရိတ်ပေးခဲ့သည့်ကျေးဇူးကို မေ့လည်း မမေ့ကောင်းသည့် အတွက် မေ့၍လည်းမရတာကြောင့် အခုအချိန်အခါမထိ ကျွန်ုပ်ဟာ ကတုံးပဲထားပါသည်။ သေဆုံးသည့် အချိန်အခါတိုင်အောင် ကျွန်ုပ်ဟာ ပိုလ်ဆံတောက်ကို ထားမည်မဟုတ်ပါ။ တောကြိုအုံကြားမှာ နေသည့် ကောက်စိုက်မ မမခင်ကို ကျွန်ုပ်ဟာ ဒီတစ်သက်မှာ ကျေးဇူးမမေ့ပါဘူး။ ယခုအထိ အမြဲသတိရလျက်ပါပဲ။။ ကျွန်ုပ် ယခုလက်ရှိဇနီး မကျင်မြိုင်ကတော့ ခေတ်ဆန်သည့်အတွက် ကျွန်ုပ်ကို ပိုလ်ဆံတောက်ထားပါလို့ ခဏခဏပြောပါသော်လည်း ကျွန်ုပ်ဟာ ဒီစကားတစ်ခွန်းကိုတော့ နားမထောင်ပဲ ငြင်းဆန်တယ်။

မြန်မာ့ဓလေ့ထုံးစံ ဂါဆိုလ၊ သီတင်းကျွတ်လ ပွဲတော်များကျရောက်သည့်အခါမှာလဲ ကျွန်ုပ်နှင့် မမခင် ဘောက်တူတစ်စင်းထဲကို အတူစီး၍သွားပြီး၊ နီးရာဘုန်းကြီးကျောင်း၊ ဘုရားကလေးများကို သွားပြီးတော့ လှူဒါန်းစရာရှိသော ပစ္စည်းများကို လှူးဒါန်းဆက်ကပ်၍ အတူတူ ဖူးမျှော်ကန်တော့ ပါတယ်။ ဆုလည်းတောင်းဆိုကြပါသည်။

နောက်တစ်ကြိမ် ကျွန်ုပ်ဟာ အကြီးအကျယ်ဖျားပါတယ်။ မမခင်ဟာလည်း ကျွန်ုပ်ကို နေ့ညမရွေး ကျွန်ုပ်အနားမှာနေ၍ အမြဲပြုစုပါသည်။ နေ့တိုင်း ပရုပ်ဆီကိုလည်း လိမ်းပေးပါသည်။ ကျွန်ုပ်ကို အညှော်မိမှာ စိုးရိမ်သည့်အတွက် ရှိန်းခိုကို နာခေါင်းဝနားမှာ ထားပေးပါသည်။ နောက်ပြီး မမခင်ကိုယ်တိုင် မိန်းမသူငယ်ချင်းတစ်ယောက်ကိုခေါ်၍ ဘောက်တူကိုလှော်ပြီး ကန်ဘဲ့မှာ ဘယဆေး ဖေါ်ဖို့သွားဝယ်တယ်။ အသွားအပြန် ၁၂ နာရီလောက်ကြာသည့်ခရီးကို ၈ နာရီ၊ ၉ နာရီလောက်နှင့် ပြန်လာတယ်။ ဒါကတော့ ကျွန်ုပ်ကိုချစ်သည့်စိတ်က ပြင်းထန်၍ ဒီဘောက်တူကို တအားလှော်လာ တာပဲလို့ ကျွန်ုပ်၏စိတ်ထဲမှာ ယူဆမိတယ်။ မြန်မာဘယဆေးဖေါ်ဖို့ ဝယ်လာတာကိုလည်း ကျွန်ုပ်ကို ဖြေပြတယ်။ ဒါဟာ ပွေးကိုင်း၊ ဒီဥစ္စာက အလိုကြူ၊ ဒီဥစ္စာက ဇဂက်သာ၊ ဒီဥစ္စာကတော့ ဇာဒိပ္ဖိုလ်သီး အကုန် တစ်ခုမကျန် မမခင်ဟာ ပြပြီးမှ ဆေးသွားကျို၍ ဖေါ်စပ်သည်။ ဆေးကို ဖေါ်စပ်ကျိုပြီးမှ ကျွန်ုပ်ကို လာတိုက်သည်။ မမခင်ဟာ ကျွန်ုပ်ကို ဒီလောက်တောင်ပဲ ချစ်ပါတယ်။ ကျွန်ုပ်ကို မမခင်ဆေးလာတိုက်သည့်အခါ ဆေးခွက်ကိုယူလာ၍

ကျွန်ုပ်၏ပါးစပ်ထဲကိုတောင် မရောက်သေးခင် အနံ့ရတာနှင့် ရောဂါဟာတစ်ဂက်လောက်ပျောက်သွားပါပြီ။ မမခင်ယူလာသည့် ဆေးကိုလည်း သောက်လည်းသောက်ရော ကျွန်ုပ်၏ရောဂါလည်း တစ်ခါတည်း ရှင်းရှင်း ပျောက်သွားတာပါပဲ။ ဒီမမခင်ဟာ အင်မတန်မှ သနားတတ်တဲ့စိတ်လည်းရှိတယ်။ ကျွန်ုပ်အပေါ်ကိုလည်း သိပ်သနားတယ်။ ကျွန်ုပ်၏ထင်မြင်ယူဆချက်ကတော့ သနားတယ်ဆိုတာ ချစ်တာနဲ့ တစ်ဘူတာပဲ ခြားပါတယ် မဟုတ်လားလို့ ထင်မြင်ယူဆမိပါသည်။

လွန်ခဲ့သည့် ၄၄-နှစ်အချိန်က မမခင်ဂတ်သည့် အင်္ကျီဟာ လှသိဂီအထည်ကြမ်းဖြစ်ပြီး၊ ထမီကလည်း တိုတိုဂတ်၍ အထည်ကြမ်းပဲဖြစ်ပါသည်။ ဆံပင်လိမ်းတာကတော့ အုန်းဆီပဲဖြစ်ပြီး မျက်နှာကိုတော့ နံ့သာဖြူသနပ်ခါးကိုလိမ်းပြီး ဖိနပ်ကတော့ များသောအားဖြင့် မစီးတာများပါတယ်။ တခါတလေမှ ရိုးရိုးဖိနပ်ကလေးများကိုသာ စီးပါသည်။ ဟိုစဉ်အခါက မြန်မာအမျိုးသမီးတွေဟာ ယခုခေတ်လို ခေါင်းလိမ်းဆီကလည်း နိုင်ငံခြားကလာတာမလိမ်းတာ၊ မျက်နှာလိမ်းတာကလည်း အမေရိကန်မိတ်ကပ်၊ ရာဒလေးပေါင်ဒါ နံပါတ် ၁၅၊ ၁၆၊ ၁၇ နှုတ်ခမ်းနီ၊ လက်သည်းနီ ၊ ခြေသဲနီဆိုးဆေး အင်္ကျီကတော့ အမေရိကန်နိုင်လွန်၊ လုံချည်ကတော့ တရုပ်ဘရိုကိတ်၊ အိန္ဒိယ ရှာရီ၊ အင်ဒိုနီးရှားပါတိတ်၊ ဘိနပ်ကတော့ သားရေအကောင်းစားကိုလုပ်ထားသည့် ၂-လက်မ၊ ၃-လက်မမြင့်သည့် ဒေါက်ဖိနပ်၊ ရေမွှေးကလည်း အကောင်းစား ပြင်သစ်ပဲရစ်မြို့မှထွက်သည့် ကိုတီ၊ စန်ဒရီယာ၊ ဒါတွေကို လုံးဂမသုံးကြပါ။ ယခုခေတ်အမျိုးသမီးများက လွန်ခဲ့သည့် အနှစ် ၄ဂ-လောက်ခေတ်က အမျိုးသမီးများထက်ပိုပြီးတော့ လှလှပပဂတ်စားဆင်ယင်တတ်ပါသည်။ ကျွန်ုပ်ဦးစပ်စု အများအားဖြင့် ဒီခေတ်မှာတွေ့မြင်ခဲ့ရသည့် အမျိုးသမီးမှန်သမျှဟာ ဟိုခေတ်က ကောက်စိုက်မ မမခင်လို သဘောရိုးရိုး စေတနာကောင်းကောင်း အမျိုးသမီးကို ယခုခေတ်အမျိုးသမီးတွေ ထဲမှာ တွေ့လည်းမတွေ့နိုင်ပါဘူး။ ရှာဖို့ဟာကလည်း မလွယ်ကူလှပါဘူး။ တွေ့နိုင်မယ်လည်း မထင်မိပါဘူး။

ကျွန်ုပ်ဟာ ပြည်ကြီးမှ ၁၄-နှစ်သားက မြန်မာပြည်ရောက်၍ ၁၇-နှစ်သားအထိ ပီတွတ်ကလေးရွာမှာ မမခင်နှင့် ၄-နှစ်လုံးလုံး အတူတူနေခဲ့တယ်။ အဲဒီလို ၄-နှစ်လုံးလုံး မမခင်နှင့် အတူတူစား အတူတူသွားပြီး နေထိုင်လာသည့်အခါမှာ ကျွန်ုပ်၏အဖွား မျက်ရည်အသွယ်သွယ် ကျပြီး၊ ကျွန်ုပ်၏လက်ကို တင်းတင်းဆွဲ၍ ခပ်ကျယ်ကျယ်ငိုပြီး ၄-နှစ်ကြာရင် ပိုက်ဆံရှိရှိမရှိရှိ ပြည်ကြီးကို ပြန်လာခဲ့ဆိုသည့် စကားသံနှင့် အဖွား၏ငိုယိုသံဟာ ကျွန်ုပ်၏နားထဲမှာ လာပြီးတော့ ကြားနေပါသည်။ ကျွန်ုပ်ကလည်း ကျွန်ုပ်၏အဖွားမှာလိုက်သည့်စကားကို မေ့နေ၍မဟုတ်ပါ။ အမြဲ သတိရပါသည်။ ဒီလိုအချိန်မှာ ကျွန်ုပ်ဟာ အင်မတန်မှ ဦးနှောက်ရှုပ်၍နေပါသည်။ ပြည်ကြီးက အဖွားထံကိုလည်း ပြန်ချင်တယ်။ ကျွန်ုပ်အား ၄-နှစ်လုံးလုံးပြုစုစောင့်ရှောက်လာသည့် မမခင်နှင့်လည်း မခွဲခွာချင်ပါဘူး။ ဒါကြောင့်မို့ ဒီအချိန်မှာ ကျွန်ုပ်ဟာ ဘာနှင့်တူသလဲဆိုတော့ စစ်ရှုံးသည့် စစ်ဗိုလ်ဘဂနှင့် ကျွန်ုပ်ဟာ တူနေပါပြီ။ တစ်တပ်နှင့်တစ်တပ်ဟာ ယှဉ်ပြိုင်ပြီး ရင်ဆိုင်တိုက်ခိုက်ကြသည့်အခါမှာ တစ်တပ်ကရှုံး၍

စစ်ပိုလ်ပဲကျန်ပါတော့သည်။ စစ်ပိုလ်ဟာလည်း ဖေါက်ထွက်၍မရတော့ပါ။ နိုင်သွားသည့်ဘက်က တပ်တွေက အားလုံးဝိုင်းထားပြီးပါပြီ။ နောက်ဆုံးလက်နက်ချဖို့တစ်ခုပဲ ရှိတော့သလို ကျွန်ုပ်ဟာလည်း ပြည်ကြီးပြန်ဖို့ကို စိတ်လျှော့လိုက်ပါတယ်။ ဒါဟာဘာဖြစ်လို့လဲဆိုတော့ အနီးနှင့်အဝေးကွာသွားတာပါပဲ။ အဝေးနှင့် အနီးမှာရှိသည့် အဖွားနှင့်မမခင်ကို ချစ်တာဟာ ဘယ်သူ့ကိုမှ မပိုပါဘူး။ အတူတူပဲချစ်ပါသည်။ ဒါပေမယ့် အဖွားကတော့ဝေးသည်။ မမခင်ကနီးသည်။ ဒါကြောင့်မို့ နီးသည့် မမခင်ဘက်ကို ကျွန်ုပ်ဟာသာသွားခြင်းဖြစ်ပါသည်။ ပေါက်ဖေါ်ကလေး ကျွန်ုပ်ဟာလည်း အထက်အမည်ပါ မမခင်နှင့်နီးပြီး သူကြီးအိမ်မှာ လက်မှတ်သွားထိုးပြီး ဇနီးမောင်နှံဘဝကို ရောက်ရှိသွားကြပါသည်။

ကျွန်ုပ်ဟာ ပြည်ကြီးမှ ထွက်ခွာလာတော့မည့်အခါမှာ လူတိုင်းလူတိုင်းကို ကဲ့ရဲ့မိတယ်။ ကျွန်ုပ်တို့ ရွာသားများ မြန်မာပြည်ကိုရောက်၍ မြန်မာမကိုယူတာကို ကျွန်ုပ်ဟာကဲ့ရဲ့တယ်။ အားကြီး ပြောဆိုမိတယ်။ ယခုတော့ အံ့သြပြီးမယုံကြည်၍ စုံစမ်းဖို့ထွက်လာတဲ့ကျွန်ုပ်ကိုယ်တိုင် ကိုယ့်ရှုး ကိုယ်ပတ်၍ မြန်မာမနှင့်ညားပြီး ပြည်ကြီးကို မပြန်နိုင်တော့ပါ။ မမခင်နှင့်ကျွန်ုပ်ဟာ ၄-နှစ်လောက်အကြာ အတူတူပေါင်းသင်းနေထိုင်ရပြီး မမခင်ဟာသေဆုံးသွားပါသည်။ မမခင်သေဆုံးပြီး ကျွန်ုပ်ဟာလည်း ပီတွတ်ကလေးရွာမှာ မနေချင်တော့သည့်အတွက် ပဲခူးညောင်လေးပင်မှာသွား၍ စပါးအလုပ်ကိုသွားရောက်လုပ်ကိုင်နေပါသည်။ သွားရောက်လုပ်ကိုင်ပြီး ၄-၅နှစ်လောက်အကြာမှာ ရန်ကုန်ကို ပြန်လာပါသည်။

## ရန်ကုန်သို့ရောက်ခြင်း

ရန်ကုန်မြို့ကိုရောက်တော့ ကျွန်ုပ်တို့ရွာသူရွာသားများအသင်းတွင် လက်ထောက်အတွင်း ရေးမှူးအဖြစ် ဝင်ရောက်လုပ်ကိုင်နေပါသည်။ ရွာသူရွာသား အသင်းဝင်များ လက်ထပ်မင်္ဂလာ ပွဲကြီးပွဲကောင်းရှိသည့်အခါ ကျွန်ုပ်ကိုခေါ်၍သွားသည်။ ကျွန်ုပ်ကလည်း အစစအရာရာ ဝိုင်းဝန်း ကူညီလုပ်ကိုင်ဆောင်ရွက်ပေးပါသည်။ ကျွန်ုပ်တို့ရွာသူရွာသားများအသင်းဟာလည်း မြန်မာလူကြီး လူကောင်းများနှင့်ဆက်သွယ်တာ တော်တော်များပါတယ်။ ကျွန်ုပ်ကလည်း အကြောင်းမှန်သမျှ သွက်လက်ဖျတ်လတ်စွာ အကူအညီပေးပါသည်။

ကျွန်ုပ်ကို ပထမဦးဆုံး စပ်စုလို့ခေါ်တာဟာ ယခုလက်ရှိ ၇၃-နှစ်အရွယ်ရှိ လသာလမ်း ဦးကေဘာကြီးကစ၍ ခေါ်တာဖြစ်တယ်။ သူဌေးဦးကေဘာကြီးက အစစအရာရာခိုင်းသမျှအားလုံးကို ကျွန်ုပ်ဟာ ဘယ်အခါမဆို ပြီးပြီးပြတ်ပြတ် သဘောကျအောင် ပြုလုပ်ဆောင်ရွက်ပေးသည့်အတွက် မြန်မာလူကြီးလူကောင်းများကို ဦးကေဘာကြီးက ဆက်သွယ်ပေး၍ တဖြည်းဖြည်းသိကျွမ်းမှု များလာပါသည်။ ကျွန်ုပ်ကလည်း

အမှတ်အသား တော်တော်ကောင်းတယ်၊ မှတ်လည်း မှတ်မိတယ်။ ဒါကြောင့်မို့ မြန်မာနာမည်စပ်စုမှည့်ဖို့ကို စီစဉ်ထားတယ်။ ခေါ်လည်းခေါ်နေကြပြီ။

၁၉၃၄-ခုနှစ်၊ ဒီဇင်ဘာလ ၂၉-ရက် ကျွန်ုပ်တို့ရွာသူရွာသားများအသင်းမှ ကော်မီတီတစ်ဦး ဖြစ်သူ လသာလမ်း ၁၅၆-နေ တန်ယုကျင်က သူ၏တူလက်ထပ်ပွဲကို ကျွန်ုပ်နှင့်ဦးကေဘာကြီးအား အစီအစဉ်လုပ်ကိုင်ကူညီပေးပါလို့ပြောတယ်။ ကျွန်ုပ်နှင့်ဦးကေဘာကြီးကလည်း သွားရောက်၍ စီစဉ် လုပ်ကိုင်ပေးပါသည်။ ဟိုစဉ်အခါက ပြည်ထဲရေးဝန်ကြီး ဆာဦးဘအား သွားရောက်၍ဖိတ်ခေါ်ပါသည်။ ကြွရောက်လာပြီး ထမင်းစားပွဲလုပ်စဉ်အခါ ဦးကေဘာကြီးနှင့်ဦးကျင်မိုန် သူတို့နှစ်ဦးက အဆိုသွင်း၍၊ တရားလွှတ်တော်ချုပ် တရားသူကြီးဟောင်း ဦးချွန်ဖေါင်၊ ဦးတင် (I.C.S)၊ ဂတ်လုံတော်ရကြီး ဦးကျော်ဖံ၊ သူတို့ ၃-ဦးက ထောက်ခံကြပါသည်။ ကျွန်ုပ်၏ နဂိုရ်နာမည် အောင်ခေချောင်း မှ မြန်မာနာမည် ဦးစပ်စုလို့ခေါ်ဖို့ သင့်မသင့်ကို အဆိုတင်ပါတယ်။ ဆာဦးဘနှင့်တကွ ကြွရောက်လာ ကြသည့် လူကြီးအားလုံးမှန်သမျှဟာလည်း အကုန်လုံးသဘောတူပြီး သြဘာပေး၍ အကုန်လုံးကလည်း ထောက်ခံကြသည့်အတွက် ဤထမင်းစားပွဲပြုလုပ်သည့် နေ့ရက်အချိန်ကစပြီး ကျွန်ုပ်၏နာမည် အောင်ခေချောင်းမှ မြန်မာနာမည် ဦးစပ်စုလို့ဖြစ်ပေါ်လာပါသည်။

ကျွန်ုပ်ဟာ ၁၉၅၉-ခုနှစ်၊ ဒီဇင်ဘာလ ၂၉-ရက်နေ့ကျလျှင် စပ်စုနာမည်ရတာ ၂၅-နှစ်မြောက် ငွေရတုသဘင်ပြုလုပ်ပါမည်။ ဒီ ၂၅-နှစ်မြောက် ငွေရတုသဘင်နှင့်အတူ ကိုယ်ရေးရာဇဝင် ဝတ္ထုမှတ်တမ်းစာအုပ်ကို ကျွန်ုပ်ကိုယ်တိုင်ပြောဆိုပေးပြီး ကိုမောင်လေးကရေးသား၍ ကျွန်ုပ်၏ဇနီး မကျင်မြိုင်က ကျွန်ုပ်၏မပီသသောစကားများနှင့် မြန်မာရာဇဝင်များကို ကျွန်ုပ်အားပြောပြထားပါသဖြင့် တရုပ်ရာဇဝင်နှင့်တိုက်ဆိုင်သည့် မြန်မာရာဇဝင်ကို ရွေးချယ်၍ ဥပမာများနှင့်ရေးသားပြီး၊ ဦးခင်မောင်ဇော်ကစီစစ်၍ မြဂတီအယ်ဒီတာ စာရေးဆရာကြီးဦးရန်အောင်က တည်းဖြတ်ကာ ထုတ်ဝေပါဦးမည်။

၁၉၃၄-ခုနှစ်မှ ၁၉၅၉-ခုနှစ်ထိ ၂၅ နှစ်တင်းတင်း မြန်မာနာမည်စပ်စုလို့မှည့်၍ မြန်မာပြည်ရဲ့ အကျိုးမှန်သမျှကို ဘယ်လိုကူညီဆောင်ရွက်ခဲ့တယ်ဆိုတာနှင့် တရုပ်၊ မြန်မာချစ်ကြည်ရေး စော်ဘွားစပ်စု၊ ဘိနပ်စပ်စုအကြောင်းတို့အပြင် ဂျပန်တော်လှန်ရေးကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ရင်ဘောင်တန်းပြီး ဘယ်လိုကူညီလုပ်ကိုင်ဆောင်ရွက်
ပေးခဲ့သည်ဆိုတာ အားလုံးကို အထက်ပါကျွန်ုပ်ရေးသားသည့် ကိုယ်ရေးရာဇဝင်မှတ်တမ်း အတ္ထုပ္ပတ္တိထွက်သည့်အခါ သေချာစွာဖတ်ရှုရပါလိမ့်ဦးမည်။

ဟိုလွန်ခဲ့သည့် ၂၅-နှစ်အချိန်မှာ နိုင်ငံခြားသားကို မြန်မာနာမည်မှည့်တာဟာ သိပ်မများသေး ပါဘူး။ ခေတ်လည်းမစားသေးပါဘူး။ ကျွန်ုပ်ဦးစပ်စုဟာ ဘာဖြစ်လို့မြန်မာနာမည်မှည့်ရသလဲဆိုတော့ ကျွန်ုပ်ဟာ ၁၄-နှစ်သား ကောင်လေးဘဝမှာ မြန်မာပြည်ကိုရောက်သည်။ မြန်မာပြည်ကို ရောက်ပြီးတော့လည်း တောကြိုအုံကြား ဗမာအများအပြားတောထဲမှာ သွားပြီးတော့ အတူတူ လုပ်ကိုင် နေထိုင်၊

စားသောက်ရပြန်သည်။ ဒါကြောင့်မို့ ကျွန်တော်ဟာ မြန်မာစိတ်ပေါက်တယ်။ တောမှာနေ၍ ရန်ကုန်မြို့ကို ပြန်ရောက်သည့်အခါမှာလည်း မြန်မာနှင့်အများအပြားဆက်ဆံနေရတာက များတယ်။ နေရာတကာလည်း ကျွန်ုပ်မပါလျှင် မပြီးသလို ဖြစ်နေတယ်။ ဒါကြောင့် ဒီစပ်စုနာမည်မှည့်တာကို ကျွန်ုပ်နှင့်လည်း သဘောချင်းတိုက်ဆိုင်သည်။ ကျွန်ုပ်ကလည်း သဘောတူတယ်။ သို့အတွက် ကျွန်ုပ်ကလည်း ဂမ်းသာအားရနှင့်လက်ခံပါသည်။

ယခု မြန်မာနာမည်မှည့်တာဟာ အင်မတန်ခေတ်စားတဲ့ခေတ် ဖြစ်နေပါပြီ။ တိုက်ပုံအင်္ကျီတို့ မြန်မာခေါင်းပေါင်းတို့ဂတ်တာလည်း ခေတ်စား၍နေပါပြီ။ နိုင်ငံခြားသားများထဲမှ ဗမာတိုက်ပုံအင်္ကျီ၊ ခေါင်းပေါင်းတို့ကို ယခုလိုဂတ်စားဆင်ယင်နေကြသည့်သူတွေဟာ ကျွန်ုပ်နှင့်ပဲအလားတူလို့လား၊ သို့မဟုတ် မြန်မာနာမည်မှည့်ပြီး မြန်မာတိုက်ပုံအင်္ကျီ၊ မြန်မာခေါင်းပေါင်းတို့ ဂတ်၍နေတာဟာ ဘာသဘောဟာလဲ။ ကျွန်ုပ်အား စပ်စုလို့မြန်မာနာမည်မှည့်ရတာဟာ ဟိုတုန်းက ခေတ်မစားသေးသည့် အချိန်ကဖြစ်ပါသည်။ ကျွန်ုပ် စော်ဘွားစပ်စုဖြစ်တုန်းကလည်း စော်ဘွားမှာ မဟာဒေဝီများပေမယ့် စော်ဘွားဖြစ်ချင်တဲ့လူ လုပ်ချင်တဲ့လူမရှိပါဘူး။ ဟိုတုန်းက ကျွန်ုပ်ပေါင်းခဲ့သည့် ခေါင်းပေါင်း တစ်ထည်ဟာ ယခု ခေါင်းပေါင်း ၃-ထည်စာလောက်ရှိပါသည်။ တိုက်ပုံအင်္ကျီကိုလည်း ပြည်ကြီးသားထဲမှာ ကျွန်ုပ်ပဲစဂတ်တာပါပဲ။ ယခု တိုက်ပုံအင်္ကျီနှင့် ခေါင်းပေါင်းကိုဂတ်ကြသည့် နိုင်ငံခြားသားများဟာ ကျွန်ုပ်လိုပဲ သဘောရိုးရိုးနှင့် ဘာမှမကြံစည်ပဲဂတ်တာလား။ သို့မဟုတ် ဗမာ့အခွင့်အရေးကိုရဖို့ ဂတ်တာလားဆိုတာကို ကျွန်ုပ်ဦးစပ်စုဟာ စဉ်းစားဆုံးဖြတ်လို့မရသေးပါဘူး။ ကျွန်ုပ်ဟာ ယခု ခေါင်းပေါင်း၊ တိုက်ပုံအင်္ကျီတို့ကို သိပ်မဂတ်ပါဘူး။ တိုင်းပြည်အားတင်ပြချင်ပါသည်။ မြန်မာအဂတ်အစားဂတ်ပြီး မြန်မာနာမည်မှည့်၍ အခွင့်အရေးတွေယူနေသည့်သူ၊ နိုင်ငံတော်အကျိုး မသယ်ပိုးမရွက်ဆောင်တဲ့သူတွေနှင့် ကျွန်ုပ်ဦးစပ်စုဟာ မြန်မာအဂတ်အစား တိုက်ပုံအင်္ကျီ၊ ခေါင်းပေါင်းတို့မဂတ်ပဲနေပြီး နိုင်ငံတော်အတွက် ဘယ်လိုလုပ်ခဲ့တယ်ဆိုသူနှင့် နှိုင်းယှဉ်ကြည့်လျှင် ဘယ်သူ၏စိတ်ဓါတ်ကပိုမြတ်ပါသလဲဆိုတာကို စဉ်းစားကြည့်ပါ။

၁၉၅၉-ခုနှစ်၊ စက်တင်ဘာလ ၁၈-ရက်နေ့ ဗိုလ်မှူးချုပ်အောင်ကြီး ပြည်လမ်းအသံလွှင့်ဌာန အဆောက်အဦသစ်မှ စက်မှုလက်မှုဆွေးနွေးခန်းမှပြောသည့် မိန့်ခွန်းဟာ နိုင်ငံခြားသားတွေဟာ ပြန်ထောင်စုသားဖြစ်ပြီးတော့ ကုလားတစ်ပိုင်း၊ ဗမာတစ်ပိုင်း၊ တရုပ်တစ်ပိုင်း၊ ဗမာတစ်ပိုင်း မလုပ်ကြပါနှင့်။ ပြည်ထောင်စုသားပီပီ သစ္စာရှိရှိနှင့် သားသမီးတွေကိုလည်း မြန်မာစာသင်ပါ။ ကိုယ့်မြန်မာပြည်မှငွေကိုလည်း အခြားတိုင်းပြည်များကို ခိုးမထုတ်ပါနှင့်။ တိုင်းရင်းသားဖြစ်ပြီးသည့် သူကို မြန်မာတိုင်းရင်းသားများနှင့် အခွင့်အရေးအတူတူပဲရမှာပါပဲ။ အဂတ်ကတော့မြန်မာလိုဂတ်ပြီး၊ စိတ်ကတော့ တစ်ကိုယ်ကောင်းကြံ၍ ဘယ်သူသေသေ၊ ငတေမာရင်ပြီးရောဆိုပြီး မလုပ်ကြဖို့ အကြောင်းကို မိန့်ခွန်းထဲမှာ ထည့်၍ပြောသွားပါသည်။

တချို့ကတော့ တိုက်၊ ခြံ ဘယ်နှစ်ခု၊ အမေရိကန်ကား ဘယ်နှစ်စီး ဂယ်ထားကြသည့် သူတွေနှင့် ကျွန်ုပ်ဦးစပ်စုဟာ နှိုင်းယှဉ်ကြည့်လိုက်မည်ဆိုလျှင် မြန်မာနာမည်မှည့်တာလည်း သူများထက် ၂၅-နှစ်လောက် ပိုစောပါသေးသည်။ မြန်မာခေါင်းပေါင်းတို့ တိုက်ပုံအင်္ကျီတို့ဂုတ်တာကလည်း သူများထက် ၁၆-နှစ်လောက် စောသေးသည်။ ပြည်ထောင်စုသားဖြစ်တာလည်း သူများထက် ၁၀ နှစ်လောက် ပိုစောပါသေးသည်။ ပေါင်းသည့်ခေါင်းပေါင်းဟာလည်း ယခုခေါင်းပေါင်းထက် ၃-ဆလောက်ကြီးပါသည်။ ကျွန်ုပ်ဟာ တိုင်းပြည်ကို ဘယ်ကဲ့သို့ ဆောင်ရွက်လာတယ်ဆိုတာကလည်း လူသိနတ်ကြား တိုင်းသိပြည်သိပါ။

ကျွန်ုပ်ဟာ အခွင့်ကောင်းယူ၍ စီးပွားရှာမည်ဆိုပါလျှင် ကျွန်ုပ်၏ကြိုတင်ပေါင်းထားသည့် သူများကို အကူအညီသွားတောင်းပါက အများအပြား အကူအညီပေးနိုင်သည့်လူတွေဖြစ်ပါသည်။ ယခုခေတ် ဒီလိုလူစားတွေနှင့် အဆ ၁၀၀ လောက် အခွင့်ကောင်း ပိုရနိုင်ပါသည်။ ကျွန်ုပ်မှာ ယခုအချိန်အထိ တိုက်ပိုင်၊ ခြံပိုင်၊ ကားပိုင် မရှိသေးပါဘူး။ တိုင်းပြည်လူထုက မယုံကြည်ပါလျှင် စသုံးလုံးဌာနမှာ ကျွန်ုပ်၏တိုင်းရင်းသားလက်မှတ် အိမ်ထောင်စုသန်းခေါင်စာရင်းယူသွားပြီးတော့ ရီစစ္စရီရုံးမှာ သွားပြီးတော့ရှာဖွေတိုက်ကြည့်ပါ။ ဘဏ်တိုက်မှာလည်း ငွေအဝင်အထွက်စာရင်းကို သွားရောက်ပြီး စစ်ဆေးကြည့်ရှုနိုင်ပါသည်။ နောက်ပြီး အာမခံသေတ္တာကိုလည်း စစ်ဆေးနိုင်ပါတယ်။ တကယ်လို့ တွေ့ရှိခဲ့ပါလျှင် ဒီပစ္စည်းတွေကို ပြည်သူပိုင်အဖြစ်သိမ်းလိုက်ပါ။ နောက်ပြီးတော့ သတင်းစာအသီးသီးများထဲမှာလည်း ကြိုတင်ကြေညာ၍ နိုင်ငံတော် အသံလွှင့်ဌာနကလည်း တစ်ပြိုင်နက် ကြေငြာပေးပါ။ ကျွန်ုပ်ကိုလည်း အပြစ်ပေးလိုက်ပါ။ အပြစ်ရှိ၍ အပြစ်ပေးလိုက်မည်ဆိုပါလျှင်လည်း ကျွန်ုပ်ဟာ ရဲရဲပုံ့ပုံ့ခံယူဖို့ဟာ အမြဲစောင့်မျှော်ပြီးနေမှာပဲ။



ပြည်ထဲရေးဝန်ကြီး ဆာဦးဘက "ဦးစပ်စု" နာမည်ပေး အခမ်းအနား

## ဦးစပ်စုမြန်မာနာမည်ရသည့် ၂၅ နှစ်မြောက် ငွေရတုသဘင် ဆွမ်းကျွေးတရားတော်နာဖိတ်ကြားခြင်း

လွန်ခဲ့သော ၁၉၃၄-ခုနှစ်၊ ဒီဇင်ဘာလ ၂၉-ရက်က ဟိုစဉ်အခါ မြန်မာအမျိုးသား ထိပ်တန်း ခေါင်းဆောင်တစ်ဦးဖြစ်သူ ပြည်ထဲရေးဝန်ကြီးချုပ် ဆာဦးဘ **(B.A., K.S.M)** ၏ ည ၇ နာရီအချိန် ထမင်းစားပွဲတွင် ယခု အသက် ၇၃ နှစ်ရှိ လသာလမ်းသူဌေး ဦးကေဘာကြီး(**T.P.S**)၊ ကွယ်လွန်အနိစ္စရောက်သူ ဦးကျင်မိုန် **(O.B.E.)** ၎င်းတို့နှစ်ဦးက ဤထမင်းစားပွဲပေါ်တွင် ပြည်ထဲရေး ဝန်ကြီး ဆာဦးဘအား ကျွန်တော်၏မူလနာမည် အောင်ခေချောင်းမှ မြန်မာနာမည် စပ်စုဟူ၍ ပြောင်းဖို့သင့်မသင့်ကို အဆိုတင်ပါသည်။

၎င်းပြင် ကွယ်လွန်သူ ဂတ်လုံတောရဦးကျော်ဇံ၊ ရှမ်းပြည်နယ် အတိုင်ပင်ခံဦးတင် **(I.C.S)** ယခုလက်ရှိ၊ ၎င်းတို့နှစ်ဦးက ပြည်ထဲရေးဝန်ကြီး ဆာဦးဘ အား ကျွန်တော့်အားစပ်စုနာမည်ပေးဖို့ကို ထောက်ခံတိုက်တွန်းပါသည်။

၎င်းထမင်းစားပွဲအချိန်တွင် အခုလက်ရှိ တရားလွှတ်တော်ချုပ် တရားသူကြီးဟောင်း ဦးချွန်ဖေါင်၊ ကွယ်လွန်သူ မအူပင်ဒုတိယအရေးပိုင် ဦးဘိုးလွင်၊ ဘုန်းကြီးလမ်းမြေပိုင်ရှင် ဦးစံဖေတို့နှင့် ကြွလာကြသော လူကြီးမင်းပရိတ်သတ်အားလုံးက လက်ခုပ်တီးသြဘာပေးပြီး၊ လက်ဆွဲနှုတ်ဆက်၍ ကျွန်တော့်အား ဒီနာမည်ဟာ အင်မတန်မှကောင်းပါသည်ဟု ချီးကျူးသြဘာပေးခဲ့တာကတော့ လွန်ခဲ့တဲ့ ၂၅-

နှစ်လောက်အချိန်ကဖြစ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၂၅နှစ်ကြာခဲ့တဲ့အချိန်ဟာ ကျွန်တော့်အဖို့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ဖြစ်ပျက်ခဲ့ရသည့် အချိန်ကလေးပဲလို့ ကျွန်တော့်စိတ်မှာထင်ပြီး အင်မတန်မှ လွမ်းဆွတ်အောက်မေ့ သတိရမိပါသည်။ အထက်ဓါတ်ပုံပါ ကျွန်ုပ်၏နာမည်ပေး မိတ်ဆုံစားပွဲတွင် လူကြီးမင်း ၁၇-ယောက်ပါဝင်၍ ဓါတ်ပုံ၏လက်ယာဘက် ကျွန်ုပ်စပ်စု၊ ဦးချွန်ဖေါင်၊ ဦးကေဘာကြီး၊ ဦးတင် ပေါင်း ၄-ယောက်သာ ဓါတ်ပုံထဲပါ ၁၇-ဦးထဲမှ ကျန်ရစ်ခဲ့သူများသာ ဖြစ်ခဲ့သဖြင့် ""ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိချေ၏""ဆိုတဲ့ စကားလို ၁၃-ဦးကတော့ ကျွန်ုပ်တို့နှင့် ကွေကွင်းသွားခဲ့ရပါပြီ။

ဟိုစဉ်အခါက ထမင်းစားပွဲကို တက်ရောက်လာသည့် ပြည်ထဲရေးဝန်ကြီး ဆာဦးဘဟာ နာမည်ကြီးကျော်ကြားသည့် မြန်မာအမျိုးသား ထိပ်တန်းတစ်ဦးဖြစ်ပါသည်။

ကျွန်တော်၏ထမင်းစားပွဲပြီးဆုံး၍ ၂-နှစ်လောက်ကြာသောအခါ ၁၉၃၆-ခုနှစ်တွင် ဆာဦးဘဟာ ကွယ်လွန်သေဆုံး၍သွားပါသည်။ ၎င်း၏အရိုးဂူဟာ ငါးထပ်ကြီးဘုရားပေါ်မှာ ရှိပါသည်။ ဟိုစဉ်အခါ ဆာဦးဘ စီးတဲ့ကားဟာ အညိုရောင် အော်စတင်ကားဖြစ်ပြီး ပြည်ထဲရေးအလံ အညိုရောင်ပေါ်တွင် အဖြူနှင့် ရေးထားပါသည်။ ကျွန်တော်သည် ဆာဦးဘ၏သမီးဖြစ်သူ ဒေါ်ညွှန့်ညွှန့်ကို ဒီကားနဲ့ ဒီအလံဘယ်ရောက်နေသလဲဟု မေးကြည့်သည့်အခါ ဘယ်ရောက်သလဲ မပြောတတ်တော့ပါဘူး။ လူရော ပစ္စည်းရောအားလုံး သင်္ခါရပါလို့ ကျွန်တော့်အားပြန်ပြောပါသည်။

အထက်ဓါတ်ပုံပါ ၁၇-ဦးမှ ကွယ်လွန်သူ ၁၃-ဦးအား လွမ်းဆွတ် အောက်မေ့သတိရ တမ်းတရည်မှန်း၍ သံဃာတော်အရှင်မြတ်များအား ဆွမ်းဘောဇဉ် ရသာချိုချဉ်အဖြာဖြာတို့ဖြင့် ဆက်ကပ်ပြီး ကောင်းမှုကုသိုလ်တို့ကို ကွယ်လွန်သွားကြသော မိတ်ဆွေများတို့အား တရားတော်နာ၍ အမျှပေးဝေပြီး ၁၉၅၉-ခုနှစ်၊ ဒီဇင်ဘာလ ၂၉ရက်၊ အင်္ဂါနေ့ညနေ ၆-နာရီတွင် တိုက်နံပါတ် ၇၄၆- မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်ထောင့်နေအိမ်သို့ မပျက်မကွက် ဧည့်ခံပွဲကို ဆက်ဆက် ကြွရောက်အားပေးချီးမြှင့်ကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ဖိတ်ကြားသူ - စော်ဘွားစပ်စု။
မကျင်မြိုင်။

++++++++++++++++++++++++++++++++++

ကျွန်ုပ်၏မှတ်တမ်း အတ္ထုပတ္တိစာအုပ်ကို ကျွန်ုပ် စပ်စုနာမည်ရ ၂၅-နှစ်မြောက် ငွေရတု သဘင်နှင့် လာပြီး ကြုံကြိုက်နေသည့်အတွက်ကြောင့် ကျွန်ုပ်ဟာ

ဒီမှတ်တမ်းစာအုပ်တစ်အုပ်ကို ရေးသားထုတ်ဝေလိုက်ရပါသည်။ ဒီမှတ်တမ်းစာအုပ်ကို ကျွန်ုပ်ဦးစပ်စု (ခေါ်) စော်ဘွားစပ်စု၊ ဘီနပ်စပ်စုကပြောဆို၍ ကိုမောင်လေးကရေးသားပါသည်။

ကျွန်ုပ်ဦးစပ်စု၏ဇနီး မကျင်မြိုင်ဟာ သူ ၁၈-နှစ်လောက်လေ့လာထားသည့် မြန်မာရာဇဝင်ကို ကျွန်ုပ်အား ပြန်လည်ပြောဆိုထားပါသဖြင့် ကျွန်ုပ်ဟာ ဒါကြောင့် မြန်မာရာဇဝင်ထဲမှ တရုပ်ရာဇဝင်နှင့် တူညီတိုက်ဆိုင်သည့် မြန်မာရာဇဝင်ကို ရွေးချယ်ပြီး ရေးသားဖေါ်ပြလိုက်ရပါသည်။ ကျွန်ုပ်၏ စကားပြောဆိုမှု မပီသသည့်အကြောင်းနှင့် အဓိပ္ပါယ်ပေါက်အောင် မပြောဆိုနိုင်တာတွေကို ကျွန်ုပ်၏ ဇနီးမကျင်မြိုင်က အဓိပ္ပါယ်သဘောပေါက်အောင် ကိုမောင်လေးအား ရှင်းလင်းပြောပြပါတယ်။ ဒီတော့မှ ကိုမောင်လေးဟာ အဓိပ္ပါယ်ပေါ်သဘောပေါက်ပြီး ရေးသားနိုင်ပါတယ်။

ကိုမောင်လေးရေးသားပြီးသည့် ဤမှတ်တမ်း အတ္ထုပ္ပတ္တိကို ဦးခင်မောင်ဇော်က စီစစ်ပြီး၊ မြဂတီအယ်ဒီတာ စာရေးဆရာကြီး ဦးရန်အောင်က တည်းဖြတ်ပေးပါသည်။

## ပိုးထည်စပ်စု

ကျွန်ုပ်သည် လွန်ခဲ့သော ၁၉၃၄-ခုနှစ်၊ ဒီဇင်ဘာလ ၂၉-ရက်နေ့မှစ၍ စပ်စုနာမည်ရပြီးသည့် နောက်ပိုင်းတွင် ပိုးထည်လုပ်ငန်းကို မြန်မာပြည်တစ်ပြည်လုံး တိုးတက်ကြီးပွားပြန့်နှံ့အောင် လှည့်လည်၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာအမျိုးသား အမျိုးသမီးများကိုလည်း ဘယ်မြို့မှာ ဘယ်လို နေထိုင်ကြ၍၊ ဘယ်လိုယဉ်ကျေးမှုရှိတယ်ဆိုတာများကို ဥပမာများပေး၍ ပြောဆိုလာခဲ့ပါသည်။ ဂါခေါင်လ မန္တလေးတောင်ပြန်းပွဲတော်သို့လည်း ကျွန်ုပ် နှစ်စဉ်နှစ်တိုင်း သွားပြီးတော့အားပေး ချီးမြှင့်ပါသည်။ အထက်မြန်မာပြည် မန္တလေး၊ အမရပူရတစ်ခွင်မှာ နေထိုင်ကြတဲ့ ဆရာမများ၊ မင်းကတော်များ၊ အမျိုးသမီးများ သက်သာချောင်ချိရေးအတွက် ကုန်ချင်းလဲလှယ်၍ လ,ဆိုင်း ရောင်းချ ကူညီအားပေးခဲ့ပါသည်။ ကျွန်ုပ်၏ ပိုးထည်လုပ်ငန်းနှင့်ပတ်သတ်၍ မင်းကတော်များ၊ ဆရာမများ၊ အမျိုးသမီးများပါမကျန် ပိုးထည်များကို ကြည့်ရှုကြသည့်အခါတွင် ပိုးကတ္တီပါကွပ်ထားသည့် သင်ဖြူးဖျာချောပေါ်မှာ ပိုးထည်ကို သေသေချာချာချ၍ ပိုးထည်နာမည်စိုးသဖြင့် တစ်ဦးနှင့်တစ်ဦးဟာ ဖြည်းညှင်းစွာကိုင်တွယ်ကြည့်ရှုကြပါသည်။ ကျွန်ုပ်က ပိုးထည်ကိုကိုင်လျှင် သူက ကတ်ကျေးကိုင်၊ သူက ပိုးထည်ကိုင်လျှင် ကျွန်ုပ်က ကတ်ကျေးကိုင်ပြီး တစ်ဦးနှင့်တစ်ဦးဟာ ညီအစ်ကိုမောင်နှမ အရင်းအချာလို သဘောထားကြပြီး၊ ချစ်ခင်ပေါင်းသင်းဆက်ဆံခဲ့ကြပါသည်။

ဟိုစဉ်အခါ လွန်ခဲ့သည့် အနှစ် ၂၀-လောက်က ရွှေမန်းအမျိုးသမီးများဟာ အင်မတန်မှ ယဉ်ကျေးသိမ်မွေ့ကြပါသည်။ မြို့တော်ဟောင်းလည်း ဖြစ်ခဲ့ဖူးပါသည်။ ရွှေမန်းဟာ ပူတဲ့နေ့ရာသီ ဆိုမှဖြင့် အခြားမြို့များထက် ပိုပူသောမြို့ဖြစ်ပါသည်။

အဲဒီလိုပူအိုက်သော နွေရာသီအချိန်မျိုးမှာ ကျွန်ုပ်ဟာ ရွှေမန်းကို ရောက်ရှိလာပြီဆိုမှဖြင့် အမျိုးသမီးများဟာ ကျွန်ုပ်၏ဘေးတစ်ဖက်တစ်ချက်မှ ယဉ်ကျေးသိမ်မွေ့စွာ ယပ်ကိုအသာလေး ခတ်ပေးပါသည်။ ကျွန်ုပ်ကို စကားပြောဆိုသည့်အခါမှာလည်း တစ်ခွန်းလည်းဟုတ်ကဲ့ရှင့်၊ နှစ်ခွန်းလည်း ဟုတ်ကဲ့ရှင့်ဟု ယဉ်ကျေးစွာ အမြဲသုံးနှုန်းပါသည်။ နောက်ပြီး ကျွန်ုပ်ဟာ သူတို့ထံမှာ တည်းခိုတဲ့အခါမှာလည်း ထမင်းဟင်းလျာများကို ကောင်းမွန်စွာ ကျွေးမွေးကြပြီး အိပ်ယာ၊ နေရာ၊ ခြင်ထောင်များမှစ၍ သန့်ရှင်းစွာ ကိုယ်တိုင်လာရောက် လိုလေသေး မရှိအောင် ဧည့်ခံကျွေးမွေးဆောင်ရွက်ပြုစုပေးကြပါသည်။

ကျွန်ုပ်ဟာ အရောင်းအဝယ်ကိစ္စပြီး၍ ပြန်တော့မည့်အခါမှာလည်း နေ့ညမရွေး အမျိုးသမီးများဟာ ရထားဘူတာရုံနှင့် သင်္ဘောဆိပ်များသို့ လိုက်လံပို့ကြပါသည်။ မီးရထား သို့မဟုတ် သင်္ဘောထွက်တော့မည့် ဥသြဆွဲသောအခါ ကျွန်ုပ်နှင့်အမျိုးသမီးများပါ နှစ်ဦးနှစ်ဖက် မျက်နှာ မကောင်းကြပါ။ မီးရထား သို့မဟုတ် သင်္ဘောထွက်ခွာပြီးလာသည့်အချိန်မှာ တစ်ဦးနှင့်တစ်ဦးဟာ ကျွန်ုပ်ကလည်း လက်ထဲမှာ လက်ကိုင်ပဝါကို ကိုင်ပြီး ပွေ့ယမ်းပြ၍ အမျိုးသမီးများကလည်း ကျွန်ုပ်နည်းတူ လက်ထဲမှာ လက်ကိုင်ပဝါကိုကိုင်ပြီး ပွေ့ယမ်းပြကြပြီး မမြင်တဲ့အထိ ဂမ်းနည်းစွာဖြင့် နှုတ်ဆက်ပြန်ခဲ့ရပါသည်။ ကျွန်ုပ်ကလည်း လူခန္ဓာကိုယ်ကြီးကသာ မီးရထား သို့မဟုတ် သင်္ဘော ပေါ်သို့ ပါသွားခဲ့ပါသော်လည်း စိတ်ဓါတ်ကတော့ ရွှေမန်းအမျိုးသမီးများထံမှာ ကျန်ရစ်ခဲ့ပါသည်။ ကျွန်ုပ်သည် ရန်ကုန်မြို့ကိုပြန်ရောက်သည့်အခါမှာလည်း ရွှေမန်းအမျိုးသမီးများမှာလိုက်သည့် လိုချင်သည့်ပစ္စည်းများအားလုံးကို မပျက်မကွက် လူကြုံနှင့်ချက်ချင်း ဆက်ဆက်ပေးပို့လိုက်ပါသည်။ ရွှေမန်းမှမှာလိုက်သည့် ပစ္စည်းမှန်သမျှကိုလည်း ကျွန်ုပ်ဟာ ကျေးဇူးဆပ်သည့်အနေဖြင့် လက်တစ်ဆစ်၊ နမ်းတစ်စိမျှ မပျက်ကွက်ခဲ့မိပါဘူး။ ၎င်းပိုးထည်လုပ်ငန်းကို ကျွန်ုပ်ဟာ မြန်မာပြည်တစ်ပြည်လုံးရှိ မြို့ကြီးများမှာ နံ့စပ်ကြီးပွားအောင်ပြုလုပ်ပေးပြီး၊ အမျိုးသမီးများအားလည်း ကျေးဇူးဆပ်ရမည့် စိတ်ဓါတ်တာဝန်က ကြီးကျယ်လှပါသဖြင့် သုံးနှစ်အကြာမှာပဲ ၎င်းလုပ်ငန်းကို ဖြတ်ထားပြီး၊ အခြားအလုပ်အကိုင်တစ်ခုကို ပြောင်းရွှေ့လုပ်ကိုင်လိုက်ပါသည်။

## စပါးပွဲစားကြီးစပ်စု

၁၉၃၈-ခုနှစ်မှာ မြေပိုင်ရှင်အသင်းကြီးတစ်ခု ဖွဲ့စည်းထားပါသည်။ အသင်းကြီးရဲ့ ဥက္ကဋ္ဌမှာ မော်လမြိုင်က သူဌေးဦးတိုးလုံ၊ ဒုတိယဥက္ကဋ္ဌက ဦးကေဘာကြီး၊ အိန္ဒိယလူမျိုးသူဌေး ဒိုက်ဦး ဦးဘအို၊ ကျောင်းကုန်းဦးတာတေ၊ ပုဖွန်တောင် ဒေါက်တာဦးညို၊ ဖျာပုံဦးအုံးခင်တို့က ၎င်းအသင်းမှာ ကျွန်ုပ်အား ထွေထွေအမှုဆောင်ခန့်ပါသည်။ နောက်ပြီး ၎င်းမြေပိုင်ရှင်အသင်းက ကျွန်ုပ်အား စပါးပွဲစားကြီးလုပ်ခိုင်းပါသည်။ ကျွန်ုပ်ဟာ စပါးများဝယ်သောအခါမှာလည်း ဈေးတက်မှန်းသိသော အခါ ဈေးကို

ပို၍ကြိုတင်ပေးပြီးဂယ်ခဲ့ပါသည်။ မိုးတွင်းကျရောက်၍ မြေပိုင်ရှင်များထဲမှ လက်ထဲမှာ စပါးတစ်သိန်းခွဲရှိတဲ့သူ၊ တစ်သိန်းရှိတဲ့သူများဟာ ကျွန်ုပ်ကိုပဲ စပါးများပြန်ရောင်းခိုင်းပါသည်။ ကျွန်ုပ်ကိုလည်း ရွာသူရွာသားများနှင့် ဆန်စက်သူဌေးများက သူတို့နှင့်အမြဲနီးကပ်ဆက်စပ်နေ၍ ဆွေမျိုးသားချင်းများလို ခင်မင်ရင်းနှီးမှုရှိကြပြီး ကျွန်ုပ်ကို အားလုံးက ပိုင်းဂန်းအားပေးကြပါသည်။ ကျွန်ုပ်ဟာ စပါးဂယ်ပေးသည့်အတွက် ပွဲခလည်းအများကြီး ရရှိသည်။ ပွဲခရသည့်ငွေများကိုလည်း ကျွန်ုပ်ဟာ စုမထားပါဘူး။ လှူဖို့တန်းဖို့ လူကြီးလူကောင်းများကို ချစ်ခင်ပေါင်းသင်းဆက်ဆံ ဧည့်ခံကျွေးမွေးဖို့များသာ ဖြစ်ပါသည်။ သည်စပါးကိစ္စမှန်သမျှ ပြီးစီးသွားသည့်အခါ ဖျာပုံမှာ စပါးအများဆုံးရောင်းသည့်သူက ဒေါ်စောမေဖြစ်ပါတယ်။ ဒေါ်စောမေ၏စပါးများကို ချိန်တွယ် ပြီးစီးသည့်အခါကျရင် ကျွန်ုပ်ဟာ ရန်ကုန်မြို့မှယူဆောင်သွားသည့် တရုပ်အစားအစာများကို ဖျာပုံ အုန်းပင်ဘက်တန်း စပါး ကျီဂင်းထဲမှာ ချက်ပြုတ်၍ ဘုန်းကြီးဆွမ်းကျွေးကြပြီး၊ ဖျာပုံဒုတိယလမ်းမှာ နေသည့် ဒေါ်စောမေ၏ကိုယ်စားလှယ် ဦးမြနှင့်တကွ ကိုယ့်လူစုကိုခေါ်ပြီး ပျော်ပျော်ပါးပါး စားကြ သောက်ကြတယ်။ ကျွန်ုပ်ကလည်း ကိုယ်စားလှယ်ဦးဘိုးမြကို သူ့နာမည်အတိုင်း ဦးဘိုးမြလို့ပဲ ခေါ်သည်။ ဒေါ်စောမေမှာလည်း သားသမီး ၃-ယောက်ရှိပါသည်။ ဒီသားသမီး ၃-ယောက်ဟာ သမီးဖြစ်သူနှစ်ဦးက မစိန်စိန်၊ မမြနွယ်၊ သားက မောင်မောင်ညွှန့်၊ သမက်က ကိုထွန်းမင်းတို့ ဖြစ်ပါသည်။

ကျွန်ုပ်က ဦးဘိုးမြလို့ခေါ်သည့်အခါ ဒီလိုမခေါ်ပါနှင့်။ အများခေါ်သလို ဖိုးလေးလို့ပဲခေါ်ပါ။ သူတို့လူစုဟာ ဖိုးလေးလို့ပဲ အားလုံးကခေါ်ကြတယ်။ သူတို့ခေါ်သလို ဖိုးလေးလို့လိုက်ခေါ်ရင် သူတို့တစ်အိမ်သားလုံးဟာ ပိုပြီးတော့ရင်းနှီးခင်မင်ပြီး သူတို့အိမ်သားလိုပဲ ဖြစ်သွားမှာပါပဲ။ နောက်ပြီး ကျွန်ုပ်ဟာ တရုပ်အစားအစာများကို ချက်ပြုတ်သည့်အခါ ဒေါ်စောမေ၏သား မောင်မောင်ညွှန့်ဟာ ကျွန်ုပ်ထံမှာလာပြီးတော့ ကျွန်ုပ်ဟင်းမျိုးစုံချက်တာကို ကြည့်တယ်။ ဒီဥစ္စာဘယ်လောက်ကျသလဲ ဟိုဥစ္စာဘယ်လောက်ကျသလဲ ဟိုဟိုဒီဒီလာမေးတယ်။ ဥပမာ ကျွန်ုပ်ချက်ပြုတ်ကျွေးမွေးတာ ခန့်မှန်းချေ ၁၅၀ လောက်ကုန်သည်ထားပါတော့။ ကျွန်ုပ်ရန်ကုန်ပြန်သည့်အခါမှာ သူတို့မော်တော်နှင့် ရောဂတီ သင်္ဘောပေါ်အရောက်လိုက်ပို့ပြီး၊ သင်္ဘောဥသြဆွဲပြီးသောအခါ ထွက်တော့မည်အချိန်၌ ပျော်ရွှင်စွာနှင့် စားကြလို့ကုန်ကျသည့်ငွေ ၁၅၀ လောက်အတွက် မောင်မောင်ညွှန့်ဟာ ကျွန်ုပ်၏အိတ်ထဲကို ငွေ ၂၀၀ လောက်မြန်မြန်ထည့်သွားပြီး သင်္ဘောပေါ်ကဆင်းသွားတယ်။ ကျွန်ုပ်ဟာ ပင်ပင်ပန်းပန်းရသည့် ပွဲခငွေနှင့် သူတို့ကို စေတနာထားပြီး သွား၍ကျွေးမွေးတာကို သူတို့ဟာ ကုန်ကျသည့်တန်ဖိုးငွေကို ကျွန်ုပ်ကို သနားဂရုဏာနှင့် သင်္ဘောထွက်ခါနီးမှာ အိတ်ထဲကိုအတင်းထည့်၍ ငွေများကို ပြန်ပေး သွားပါသည်။ ဒီမောင်မောင်ညွှန့်လို လူစားမျိုးကို ကျွန်ုပ်ဟာ ယခုစာရေးနေသည့်အချိန်အထိ မမေ့သေးပါဘူး။ ချီးကျူးစရာလည်း အင်မတန်မှကောင်းပါသည်။ နောက် ကျွန်ုပ်ဟာ ရန်ကုန်ကို ပြန်ရောက်ပြီးသည့်အခါ သူတို့လူစုဟာလည်း

မကြာခင်ရန်ကုန်ကိုရောက်ရှိလာကြသည်။ သူတို့လူစု ရန်ကုန်ကိုရောက်သည့်အခါ သူတို့ဟာ စပါးတွေလည်းရောင်းပြီးပြီ။ ယခု ပထမတန်းအစားအစာ ဟင်းလျာတွေနှင့် ဘုန်းကြီးကိုဆွမ်းကျွေးမလို့ ဦးစပ်စုလိုက်လာပြီး၊ ချက်ပြုတ်ပေးပါလို့ ကျွန်ုပ်ကို ပြောတယ်။ ကျွန်ုပ်ကလည်း လိုက်သွားပြီးတော့ ချက်ပြုတ်ပေးလိုက်ပါသည်။

အဲဒီလိုလိုက်သွားပြီး ချက်ပြုတ်ပေးရသည့်အခါမှာ တရုပ်လိုချက်ပြုတ်ဖို့ခေါ်ထားသည့် လူတစ်ယောက်ဟာလည်း သူတို့ထံမှာရှိတယ်။ ကျွန်ုပ်ရောက်ရှိသွားသည့်အခါ ကျွန်ုပ်ချက်ပြုတ် တာတွေဟာ သူနှင့်သွားပြီးတော့ ယှဉ်ပြိုင်နေရပြီ။ ကျွန်ုပ်နှင့်ယှဉ်ပြိုင်ရမည့်သူကတော့ အခြားသူ မဟုတ်ပါဘူး။ ကျွန်ုပ်တို့မြန်မာပြည်မှာ တရုပ်အမျိုးသားထဲမှ အချမ်းသာဆုံး နာမည်အကြီးဆုံး ဦးချန်မာဖီယား သားအကြီးဆုံး ဦးပြူးဖြစ်ပါသည်။

ဦးချန်မာဖီယား၏ဇနီး ဒေါ်အေးမြရဲ့မောင်ဟာ ဖျာပုံမြေပိုင်ရှင်သူဌေးကြီး ဦးသက်ရှေဖြစ်သည်။ ၎င်း၏သမီးအကြီးက ဒေါ်စောမေဖြစ်တယ်။ ဒါကြောင့် ဦးပြူးဟာ မောင်မောင်ညွှန့်တို့ မောင်နှမ သုံးယောက်၏ ဘကြီးတော်သူတစ်ဦးဖြစ်နေတယ်။ ကျွန်ုပ်က ချက်ပြုတ်ယှဉ်ပြိုင်သည့်အခါနှင့် ဟင်းများချက်သည့်အခါမှာ မီးအားအရှိန် ဘယ်လောက်လိုနေသည်ဆိုတာကို ကောင်းကောင်းသိထား ပါသည်။ ဘာနှင့်တူသလဲဆိုတော့ ကျွန်ုပ်တို့တရုပ်တန်းမှာ နာမည်ကျော်ကြားသည့် ကြောင်နစ်ကောင် ဒယ်အိုးမီးတောက်ခေါက်ဆွဲကြော်သည့်နည်းနှင့် ဘုန်းကြီးဆွမ်းကျွေးဖို့ယှဉ်ပြိုင်သည့်အခါမှာ ကျွန်ုပ်ဟာ ပထမဆုကို ရပါသည်။ ဒီမောင်မောင်ညွှန့်တို့မောင်နှမသုံးဦး၏အိမ်ဟာ ယခု နတ်မောက်လမ်း ထောင့်နှင့် ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဖဆပလအဖွဲ့ချုပ် တောင်ဘက်ကအိမ်ဖြစ်ပါသည်။ ဟိုစဉ်အခါ ဒီနေရာမှာပဲ ဆွမ်းကျွေး၍ ယခုလည်း ဒီနေရာမှာပဲ နေထိုင်ကြပါသည်။ ကျွန်တော်သည် သည်လမ်းကို သွားသည့်အခါ ဒီတိုက်ကိုမြင်တိုင်း လွန်ခဲ့သည့်အနှစ်၂၀-ကအဖြစ်အပျက်ကို သွားသတိရမိတယ်။ ကျွန်ုပ်ဆွမ်းကျွေးသည့်အခါ ဘယ်အခါမဆို မလာနိုင်သည့်အခါမရှိပါဘူး။ လာကြတာပါပဲ။ မိတ်ဆွေဟောင်းတွေလည်း ဖြစ်နေကြပါသည်။

နောက်ရီစရာကောင်းသည့်အဖြစ်တစ်ခုကတော့ ကျွန်ုပ်တို့ဟာ ဘုန်းကြီးဆွမ်းကျွေးဖို့ ချက်ပြုတ် ပြီးသည့်အခါ ပိုကာဒေါင်းသူကဒေါင်း၊ ဟိုဥစ္စာဒီဥစ္စာ ပိုင်းလုပ်သူကပိုင်းလုပ်ပြီးတော့ ကျွန်ုပ်တို့ လူစုဟာ ထမင်းဆာလာကြသည်။ ချက်ပြုတ်ထားတာတွေကလည်း မနက်ဆွမ်းကျွေးဖို့ဖြစ်နေတယ်။ အဲဒီတော့ တရုပ်တန်းမှာ ခေါက်ဆွဲအစိမ်း လူ၂၀-၃၀ စာဂယ်ပြီး ဦးစပ်စုက ကြည့်ပြီးတော့ စားသောက်ဖို့ကို စီစဉ်ပေးပါလို့ပြောတယ်။ ကျွန်ုပ်ဟာလည်း လူ၂၀-၃၀ စာ ယခုစားဖို့လုပ်ပေးပါမယ် လို့ ကတိပေးလိုက်တယ်။ ဘုန်းကြီးကျွေးဖို့ သတ်သတ်ဖယ်ထားသည့်အစားအစာလည်းရှိတယ်။ လူတွေကို မနက်ကျရင်ကျွေးဖို့ သတ်သတ်ဖယ်ထားသည့် အစားအစာလည်းရှိသည်။ ကျွန်ုပ်ဟာ ခေါက်ဆွဲပါကြောက်ပြီး ဟင်းရည်ကို ဘုန်းကြီးကျွေးဖို့ဖယ်ထားသည့်ဟင်းအိုးထဲကို

ထည့်လိုက်တယ်။ သူတို့ဟာလည်း နည်းနည်းပါးပါးစားကြည့်ကြသည့်အခါ ဒေါ်စောမေ၏ဒုတိယသမီး မမြနွယ်က ဒီဟင်းအင်မတန်ကောင်းတယ်၊ ဒါကိုရိပ်မိပြီး၊ ဦးစပ်စု- ဦးစပ်စု ဘုန်းကြီးကျွေးဖို့ဖယ်ထားသည့် ဟင်းအိုးထဲကထည့်တာလားဆိုတော့ ကျွန်ုပ်က ဟုတ်တယ်လို့ပြန်ပြောလိုက်သည်။ ဒီတော့မှ မမြနွယ်က ဗမာထုံးစံအယူဂါဒမှာ ဘုန်းကြီးမကျွေးခင် အရင်မစားရဘူး။ အရင်စားရင် ပြိတ္တာ သူရဲဖြစ်တတ်တယ်လို့ ပြောတယ်။ ကျွန်ုပ်ဟာလည်း တရုပ်အမျိုးသားဖြစ်နေသည့်အတွက်ကြောင့် ဒီဗမာထုံးစံကိုမသိလို့ ဒီလိုဖြစ်မိတာပါလို့ပြောဆိုပြီး၊ ကျော်ပြီးသည့်ဒီခေါက်ဆွဲကြော်တွေကိုလည်း ပြိတ္တာဖြစ်မှာစိုးလို့ ဘယ်သူမှမစားကြပဲဖြစ်နေကြတယ်။ ခေါက်ဆွဲတွေကလည်း ကြော်လည်း ကြော်ပြီးတာတွေဖြစ်နေပြီ။ စားဖို့ဟာကလည်း မျက်စိရှေ့အောက်မှာရောက်နေပြီး၊ အနံ့ကလည်းမွှေးသည်။ စားလည်း စားချင်စရာ ဖြစ်နေတယ်။ မမြနွယ်ပြောပြလိုက်သည့်စကားတစ်ခွန်းကြောင့် ဘယ်သူမှမစားရဲကြပဲ ရီစရာဖြစ်နေကြသည်။

## အင်္ဂလိပ်ဘုရင်ခံနှင့် နိဗ္ဗာန်ဈေး

၁၉၃၈-ခုနှစ်၊ အင်္ဂလိပ်ဘုရင်ခံကော့ကရိန်းဟာ ဘိလပ်ကိုပြန်တော့မည်။ ဘုရင်ခံ ဘိလပ်ကို ပြန်တော့မည့်အခါ နောက်ဆုံးနှုတ်ဆက်ပွဲကို ကန်တော်ကြီး(ယခုဗိုလ်ချုပ်ပန်းခြံ) အလယ်ကျွန်းမှာ ပြုလုပ်ပါသည်။ ပြပွဲပြိုင်ပွဲအမျိုးမျိုးလည်း ပါဝင်သည်။ ဟိုစဉ်အခါက မြန်မာအမျိုးသမီး အထက်တန်း အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းထားပါသည်။ ၎င်းအမျိုးသမီးအသင်း အဖွဲ့အစည်း ဥက္ကဋ္ဌဖြစ်သူက ယစ်မျိုးမင်းကြီး ဦးစောလှဖြူကတော် ဒေါ်မော၊ တရားလွှတ်တော်ချုပ်တရားသူကြီး ဦးသိမ်းမောင်ကတော် ဒေါ်စောတင်၊ မြို့တော်ဝန်ဟောင်း ဦးသင်းမောင်ကတော် ဒေါ်တင်၊ မြို့တော်ဝန်ဦးဘဝင်းကတော် ဒေါ်စောမြင့်၊ ဘဏ္ဍာရေးဝန်ကြီး ဆာထွန်းအောင်ကျော်ကတော် ဒေါ်ဝေသာ၊ ဦးကျော်မင်းကတော် ဒေါ်စိန်သာ၊ စာရင်းစစ်မင်းကြီး ဦးစံလွင်ကတော် ဒေါ်အေးကြွယ်၊ ရန်ကုန်အရေးပိုင်ဦးဘသွယ်ကတော် ဒေါ်ခင်မကြီး၊ ချို(ပ်)လမ်းဦးစိန်ကတော် ဒေါ်ကြည်ကြည်၊ မမြင့်မြင့်၊ စတော့ဈေးဝန်ထောက် ဦးဘရင်ကတော် ဒေါ်ကြည်ကြည်၊ ဆန်းဦးညွှန့်ကတော် ဒေါ်မြညွှန့်၊ အထက်ပါအမျိုးသမီးများမှာ ဥက္ကဋ္ဌတစ်ဦးနှင့် ကော်မတီလူကြီးအမျိုးသမီးများဖြစ်ပါတယ်။ အတွင်းရေးမှူးကတော့ မီးရထား အင်ဂျင်နီယာ ဦးစောအောင်ကတော် ဒေါ်မမနှင့် သူ့သမီး မမလေးတို့ဖြစ်ပြီး၊ ကျွန်ုပ်ဦးစပ်စုကို အထွေထွေအကျိုးတော်ဆောင်ခန့်ထားပါသည်။ ကျွန်ုပ်ဟာလည်း ဒီပွဲစဖြစ်သည့်နေ့ရက်မှစ၍ ပြီးဆုံးသည့်နေ့အထိ ပိုင်းဝန်းကူညီလုပ်ကိုင်ဆောင်ရွက်ပေးနေပါသည်။

ဒီအမျိုးသမီးအဖွဲ့အစည်းထဲမှ အမျိုးသမီးခပ်ချောချော ခပ်လှလှ ၁၅- ဦးလောက်ဟာ အဝတ်အစားခပ်လှလှကို ဆင်တူဝတ်ထားပြီး၊ ပိုက်ဆံအင်မတန်မှလွယ်ကူသည့် တရုပ်သူဌေးကြီး လာသည့်အခါကျရင် ""ဒီအမျိုးသမီး ၁၅-

ဦးလောက်ဟာ စားစရာများသွားချပေးပြီး၊ သူစားချင်တာ တရုပ်ခေါက်ဆွဲအကောင်းစား၊ ဗမာမုန့်ဟင်းခါး၊ ကြာဇံကြီး၊ ရွှေချည်မုန့်၊ ကိတ်မုန့်၊ လက်ဖက်ရည်၊ ကော်ဖီ၊ အိုက်စကရင်၊ ဘိလပ်ရည်တို့ကို ကြိုက်ရာဘာမဆို လိုလေသေးမရှိအောင် ဧည့်ခံကျွေးမွေးပါ။ သူစားချင်ရာစားသောက်ပြီးသည့်အခါမှ ပန်းကိုထိုးပေးပါ။ ပန်းကိုထိုးပေးပြီးလို့ သူငွေပေးသည့်အခါမှာ ကျွန်ုပ်မျက်နှာကို သေသေချာချာကြည့်ပါလို့ မှာထားတယ်။ ကျွန်ုပ်မျက်နှာကိုကြည့်၊ ကျွန်ုပ်မျက်စောင်း ခတ်လိုက်ရင် မယူနဲ့အုံး၊ သူက တစ်ဆယ်၊ နှစ်ဆယ်၊ သုံးဆယ်ပဲပေးသည်ဖြစ်ပါစေ၊ ကျွန်ုပ်မျက်တောင် ခတ်ရင် မယူပါနဲ့အုံး၊ ကျွန်ုပ်မျက်တောင်မခတ်တဲ့အချိန်ကျမှ ယူပါ၊ ကျွန်ုပ်မျက်နှာကို သေသေချာချာ ကြည့်ရှုပါလို့""မှာထားတယ်။

တချို့ကလည်း ကပ်စေးနဲကော်တရာတွေဖြစ်သည်။ အဂတ်အစားကတော့ ခပ်ကောင်းကောင်း ပါပဲ။ ခေါ်လာသည့် သူ့သားမယားတစ်စုကလည်း တစ်ပုံကြီး၊ စားသည့်အခါမှာလည်းအမျိုးစုံ၊ ဟိုဟာလည်းမှာ၊ ဒီဟာလည်းမှာ၊ ဂျီးကလည်း အလွန်များသည်။ ဥပမာ ""ဟင်းရည်နည်းနည်း အေးနေတယ်၊ ပြန်နွှေးပေးပါဦး၊ ဟိုဟာပေးပါ၊ ဒီဟာပေးပါ"" ဟန်ကလည်း ခပ်ကောင်းကောင်း၊ သူဟာ သူ့ကိုယ်သူ ရာထူးဘယ်လောက်ကြီးကျယ်တယ်ဆိုတာ ကြွားချင်သလိုလို၊ စားတာကလည်း အင်မတန်မှကြာတယ်။ လူတွေထပ်တိုးလာလို့ နေရာမရှိရင်လည်း ဖယ်မပေးချင်ဘူး။ ဒီလိုလူစား မျိုးတွေကို သူတို့ပြန်ခါနီးကျမှ ပန်းသွားထိုးပေးသည့်အခါ မရှုံးမမြတ် အရင်းရတာလည်းရှိတယ်။ အရင်းမရတာလည်းရှိတယ်၊ ရှုံးပြီးသွားတာလည်းရှိပါသည်။

ဒါကြောင့်မို့ ကျွန်ုပ်ဟာ အပေါ်ကနေပြီး မျက်ခြည်မပြတ်လှမ်းကြည့်နေတယ်။ ပိုက်ဆံ လွယ်ကူမယ့်လူစားမျိုးဆိုရင် ကျွန်ုပ်ဟာ ကောင်မလေးတွေကို မြန်မြန်သွားပြီးတော့ခေါ်ခိုင်းတယ်။ ကပ်စေးနဲကော်တရာမှန်းသိသည့်လူစားမျိုးကိုတော့ ကောင်မလေးတွေကခေါ်မယ်လုပ်တာတောင် ကျွန်ုပ်က ဒီလိုလူစားမျိုးကိုမခေါ်နှင့် ရှုံးလိမ့်မည်ဆိုပြီးတားဆီးလိုက်သည်။

ဒီပွဲအပြီးမှာ ဒီအဖွဲ့အစည်းထဲက ကျွန်ုပ်တို့လူစုဟာ စားလည်းစားကြတယ်။ ဘိုးစိန်ပွဲကိုလည်း အလုပ်ပြီးသည့်အခါမှာ ညစဉ်ညတိုင်းသွားကြည့်ကြပါသည်။ နောက် ဒီအဖွဲ့ထဲမှာ ကျွန်ုပ်ဟာ လူကဲခတ်တတ်သည့်အတွက်ကြောင့် မရှုံးသည့်အပြင် အမြတ်တောင်ပေါ်နေပြီ။ ဒါဟာ ဦးစပ်စု လူကဲခတ်တတ်တာကြောင့်ဖြစ်တယ်လို့ဆိုပြီး ကျွန်ုပ်ကို ဂိုင်းဂန်းချီးကျူးကြသည်။ နောက် ဘုရင်ခံ နှုတ်ဆက်ပွဲပြီးသွားသည့်အခါ မင်းကတော်တွေရော၊ အမျိုးသမီးတွေရော၊ ကောင်မလေးတွေရော စုစုပေါင်းအမျိုးသမီး ၃၀ကျော်ရှိ၍ အမျိုးသားထဲမှ ကျွန်ုပ်တစ်ဦးတည်းသာလျှင်ပါရှိပါသည်။ ဒီမဏ္ဍပ်ထဲမှာ အားလုံးကိုစုပြီးတော့ ဓါတ်ပုံရိုက်ထားပါသည်။ ဒီဓါတ်ပုံဟာ ရန်ကုန်ကို ဂျပန်ဗုံးလာကြဲတော့ ကျွန်ုပ်ကျိုက်လတ်သို့ပြောင်းရွှေ့သောအခါ ဘယ်နေရာမှာပျောက်ဆုံးသွားသလဲ ဆိုတာကိုမပြောတတ်တော့ပါဘူး။ အင်မတန်မှ နမြောစရာကောင်းလှပါသည်။

## ရခိုင်စပ်စုဖြစ်လာခြင်း

၁၉၄၈-ခုနှစ်၊ နိုဝင်ဘာလ ၂၂-ရက်နေ့ ဦးကျော်ခိုင် ကို ရခိုင်ပြည်စစ်တွေမြို့သို့ အရေးပိုင်အဖြစ် ခန့်အပ်လိုက်သည်။ ကျွန်ုပ်နှင့်ဦးကျော်ခိုင်ဟာလည်း ချစ်ခင်ရင်းနှီးပြီး သိပ်ခင်ကြပါသည်။ စစ်တွေကို ရာထူးတက်ပြီး အရေးပိုင်အဖြစ်ပြောင်းသွားရမည်ဖြစ်သည့်အတွက်ကြောင့် ကျွန်ုပ်ကို ယူနီဗာစတီ အဲဗင်းနယူး အိမ်နံပတ် ၇၄-ဦးစောလှဖြူခြံမှာနေပြီးတော့ ထမင်းစားပွဲတစ်ခု ကျင်းပလိုက်ပါတယ်။ ၎င်းထမင်းစားပွဲသို့ ဟိုစဉ်အခါက ရခိုင်အမျိုးသားခေါင်းဆောင် ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်၊ ဒေါက်တာစံလှအောင်၊ ဦးကျော်မင်း၊ ဦးစိန်ညိုထွန်း၊ ရခိုင်အမျိုးသား လူကြီးလူကောင်းများနှင့် သူတို့၏ဇနီးများပါ တက်ရောက်ကြပါသည်။ တစ်ခါက စစ်တွေမှာရေကြီး၍ ရေဘေးဒုက္ခသည်များ အတွက် ကျွန်ုပ်ကလည်း ပိုင်းဂန်းပြီးတော့ အလှူခံပေးခဲ့ပါသည်။ ဒီကိစ္စဟာလည်း ကျွန်ုပ်တို့ ပိုင်းဂန်ကူညီဆောင်ရွက်မှုတွေကြောင့် အများကြီးအောင်မြင်ပါသည်။

၁၉၄၁-ခုနှစ်၊ ဖွန်လ ၁၈-ရက်နေ့ ဘဏ္ဍာရေးဝန်ကြီး ဆာထွန်းအောင်ကျော်ကတော် ဒေါ်ဂေသာဟာ လူကလည်း ဂလွန်းလှပါသဖြင့် ဂျင်မခါနာဆေးရုံမှာ ဂမ်းထဲမှအဆီကို ထုတ်ပစ်ရပါသည်။ အဆီကိုထုတ်ပစ်၍ဗိုက်ကိုခွဲထားသည့်ချုပ်ရိုးဟာ ချောင်းဆိုးပါသဖြင့် ချုပ်ရိုးပြတ်ပြီး၊ ကွယ်လွန်အနိစ္စရောက်သွားပါသည်။ ဒီကွယ်လွန်သူဒေါ်ဂေသာဟာလည်း ကျွန်ုပ်နှင့် အင်မတန်မှ ချစ်ခင်ရင်းနှီးမှုရှိပါသည်။ ၎င်း၏အသုဘကိစ္စကိုလည်း ကျွန်ုပ်ဟာ နေ့စဉ်နေ့တိုင်း သွားရောက် ပိုင်းဂန်းလုပ်ကိုင် ကူညီဆောင်ရွက်ပေးပါသည်။ ဟိုစဉ်အခါ ဒေါ်ဂေသာ၏အသုဘသို့ ရခိုင်အမျိုးသား များနှင့် ရခိုင်အမျိုးသမီးများ အများအပြားလာပါသည်။ ဒီအချိန်တုန်းက ဦးစောလှဖြူဟာ ကျွန်ုပ်ကို လူထုပရိတ်သတ်အလယ်မှာ ရခိုင်စပ်စုလို့ အမည်ပေးလိုက်ပြန်ပါသည်။

## ဂျပန်တို့၏ရက်စက်မှု

၁၉၄၁-ခုနှစ်၊ ဒီဇင်ဘာလ ၂၃-ရက်နေ့ နံနက် ၁၀-နာရီချိန် ဂျပန်လေယာဉ်ပျံ ၂၇ စင်းဟာ ရန်ကုန်မြို့ကို ဗုံးများကြဲချ၍ စက်သေနတ်ဖြင့် လာပစ်ပါသည်။ ဒီအချိန်မှာ ရန်ကုန်မြို့ တစ်မြို့လုံးရှိလူတွေဟာ ဘရုတ်သုက္ခ ဖြစ်ကုန်ပြီး၊ ပြောင်းသူပြောင်း ရွှေ့သူရွှေ့ကုန်ကြသည့် အတွက်ကြောင့် ကျွန်ုပ်ကလည်းကျိုက်လတ်ကိုပြောင်းရွှေ့ သွားပါသည်။ ကျွန်ုပ်ဟာ ကျိုက်လတ်မှာ ၂-လ ၃-လလောက် ခေတ္တနေထိုင်ပါသည်။

၁၉၄၂-ခုနှစ် ဧပြီလလောက်မှာ ရန်ကုန်ကိုပြန်ပြီး ပြောင်းရွှေ့၍လာပါသည်။ ကျွန်ုပ် ရန်ကုန်ကို ပြန်ပြီး မေလလောက်ကြာသည့်အခါမှာ ဂျပန်ကင်ပေတိုင် တတိယတန်းစစ်ဗိုလ်ဟာ ဖေါ်မိုဆာလူမျိုး တရုပ်အမျိုးသားလူကြီးလူကောင်း ၂၀၀-ကျော် ၃၀၀ လောက်ကို ဖမ်းဆီးချုပ်နှောင်ထားပြီး အမျိုးမျိုး ညှင်းပမ်းနှိပ်စက်နေသည်။ နေ့တိုင်း ငါးပါးသီလနှင့်ပြည့်စုံသူ ကျွန်ုပ်၏ကျေးဇူးရှင် ဦးကေဘာကြီးအား မအူပင်မှာသွားပြီးတော့ ဖမ်းထားပါသည်။ နောက်ပြီး ဂျပန်ကင်ပေတိုင်ဟာ မအူပင်ကိုသွားပြီးတော့ ဖေါ်မိုဆာတရုပ်လူမျိုးများကို မော်တော်ဖြင့်သွားပြီး ဖမ်းဆီးလာပါသေးသည်။ အားလုံးကို ဘားလမ်း အချုပ်ထောင်မှာ ချုပ်ထားပါသည်။ ကျန်းမာရေးနဲ့လည်း မညီညွတ်ပါဘူး။ လက်တိုက်ဆေးဘို့ ဆပ်ပြာတစ်ခုတောင် မရပါဘူး။ ဟိုစဉ်အခါက ဦးကေဘာကြီးသည် အသက်ကလည်းကြီးပြီ၊ လူကလည်း ကောင်းကောင်းမမာဘူး။ သူ၏မိခင် အသက် ၈၀ကျော်ဟာလည်း သားအတွက် ရူးမတတ်ဖြစ်နေပါသည်။ တစ်လခွဲလောက်လည်း ချုပ်နှောင်ထားတယ်။ ကျွန်ုပ်ဖေါ်မိုဆာလူမျိုးထဲမှ စကားပြန်အကြီးဆုံး လီဟိုတန်ရဲ့လူကို သွားပြီးတော့ချော့မော့ပေါင်းပြီး ဦးကေဘာကြီးအကျိုလဲဖို့ ယူသွားပေးသည်။ အကျီသွားပေးပြီး ဦးကေဘာကြီး နေထိုင်လို့မှကောင်းမွန်ပါရဲ့လားဟု စုံစမ်းတဲ့အခါ ဦးကေဘာကြီးဟာ ဖမ်းသွားသည့်ရောဂါနှင့် လဲနေပြီ။ တကယ်လို့ တနင်္ဂနွေတစ်ပတ်လောက်ကြာရင် ဦးကေဘာကြီးဟာ သေဖို့ပဲရှိတော့သည်။ ကျွန်ုပ်သည် ကင်ပေတိုင်နှင့်နီးစပ်သူ နာမည်က ပီကေချောင်းနှင့် လီဟိုတန်တို့နှစ်ဦးအား သွားပြီးတော့ အကူအညီတောင်းတယ်။ ဦးကေဘာကြီးဟာ အတော်ကိုပဲ မနဲဖြစ်နေပြီ။ လွှတ်ဖို့ကောင်းပါသည်။ ၎င်းတို့နှစ်ဦးကလည်း ကင်ပေတိုင်အကြီးဆုံးကို ချက်ချင်းသွားပြောပေးပါသည်။

၎င်းတို့နှစ်ဦး သွားပြောပေးပြီးလို့ ၃-၄-ရက်အကြာမှာပဲ ဦးကေဘာကြီးဟာ ပြန်လွတ်လာသည်။နောက်ပြီး မအူပင်မှာနေသည့် သူ့မိခင်နှင့်ဇနီးသားသမီးဆွေမျိုးတစ်စုကို အကြောင်းကြားလိုက်သည်။ သူဟာ ကမ်းနားလမ်းနှင့် ၁၁-လမ်းထောင့် သူ့အိမ်မှာ ခေတ္တခဏနေထိုင်ပါတယ်။ ကျွန်ုပ်ဟာ ဆေးကုဖို့ရော ခါတ်စာစားဖို့ရော အစားအစာများကို နေ့စဉ် အမြဲတမ်းသွားရောက်ပို့ပေးပါသည်။ ကျန်းမာလာပြီးသည့်အခါကျမှ မအူပင်ကိုပြန်သွားကြပါသည်။ ဟိုစဉ်အခါက ကျွန်ုပ်ကိုယ်တိုင် ဂျပန်တို့၏ဆိုးဝါးမှုကို မျက်မြင်ကိုယ်တွေ့တွေ့မြင်ရပါသည်။ သံဃာတော်များပါမကျန် လူကြီးလူကောင်းများနှင့် အမျိုးသားများကို စကားပြောနားမလည်သည့်အတွက် ပါးနားရိုက်ပြီး အမျိုးမျိုးညှင်းပမ်းတယ်။ နောက်ပြီး ဖမ်းထားသည့်လူ ၂၀၀၊ ၃၀၀ ထဲမှ လွှတ်သည့်လူကိုလွှတ်၍ ဖမ်းသည့်လူကို ဆက်ဖမ်းထားပါသေးသည်။

ကျွန်ုပ်တို့အသင်းမှ ကော်မတီလူကြီး ၅-ဦးကိုလည်း ချန်ကေရှိတ်ကိုအားပေးသည်ဆိုပြီး ဖမ်း၍ ကြံတောသင်္ချိုင်းမှာ ကျင်း ၅-ကျင်းတူးပြီး ရက်စက်စွာ သေနတ်နဲ့ပစ်သတ်လိုက်တယ်။ လူများကိုလည်း ဆက်ကာဆက်ကာစုံစမ်းပြီး၊ ထပ်ကာထပ်ကာဖမ်းဆီးပါသည်။ လူပေါင်း ၂၀-ကျော် ၃၀-လောက်ကိုလည်း

ပြည်နှင်ဒဏ်ခတ်လိုက်သည်။ တရုပ်ပြည်နှင့် ဗမာပြည်စပ်ကြားမှာ ယခုအထိ လူကြီးရောကလေးပါ ပျောက်ဆုံးကုန်သည်။ ကျားကိုက်လို့လမ်းခရီးမှာ သေကုန်ကြသလား၊ ချမ်းအေးလို့သေကုန်ကြသလားဆိုတာ မပြောပြတတ်ဘူး။ ယခုအထိလည်း စုံစမ်းလို့မရဘူး။ အင်မတန်မှ သနားဖို့ကောင်းကြတယ်။ ဟိုစဉ်အခါက ဗမာလူမျိုး၊ တရုပ်လူမျိုး၊ အိန္ဒိယလူမျိုးတို့ဟာ ကင်ပေတိုင်ကပြောရင် ကျားကြီးပြောတာထက်ကြောက်ပြီး ကြက်သီးတဖြန်းဖြန်းထမိပါသည်။ ဟိုအချိန် အင်္ဂလိပ်အုပ်စိုးသည့်အခါမှာ အင်္ဂလိပ်စကားကို မြန်မာနှင့်တရုပ်ကပြားများက ပိုမိုနီးစပ်သလို ဂျပန်အုပ်စိုးသည့်အခါမှာလည်း ဂျပန်စာဟာ တရုပ်ပြည်ကြီးသားစာနှင့် ပိုမိုနီးကပ်ပါသည်။ အကြောင်းအရာများကိုလည်း ပိုမိုသိပါသည်။ အဲဒီတော့ ကျွန်ုပ်ဟာ ပီကေချောင်းနှင့်လီဟိုတန်ကို တိုင်ပင်တယ်။ လူတို့နှစ်ဦးကိုတိုင်ပင်ပြီးတော့ လတ္တာလမ်းအောက်လမ်းမှာ ကကသစ်ဘုံကျောင်း အဆောက်အဦနေရာ၌ တရုပ်အမျိုးသား ပြန်ဟတ်ဘွေအသင်းကြီးတစ်ခုကို ဖွဲ့စည်းတည်ထောင် လိုက်ပါသည်။ ၎င်းအသင်းမှာ ပီကေချောင်းကို ဥက္ကဋ္ဌတင်မြှောက်ထားပါသည်။

## ဦးစပ်စုနှင့် လမ်းမတော်ဖိုးတုတ်

ကျွန်ုပ်ဦးစပ်စုကိုလည်း ဒီတရုပ်အမျိုးသား ပြန်ဟတ်ဘွေအသင်းကြီးထဲမှာ ပေါင်းသင်း ဆက်ဆံရေးလူကြီးအဖြစ် ခန့်ထားပါသည်။ ပေါင်းသင်းဆက်ဆံရေးလူကြီးဆိုတာ ဧည့်ခံကျွေးမွေးဖို့ အင်မတန်မှအရေးကြီးပါလားဆိုတာကို ကျွန်ုပ်ဟာစဉ်းစားမိတယ်။ အဲဒီလိုစဉ်းစားမိပြီး၊ ကျွန်ုပ်ဟာ ရန်ကုန်မြို့မှာ တစ်နေရာရာကို ဟော်တယ်လုပ်ဖို့လိုက်ရှာတယ်။ အဲဒီလိုလိုက်ရှာတော့ တိုက်နံပါတ် ၇၄၆- ဒါလဟိုဇီလမ်းနှင့် လမ်းတော်ထောင့်က တိုက်တစ်လုံးကိုသွားတွေ့တယ်။ လမ်းနှစ်ဖက်ကလည်း ပေတရာလမ်းကြီးဖြစ်နေပြီး၊ ဧည့်ခံကျွေးမွေးသည့်အခါ မော်တော်ကားဆိုက်ဖို့ဟာလည်း အင်မတန် ကောင်းပါသည်။ နောက်ပြီး ဒီနေရာကလည်း နာမည်ကျော်ကြားသည့် လမ်းမတော်ဖိုးတုတ်နေရာ ဖြစ်နေပါသည်။ ကျွန်ုပ်ဟာ တစ်မျိုးသားလုံး ကောင်းစားကယ်တင်ဖို့အတွက် ဦးဖိုးတုတ်ကို အောက်ကျခံ၍ နံပါတ် ၇၄၆ ဒါလဟိုဇီလမ်းနှင့် လမ်းမတော်လမ်းဒေါင့်ကတိုက်မှာ ဟော်တယ်ဖွင့်မလို့ သွားတိုင်ပင်ပါသည်။

ဟိုစဉ်အခါမှာ အကျင့်ဆိုးတွေအများကြီးရှိပါသည်။ ဟော်တယ်က စားပွဲထိုးမိန်းကလေးများကို မကျေနပ်ဘူးဆိုလျှင် ကတ္တရာစေးနှင့်ပက်ကြပါသည်။ လမ်းမီးတွေကလည်းမရှိ၍ မိန်းကလေးများဟာ ဟော်တယ်က ညသန်းခေါင်လောက်မှ ပြန်ရပါသဖြင့် စိတ်မချရသဖြင့် ဦးဖိုးတုတ်နှင့်တကွ သူ့တပည့်အားလုံးကို ကျွန်ုပ်ဟာ သွားတိုင်ပင်တယ်။ ဦးဖိုးတုတ်ကလည်း ဟော်တယ်ကိုဖွင့်ပါ။ သူလည်း လိုက်လိုက်လဲ့လဲ့ ဦးစပ်စုကို ကူညီပါမည်ဟု ကတိပေးပြောပါသည်။ ကျွန်ုပ်ဟော်တယ် ဖွင့်သည့်အခါမှာလည်း

ဦးဖိုးတုတ်ဟာ ခဏခဏလာပြီးတော့ စားသောက်ပါသည်။ ကျွန်ုပ်တို့နေထိုင်သည့်ရပ်ကွက်မှာ ဂျပန်ခေတ်က ရေအလွန်ရှားပါတယ်။ ရေအလွန်ရှားပါသဖြင့် ရေတွင်းတူးဖို့ ဦးဖိုးတုတ် ပြောသောနေရာကို ပိုင်းဂန်း၍ရေတွင်းတူးလိုက်သောအခါ ရေများဒလဟောထွက်လာပြီး ရေအတွက် သောက်ဖို့သုံးဖို့ဖူလုံသွားပါသည်။ ကျွန်ုပ်နှင့်ဦးဖိုးတုတ် သိသောအခါ လူမိုက်အနေနှင့် မဟုတ်တော့ပဲ မိတ်ဆွေကြီးတစ်ယောက်အနေနှင့် ပေါင်းသင်းဆက်ဆံ၍ အကူအညီပေးခြင်း ဖြစ်ပါသည်။ လူတစ်ယောက်ဟာ မိုက်နေပေမယ့် ကိုယ်ကကောင်းလာအောင်ပေါင်းသင်းဆက်ဆံ နိုင်တော့ ဒီလူဟာကောင်းလာရင် သာဓု ၃-ကြိမ်ခေါ်ပါသည်။

## ဂျပန်ခေတ်ဧည့်ခံပွဲ

ကျွန်ုပ်ဟာဟော်တယ်ဖွင့်ပြီး ဂျပန်ကင်ပေတိုင်အရာရှိ ကြီးကြီးငယ်ငယ် မြန်မာလူမျိုး လူကြီးလူကောင်း တရုပ်လူမျိုးလူကြီးလူကောင်း၊ အိန္ဒိယလူမျိုးလူကြီးလူကောင်းတို့ကို ဘယ်အခါ မဆို အဆင့်အတန်းမရွေး အမြဲတမ်း ဧည့်ခံကျွေးမွေးပါတယ်။ တခါတလေ ကျွန်ုပ်ပိုက်ဆံနှင့် အကုန်အကျခံကျွေးမွေး၍ တခါတလေ ကျွန်ုပ်တို့ တရုပ်အမျိုးသား ဖြန်ဟတ်ဘွေအသင်းကြီးက ဧည့်ခံကျွေးမွေးပါသည်။ ကျွန်ုပ်၏ဆရာနှစ်ဦးဖြစ်သူ ဦးကေဘာကြီးနှင့် ဦးကျင်မိုန်တို့ အင်္ဂလိပ်ခေတ်မှာ ပေါင်းသင်းထားသည့် ဗမာလူကြီးလူကောင်းများနှင့် ရှမ်းစော်ဘွားမှန်သမျှတို့မှာ သူတို့နှစ်ဦးက တောမှာသွားနေကြပါသဖြင့် ကျွန်ုပ်နှင့်ပဲ မိတ်ဆွေတွေဖြစ်နေကြသည်။ ကျွန်ုပ်ကလည်း ကျွန်ုပ်၏ ဂတ္တရားကျေပွန်အောင် အမြဲတမ်းဧည့်ခံကျွေးမွေးပါသည်။ ကျွန်ုပ်ကျွေးမွေးဧည့်ခံသည့်အခါမှာ အများအပြားပါဝင်သည့် လူကြီးလူကောင်းများဟာ ဆာဦးသွင်၊ ဆာမြဘူး၊ ဦးသိန်းမောင်၊ ဦးစောလှဖြူ၊ ဦးစိုးညွန့်၊ ဦးချစ်မောင်၊ သခင်မြ၊ သခင်လွန်းဘော်၊ ဦးဘဂင်း၊ ပျော်ဖွယ်ဦးမြ၊ ဦးလှဖေ၊ မြို့မ ကျောင်းဆရာကြီးဦးဘလွင်၊ ဆရာဖြစ်သင်ကောလိပ်ကျောင်းဆရာကြီး ဦးဘ၊ ဦးရွှေဘော် **(I.C.S.)**၊ ဦးပိုင် **(I.C.S.)**၊ ဦးကာစီ **(I.C.S.)**၊ ဦးညွန့် **(I.C.S.)**၊ ဦးတင် **(I.C.S.)**၊ ဦးစိုးညွန့် **(I.C.S.)**၊ ဦးခင်မောင်ဖြူ၊ ဦးခင်မောင်ရင်၊ ဦးချန်ထွန်းအောင်၊ ဦးမျိုးခင်၊ ဦးစိန်ဒိုင်၊ ဦးစံလင်း၊ ဆန်းဦးညွန့်၊ ဦးသံဒိုင်၊ ဦးတင့်ဆွေ၊ ဦးအောင်ချိန်၊ ဦးဘအေး၊ ဦးတင်မောင်မောင်၊ ဦးခင်မောင်မောင်၊ ဒေါက်တာချန်တိတ်၊ ဦးစံလွင်အပြင် လူပေါင်း ၁၀၀-ကျော် ၂၀၀ ကို ခဏခဏဧည့်ခံကျွေးမွေးပါသည်။ ဖိတ်စာများသွားပေးသောအခါမှာလည်း ကျွန်ုပ်ကိုယ်တိုင်သွားပေးပါသည်။ ဟိုတုန်းက သက်ကယ်မိုးနဲ့မော်တော်ကားဟာ ဓါတ်ဆီမလုံလောက်၍ ရာဘာဆီနှင့်ရောပြီး ပုံးမရှောင် စက်သေနတ်မရှောင် ကျွန်ုပ်ကိုယ်တိုင် ဖိတ်စာများကို တစ်အိမ်စီလိုက်၍ပေးပါသည်။

မော်တော်ကားမရှိသည့် လူကြီးလူကောင်းများကို (ဥပမာ) ဆာဦးသွင်ဟာ ယူနီဗာစတီ အဲဗင်းနယူမှာနေတယ်။ ဦးစောလှဖြူအိမ်နှင့် ၃ ၄-အိမ်ပဲခြားတယ်။

၎င်းတို့နှစ်ဦးကို ကားတစ်စီးထဲ စီစဉ်ပြီး၊ တစ်ခါထဲခေါ်လာသည်။ ဦးကေဘာကြီး၊ ခေါင်းကြီးဦးထွန်းဖေ၊ ဦးဘရှင်တို့ဟာ ဟိုစဉ်အခါက စမ်းချောင်းခေမာလမ်းမှာနေကြတယ်။ သူတို့သုံးဦးလည်း ကားတစ်စီးထဲလာဖို့ စီစဉ်ပေးသည်။ ဆန်းဦးညွန့်နှင့် ဦးသံဒိုင်၊ ဦးကျင်အုံးတို့ဟာ ရွှေဂုံတိုင်တစ်လမ်းထဲ မျက်နှာချင်းဆိုင်မှာနေကြတယ်။ သူတို့သုံးဦးကိုလည်း ကားတစ်စီးထဲလာဖို့စီစဉ်ပေးသည်။ လွှတ်တော်အမတ် မန္တလေးဦးဘသီ၊ မြန်မာ့အလင်းဦးတင်၊ (ယခုနိုင်ငံခြားရေးဝန်ကြီး ဦးချန်ထွန်းအောင်) ၎င်း၏ဦးလေး ဦးကျင်မိုန်၊ ၎င်းတို့ ၄-ဦးဟာ မြန်မာ့အလင်းဦးတင်၊ မန္တလေးဦးဘသီဟာ ကားတစ်စီး၊ ဦးချန်ထွန်းအောင်နှင့် သူ့ဦးလေး ဦးကျင်မိုန်ဟာ ကားတစ်စီးကိုသွားလာဖို့ ကျွန်ုပ်ဟာ စီစဉ်ပေးတယ်။ နောက်ပြီးသခင်တင်နှင့် သခင်စံဝေ သူတို့နှစ်ဦးကကားတစ်စီး၊ ဟိုစဉ်အခါ ကေဘိုတိုင်လူကြီး ဗိုလ်ချုပ်ဦးဘဆွေ (ဂျပန်နာမည် တိုင်ချို)နှင့် ပုလိပ်မင်းကြီးဦးအောင်ချိန် ၎င်းတို့နှစ်ဦးကကားတစ်စီး၊ သခင်မြနှင့်သခင်လွန်းဘော်က ကားတစ်စီး၊ ပျော်ဖွယ်ဦးမြနှင့် ချို(ပ်)လမ်းဦးစိန်က ကားတစ်စီး အလားတူ ကျန်ရှိသောလူကြီး လူကောင်းများတက်ရောက်ဖို့ကိုလည်း စီစဉ်ပေးခဲ့ပါသည်။

ကားရှိ၍ဓါတ်ဆီမရှိသည့်လူတွေကိုလည်း ဓါတ်ဆီရှာပေးရပါသည်။ လူကြီးမင်းများ ကြွရောက်လာသည့်အခါမှာလည်း ကြွရောက်လာသည့်လူကြီးမင်းများထဲမှ သီလ သမာဓိနှင့် ငါးပါးသီလ မြဲသည့်လူများကို ကျွန်ုပ်ဟာ အရက်များကို မတိုက်ပဲပက်ထားပြီး၊ ကောင်းမွန်သောဟင်းလျာမျိုးစုံနှင့် ချိုချဉ်များကို ကောင်းမွန်စွာကျွေးမွေးဧည့်ခံပါသည်။ ကျွန်ုပ်ဟာ ကျွန်ုပ်ကိုယ်တိုင် မိန်းကလေးများကို သေချာစွာမှာကြားပြောဆိုပြီး၊ တစ်ခုံစီတစ်ခုံစီလိုက်၍ ဧည့်ခံခိုင်းပါတယ်။ ဘယ်လူကြီးဟာ ဘာဟင်းကြိုက်တယ်။ ဘာအလိုက်လိုတယ်ဆိုတာကို ကျွန်ုပ်ဟာ မှတ်သားထားတယ်။ ဘယ်သူကြီးဟာ ကျွန်ုပ်၏စားပွဲထိုးမိန်းကလေးများကို မျက်စိဖြင့်ခဏခဏစိုက်ကြည့်တယ်ဆိုတာကို ကျွန်ုပ်ဟာ မှတ်သားထားသည်။ ထမင်းစားသောက်ပြီးသည့်အခါ ဆာဦးသွင်၊ ဦးစောလှဖြူ ဦးလွန်းဘော်၊ အဲဒီလို သီလ သမာဓိ ငါးပါးသီလနှင့်ဘုရားတရားရှိသည့်လူကြီးတွေ၊ အရက်မသောက်တတ်သည့် လူကြီးတွေကို ကျွန်ုပ်ကိုယ်တိုင် လိုက်လံပြန်ပို့ပေးပါသည်။

ကျန်ရှိသည့်လူကြီးလူကောင်းများကိုလည်း ကျွန်ုပ်ဟာ မျက်စိမှိတ်ပြီးပြောသွားတယ်။ ""ဘကြီး ဆာဦးသွင်တို့ ဦးစောလှဖြူတို့ကို ပြန်ပို့ပြီးလျှင်ပြီးချင်း ကျွန်ုပ်မြန်မြန်ပြန်လာမယ်""ဟု အရက်သောက် တတ်သည့်လူကြီးများ ခဏစောင့်ပါလို့မှာခဲ့ပါတယ်။ ကျွန်ုပ်ပြန်လာ၍အရက်ကိုထုတ်ပေးလိုက်သည့်အခါ ဂါသနာပါသူတွေက ကျွန်ုပ်ကို မစောင့်နိုင်တော့ဘဲ သူတစ်ခွက်ငါတစ်ခွက်မော့ပြီး၊ သီချင်းဆိုသူကဆို ကောင်မလေးတွေနှင့် တွဲကသူက ကနှင့် ဒီအချိန်မှာဆူညံပျော်ရွှင်နေတော့တာပါပဲ။

အင်္ဂလိပ်လေယာဉ်ပျံလာလို့ အချက်ပေးဥသြဆွဲလိုက်သည့်အခါမှာ ဟော်တယ်မှာ မီးမှိတ်၍ မှောင်ချနေရပါသဖြင့် ဒါကိုအခွင့်ကောင်းယူကာ လေယာဉ်ပျံကလည်း အပေါ်ကဗုံးချ၊ စက်သေနတ်နဲ့ပစ်၊ အောက်ကလည်း ဆလိုက်ထိုး အမြောက်နှင့်ပစ်သည့်အခါကျရင် ဟော်တယ်အောက်မှာ အများပုန်းဖို့ ကျင်းတူးထားပါသည်။ အများအားဖြင့် ကျင်းထဲကို ဘယ်သူမှဆင်းပြီးတော့ မပုန်းကြပါဘူး။ ဗုံးတည့်တည့်ကျသည့်အခါမှာ မိန်းကလေးတွေနှင့်တူတူရောပြီးတော့ သေမည်လို့ပြောဆိုကြသည်။ ဟိုစဉ်အခါက ကြောက်စိတ်မရှိကြပါ ပျော်ချင်သည့်စိတ်ပဲရှိကြပါသည်။

ညဦးပိုင်းလောက်မှာ ဆာဦးသွင်တို့လိုလူကြီးတွေ ထမင်းစားကြပြီးပြန်သွားကြသည်။ သောက်တတ်သည့်သူ၊ ကသည့်လူများဟာ ဒုတိယပိုင်းအချိန် ည ၁၂-နာရီလောက်မှာ ပြန်သွားကြ ပြန်တယ်။ တတိယပိုင်းမှာကျန်သည့်လူတွေဟာ ဖဲကစားချင်ကြတယ်။ ပိုက်ကျုံးကစားချင်ကြတယ်။ ဒီတော့ သူတို့ဟာလည်း ပျော်ပျော်ရွှင်ရွှင်ဆူဆူညံညံနှင့် ကစားကြပြန်တယ်။ ကစားပြီး နာရီပြန် ၂-ချက်ထိုးလောက်ကျတော့ ပြန်သည့်သူများဟာလည်း ပြန်သွားကြတယ်။ ကျန်တဲ့လူတွေကလည်း သောက်ထားသည့်အရက်မူး ကစားလို့ကလည်းညောင်းနှင့် စားပွဲထိုးမိန်းကလေးများကို နှိပ်ပေးဖို့ ခေါ်ကြတယ်။ ဒီအခါကျရင်တော့ ကျွန်ုပ်ဟာ ညဦးက စားပွဲထိုးမိန်းကလေးများကို ခဏခဏစိုက် ကြည့်သည့် စားပွဲထိုးမိန်းကလေးများကိုသာ ထုတ်ပေးလိုက်သည်။ အဲဒီလိုထုတ်ပေးလိုက်သည့်အခါ သူတို့ဟာ သိပ်သဘောကျ၍ ဦးစပ်စုဟာ ကျွန်ုပ်တို့အတွင်းစိတ်ဓါတ်ကိုပါသိသည့်အတွက်ကြောင့် သိပ်ပြီးကျေးဇူးတင်တာပဲလို့ပြောဆို၍ ကျွန်ုပ်ကို ကောင်းချီးသြဘာပေးကြပါသည်။

ဒါတွင်မကသေးဘူး၊ သူတို့မိဘဟာ မွေးရုံတင်မွေးနိုင်တယ်။ သူတို့အတွင်းစိတ်ဓါတ်ကို မသိနိုင်ပါဘူး။ ဦးစပ်စုဟာ သူတို့ရဲ့အတွင်းစိတ်ဓါတ်ကိုပါသိတယ်။ မန္တလေးဦးဘသီကို မြန်မာ့အလင်း ဦးတင်က ကျွန်ုပ်နှင့်မိတ်ဖွဲ့ပေးပြီး၊ ဟော်တယ်မှာဧည့်ခံကျွေးမွေးပြုစုကောင်းပါသဖြင့် ကျွန်ုပ်၏ ဟော်တယ်မှာ တစ်လခွဲလောက်နေသွားပါသည်။ သူတို့၏လိုအင်ဆန္ဒမှန်သမျှကို ပြည့်ပြည့်ဝဝ လိုလေသေးမရှိအောင် ပြုလုပ်ဆောင်ရွက်ပေးလိုက်ပါ၏။ ယခုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ခိုင်၊ ယခင်ကဖျာပုံခရိုင်အရေးပိုင်၊ ရာဇဝတ်ဝန်ကြီး ဇီးကွက်ဦးလှမောင်တို့လို အခြားမှ တိုင်းမင်းကြီး၊ အရေးပိုင်၊ ရာဇဝတ်ဝန်ကြီးများကိုလည်း ရန်ကုန်ရောက်သည့်အခါ ကျွန်ုပ်က ဘယ်အခါမဆို မလွတ်တမ်းဖိတ်ခေါ်ပြီး၊ ထမင်းစားဧည့်ခံပွဲကို အမြဲပြုလုပ်ပေးပါသည်။ ဖြန်ဟတ်ဘွေ အသင်းကြီးထဲကပိုက်ဆံနှင့်ပဲဖြစ်ဖြစ်၊ ကျွန်ုပ်၏ပစ္စည်းပိုက်ဆံထဲကပဲဖြစ်ဖြစ်၊ ငွေအမြောက်အများ အကုန်အကျခံ၍ကျွေးမွေးပါသည်။ ကျွန်ုပ်ဟာ မြန်မာအမျိုးသားပဲဖြစ်ဖြစ်၊ တရုပ်အမျိုးသားပဲဖြစ်ဖြစ်၊ အိန္ဒိယအမျိုးသားပဲဖြစ်ဖြစ်၊ စိတ်ဝမ်းမကွဲပဲ

အမြဲတမ်းချစ်ခင်ပေါင်းသင်းကြရအောင် ငွေအကုန်အကျခံ၍ ထမင်းစားဧည့်ခံကျွေးမွေးပွဲကို အမြဲပြုလုပ်ပါသည်။

## အဓိပတိခေတ်

ဂျပန်ကမြန်မာအား လွတ်လပ်ရေးပေးစဉ်အခါ ဒေါက်တာဘမော် အဓိပတိဖြစ်ချိန်က ကျွန်ုပ်တို့ တရုပ်အမျိုးသား ပြန်ဟတ်ဘွေအသင်းကြီးမှလည်း ကန်တော်မိတ် အိုရီယင့်ကလပ်မှာ ကြီးကြီး ကျယ်ကျယ် ငွေကုန်ကြေးကျခံ၍ ထမင်းစားဧည့်ခံပွဲကြီးတစ်ခု ပြုလုပ်ကျင်းပပါတယ်။ ဟိုစဉ်အခါက ပြုလုပ်သောထမင်းစားပွဲမှာ စစ်ဂန်ကြီး ဗိုလ်အောင်ဆန်း၊ ဗိုလ်ဇေယျ၊ သခင်မြ၊ ဦးဘဂင်း၊ ပျော်ဖွယ်ဦးမြ၊ ဦးလှဖေ၊ ဦးထွန်းအောင်၊ ဗန္ဓုလဦးစိန်၊ သခင်သန်းထွန်း၊ ဦးအေး၊ သခင်နု၊ ယစ်မျိုးမင်းကြီး ဦးစောအေး၊ မြူနီစပါယ်မင်းကြီး ဦးစိုးညွှန့်၊ ကောဘိုတိုင်လူကြီးဦးဘဆွေ၊ ဗိုလ်ရန်နိုင်၊ အန်ကယ် ဦးဆက်တို့နှင့်လွှတ်တော်အမတ်များ၊ ဂျပန်စစ်ဗိုလ်များ အိန္ဒိယစစ်ဗိုလ်များနှင့် အိုရီယင့်ကလပ် တစ်ခုလုံးကို ပြည့်လျှံသွားတော့တာပါပဲ။ ဇာတ်သဘင်ကိုလည်း(ကွယ်လွန်သူ ဝဏ္ဏကျော်ထင် ဘုရားဒါယကာ ဦးဖိုးစိန်) သူ့သား ကနက်စိန်၊ သမီးမြင့်မြင့်စိန်၊ ကောလိပ်စိန်နှင့်တကွ မင်းသမီး ပေါင်းစုံနှင့် ဂျပန်လိုအက မြန်မာလိုအကများအပြင် တရုပ်အမျိုးသားဇာတ်သဘင်ကလည်း ကပြ အသုံးတော်ခံပါသေးသည်။ ဒါတင်မကသေးပါဘူး။

၁၉၄၅-ခုနှစ်၊ ဇန်နဂါရီလ ၁၂-ရက်နေ့ ဒေါက်တာဘမော် ဂျပန်ပြည်မှပြန်လာသော အခါမှာလည်း အထက်ပါကဲ့သို့ အလားတူ မြို့တော်ခန်းမမှာ ထမင်းစားဧည့်ခံပွဲကြီးတစ်ခုကို ကြီးကြီးကျယ်ကျယ်ပြုလုပ်ပြန်ပါသေးတယ်။ ၎င်းထမင်းစားပွဲသို့တက်ရောက်လာကြသော လူကြီး လူကောင်းများထဲမှ ကျွန်ုပ်မှတ်မိသလောက် ခုံရှည်မှာထိုင်နေကြသော လူကြီးလူကောင်းများဟာ အလယ်မှာ ဒေါက်တာဘမော်နှင့် ဒေါ်ခင်မမမော်၊ စစ်ဂန်ကြီးဗိုလ်အောင်ဆန်း-ဒေါ်ခင်ကြည်၊ အိန္ဒိယ အမျိုးသားခေါင်းဆောင် ဆူဘတ်ချန်ဒရာဘို့(စ်)၊ ဂျပန်စစ်ဗိုလ်ချုပ် ကီဘူလာ၊ ကင်ပေတိုင် ဗိုလ်ချုပ် ကာနယ်ကူမဲ့၊ ဦးဗဆွေအသက်ကယ်သည့် ကနာဟီရအိုက၊ သခင်မြ-ဒေါ်ခင်ညွှန့်၊ ပျော်ဖွယ်ဦးမြ-ဒေါ်ခင်မကြီး၊ ဦးဘဂင်း-ဒေါ်စောမြင့်၊ ဦးအေး-ဒေါ်အမာ၊ ဗန္ဓုလဦးစိန် ဒေါ်ခင်မြ၊ သခင်သန်းထွန်း-ဒေါ်ခင်ကြီး၊ သခင်လွန်းဘော်၊ ဦးဖေသန်း (CID) ၊ သခင်နု ၎င်း၏ဇနီးဒေါ်မြရီဟာ ဟိုတုန်းက မော်လမြိုင်ကျွန်းမှာရှိသည်။ ဒီအချိန်က သခင်နုစီးလာသည့်ကားဟာ အငါရောင်ဖြစ်ပြီး၊ ကားက ခပ်ပုပု ကျွန်ုပ်ကိုယ်တိုင်ပဲ တံခါးဖွင့်ပေးလိုက်ပါသည်။ ဂန်ကြီးဦးလှဖေ၊ ဦးထွန်းအောင်၊ ဒေါက်တာ ဗမော်၊ ၎င်း၏သက်တော်စောင့် ဗိုလ်လရောင်၊ ဟိုစဉ်အချိန်အခါက လွှတ်တော်မှာ အစည်းအဝေးရှိသည်။ လွှတ်တော်ဥက္ကဋ္ဌဆာဦးသွင်က အကုန်လုံးထမင်းစားပွဲသို့

တက်ရောက်လာ နိုင်ကြအောင် လွှတ်တော်အစည်းအဝေးကို တမင်တကာ ဖျက်သိမ်းပေးလိုက်တယ်။ ဒီတုန်းက လွှတ်တော်ကို နံပါတ် ၁၆၈ ဘောင်ဒရီလမ်း ဦးချစ်လှိုင်အိမ်မှာ ပြုလုပ်ထားပါသည်။

ဟိုတုန်းက ကေဘိုတိုင်လူကြီး ဦးဘဆွေဟာ သူ့တပည့်ဦးဘထွန်းနှင့်အတူတူ တစ်ခုံထဲ ထိုင်ကြပါတယ်။ (ဒီဦးဘထွန်းဟာလွန်ခဲ့သည့် ၁၉၅၆-ခုနှစ်၊ ဧပြီလ ၂၇-ရက် လမ်းမတော်မှာ ဦးဘဆွေနှင့် ပါလီမန်အမတ် ယှဉ်ပြိုင်အရွေးခံသည့်ဦးဘထွန်းဖြစ်ပါသည်။) တရုပ်ဇာတ်သဘင် အဖွဲ့ကလည်း ဦးဘိုးစိန်ဇာတ်သဘင်နှင့်ပူးပေါင်းပြီး၊ မြို့တော်ခန်းမမှာ လာပြီးတော့ ကပြအသုံးတော် ခံပါသည်။ ဒီလိုကျွေးမွေးဧည့်ခံသည့်ကိစ္စမျိုးဟာ ဟိုတုန်းက ဘာမဆို အစစအရာရာရှားပါးပြီး၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြားမှ ကျွန်ုပ်တို့တရုပ်အမျိုးသား ပြန်ဟတ်ဘွေအသင်းကြီးရဲ့ ဥက္ကဋ္ဌ ပီကေချောင်းအပါအဝင် ကော်မတီလူကြီးများဟာ ပင်ပင်ပန်းပန်းနှင့် ငွေအမြောက်အမြား အကုန်အကျခံ၍ ဧည့်ခံကျွေးမွေးပြုစုပါတယ်။ လေယာဉ်ပျံကလည်း ခဏခဏဗုံးလာချ၊ စက်သေနတ်နှင့် လည်း ခဏခဏပစ်သည့်ကြားထဲမှ လူကြီးလူကောင်းများဟာ ခဲရာခဲဆစ်နှင့် မရောက်ရောက်အောင် လာကြပါသည်။ တရုပ်-မြန်မာချစ်ကြည်ရေးအတွက် သဘောရိုးနှင့် နတ်ကောင်းမပြီး စိတ်ကောင်းရှိ၍ ချောချောမောမောနှင့် အားလုံးအောင်မြင်သွားပါသည်။ ဒါဟာလည်း မှတ်တမ်းတင်စရာကြီးတစ်ခု ဖြစ်ပေါ်လာခဲ့ပါသည်။

## သခင်နုနှင့်ပြန်ဟတ်ဘွေ

၁၉၄၃-ခုနှစ်၊ စက်တင်ဘာလ ၁၅-ရက်နေ့မှာ ကျွန်ုပ်တို့ တရုပ်အမျိုးသား ပြန်ဟတ်ဘွေအသင်းကြီး နှစ်ပတ်လည်ကျင်းပပွဲတစ်ခု ပြုလုပ်ပါသည်။ ဒီကျင်းပပွဲပြုလုပ်ဖို့ကို ကျွန်ုပ်တို့အသင်းကြီးမှ ကော်မီတီများကို ကြိုတင်၍ စည်းဝေးခေါ်လိုက်ပါတယ်။ ဒီလိုနှစ်ပတ်လည် ကျင်းပပွဲပြုလုပ်သည့်အခါမှာ မြန်မာထဲမှ ဝန်ကြီးတစ်ဦးဦးကိုဖိတ်ခေါ်ပြီး၊ မိန့်ခွန်းစကား အနည်းငယ်ပြောဖို့ကောင်းပါတယ်။ ဒီလိုကျင်းပပွဲပြုလုပ်သည့်အခါမှာ ဘယ်ဝန်ကြီးက စကားပြောပိုကောင်း ပါသလဲဆိုတော့ ကျွန်ုပ်က အဆိုတင်သွင်းလိုက်သည်။ နိုင်ငံခြားရေးဝန်ကြီး သခင်နုဟာ စကားပြောကလည်းကောင်းတယ်၊ အချက်အလက်လဲမိတယ်။ သူ့ကိုလာဖို့ဖိတ်ခေါ်ရင် သိပ်ကောင်းမှာပဲလို့ ပြောလိုက်တယ်။ ကျွန်ုပ်ဟာလည်း ဒီကော်မီတီလူကြီးတွေထဲမှာ ပေါင်းသင်းဆက်သွယ်ရေးလူကြီးတစ်ဦးဖြစ်နေတယ်။ ကျွန်ုပ်အဆိုတင်သွင်းတာကို ကော်မီတီလူကြီးတွေ အားလုံးက သဘောတူဆုံးဖြတ်လိုက်ကြတယ်။ နောက်ပြီး ကျွန်ုပ်တို့ပြန်ဟတ်ဘွေ တရုပ်အမျိုးသား အသင်းကြီးက ကျွန်ုပ်ကိုစာတစ်စောင်ပေးလိုက်ပါသည်။

ကျွန်ုပ် ဒီစာကိုယူပြီးတော့ ပြည်လမ်း ၆-မိုင် ပတေးခြံ၊ နိုင်ငံခြားရေးဂန်ကြီးရုံး အတွင်းဂန် ဦးရွှေဘော် ကို၊ ပထမသွားတွေ့တယ်။ နောက်ပြီးမှ နိုင်ငံခြားရေးဂန်ကြီး သခင်နုကို သွားတွေ့ သည့်အခါ ကျွန်ုပ်ဟာ ပြန်ဟတ်ဘွေအသင်းကြီးမှ ပေးလိုက်သည့်စာကို သခင်နုသို့ပေးလိုက်ပါသည်။ သခင်နုဟာ ကျွန်ုပ်ပေးလိုက်သည့်စာကိုဖတ်ပြီးသည့်အခါ ဒီလိုမိန့်ခွန်းပြောတာတွေကို ကျွန်ုပ်ဟာ မကျွမ်းကျင်ပါဘူး။ အဲဒီတော့ ကျွန်ုပ်ကပြန်ပြောလိုက်တယ်။ ဆရာနုဟာ မိန့်ခွန်းပြောတာ အင်မတန်မှတော်တယ်။ အချက်အလက်လည်းမိတယ်။ ယခုဂန်ကြီးတွေ မိန့်ခွန်းစကားပြောသည့် အထဲမှ ဆရာနုထက်တော်သည့်ဂန်ကြီး တစ်ယောက်မှမရှိပါဘူး။ သူကလည်း တစ်အောင့်လောက် ကြာမှ လက်ခံလိုက်ပါသည်။ ကောင်းပါပြီ လာပါမည်ဆိုတဲ့ကတိကိုလည်း ပေးလိုက်တယ်။

နောက် ကျွန်ုပ်တို့နှစ်ပတ်လည်ကျင်းပသည့်နေ့မှာ လေယာဉ်ပျံလာ၍ ဉသြဆွဲတာနှင့် သွားတိုးနေတယ်။ သခင်နုကလည်း မပျက်မကွက် နာရီပြန် ၂-ချက်ခွဲလောက်မှာ ကျွန်ုပ်တို့ ပြန်ဟတ်ဘွေအသင်းကြီးတည်ရာ လတ္တာလမ်းအောက်လမ်း ပြန်ဟတ်ဘွေအသင်းကြီးသို့ အဂါရောင် ကားပုပုကိုစီးပြီး၊ ခေါင်းပေါင်းသက္ကလပ်အင်္ကျီအနက်၊ လေးထောင့်အကွက်လုံချည်တို့ကို ဂတ်ဆင်၍ လက်ထဲမှာ တုတ်ကောက်တစ်ချောင်းကိုင်ထားပြီး သူနှင့်အတူ အဖော်တစ်ယောက်လည်းပါလာပါသည်။ သူ၏အဖော်ရဲ့နာမည်ကို ကျွန်ုပ်ဟာ မေ့နေပါပြီ။ ကျွန်ုပ်ကိုယ်တိုင်ပဲ မော်တော်ကားတံခါးကို သွားဖွင့်ပေးပြီး၊ ကျွန်ုပ်တို့ ပြန်ဟတ်ဘွေအသင်းကြီး ဒုတိယအထပ်ဧည့်ခံပွဲသို့ရောက်အောင် ခေါ်ဆောင်လာခဲ့ပါတယ်။ ဒီနှစ်ပတ်လည်ကျင်းပပွဲသို့ တက်ရောက်ကြွလာသည့် ကော်မီတီတွေရော၊ ဥက္ကဋ္ဌတွေရော၊ လူကြီးလူကောင်းတစ်ယောက်မကျန် အကုန်လုံးတို့နှင့်မိတ်ဆွေဖွဲ့ပေးပါသည်။

နောက်ပြီး လက်ဖက်ရည်ပွဲနှင့် ဧည့်ခံတယ်။ အဲဒီလိုဧည့်ခံပြီးသည့်အခါကျမှ ကျွန်ုပ်က သခင်နုကိုသွားပြောတယ်။ ဆရာနုမိန့်ခွန်နဲ့ပြောပါတော့လို့ဆိုတော့ သခင်နုဟာ မိန့်ခွန်းစကားပြောမည့် စင်မြင့်ပေါ်သို့တက်သွားပြီး မိန့်ခွန်းစကားပြောတယ်။ ဟိုစဉ်အခါက သူမိန့်ခွန်းပြောတာတွေဟာလည်း ရီစရာစကားတွေအများကြီးပါပါတယ်။ ကျွန်ုပ်တို့ နှစ်ပတ်လည်ကျင်းပပြုလုပ်သည့် ကျင်းပပွဲအတွက် လည်း သခင်နုပြောသည့် မိန့်ခွန်းစကားများနှင့် အဓိပ္ပါယ်တိုက်ဆိုင်၍ညီညွတ်ပြီးတော့လည်း နေပါတယ်။ အသံကလည်းကောင်းတယ်၊ ကျွန်ုပ်သည် ဒီအချိန်မှာ အကဲခတ်မိပါသည်။ အသံကလည်းကောင်း မိန့်ခွန်းစကား တရားဟောပြောသည့်အခါမှာလည်း အချက်အလက်ထိတယ်၊ ပြတ်လည်းပြတ်သားတယ်၊ ဒီအချိန်အခါဟာ ၁၉၄၃-ခုနှစ်ဖြစ်နေတယ်။ ကျွန်ုပ်ဟာ သေချာစွာအကဲခတ်တယ်၊ ဟိုစဉ်အခါမှာ သခင်နုဟာ ၃၆-နှစ်ပဲရှိပါသေးတယ်။ ပိန်ပိန်ဖြူဖြူခပ်ချောချော ရုပ်ရည်သနားကမား၊ သူ့ကို အကဲခတ်ခန့်မှန်းကြည့်ရင် အသက် ၂၈-ကျော်လောက်ပဲရှိမယ်လို့ ထင်ရပါတယ်။

ကြွရောက်လာကြသည့်ကော်မီတီလူကြီးတွေက ကျွန်ုပ်ကိုပိုင်းဝန်း၍လာမေးကြတယ်။ သခင်နုဟာ စကားပြောအင်မတန်တော်တယ်။ ချီးကျူးစရာသိပ်ကောင်းတယ်။ သူဟာ မိန်းမယူပြီးပြီလား၊ လူပျိုလားဆိုတာကို ကျွန်ုပ်ကိုလာမေးကြတယ်၊ ကျွန်ုပ်ကပြန်ပြောလိုက်တယ်၊ သခင်နုဟာ မိန်းမယူပြီးပါပြီ၊ သမီးတစ်ယောက်လည်းမွေးပြီးပြီ၊ သူယူထားသည့်မိန်းမဟာ ပန်းတနော်က သမာဓိမြို့ဝန် မြေပိုင်ရှင်ဦးအောင်ငြိမ်း၏သမီးအငယ် မမြရီဖြစ်ပါသည်။



ဦးနု၏ ယောက္ခမနှင့် ဦးစံစု၏ဘကြီး ဦးအောင်ငြိမ်း

ဒီဦးအောင်ငြိမ်းဟာ ကျွန်ုပ်၏မိတ်ဆွေကြီး ပန်းတနော်မြို့အုပ် ဦးဘအုံးနှင့်လည်း သိကျွမ်း ခင်မင်ရင်းနှီးပြီး ကျွန်ုပ်တို့ ၃-ဦးဟာ အင်မတန်မှချစ်ခင်ကြပါတယ်။ ဦးအောင်ငြိမ်းဟာ အသက်ကြီး၍ ကျွန်ုပ်တို့အဖေလောက်ရှိပါတယ်။ ကျွန်ုပ်တို့တတွေ သူ့ကိုခေါ်တာဟာ ဘကြီး-ဘကြီးလို့ပဲ ခေါ်ကြပါသည်။ တစ်ခါက ဦးအောင်ငြိမ်းဟာ မျက်စိနာလို့ဆေးရုံမှာလာကုတယ်။ ကျွန်ုပ်နှင့် ဦးဘအုန်းတို့ကလည်း ခဏခဏသွားရောက်ကြည့်ရှုမေးမြန်းတယ်။ အဲဒီလို သွားရောက်ကြည့်ရှု မေးမြန်းသည့်အခါကျတော့ ဘကြီးဦးအောင်ငြိမ်းက ပြောပြတယ်။ ဘယ်လိုပြောပြသလဲဆိုတော့ ထမင်းထုပ်ကို ခေါင်းပေါ်မှာတင်ပြီး ဒီလိုသမက်မျိုးကိုလိုက်ရှာပါ၊ ထမင်းထုပ်ဟာ ခေါင်းပေါ်က ကျရင်ကျသွားမယ်၊ မောင်နုလိုသမက်မျိုး ဒီတစ်သက်မှာ မရနိုင်ပါဘူး။ မောင်နုဟာ အင်မတန် တော်တယ်။ ငါ့ကိုလည်း အားကြီးရိုသေလေးစားတယ်။ ငါဟာလည်းသူ့ကို အများကြီးပြန်ချစ်တယ်လို့ ပြောပြတယ်။ ဒီတော့ ဦးဘအုန်းဟာ ဘာပြန်ပြောသလဲဆိုတော့ ဟိုတုန်းက ဘာဖြစ်လို့ငြီးများတာလဲ လို့မေးလိုက်တယ်။ ""မောင်နုကို နိုင်ငံရေးလုပ်တာတစ်ခုပဲ သဘောမကျပါဘူး"" လို့ ဦးအောင်ငြိမ်းက ပြန်ပြောလိုက်ပါသည်။

## နုနှင့်ရီမင်္ဂလာဆောင်

မောင်နုနှင့် မမြရီတို့မင်္ဂလာဆောင် လက်ထပ်သည့်နေ့ကျတော့ မြို့အုပ်ဦးဘအုန်းဟာ သူ့မော်တော်ကို သတို့သား သတို့သမီး ၂-ဦးစီးဖို့ပေးလိုက်တယ်။ နောက် သူတို့နှစ်ဦးဟာလည်း မော်တော်ကို မြန်မြန်မောင်းပြီး၊ ပန်းတနော်နားမှာရှိသည့် ဆီဗွလွင်ဆိုသည့် ရွာတစ်ရွာကို မောင်း၍သွားကြတယ်။ ဒါကြောင့် မောင်နုဟာ ဝန်ကြီးချုပ်ဖြစ်သည့်အခါ ဟိုစဉ်ကမမြရီ လက်ထပ်ပြီးစီး သည့်နေ့မှာ မော်တော်ကိုစီးပြီး လည်ပတ်သွားလာခဲ့သလို ဦးနုဟာ သူနိုင်ငံခြားသွားသည့်အခါ ဖြစ်စေ၊ ဗမာပြည်ထဲတွင်သွားသည့်အခါဖြစ်စေ၊ မော်တော်နှင့်သွားလာလျှင် မမြရီနှင့် ဟိုတုန်းက ရခါစမှာ မော်တော်စီးပြီးသွားလာတာကို သိပ်သတိရအောက်မေ့သည့်အတွက် ချစ်လည်းသိပ်ချစ်သည့် အတွက်ကြောင့် ဒါကြောင့်မို့ ဦးနုဟာ ဒေါ်မြရီကို ဘယ်သွားသွားသူနှင့်တစ်ပါတည်း ခေါ်သွားခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏ဘကြီးသမီး မမြရီဟာ အိမ်ထောင်မှုရေးရာကို လိုလေသေးမရှိအောင် ဦးနုအပေါ် ပြန်ပြီးတော့ ပြုစုယုယတယ်။ ကျွန်ုပ်၏နမ မမြရီဟာလည်း အစစအရာရာလိမ္မာရေးခြားရှိပြီး ကိုနုကို စိတ်ချမ်းသာကိုယ်ချမ်းသာအောင် အမြဲပြုစုယုယပေးတယ်။ ကိုနုဟာလည်း မမြရီမရှိရင် မနေနိုင်လောက်အောင် ဖြစ်ပေါ်၍နေပါပြီ။ ကျွန်ုပ်၏ဘကြီး ဦးအောင်ငြိမ်းမှား သားအကြီး ကိုအုန်းမောင်၊ သမီးအကြီး မသိန်းမိဆိုတဲ့ မမြရီအပြင် အကြီးနှစ်ယောက်ရှိသေးသည်။ မမြရီအငယ်ဆုံးဖြစ်တယ်။


မသိန်းမိကို ကိုစိုးမောင်ဆိုသူနှင့် လက်ထပ်ပေးစားလိုက်တယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုဟာ ၁၀-နှစ် ၁၀-မိုးဝန်ကြီးချုပ်ဖြစ်သွားသည်။ သူ့ယောက်ဖအရင်းကိုအုန်းမောင်ဟာ တစ်ခါမှ ကိုနုထံကို မလာပါဘူး။ ကျွန်ုပ်ဟာ ဝန်ကြီးချုပ်အိမ်ကိုရောက်၍ ဒေါ်မြရီကိုမေးကြည့်တယ်။ ကိုအုန်းမောင် တစ်ယောက်မလာဘူးလားလို့မေးကြည့်တော့ သူဟာတစ်ခါမှ မလာပါဘူး။ သူ့ယောက်ဖဝန်ကြီးချုပ် ဖြစ်နေလို့ တစ်ခါမှမလာတာပါ။ သူလာလို့ သူများတကာမြင်ရင် သူ့ယောက်ဖဝန်ကြီးချုပ်ထံလာတာကို အထင်အမြင်သေးမှာကြောက်လို့ မလာတာပါလို့ပြန်ပြောပါသည်။

ဒီကိုအုန်းမောင်ဟာ အင်မတန်မှသီလသမာဓိနဲ့ပြည့်စုံတဲ့သူလည်းဖြစ်ပါသည်။ သူ့ယောက်ဖ ဝန်ကြီးချုပ်ထံကိုသွားပြီးတော့ ဘာမှအကူအညီမတောင်းဘူး။ သူ့ဟာသူပဲ လုပ်ကိုင်စားသောက်တယ်။ ကျွန်ုပ်ဦးစပ်စုလည်း ဝန်ကြီးချုပ်နှင့် ယောက်ဖတစ်ဝမ်းကွဲတော်တာပါပဲ။ ကျွန်ုပ်ဟာ ၁၉၅၀-၅၁ ခုနှစ်တုန်းက ဦးနုကခိုင်းတော့ ကျွန်ုပ်ဟာလည်း စေတနာနှင့် လုပ်ပေးဖို့ပဲရှိပါတယ်။ ယောက်ဖအရင်း ကိုအုန်းမောင်ပင်လျှင် ဖာသိဖာသာနေတတ်သလို ကျွန်ုပ်ကလည်း ယောက်ဖတစ်ဝမ်းကွဲတော်သည့် ကိုနုထံမှာ တစ်ခါမှ ဘာမျှအကူအညီမတောင်းခဲ့ပါဘူး။ လူသိနတ်ကြား တိုင်းသိပြည်သိဖြစ်အောင် တင်ပြရခြင်းသာဖြစ်ပါသည်။

ကိုယ်၏ယောက်ဖလုပ်သူက အာဏာများရှိနေခဲ့ပါလျှင် အထက်ပါစံနမူနာကို အတုခိုးမှတ်သား နာယူကြဖို့ အင်မတန်မှကောင်းပါသည်။ ကျွန်ုပ်တို့မြန်မာအမျိုးသားတွေထဲမှာလည်း အကျင့်ဆိုးတွေ အများကြီးတွေ့ကြုံမြင်ရဖူးပါသည်။ ကိုယ့်ယောက်ဖဟာ အထက်တန်းရောက်နေပြီဆိုမှဖြင့် ကိုယ့်ယောက်ဖလုပ်သူထံမှာ ဟိုဟာတောင်းဒီဟာတောင်း ဆက်ကာဆက်ကာတောင်းတော့ ယောက်ဖ လုပ်သူကလည်း သူ့နမကိုချစ်ခင်နေတော့ ပြောရမှာလည်းအခက်ဖြစ်နေရရှာတယ်။ ဒါတင်မကသေးဘူး။ ယောက်ဖထံမှတောင်းပြီးအားမရသေးလို့ နမလုပ်သူထံမှလည်း ခဏခဏလှည့်တောင်းလိုက် လုပ်နေသည့်လူစားမျိုးတွေကို ကျွန်ုပ်ဟာ တွေ့ဖူးကြုံဖူးဆုံခဲ့မိဖူးပါသည်။ ဒီအကျင့်ဆိုးတွေကိုလည်း ကျွန်ုပ်တို့မြန်မာပြည်မှာ ပယ်ဖျက်ဖို့ကောင်းပါပြီ။ ကျွန်ုပ်တို့တရုပ်အမျိုးသား ဖြန်ဟတ်ဘွေအသင်း ကြီး၏ နှစ်ပတ်လည်ကျင်းပပွဲမှာ နိုင်ငံခြားရေးဝန်ကြီး သခင်နုကို ပထမဦးဆုံး ဆက်သွယ်ခဲ့ရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်ဟာ သခင်နုကို ညနေ ၄-နာရီလောက်အချိန်မှာ မော်တော်ကားပေါ်အထိ လိုက်ပို့ပြီး၊ သခင်နုဟာလည်း ကော်မီတီလူကြီးတွေအားလုံးကို နှုတ်ဆက်၍ပြန်သွားပါသည်။ ကျွန်ုပ်တို့တတွေဟာလည်း ဤနှစ်ပတ်လည်ကျင်းပပွဲကို ချောမောအောင်မြင်စွာ ပြုလုပ်ပြီးစီး၍ ညနေအချိန်မှာ ရုပ်သိမ်းလိုက်ပါသည်။

## စော်ဘွားစပ်စု

လွန်လေပြီးသော ၁၉၄၃-ခုနှစ်၊ စက်တင်ဘာလ ၂၆-ရက်နေ့၊ ဂျပန်ကင်ပေတိုင်ချုပ် မတ်ဆူအိုကာ တပည့်တစ်ဦး၊ ဖေါ်မိုဆာစကားပြန်တစ်ဦး သူတို့နှစ်ဦးဟာ ကျွန်ုပ်၏ဟော်တယ်မှာ နေ့တိုင်း ဝင်ထွက်သွားလာပြီးတော့ စားသောက်နေကြပါတယ်။ ကျွန်ုပ်ဟာလည်း သူတို့နှစ်ဦးကို အထူးဂရုစိုက်၍ ဧည့်ခံကျွေးမွေးပါသည်။ ကျွန်ုပ်ဟာ မေးပါများစကားရဆိုသည့် မောင်ပေါက်ကျိုင်း ထုံးလိုသုံးသည့်အတွက်ကြောင့် ကျွန်ုပ်ကို သူတို့နှစ်ဦးကပြောပြပါသည်။ ရှမ်းပြည်တောင်ကြီးက စစ်ဗိုလ်ချုပ် အီးစီဘူလာဟာ မနက်ဖြန်ကာ စော်ဘွားကြီး၆-ဦးကို ရန်ကုန်သို့ခေါ် လာမည်။ ဒီစော်ဘွား ၆-ဦးကို ဂျပန်ကင်ပေတိုင် မသင်္ကာစရာအချက်တစ်ခုခုတော့ရှိလိမ့်မယ်လို့ထင်တယ်ဆိုတာကို ပြောသွားတယ်။ သူတို့ပြောသွားပြီးတော့၊ ကျွန်ုပ်ဟာ စိတ်ထဲမှာပူမိတယ်။ ဒီဂျပန်ကင်ပေတိုင် တွေဟာ လူကြီးလူကောင်းမှန်းမသိ အရမ်းကာရောလုပ်တတ်တယ်။ ဒီစော်ဘွာ ၆-ဦးကို ဂျပန်ကင်ပေတိုင်က အရမ်းကာရောစော်ကားမှာ စိုးရိမ်မိသည့်အတွက် ကျွန်ုပ်ဟာ အမျိုးမျိုးလိုက်လံ စုံစမ်းတယ်။ သူတို့တစ်တွေဟာ စက်တင်ဘာလ ၂၇-ရက်နေ့ကျတော့ ကမ်းနားလမ်း စထရင်းဟော်တယ်မှာ လာပြီးတည်းခိုနေကြပါသည်။



စော်ဘွားစဝ်စု

## ဂျပန်အဖမ်းခံရသည့်စော်ဘွား၆-ဦး

၁။ ရှမ်းအမျိုးသားခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွားစဝ်စမ်ထွန်း။ ၎င်းဟာ ၁၉၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂-ရက်နေ့ပြုလုပ်သည့် ပင်လုံညီလာခံကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၁၉-ရက်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးသော စော်ဘွားကြီးဖြစ်ပါသည်။

၂။ သထုံစော်ဘွား စဝ်ခွန်ကြည်၊ သူလည်း ပင်လုံညီလာခံတွင် အားကြိုးမာန်တက် အစီအစဉ် ပေးသူဖြစ်ပါသည်။ သူလည်း ၉၆-ပါးရောဂါဝေဒနာနှင့် ကွယ်လွန်အနိစ္စရောက်သွားပါပြီ။

၃။ ယခုလက်ရှိ လူမျိုးစုလွှတ်တော် နာယကကြီး ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်။

၄။ ယခုလက်ရှိ ရှမ်းပြည်နယ်ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီး သိန္နီစော်ဘွား စဝ်ဟုံဖ။

၅။ မိုးနဲစော်ဘွား စဝ်ပိ၊ ရှမ်းပြည်နယ် ပြည်ထဲရေးဝန်ကြီးဟောင်း။

၆။ သမခန်းစော်ဘွား စဝ်ထွန်းအေး၊ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဟောင်းတို့ ဖြစ်ပါသည်။

ဟိုစဉ်အချိန်က စထရင်းဟော်တယ်မှာ အထက်ပါစော်ဘွား ၆-ဦးကို ကျွန်ုပ်ဟာ သွားတွေ့ ပါတယ်။ ဒီစော်ဘွား ၆-ဦးဟာ အကုန်လုံးမျက်နှာမကောင်းကြပါ။ ကျွန်ုပ်ဟာ ထမင်းခေါ်ကျွေးမည် ဟု ပြောသောအခါ သူတို့ဟာလက်ကာပြ၍ ""နေပါစေ ကိစ္စမရှိပါဘူး""ဆိုပြီး သူတို့ဟာ မျက်နှာ ပျက်နေကြပါသည်။ ကျွန်ုပ်ဟာ ဒီအချိန်အခါမှာ စော်ဘွားများနဲ့အတူ တောင်ကြီးကပါလာသည့် ဂျပန်စစ်ဗိုလ်ကြီး အီစီဘူလာထံကို ကျွန်ုပ်ဟာ ချစ်ခင်ရင်းနှီးတဲ့သူနှင့်အတူတူသွားပြီးတော့ စုံစမ်း မေးမြန်းပါသည်။

""ဒီစော်ဘွား ၆-ဦးဟာ ကျွန်ုပ်၏မိတ်ဆွေဟောင်းတွေဖြစ်ပါသည်၊ စိတ်သဘောထားလည်း အင်မတန်ရိုးသားပါတယ်၊ အင်္ဂလိပ်နှင့်နီးစပ်တာကတော့ ဟိုတုန်းက အင်္ဂလိပ်အုပ်စိုးတာကို၊ ဒီစော်ဘွား ၆-ဦးအပေါ်အထင်မလွဲပါနှင့်၊ ယခုရှမ်းပြည်နယ်မှာ ဗိုလ်ကြီးဟာ အေးအေးချမ်းချမ်းနှင့်အုပ်ချုပ်ဖို့ရာ ရှမ်းစော်ဘွားများနှင့် တိုင်ပင်ဆွေးနွေး၍ ပေါင်းသင်းဆက်ဆံပါ။ ဒီလိုရှမ်းအမျိုးသားတွေ ရှမ်းစော်ဘွား တွေကိုကြည်ညိုတာဟာ ဘာနှင့်တူသလဲဆိုတော့ ဂျပန်အမျိုးသားဟာ ဂျပန်ဘုရင်ကိုကြည်ညိုတာနဲ့ အတူတူဖြစ်ပါတယ်""လို့ ပြောလိုက်တယ်။ နောက်ပြီးဂျပန်အမျိုးသားများဟာ အခြားလူမျိုးများထက် လက်ညှိုးထိုးအပြစ်ပြောရင် မကျေနပ်မခံနိုင်၍ ဝိုင်းဝန်းပြီးတိုက်ကြသလို ရှမ်းလူမျိုးများဟာလည်း အလားတူဝိုင်းဝန်းပြီး အားလုံးကအပြုတ်တိုက်ကြမှာပါပဲလို့ပြောဆိုပြီး၊ ကျွန်ုပ်က ကင်ပေတိုင်ဗိုလ်ချုပ်

ဂျင်နရယ်မတ်စူအိုကာထံကျရင် ကောင်းကောင်းမွန်မွန် ပြေပြေပြစ်ပြစ်ဖြစ်ဖို့ကို ပြောဆိုပေးပါလို့ တောင်းပန်ပါတယ်၊ သူကလည်းကောင်းပါပြီလို့ ကတိပေးပါသည်။

၁၉၄၃-ခုနှစ်၊စက်တင်ဘာလ ၂၉-ရက်နေ့ ည ၇-နာရီအချိန်မှာ ကန်တော်မိတ် အိုရီယင့်ကလပ်၌ ကျွန်ုပ်ဟာ ထမင်းစားပွဲကြီးတစ်ခုကျင်းပပါသည်။ တောင်ကြီးမှစစ်ဗိုလ်ကြီး အီစီဘူလာ၊ ကင်ပေတိုင်ချုပ်ဂျင်နရယ် မတ်ဆူအိုကာ၊ ဗိုလ်အောင်ဆန်း၊ သခင်မြ၊ ဦးဘဂင်း၊ ပျော်ဘွယ်ဦးမြ၊ ဦးလှဖေ၊ ဖြန့်ဟပ်ဘွေအသင်းကြီး ဥက္ကဋ္ဌ ပီကေချောင်း၊ ကော်မတီလူကြီးများ၊စကားပြန်လူကြီးများနှင့်တကွလူကြီးလူကောင်းများစုံညီစွာတက်ရောက် ကြသည်နှင့်တပြိုင်နက် မြန်မာ့ဇာတ်သဘင်ဂန်ဘုရားဒကာကြီး ဂဏ္ဍကျော်ထင်ဦးဘိုးစိန်၏ ဇာတ်သဘင်အဖွဲ့ကြီး၏ တခဲနက် တူရိယာအသံသည်ငြိမ့်ညောင်းသာယာစွာပေါ်ထွက်လာလေတော့သည်။ နာမည်ကျော်နာမည်ကြီးလူထုအသဲစွဲ ကောလိပ်စိန်ထွက်လာသည်။ ကောလိပ်စိန်၏အကနှင့်အလှသည်

ဂျပန်ကင်ပေတိုင် အရာရှိကြီးငယ်တို့အား ပထမဦးစွာစိတ်ဂင်စားစေသည်။ ထို့နောက် ဂျပန်အရာရှိများ

မမျှော်လင့်သော ဦးဘိုးစိန်၏သမီး အသက် ၁၄-နှစ်ရှိ မြင့်မြင့်စိန်သည် ဂျပန်အကကို စနစ်တကျကပြရုံမျှမက ဂျပန်တစ်ပြည်လုံး ဂျပန်အမျိုးသားအားလုံး အကြိုက်ဆုံးဖြစ်သည့် နာဂါဆာကီ-မောနောဂတာရီနှင့် ဗျာကုရနောအူတ သီချင်းနစ်ပုဒ်ကို သီဆိုကပြရာဂျပန်အရာရှိများနှင့်ပရိတ်သတ်ကြီး၏ တခဲနက်သြဘာသံဟာဟိန်းသွားလေတော့သည်။

နာဂါဆာကီမြို့တော် အကြောင်းနှင့် မြင်းလှည်းကလေးဖြင့် အမျိုးသမီးကချစ်သူကို လွမ်းတသောတေးသီချင်းဖြစ်သည်။

ဒီအချိန်တွင် ကျွန်ုပ်ဦးစပ်စုဟာ အချက်ကောင်းယူကာ ဂျပန်ကင်ပေတိုင်ကြီးအား စကားစ ပါတော့သည်။

"ဘယ်နဲ့လဲ မာစတာ သဘောကျပါရဲ့လား" လို့မေးလိုက်သည့်အခါမှာ ဂျပန်ကင်ပေတိုင်ကြီးဟာ အလွန်သဘောကျကြောင်း အားရပါးရပြောပြနေစဉ် ကျွန်ုပ်က "ဒါဟာမြန်မာအမျိုးသမီးကလေး တစ်ယောက်ဖြစ်ပါသည်။ ဂျပန်လိုဂတ်လိုက်တော့ ဂျပန်နှင့်တစ်ပုံစံတည်း ဖြစ်နေပါပြီ၊ သို့ဖြင့် ဂျပန်နှင့် မြန်မာ၊ ရှမ်း၊ တရုပ်များသည်လည်း အာရှတိုင်းသားချင်း အသွေးတူအရောင်တူတွေ ဖြစ်ကြပါတယ်။"



ဝဏ္ဏကျော်ထင် ဦးဘိုးစိန်နှင့် ကောလိပ်စိန်

ဒီတွင် ကင်ပေတိုင်ကြီးဟာ သဘောပေါက်သွား ပါတော့သည်။ ဩဘာသံများ ချီးကျူးသံတို့ဖြင့် ထမင်းစားပွဲကြီးသည် ၁၉၄၃-ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့ညတွင် ထမြောက်အောင်မြင်စွာ ပြီးစီးသွားပြီးနောက် ကျွန်ုပ်သည် အခွင့်ကောင်းယူကာ "မာစတာ အာရှတိုင်းသားချင်း တူသဖြင့် အမျိုးတူလူချင်းကိုမခွဲခြားပါနှင့်၊ ယခု မာစတာတို့ ခေါ်ယူထားသော ရှမ်းစော်ဘွားကြီး ၆-ဦးတို့မှာ ရန်ကုန်ကို ရောက်ရှိနေပါသည်။ သူတို့သည် ဂျပန်ကိုတော်လှန်ရဲသူမဟုတ်ပါ။ အင်္ဂလိပ်နှင့်ပေါင်းသင်းတယ်ဆိုတာကတော့ ဟိုအချိန်တွေတုန်းက အသင့်အတင့်ဆက်ဆံတာပါ။ ယခုခင်ဗျားတို့ရောက်လာပြီး အုပ်စိုးပြန်တော့လဲလေးစားရမှာဘဲ" ဟု ပြောပြရာ ဂျပန်ကင်ပေတိုင်ကြီးသည် ကျေနပ်မှုရရှိသွားလေတော့သည်။




ဂျပန် ကချေသည် အဝတ်အစားနှင့် မြင့်မြင့်စိန်

၁၉၄၃-ခုနှစ် စက်တင်ဘာ ၃၀-ရက်နေ့ ညပိုင်းတွင်စော်ဘွားကြီးများအပါအဝင် ညစာထမင်းစားပွဲကြီးတစ်ခုကို ဆင်ယင်ကျင်းပခွင့်ရခဲ့ပြန်သည်။ အတိတ်နိမိတ်အရ ၆-ဂဏန်းသည် အတိတ်မကောင်း ၉-ဂဏန်းဖြစ်အောင် ယခုလက်ရှိ စော်ဘွားကြီးခြောက်ယောက်အပြင်နောက်ထပ်သုံးယောက်ထပ်ဖြည့်ရန်သဘောတူပါသော်လည်း စော်ဘွားအဝတ်အစားနှင့် ဂျပန်ရှေ့မှာ ပြဝံ့သူမရှိသဖြင့် ကျွန်ုပ်ဦးစပ်စုတယောက်တည်းပင် စော်ဘွားအဝတ်အစားများ ဝတ်ရန် သဘောတူပြီး၊ မိုင်းပွန်စော်ဘွားကြီးက ကျွန်ုပ်ဦးစပ်စုအား စော်ဘွားခေါင်းပေါင်းနှင့် အဝတ်အစားများကို ဝတ်ဆင်ပေးသည်။ သို့ဖြင့်ညစာထမင်းစားပွဲကြီးအချိန်ကို ရောက်ရှိပြီဆိုမှဖြင့် ဂျပန်အရာရှိကြီးများ၊ မြန်မာခေါင်းဆောင်ကြီးများ၊ အစုံအညီရှေ့တွင် စော်ဘွားကြီး ၆-ဦး အစီစဉ်လိုက် ဝင်လာကြသည်။ ၎င်းတို့နောက်မှ ကျွန်ုပ်ဦးစပ်စုဟာလည်း စော်ဘွားအဝတ်အစားနှင့်ပါလာသည်။ ပရိတ်သတ်ကြီးကလည်း စော်ဘွား ၆-ယောက်ဆိုပြီး ဘယ်ကတစ်ယောက်ပိုလာသလဲ၊ ထိုစော်ဘွားသည် မည်သူမည်ဝါ ဖြစ်ပါသလဲ၊ စသည်ဖြင့် အသေအချာကြည့်နေကြစဉ် အတန်ကြာမှ စော်ဘွားစပ်စုမှန်းသိကြသဖြင့် ဂျပန်ရောမြန်မာပါ ဝိုင်းဝန်းသြဘာပေးနှုတ်ဆက်ကြပြီး၊ ဒီအချိန်မှစ၍ ကျွန်ုပ်ဦးစပ်စုသည် စော်ဘွားစပ်စု အဖြစ်သို့ ရောက်ရှိလာပါတော့သည်။ စော်ဘွားစပ်စု၏ ပြောပြဖျောင်းဖျမိတ်ဆက်ပေးမှုတွေကြောင့်

တရုပ်အမျိုးသားများနှင့် ရှမ်းအမျိုးသားများတို့သည် ဂျပန်တို့၏ပြိုပြင်ခြင်းရန်ဘေးမှ ကင်းလွတ်ရ ကုန်သည်။ ဤတွင်စော်ဘွားစပ်စု ဖြစ်ရပ်ဖြစ်ပုံတို့ကို ဖေါ်ပြပြီးဖြစ်ခဲ့ပေသည်။

## အိမ်တော်နှင့်စဂ်ရွှေသိုက်

ဒုတိယအကြိမ် ညောင်ရွှေစော်ဘွားကြီး စဂ်ရွှေသိုက်နှင့် မဟာမင်းကြီးဦးခင်မောင်ဖြူတို့ တောင်ကြီးမှရန်ကုန်သို့လာကြသည်။ ယခု သမတနေအိမ်တော်သို့ သွားရောက်၍တည်းခိုကြပါသည်။ ကျွန်ုပ်ဟာသူတို့လာမှန်းသိ၍ အဓိပတိအိမ်တော်ကိုသွားပြီးတော့တွေ့တယ်။ ဘာများအကြောင်းထူး လာပြန်သလဲဆိုတာကိုလည်း သွားမေးတယ်။ နောက် စဂ်ရွှေသိုက်က ပြောပြတယ်။ ဟိုစဉ်အခါ အိမ်တော်သို့ သူတို့နှစ်ဦးအားကျွန်ုပ်သွားတွေ့သည့်အခါမှာ ရန်သူလေယာဉ်ပျံလာ၍ ဥဩဆွဲထားပါ သော်လည်း ဦးခင်မောင်ဖြူနှင့် စဂ်ရွှေသိုက်တို့မျက်နှာမှာ ကြောက်စိတ်မရှိပဲ ပြုံးပြုံးရွှင်ရွှင် ရီရီမောမောနှင့် စကားပြောနေကြပါတယ်။ ဘာကိုမှအရေးမစိုက်ဘူး။ အတိတ်နိမိတ် ရုပ်လက္ခဏာ ဘုန်းတန်ခိုးကို ကျွန်ုပ်ဟာ အကဲခတ်မိတယ်။ သူတို့နှစ်ဦးဟာ ဗမာပြည်လွတ်လပ်ရေးရသည့်အခါမှာ အိမ်တော်အိမ်ရှင်တွေဖြစ်ကြမှာပဲလို့ ကျွန်ုပ်စိတ်ထဲမှာ အတိတ်နိမိတ်ကြိုတင်ကောက်ယူထားသည်။ ဟိုစဉ်အခါ အိမ်တော်ကလည်း ကြီးကျယ်သည်။ လေယာဉ်ပျံကလည်း ဗုံးခဏခဏလာချသည်။ အဓိပတိဒေါက်တာဘမော်တောင် မနေရဲဘူး။ အခြားမှာရှောင်တိမ်းနေတယ်။ သူတို့နှစ်ဦးပဲ လာရောက် တည်းခိုကြတယ်။ ကျွန်ုပ်ဟာ သူတို့နှစ်ဦးကို ထမင်းစားညေ့်ခံပွဲ စီစဉ်ပြုလုပ်ဖို့ပြောတယ်။ စဂ်ရွှေသိုက်က ကောင်းပါပြီဆိုပြီး ထမင်းစားပွဲကိုလက်ခံလိုက်တယ်။ ဦးခင်မောင်ဖြူကတော့ သူ့ဇနီးဒေါ်ခင်တင့် ပြည်၊ ပေါင်းတည်၊ ပုတီးကုန်းတွင်ရှိနေ၍ မြန်မြန်သွားတွေ့ချင်သည့်အတွက် ထမင်းစားပွဲကို မတက်ရောက်လာနိုင်ပါဘူး။ ကျေးဇူးလည်းအများကြီးတင်ရှိပါသည်ဟု ပြောပြပါသည်။




စော်ဘွားကြီးများ၏ ထောက်ခံစာနှင့်
စော်ဘွားစဝ်ရု၊ ကောလိုင်စိန်၊ မြင့်မြင့်စိန်

ကျွန်ုပ်၏ ကြိုတင်ပေါင်းသင်းဆက်ဆံရေးပညာအရ ဦးခင်မောင်ဖြူလိုလူစားမျိုးဟာ တစ်နေ့ကျရင် ကြီးကြီးကျယ်ကျယ် အရေးပါအရာရောက်မည့်လူတစ်ယောက်ဖြစ်မည်ဆိုတာကို ကြိုတင်၍ သိထားပါသည်။ သို့အတွက် ကျွန်ုပ်မှာ ဦးခင်မောင်ဖြူအား ပြည်၊ ပေါင်းတည်၊ ပုတီးကုန်းဘက်သို့ သူသွားစရာရှိနေပါ၍ ဧည့်ခံကျွေးမွေးမှု မရရှိလိုက်ပါသော်လည်း၊ ဦးခင်မောင်ဖြူ ပြည်၊ ပုတီးကုန်း၊ ပေါင်းတည်ဘက်မှ ပြန်လာသောအခါ ဦးခင်မောင်ဖြူနှင့်စင်္ဂရွှေသိုက်ကိုပါ ထမင်းကျွေးထပ်မံဧည့်ခံတာကို သူ့စိတ်ထဲမှာ ဒါဟာငါ့အတွက်သက်သက်ဖြစ်နေတာလို့ ယူဆသွားတယ်။ ဒီအချိန်အခါကစပြီး ဦးခင်မောင်ဖြူဟာ ကျွန်ုပ်ကိုအင်မတန်မှချစ်ခင်လေးစားသွားပါသည်။



ဦးခင်မောင်ဖြူ၊ စင်ရွှေသိုက်၊ ဦးစော်ရှု၊ (အဓိပတိအိမ်တော်တွင်)

၁၉၄၅-ခုနှစ်၊ ဒီဇင်ဘာလ ၃၀-ရက်နေ့၊ ဟိုစဉ်အခါက ဦးခင်မောင်ဖြူဟာ အလုပ်သမား ဝန်ကြီး ဦးဘအုန်း၏ အတွင်းဝန်ဖြစ်ပါသည်။ ကျွန်ုပ် ဖိတ်စာနာမည်စာရင်း သွားပေးသည့်အခါမှာ သူကိုယ်တိုင်လက်မှတ်ထိုး၍ (သိုင်းကျူး)ဆိုပြီး အင်္ဂလိပ်လိုပြော၍ လာပွဲမယ်လို့ပြောပါတယ်။ ဟိုအရင် လက်မှတ်သူကိုယ်တိုင်ထိုးထားတာဟာ ကျွန်ုပ်မှာယခုတိုင်ရှိပါသေးသည်။ သူ သာယာဝတီကို အရေးပိုင်ဘဂနှင့်ပြောင်းရွှေ့သွားသည့်အခါ ကျွန်ုပ်ကလည်း အောက်မေ့လွမ်းဆွတ် သတိရလှပါ၍ လက်ဆောင်ပစ္စည်းများကိုဝယ်ပြီး ကျွန်ုပ်ဟာ သွားလည်ပါတယ်။ သူကလည်း ရန်ကုန်ကို မကြာခင် ယစ်မျိုးမင်းကြီးဘဂနှင့် ပြောင်းရွှေ့လာရတော့မည်ဟု ပြောပါသည်။ သူ သာယာဝတီမှရန်ကုန်ကို ပြောင်းရွှေ့လာရသည့်အခါ ကင်းဘဲလမ်းအိုးဖိုမှာ ခေတ္တနေထိုင်ပါသည်။ ကျွန်ုပ်နှင့် တောင်ကြီးက စကားပြန် ဦးဘိုးဖံတို့နှစ်ဦးဟာ ခဏခဏသွားရောက်၍ နေထိုင်ကောင်းမွန်ကြောင်း မေးကြပါတယ်။ နောက်ပြီး စင်ရွှေသိုက်ဟာ သမတရာထူးမှ နုတ်ထွက်ပြီးသည့်အခါ ၁၉၅၂-ခုနှစ်၊ ဇူလိုင်လ ၈-ရက်နေ့မှာ ကျွန်ုပ်ဟာ စင်ရွှေသိုက်အတွက် လူ ၂၀၀-ကျော်၊ ၃၀၀-လောက်ကိုဖိတ်ကြား၍ ထမင်းစားပွဲကြီးတစ်ခု ပြုလုပ်တယ်။ အဲဒီလို ထမင်းစားပြုလုပ်သည့် ၆-နာရီတိတိအချိန်လောက်မှာ  ဦးခင်မောင်ဖြူ၏ကား "စေဘာ" (RD 2307) အနက်ရောင်ကားကို ကျွန်ုပ်ဟာ ပြူတင်းပေါက်မှကြည့်နေရာ သူ့ကားရောက်ပြီးမှ အလံထူထားသည့်မြို့တော်ဝန်ဦးထွန်းတင်ကား၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပျော်ဖွယ်ဦးမြကား၊ ၎င်း၏ကားနံပါတ်မှာ (RC 9977 ဖြစ်ပါသည်။ ဝန်ကြီးဦးဝင်းနှင့်စင်ရွှေသိုက်တို့ဟာ အင်မတ



စဝ်ရွှေသိုက်သမီး စဝ်စန္ဒာ၊ မကျင်မြင့်၊ စဝ်ရွှေသိုက်၊ မေပျော်ဘွယ်ဦးမြ၊ မဟာဒေဝီစဝ်ဟင်ခမ်း၊
ဦးစပ်စု၊ ဦးထွန်းတင်

နှ်ချစ်ခ

င်ကြပါတယ်။

ကျွန်ုပ်ထမင်းစားပွဲပြုလုပ်သည့်အခါ ဦးခင်မောင်ဖြူဟာ မလာပဲကို မနေနိုင်ပါဘူး။ ကျွန်ုပ်၏ ကြိုတင်ပေါင်းသင်းဆက်ဆံရေးပညာ တတ်ခြင်းကြောင့် အဖိုးတန်မှန်းသိ၍ လာရခြင်းဖြစ်ပါသည်။

## ဗမာ့တပ်မတော်ထောက်ပံ့ရေးကော်မီတီ ဦးစပ်စု

၁၉၄၄-ခုနှစ်အတွင်းမှာ ဗမာ့တပ်မတော်မှ တရုပ်အမျိုးသား ပြန်ဟတ်ဘွေအသင်းကြီးကို စာတစ်စောင်အကြောင်းကြားပေးပို့လိုက်တယ်။ ဗမာ့တပ်မတော်က ပေးပို့အကြောင်းကြားလိုက်သည့် စာကတော့ အခြားမဟုတ်ပါ။ ဤအသင်းကြီးထဲမှ ကိုယ်စားလှယ်တစ်ဦးဟာ ဦးဂိစာရလမ်း စစ်ဂန်ကြီးရုံးမှာလာရောက်ပြီး ဗမာ့တပ်မတော်ထောက်ပံ့ရေးရန်ပုံငွေအတွက် တိုင်ပင်ဆွေးနွေးရန်ဖြစ်တယ် လို့ပါရှိပါတယ်။ ကျွန်ုပ်တို့ပြန်ဟတ်ဘွေအသင်းကြီးဟာလည်း ဒီစာရောက်သည့်အချိန်မှာ အစည်းအဝေးကိုချက်ချင်းခေါ်လိုက်တယ်။ အစည်းအဝေးတက်ရောက်လာသည့် ကော်မီတီလူကြီးတွေဟာ ဗမာ့တပ်မတော်ကို ကိုယ်စားလှယ်လွှတ်ဖို့အကြောင်းကြားသည့်အခါ တစ်ယောက်ကိုတစ်ယောက် မျက်နှာကိုကြည့်ကြပြီး၊ စစ်ဂန်ကြီးရုံးကိုသွားဖို့သတ္တိမရှိပါဘူး။ အကုန်လုံး အသည်းကြောင်ကြပါသည်။

ဟိုတုန်းက စော်ဘွား ၆-ဦးဟာ ၆-ဂဏန်းမကောင်း၍ နောက်ထပ် ၃-ဦးဖြည့်၍ စော်ဘွား ၉-ဦးလုပ်ရန်ကို သဘောတူပါသော်လည်း လုပ်မည့်သူမရှိသလို ဖြစ်နေပြန်ပါတယ်။ ဟိုစဉ်အခါက လေယာဉ်ပျံဟာ ခဏခဏလာပြီးဗုံးအားကြီးချပါသည်။ ဗုံးထိကြသည့်လူ၊ စက်သေနတ်မှန်တဲ့လူတွေကို မြူနီစပါယ်အမှိုက်ကျုံးကားဟာ လူသေကောင်တွေကို ငပိကောင်တွေလိုထပ်တင်ပြီးယူသွားတာကို လူအများတွေ့မြင်ရတယ်။ အများအားဖြင့် နံနက်ပိုင်း ၉-နာရီ၊ ၁၀-နာရီလောက်ကျလျှင် လူတွေဟာ ကိုယ့်သားသမီး၊ မယား၊ ဆွေမျိုး၊ မိဘတစ်စုအားလုံးကိုခေါ်ပြီး မြို့အပြင်တောကောင်းသည့်နေရာမှာ သွားပြီးတော့ ပုန်းအောင်နေကြတယ်။ ဒီလို စစ်ဂုန်ကြီးရုံးကိုသွားပြီး၊ နေ့တိုင်းအလုပ်သွားဖို့ရာ ဘယ်သူမှ မလုပ်ရဲ၊ မသွားရဲကြပါဘူး။ ကျွန်ုပ်ဦးစပ်စုဟာ မိခင်လည်းရှိတယ်၊ သားသမီးမယားလည်း ရှိတယ်။ ဆွေမျိုး၊ ညီအစ်ကိုမောင်နမ သံယောဇဉ်တွေလည်း ရှိပါသေးသည်။

ကျွန်ုပ်ကပြောလိုက်တယ် "တရုပ်မြန်မာချစ်ကြည်ရေးအတွက် ဒီအစည်းအဝေးမှာ သွားမည့်သူ မရှိပါလျှင်၊ ကျွန်ုပ်ကိုခန့်ပါ။ ကျွန်ုပ်သွားပါမည်"လို့ ကတိခံလိုက်သည်။ ဒီတော့ ပြန်ဟတ်ဘွေအသင်း ကြီးရဲ့ စာအုပ်ထဲမှာ ဦးစပ်စုကို ဗမာ့တပ်မတော်ထောက်ပံ့ရေး ကော်မီတီလူကြီးခန့်လိုက်ပြီဆိုတာ ကို ရေးမှတ်ထားလိုက်တယ်။ နောက်ပြီးကျွန်ုပ်ကိုလည်း စာတစ်စောင်ရေးပေးလိုက်တယ်။ ကျွန်ုပ်အား ရေးပေးလိုက်သည့်စာကိုယူပြီးတော့ ကျွန်ုပ်ဟာ စစ်ဂုန်ကြီးရုံးကိုသွားပါသည်။

ဟိုတုန်းကစစ်ဂုန်ကြီးကတစ်ခန်း၊ ဗိုလ်ဇေယျက တစ်ခန်း ရုံးထိုင်ပါသည်။ ကျွန်ုပ်ဟာ ဒီစာကိုယူပြီး ဗိုလ်ဇေယျအခန်းကို ပထမသွားပါသည်။ ဟိုတုန်းက ဗိုလ်ဇေယျရဲ့ (P.A) က ဖြူဖြူ ချောချော လှလှ အသက် ၂၀-လောက်ပဲရှိဦးမည်။ သနားကမားချစ်စရာလည်းကောင်းသည်။ ယခု မြူနီစပါယ်မင်းကြီး ဗိုလ်မှူးကြီးထွန်းစိန်နှင့် တူပါသည်။ ဒီ (P.A) ဟာ ကျွန်ုပ်၏စာကိုယူပြီးတော့ ဗိုလ်ဇေယျထံကိုသွားပြတယ်။ ဗိုလ်ဇေယျဟာလည်း စာကိုကြည့်ပြီးသူ့အခန်းထဲကိုခေါ်တယ်။ ဒီစာကိုကြည့်ပြီး သူ့စာအုပ်ထဲမှာ ရေးမှတ်ထားလိုက်သေးတယ်။ နောက်ပြီး ဗိုလ်ဇေယျက ကျွန်ုပ်ကို စစ်ဂုန်ကြီးဗိုလ်အောင်ဆန်းထံကိုခေါ်သွားတယ်။

ဟိုတုန်းက စစ်ဂုန်ကြီး (P.A) ကလည်း သနားကမားနှင့် အသက်(၂၀)လောက်ပဲရှိပါသေးသည်။ ယခုဗိုလ်မင်းခေါင်နှင့်တူလှပါသည်။ ကျွန်ုပ်နှင့်ဗိုလ်အောင်ဆန်းတွေ့ရော သူကလည်းကျွန်ုပ်ကို နည်းနည်းမှတ်မိတယ်။

၁၉၄၀-ခုနှစ်မှာ ဗိုလ်အောင်ဆန်းနှင့်ဗိုလ်ရန်အောင်ဟာ ဟသ်ာတမှာတရားသွားဟောတယ်။သူတို့နှစ်ဦးတရားသွားဟောတာကို နိုင်ငံရေးနဲ့ငြိစွန်းတယ်ဆိုပြီး၊ ဟသ်ာတအရေးပိုင်ဟာ ဖမ်းဖို့ ဆုငွေ ၅-ကျပ် ထုတ်ထားပါသည်။ ၎င်းနောက် ၁၉-လမ်းမှ ဦးကျိုစင်နှင့် ယခုလမ်းမတော် တိုင်စီဂျစ်ကား ဒုတိယဥက္ကဋ္ဌဦးကျော်ခင် သူတို့နှစ်ဦးဟာ ဟိုက်လီသင်္ဘောသားများကို ပြောဆိုပြီး၊ ဟိုက်လီသင်္ဘောသားများ ည ၆-နာရီဘိုင်စကုတ်ကြည့်ပြီး သူတို့သင်္ဘောကိုပြန်သွားသောအခါ

ဗိုလ်အောင်ဆန်းနှင့် ဗိုလ်ရန်အောင်တို့နှစ်ဦးဟာ သူတို့နှစ်ဦးနှင့်ရောပြီး ဟိုက်လီသင်္ဘောပေါ်ကို သမ္ဗန်နှင့်သွား၍ တက်ရောက်သွားကြတယ်။ နောက်ပြီးဟိုက်လီသင်္ဘောဟာ ပီနံ၊ စင်ကာပူ၊ ဟောင်ကောင်သို့ရောက်သည့်အခါ သူတို့နှစ်ဦးကို အင်္ဂလိပ်အစိုးရတွေ့မှာစိုးသည့်အတွက်ကြောင့် ကုန်ထားသည့်နေရာတစ်ခုမှာ သင်္ဘောသားများဟာ ပုက်ထားပါသည်။ တရုပ်ပြည် အေမွိုင်မြို့ကို ရောက်တော့ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဗိုလ်ရန်အောင် သူတို့နှစ်ဦးဟာ အေမွိုင်မြို့ကို တက်သွားပါသည်။ အေမွိုင်မြို့တစ်ဖက်ကမ်း ကိုးလံစုမှာ ခေတ္တနေထိုင်ပြီးမှ ဂျပန်ပြည်ကိုသွားကြတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ ကျွန်ုပ်တို့တရုပ်လူမျိုး တရားဘက်မှာနာမည်ကျော်ကြားတဲ့ ဆရာကြီး ကွန်ဖြူရှပ်၊ နောက်ပြီးစစ်ဘက်မှာ နာမည်အလွန်ကျော်ကြားသည့် စစ်သူကြီး စွန်ဘူစုတို့ အကြောင်းလည်း ပြောပြတယ်။ သူကလည်း ခေတ်ဟောင်းရာဇဝင်တွေကို လေ့လာဖူးတယ်။ ကျွန်ုပ်ကလည်း ခေတ်ဟောင်းစာပေသင်ခဲ့သူတစ်ဦး ဖြစ်ခဲ့တယ်။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းဟာ အကြောင်းမှန်သမျှကို ကောင်းကောင်းဖြေရှင်းပေးနိုင်တာပဲ။

ကျွန်ုပ်ဟာ ဗိုလ်ချုပ်အောင်ဆန်းနှင့်စတွေ့သည့်အခါ ""စစ်ဂန်ကြီးထံကို ကျွန်ုပ်လာပါတယ်။ ကျွန်ုပ်ဟာ တရုပ်အမျိုးသား ဖြန်ဟတ်ဘွေအသင်းကြီးမှ ဗမာ့တပ်မတော်ထောက်ပံ့ရေးကော်မီတီ အဖြစ်လာပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကပြောပါသည်။ ""ဦးစပ်စုကို ဗမာ့တပ်မတော်ထောက်ပံ့ရေးကော်မီတီ လူကြီးအဖြစ်ခန့်တာ အင်မတန်မှဂမ်းသာပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်"" ဗိုလ်အောင်ဆန်းက ထပ်ပြီးဆက်ပြောပြန်တယ်။ ""ဗမာ့တပ်မတော်က အစည်းအဝေးဖိတ်စာလာရင် ဘယ်လိုပဲ လေယာဉ်ပျံ လာဖုံးလာချချတက်ရောက်ရမယ်၊ ကြောက်စိတ်ဟာလည်းနည်းနည်းလေးမှမထားရဘူး"" လို့ ကျွန်ုပ်ကို ပြောတယ်။

ကျွန်ုပ်ကလည်းပြန်ပြောလိုက်တယ်။ ""ယောက်ျားပီပီ တာဝန်ယူပြီးသည့်နောက်မှာ ဘယ်လိုပဲ ခဲရာခက်ဆစ်ဖြစ်ဖြစ် ရဲရဲဂံဂံနှင့်ရင်ဆိုင်ပြီး (မျက်စိရှေ့မှာတောင်ကြီးပြိုကျပြီး နောက်ကလည်း ကျားကြီးလိုက်လာပါစေ မကြောက်မရွံ့နှင့် မျက်နှာထားတစ်စိမပျက်ပါဘူး) လို့ ပြောဆိုလိုက်တော့ ဗိုလ်အောင်ဆန်းက ထပ်ပြီးပြန်ပြောတယ်။ ""ယောက်ျားပီပီ တိုင်းပြည်တစ်ခုလုံး၏ခေါင်းဆောင် လုပ်မည်ဆိုလျှင် တိုင်းပြည်မှာအဆိုးဆုံးတစ်ခုတွေ့လာရင် ကိုယ်ကရှေ့ကသွားရမယ်၊ အကောင်းဆုံး တစ်ခုတွေ့လာလျှင်လည်း ကိုယ်ကနောက်မှာနေရတယ်""


ဗိုလ်အောင်ဆန်းပြောထားသည့်စကားဟာ မှန်နေပြီ။ အဆိုးဆုံးကိုတွေ့တော့ ရှေ့ကသွားသည့် ဗိုလ်အောင်ဆန်းဟာ သေရှာပြီ။ အကောင်းဆုံးကိုတွေ့တော့လည်း ဗိုလ်အောင်ဆန်းဟာ နောက်ချန် နေရစ်ခဲ့ပြီ။

ကျွန်ုပ်ဟာ ဗိုလ်ချုပ်အောင်ဆန်းပြောသည့် စကားနှစ်ခွန်းကို ကတိခံထားမိသည့်အတွက် အဆိုးဆုံးကိုတွေ့ရင် ရှေ့ကနေပြီးတော့ ခေါင်းဆောင်မယ်။ အကောင်းဆုံးကိုတွေ့ရင် ကျွန်ုပ်က နောက်ကလိုက်မယ်။ ဒါမှလည်းခေါင်းဆောင်ကောင်းပီသမယ်။ ဒါကြောင့် ကျွန်ုပ်မှာ အိမ်ပိုင်တစ်လုံး ကားပိုင်တစ်ခုမရှိသေးပါဘူး။ ကျွန်ုပ်အခု လမ်းသွားလမ်းလာရတာလည်း ဘတ်(စ်)ကား (သို့မဟုတ်) လမ်းမတော်တိုင်စီဂျစ်ကားနှင့် သွားလာနေရပါသည်။ ငွေလည်းအမြောက်အမြားမရှိပါဘူး။ အလုပ်လုပ်ဖို့ နည်းနည်းပါးပါးနှင့် စားလောက်ရုံပဲရှိပါသည်။ ကျွန်ုပ်ဟာ ကျွန်ုပ်နှင့်ကြိုတင်ပေါင်းထားသည့် အစိုးရထိပ်တန်းလူ၊ ဒုတိယတန်းလူများနှင့်ပေါင်းသင်းပြီး အခွင့်အရေးယူမယ်ဆိုရင် ကျွန်ုပ်မှာ ယခုအချိန်အခါ သိန်း ၁၀၀-ထက်မနည်း အသာလေးရှိပါတယ်။ ကျွန်ုပ်ပြောတာကို မယုံကြည်ခဲ့ပါလျှင် စသုံးလုံးရုံးမှာ ကျွန်ုပ်၏နာမည်တိုင်းရင်းသားထဲမှ သန်းခေါင်စာရင်းနှင့် သားမယားနာမည်များကို အချိန်မရွေးဒီစာကိုယူပြီး ရီစစ္စရီရုံးမှာ သွားရောက်စုံစမ်းစစ်ဆေးနိုင်ပါသည်။ ကျွန်ုပ်ဟာ ဘာတွေဂယ်ထားတယ်၊ မဂယ်ဘူးဆိုတာရယ်၊ ရှိတယ်မရှိဘူးဆိုတာတွေကို သေချာစွာသိနိုင်ပါတယ်။ ဘဏ်တိုက်မှလည်း ကျွန်ုပ်၏ဂင်ငွေထွက်ငွေစာရင်းကို စစ်ဆေးနိုင်ပါသေးတယ်။ ဒါတွင်မကသေးဘူး ဘဏ်တိုက်မှာထည့်ထားသည့် အာမခံပစ္စည်းသေတ္တာတွေကို လိုက်ပြီးစုံစမ်းစစ်ဆေးသည့်အခါမှာ ဦးစပ်စုနာမည်နှင့် သားမယားနာမည်ကိုတွေ့ရှိပါသလား။ အကယ်၍စုံစမ်း၍တွေ့ပြီ၊ ကျွန်ုပ်မှာ ယခုထက်ထိ တိုက်ပိုင်၊ ခြံပိုင်၊ ကားပိုင်တွေရှိခဲ့လျှင် ကျွန်ုပ်ကိုဖမ်းပြီးတော့ အာဇာနည်ကုန်း ကျွန်ုပ်၏ဆရာဟောင်း စစ်ဂန်ကြီး ဗိုလ်အောင်ဆန်းဂူရှေ့မှာ သတင်းစာဆရာတွေ၊ ရေဒီယိုအသံလွှင့် ဌာနမှ ကြိုတင်၍တိုင်းသိပြည်သိကြေညာပြီး ကျွန်ုပ်ကိုကျွန်ုပ် ရင်ခွဲသတ်ပြပါမည်။

နောက် ကျွန်ုပ် သက်သေတစ်ခုပြနိုင်ပါသေးသည်။ ကျွန်ုပ်ဟာ အသက် ၅၈-နှစ်ရှိပါပြီ။ ကျွန်ုပ်မှာ သွေးတိုးရောဂါလည်းရှိသည့်အပြင် အူကျတဲ့ရောဂါလည်း ရှိပါသေးသည်။ ခေါင်းကလည်း နေ့တိုင်းမူးတယ်။ သတိကလည်း ခဏခဏမေ့တယ်။ ဇက်ကြောကလည်းတင်းတယ်။ ကျွန်ုပ်ဇနီးဟာ နေ့တိုင်းနေ့တိုင်း နှိပ်ပေးရပါတယ်။ နေ့တိုင်းပရုပ်ဆီကို နေ့တိုင်းဆောင်ပြီး လိမ်းနေရပါတယ်။ ကျွန်ုပ်ဒီရောဂါတွေစွဲကပ်လာတာဟာ ၄-နှစ်လောက်ရှိပါပြီ၊ တစ်နှစ်ထက်တစ်နှစ် ရောဂါဟာ တိုးတိုးလာပါတယ်။ ကျွန်ုပ်ရဲ့သားမယားဟာလည်း ပင်ပင်ပန်းပန်းနှင့် စားသောက်နေထိုင်ရပါသည်။

ကျွန်ုပ်၏သားမယားဟာ ပြပွဲပြိုင်ပွဲရှိသည့်အခါမှာ ခရီးဝေးဝေးနီးနီး၊ နေပူမိုးရွာမရှောင်၊ အေးတာချမ်းတာကိုလည်း ဂရုမစိုက်ပဲ ညကြီးသန်းခေါင်မရှောင် (ဥပမာ- ကမ္ဘာအေးပြပွဲကွင်းကြီးထဲမှာ လေတပူးပူးနှင့် ဗွီ စီးကရက်မကျှပ်ထဲမှာ လက်လီတစ်ပူးချင်းရောင်းနေရပါတယ်) ခလေးများကိုလည်း

ထားခဲ့၍မဖြစ်သည့်အတွက်ကြောင့် ခေါ်သွားရပါသည်။ ၂နှစ် ၃နှစ် နို့စို့အရွယ်ကလေးများဟာ သန်းခေါင်လောက်ကျရင် အိပ်ချင်ကြပါ၍ ခလေးတွေကို စီးကရက်သေတ္တာကြီးများအပေါ်မှာ ၁ယောက်၊ နှစ်ယောက်၊ သုံးယောက်ကို တန်းစီပြီးသိပ်ထားရပါသည်။ ပြပွဲလာကြည့်ရှုသူများဟာလည်း ခလေးတွေ အိပ်နေတာကိုကြည့်ပြီး သနားသွားကြပါတယ်။



ဗွီးစီးကရက်မဏ္ဍပ်တွင် ဦးစံရုတ်အိမ်သားတစု

တစ်ခါက ဗွီစီးကရက်ကုမ္ပဏီသူဌေး ချန်ကီဟွား မဏ္ဍပ်ကိုလာသည့်အခါ ဒီညဟာလည်း အင်မတန်ချမ်းအေးပါသည်။ ခလေး ၃-ယောက်ဟာ စီးကရက်သေတ္တာတွေပေါ်မှာ စောင်မလုံမလောက် နှင့်အိပ်နေတာကို မြင်သွားသည့်အတွက် လူကြီးတွေကိုဆူ၍ ခလေးတွေအအေးမိပြီး မတော်တဆ ဖျားနာရင် ဘယ့်နဲ့လုပ်မလဲဆိုပြီး၊ သူဝတ်ထားတဲ့ကုတ်အင်္ကျီကို ခါးထဲမှချွတ်ပြီး ခြုံပေးသွားပါတယ်။ သူဟာ ရှပ်အင်္ကျီနှင့်ပဲပြန်သွားတယ်၊ ဒီလောက်စိတ်ထားကောင်းမွန်လှသည့် သူဌေးကို ကျွန်ုပ်နှင့် ကျွန်ုပ်ဇနီးဟာ ဒီတစ်သက်မှာ ဘယ်တော့မှမေ့ပျောက်ရူးမမေ့ပါဘူး။

ပြပွဲကိုလာကြည့်ကြသော လူထုနှင့်တကွ အားလုံးသောလူကြီးလူကောင်းများဟာ ကျွန်ုပ်နှင့် ကျွန်ုပ်ဇနီးကို ဗွီ စီးကရက်မဏ္ဍပ်ထဲမှာ အမြဲမြင်တွေ့နိုင်ပါတယ်။ ဒါတင်မကသေးပါဘူး။ သမတဦးဂင်းမောင်၊ သခင်နုနှင့်တကွ လူကြီးလူကောင်းများအားလုံးဟာ ကျွန်ုပ်တို့နှင့် မဏ္ဍပ်ထဲမှာ အမြဲတမ်းတွေ့ဆုံနေတာများပါတယ်။ ကျွန်ုပ်ပြောတာကို မယုံကြည်ခဲ့ပါလျှင် ဓါတ်ပုံနှင့်တကွ သေသေချာချာ ရှင်းပြနိုင်ပါသေးတယ်။

ဒီဓါတ်ပုံကို ကြည့်ရှုမြင်လိုက်ရသည့်သူဟာ အတော်ကိုပဲ အံ့သြစရာတစ်ခုဖြစ်နေမှာပါပဲ။ ကျွန်ုပ်ဦးစပ်စုကိုလည်း အလွဲသုံးစားလုပ်တယ်လို့ ထင်ကြမှာပါပဲ။ ဗွီစီးကရက်ကုမ္ပဏီထဲမှာ သူဟာ ရှယ်ယာတစ်ပြားမှမပါသည့်သူလည်းဖြစ်တယ်၊ ဗွီစီးကရက်ကုမ္ပဏီဟာ မစ္စတာကျန်ကီအင်း ပိုင်တာ ဖြစ်တယ်။ သူဟာလည်း ဒီစီးကရက်မဏ္ဍပ်ထဲမှာ ရှိတယ်။ သမတဦးဂင်းမောင် မဏ္ဍပ်ထဲကို ကြွရောက်လာသည့်အခါ ဦးစပ်စုဟာ ဦးစားပေးပြီးစကားပြော၍ ဦးဂင်းမောင်၏ ဘယ်တစ်ဖက်၊ ညာတစ်ဖက်မှာ ကျွန်ုပ်တို့ဇနီးမောင်နှံနှစ်ယောက်ပဲ ရှိနေကြပါသည်။ ကျွန်ုပ်တို့ဇနီးမောင်နှံဟာ ဗွီစီးကရက်ပိုင်ရှင်ရှိလျက်နှင့် အလွဲသုံးစားလုပ်ထားသည့်ဓါတ်ပုံမဟုတ်ပါ။



(ဝဲမှ ယာ)မကျင်မြိုင်၊ သမတ ဦးဝင်းမောင်၊ ဦးစပ်စု၊ ဗွီစီးကရက်
သူဌေး-မစ္စတာကျန်ကီအင်း၊ လူထုစီးကရက် ဦးချို

၁၉၅၇-ခုနှစ်၊ မတ်လ ၁၃-ရက်နေ့မှာ ဦးဂင်းမောင်ဟာ သမတဖြစ်ပါသည်။ ဦးဂင်းမောင် သမတဖြစ်ပြီး၍ ၃-ရက်ထဲခြားပါသည်။ ၁၉၅၇-ခုနှစ်၊ မတ်လ ၁၆-ရက်နေ့ညနေ ၆-နာရီ ၁၅-မိနစ်၌ ဗွီစီးကရက်မဏ္ဍပ်ကို ရောက်ရှိလာပါသည်။ သမတဦးဂင်းမောင်ဟာ ရွှေတိဂုံဘုရား အနောက်ဖက်မုခ် စက်မှုလက်မှုပြပွဲပြိုင်ပွဲကွင်းကို ပထမ မြောက်ဖက်ကွင်းသို့ သွားကြည့်ပါသည်။ စက်မှုလက်မှုဂန်ကြီးဗိုလ်ခင်မောင်၊

စက်မှုလက်မှုအသင်းဥက္ကဋ္ဌလူထုဦးချိုခေါင်းဆောင်ပြီးတော့ မြောက်ဖက်ကွင်းက အစိုးရပြခန်းမဏ္ဍပ်များနှင့် ကုန်သည်ဘက်ကပြသည့် ပြခန်းမဏ္ဍပ်များပေါ်ကို တက်ပြီးတော့လျှောက်ကြည့်ကြပါသည်။

ကျွန်ုပ်တို့မဏ္ဍပ်ရှိသည့်တောင်ဘက်ကွင်းကို ရောက်လာသည့်အခါ သမတကလည်း ၎ လည်းဂတယ်၊ အစိုးရပြခန်းတွေကိုပဲတက်ပြီးတော့ဂင်ကြည့်တယ်၊ အခြားမဏ္ဍပ်များကို အများအားဖြင့် တက်ပြီးဂင်၍မကြည့်တော့ပါဘူး။ ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့သူဌေး ကျန်ကီအင်းကို တိုင်ပင်တယ်။ သမတဟာ တော်တော်မောနေပြီ။ ကျွန်ုပ်၏ ဗွီစီးကရက်မဏ္ဍပ်ဟာ လေးငါးထောင်အကုန်ခံပြီး ဒီလောက်လှအောင်ပြုလုပ်ထားတယ်။ သမတဟာ ကိုယ့်မဏ္ဍပ်ထဲကို တက်ကြည့်သည့်အခါ ဓါတ်ပုံတစ်ခု ရိုက်ထားရပါလျှင် ဘယ်လောက်ဂုဏ်ယူစရာကောင်းပါသလဲ။ နောက်ပြီးတော့ သူနှင့်အတူပါလာသည့် လူတွေကကော ပတ်ပတ်လည်ဂင်ကြည့်ကြသည်။ လူတွေကတော့ ကျွန်ုပ်၏ဗွီစီးကရက်ကုမ္ပဏီမဏ္ဍပ်ဟာ နောက်ဆုံးနှင့်ချောင်ကျသည့်နေရာဖြစ်တယ်လို့ အများအပြားကပြောဆိုသည့်နေရာဖြစ်နေပါသည်။



ခနောင်ထော်ရွာကရင်-ဗမာ ချစ်ကြည်ရေးမဏ္ဍပ်တွင်
(ယာမှဝဲ) ကရင်ရေးရာအရေးပိုင်- ဦးလှကျော်၊ မအူပင်
မြို့-လူကြီးဦးသောင်း၊ ကရင်စပ်စု၊ မအူပင် ရာဇဝတ်
ဝန်ကြီး ဦးစံလှ၊ မအူပင်ခရိုင်ဝန်-ဦးလတ်ညွန့်

ကျွန်ုပ်ကလည်း သမတကိုကိုယ့်မဏ္ဍပ်ထဲသို့ဝင်လာအောင် ဘယ်လိုလုပ်ရပ့်ါမလဲဆိုတာ စဉ်းစားနေတယ်။ ဒီလိုစဉ်းစားနေသည့်အခါမှာ ကျွန်ုပ်ဟာ ဖျပ်လတ်သည့်အကြံဉာဏ်တစ်ခုဟာ ခေါင်းထဲမှာ ထွက်ပေါ်လာပါသည်။

## ကရင်စပ်စု

ကျွန်ုပ်ဟာ ဦးဂင်းမောင်သမတ မဖြစ်ခင်အချိန်က လွန်ခဲ့သည့် ၁၈-နှစ်လောက်မှာ ကရင် စပ်စုလို့တစ်ကြိမ်ဖြစ်ခဲ့ဖူးပါသေးသည်။ ဦးဂင်းမောင်ဟာ ကျွန်ုပ်နှင့်မယားညီအစ်ကိုတော်သူ မအူပင်ခရိုင် ခနောင်ထော်ရွာနေ ကရင်ရေးရာအရေးပိုင် ဦးလှကျော်နှင့် ညီအစ်ကိုလိုချစ်ခင်ကြပါသည်။ ကျွန်ုပ်ဇနီး မကျင်မြိုင်ကိုလည်း သူတို့ဟာ အင်မတန်မှချစ်ခင်ကြပါသည်။

ဦးလှကျော်တို့ ဗမာ၊ ကရင်ချစ်ကြည်ရေး ငြိမ်းချမ်းရေးလုပ်သည့်အခါမှာ ဦးဂင်းမောင်၊ ဦးအောင်ပ၊ ဗိုလ်အောင်မြိုင်၊ ဗိုလ်အောင်ဒင်တို့တစ်တွေထဲမှာ ကျွန်ုပ်တို့ဇနီးမောင်နှံလည်း ပါပါတယ်။ မဂ္ဂဇင်းထဲမှာ ကျွန်ုပ်တို့ဇနီးမောင်နှံဟာ ဓါတ်ပုံတစ်ပုံရိုက်ကူးထားတယ်။ ဓါတ်ပုံရိုက်သည့်အခါ ကျွန်ုပ်က ပြည်ထောင်စုအလံဘက်ကနေ၍ ကျွန်ုပ်၏ဇနီးမကျင်မြိုင်က ကရင်အလံဘက်ကနေပြီး ဗမာနှင့်ကရင် ချစ်ကြည်ရေးလုပ်လိုက်ပါသည်။ ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့အခါလည်သား စပ်စုလေးကို ပွေ့ချီထားပါသည်။ ပြည်ထောင်စုအလံက ကရင်အလံထက် ကြယ်လေးပွင့်ပိုတယ်။ ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့သားကလေးကို ချော့လိုက်ပြီးမျက်နှာကို ဒီဘက်လှည့်လိုက်တယ်။ ဘယ်လိုပဲချော့ပြီး မျက်နှာကို ဒီဘက်လှည့်အောင်လုပ်ပေမယ့် ကျွန်ုပ်၏သားကလေးဟာ မရပါဘူး။ သူ့အမေဘက်ကိုပဲ လှည့်ကြည့် နေတာပါပဲ၊ ကျွန်ုပ်၏စိတ်ထဲမှာ ထင်မိတာကတော့ စပ်စုလေးဟာ ကြီးလာလျှင် သူ့အမေဘက်ကိုပဲ ပါသွားလိမ့်မယ်လို့ ထင်မိပါသည်။



ဓလေးအိမ်စု၊ ကရင်-ဗမာ ညီလာခံတွင် ဦးစပ်စုမိသားစု

ကျွန်ုပ်ဟာ ကျွန်ုပ်နှင့်မယားညီအစ်ကိုတော်သည့် ဦးလှကျော်ထံမှာ ကရင်ဗမာချစ်ကြည်ရေး လုပ်လိုက်ပြီး၊ ကရင်ဗမာချစ်ကြည်ရေးဓါတ်ပုံများကိုလည်း ရိုက်ကူးထားလိုက်ပါသည်။

နောက် ကျွန်ုပ်ဟာ ရန်ကုန်ကိုပြန်ရောက်လာသည့်အခါ ၁၉၅၂-ခု၊ ဇူလိုင်လ ၃၀-ရက်နေ့ ကျွန်ုပ်နှင့် မယားညီအစ်ကိုဦးလှကျော်၊ ဟိုတုန်းကလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းမောင်တို့ကို သွားပြီးတော့ ကျွန်ုပ်ဟာတိုင်ပင်တယ်။ ကရင်လူကြီးလူကောင်းများဟာ ကြည့်မြင်တိုင် ဦးလူနီလမ်းက ကရင်အဖွဲ့ချုပ်မှာ ကရင်လူကြီးလူကောင်းများ အစည်းအဝေးကျင်းပပွဲကြီးတစ်ခုရှိတယ်။ ကျွန်ုပ်နေထိုင်သည့်လမ်းမတော်မှာလည်း ဗမာကရင်ချစ်ကြည်ရေးကိုလုပ်ချင်ပါသည်။ သို့အတွက် ဦးဝင်းမောင်ကစီစဉ်ပေးပါလို့ သွားရောက်၍တိုင်ပင်ပြောဆိုပါသည်။ ဦးဝင်းမောင်ကလည်း ကျွန်ုပ်နှင့် ဦးလှကျော်ပြောသည့်စကားကိုနားထောင်ပြီး ကရင်လူကြီးလူကောင်းမှန်သမျှကို စာရင်းပေးပါတယ်။ ဦးဝင်းမောင်ပေးခဲ့သည့်စာရင်းအရ ကရင်လူကြီးလူကောင်းများကို ဖိတ်ကြား၍ ဒီနေ့မှာ ကရင် ထိပ်တန်းလူကြီးလူကောင်း ၄၀-၅၀ လောက် ကျွန်ုပ်၏လမ်းမတော်မှာ ဗမာကရင်ချစ်ကြည်ရေးထမင်း စားပွဲကို ပြုလုပ်ကျင်းပလိုက်ပါသည်။




ကရင်ခေါင်းဆောင်များ၊ ထမင်းစားပွဲတွင် (ဝဲမှယာ)
မကျင်မြိုင်၊ ဦးစက်စု၊ ဦးဝင်းမောင်၊ ဗိုလ်-မန်နေဂျာ-ဟင်ဟင်ဒွား

ကြွရောက်လာကြသည့် လူကြီးလူကောင်း ၄၀-၅၀ ထဲမှာ ကျွန်ုပ်ဟာ အတိတ်နိမိတ် ရုပ်ရည်လက္ခဏာအကဲခတ်ဗေဒင်ကို စဂ်ရွှေသိုက်၊ ဒေါက်တာဘဦး တို့လို အကဲခတ်၍ကြည့်မိလိုက်တယ်။ အဲဒီလို အကဲနိမိတ်ဖတ်ကြည့်ပြီးတော့ ကျွန်ုပ်ဟာ ကရင်လူကြီးလူကောင်းများနှင့်တွဲပြီးတော့ ဓါတ်ပုံလျှောက်ရိုက်လိုက်ပါသည်။

ဓါတ်ပုံရိုက်ပြီးသွားသည့်အခါကျတော့ ကျွန်ုပ်နှင့် ကျွန်ုပ်၏ဇနီး မကျင်မြိုင်၊ ဦးဂင်းမောင် ဗွီစီးကရက်ကုမ္ပဏီလက်ထောက်မန်နေဂျာ၊ ဒီလေးယောက်တွဲပြီးရိုက်ကူး ထားသည့်ဓါတ်ပုံဟာ အလှဆုံး၊ အခန့်ဆုံးပုံဖြစ်နေပါသည်။

ကျွန်ုပ်ဟာ အကယ်၍ နောက်လာမည့် ၅-နှစ်၊ ၁၉၅၇-ခုနှစ်မှာ ကရင်အမျိုးသားအလှည့် သမတလုပ်ဖို့ကျသည့်အခါ ဦးဂင်းမောင်ဟာ ကျိန်းသေ သမတဖြစ်ဖို့ကိန်းရှိတယ်ဆိုတာကို ကျွန်ုပ်က ကျွန်ုပ်ရဲ့ဇနီးမကျင်မြိုင်ကို ပြောပြလိုက်တယ်။ ဒီညမှာ ကရင်ထိပ်တန်းလူကြီးလူကောင်းများကို ဦးဂင်းမောင်ဟာ တစ်ယောက်စီတစ်ယောက်စီ ကျွန်ုပ်ကိုမိတ်ဖွဲ့ပေးတယ်။ နောက်ပြီးတော့ ဦးဂင်းမောင်ဟာ ကျွန်ုပ်ကို ကရင်စပ်စုလို့ နာမည်ပေးလိုက်ပါသည်။

ဒီထမင်းစားပွဲဟာ ၁၉၅၅-ခုနှစ်၊ ဇန်နဂါရီလ ၅-ရက်နေ့ မအူပင်ခရိုင် လေးအိမ်စုရွာမှာ ပြည်လုံးကျွတ်ကရင်အမျိုးသားညီလာခံကြီးကို ကြိုတင်၍ ၃-နှစ်လောက်က အုတ်မြစ်ချတာနှင့် တူလှပါသည်။ နောက် လေးအိမ်စု မှာ ကရင်အမျိုးသားပြည်လုံးကျွတ်ညီလာခံကြီး ကျင်းပသည့်အခါမှာ နိုင်ငံတော်ဂန်ကြီးချုပ်ဟောင်း ဦးနု၊ ဒုတိယဂန်ကြီးချုပ်ဟောင်း ဦးဗဆွေ၊ ဂန်ကြီးဟောင်း သခင်ချစ်မောင်၊ ကယားဂန်ကြီး စောဂလ္လာ၊ ကချင်ဂန်ကြီး ဆမားဒူးဂါးဆင်ဂါနောင်၊ ချင်းရေးရာဂန်ကြီး ဦးဆင်ထမ်း၊ ဦးဂင်းမောင်၊ ဂန်ကြီးဦးအောင်ပ၊ ပါလီမန်အမတ်မန်းတင်အောင်သန်း၊ ဗိုလ်အောင်မြိုင်၊ ဗိုလ်အောင်ဒင်၊ စောဘသန်း၊ ဦးထွန်းစိန်(သမတကတော်ဒေါ်မြမေ၏အစ်ကို)၊ မန်းသာရှင်တို့တစ်တွေဟာ သင်္ဘောတစ်စီးတည်းအတူတူစီးပြီးတော့ လေးအိမ်စုကရင်အမျိုးသားညီလာခံ အစည်းအဝေးပွဲကြီးကို လာပြီးတော့ တက်ရောက်ချီးမြှင့်အားပေးကြပါသည်။



လေးအိမ်စု၊ ကရင်-ဗမာ ညီလာခံတွင် ကရင်ဗဆွေ၊ ကရင်စပ်စု

ဦးနနင့်ဦးဗဆွေ သူတို့နှစ်ဦးကလည်း ၂-နာရီလောက်ကြာကြာမိန့်ခွန်းစကားပြောကြပါတယ်။ ကြွရောက်လာကြသည့် ကရင်အမျိုးသားများကလည်း တစ်သိန်းလောက်ရှိတယ်။ ဦးနပြောသည့် မိန့်ခွန်းနှင့် ဦးဗဆွေပြောသည့် မိန့်ခွန်းစကားများကို လက်ခုပ်တီးသြဘာပေးတာ နားကွဲလုမတတ်ပါပဲ။ ကြွရောက်လာကြသည့် တစ်သိန်းလောက်ရှိသည့် ကရင်အမျိုးသားထုဟာ ကရင်န-ကရင်ဆွေဆိုပြီးတော့ တအားပဲ ကြွေးကြော်ကြတယ်။ ဒီညီလာခံပွဲကြီး ကျင်းပပြီးစီးသွားသည့်အခါမှာ ကရင်-ဗမာ ချစ်ကြည်ရေးဟာ အများကြီးပိုမိုခိုင်လုံသွားတယ်။ ကရင်-ဗမာစိတ်မချမ်းသာစရာအလုပ်မျိုးတွေလည်း မပေါ်ပေါက်တော့ပါဘူး။ နောက်ပြီး ဒီလေးအိမ်စုမှာ ကရင်ပြည်လုံးကျွတ်ညီလာခံကြီး ထမြောက် အောင်မြင်ပြီးစီးသွားသည့်အခါ မြန်မာနင့်ကရင်ချစ်ကြည်ရေးကို စည်းလုံးညီညွတ်ခိုင်မြဲသွားပြီး၊ ၁၉၅၇-ခုနစ်မှာ သမတရွေးကောက်ပွဲတင်မြှောက်သည့်အခါ ဟိုစဉ်အခါက ထိပ်တန်းခေါင်းဆောင် များဟာ ဦးဂင်းမောင်ကို သမတမြှောက်ဖို့ အဆိုတင်တာလည်း ပြည်ထောင်စုတစ်ခုလုံးနှင့် သူဌေးများကပါအားလုံးထောက်ခံကြပါသည်။ ကန့်ကွက်မည့်သူလည်း တစ်ဦးတစ်ယောက်မှ မရှိခဲ့ပါဘူး။ ဦးဂင်းမောင်ကလည်း သူ့မူလလမ်းစဉ်အရ ကရင်အမျိုးသားများနှင့် မြန်မာအမျိုးသားများ ပူးပေါင်းမှ နှစ်ဘက်စလုံး အကျိုးဖြစ်ထွန်းပြီး၊ ပြည်ထောင်စုတစ်ခုလုံးပါ အကျိုးအမြတ်ဖြစ်ထွန်းနိုင်ပါလိမ့်မည်။ ဒီလို ကရင်-မြန်မာပူးပေါင်းပြီး စည်းလုံးညီညွတ်သည့်တန်ဖိုးဟာ အဖိုးဖြတ်လို့မရပါဘူးလို့ ပြောဆို၍ နေကြပါတယ်။

ကရင်ပြည်လုံးကျွတ်အမျိုးသားညီလာခံကြီးကို လေးအိမ်စုမှာ ကျင်းပသည့်အခါ ဗွီစီးကရက် ကုမ္ပဏီသူဌေး မစ္စတာကျန်ကီအင်းဟာ သူ့ကုမ္ပဏီမှထွက်သည့် စီးကရက်များကို ကျွန်ုပ်အား အများကြီးပေး၍ ကျွန်ုပ်မှတဆင့် ကျွန်ုပ်၏မယားညီအစ်ကို ဦးလှကျော်ကို ပေးအပ်ပြီးတော့ ဒီကရင်အမျိုးသားညီလာခံကြီးမှာ ဧည့်ခံခိုင်းတယ်။ ဒီညီလာခံကြီး ထမြောက်အောင်မြင်ပြီးစီးတာဟာ ကျွန်ုပ်ကကြိုတင်၍ ၃-နှစ်လောက်က ဒီလေးအိမ်စုကရင်အမျိုးသားခေါင်းဆောင်ကြီးဦးဂင်းမောင်၊ ဦးလှကျော်၊ ဦးအောင်ပတို့တစ်တွေလည်း ကြိုတင်ပြီးအုတ်မြစ်ချပေးခဲ့သည့်သူတွေပါ။ ဒီအုတ်မြစ်ချပွဲမှာ ကျွန်ုပ် ကရင်စပ်စု ပါဂင်တဲ့လူမဟုတ်ဘူးလို့ ဘယ်သူမှမပြောနိုင်ပါဘူး။ ကျွန်ုပ်ကရင်စပ်စုလည်း အပါအဂင်ဖြစ်ခဲ့ပါသည်။

ကျွန်ုပ်ဟာ မကြာခင်က ကျွန်ုပ်၏ဇနီးမကျင်မြိုင်နှင့်အတူ ကျွန်ုပ်နှင့်မယားညီအစ်ကိုတော်သူ ဦးလှကျော် နေထိုင်မကောင်းသည့်ကိစ္စကို ကျွန်ုပ်တို့တစ်တွေဟာ အိမ်တော်က အိမ်ပုပုကလေးမှာ သွားပြီးတော့တွေ့ဆုံ၍ မေးမြန်းတယ်။ လဖက်ရည်ပါသောက်ကြပြီး ရီစရာမောစရာစကားများ ပြောဆိုကြသည့်အခါ ဦးဂင်းမောင်ကပြောတယ်။ ဦးစပ်စုဟာ သတင်းစာထဲမှာ စော်ဘွားလိုဂတ်ထား တာကိုတွေ့ရတယ်။ အင်မတန်မှကြည့်လို့လည်းကောင်းတယ်။ စော်ဘွားစပ်စုလည်း ဖြစ်ပြီးပြီ၊ ကရင်စပ်စုလည်းဖြစ်ပြီးပြီ၊ နာဂစပ်စုတစ်ကြိမ်ဖြစ်ပါဦးလို့ ပြောဆိုတယ်။

**နာဂစပ်စု**

သူ၏အိမ်ပုပုကလေးထဲမှာလည်း နာဂခေါင်းဆောင်တွေဆောင်းသည့် ဦးထုပ်တစ်လုံးရှိပါသည်။ ဒီဦးထုပ်ဟာ အင်မတန်မှလှ၍ အသစ်ကြီးလည်းဖြစ်နေပါတယ်။ ဦးတင်မောင်ကိုယ်တိုင် ဒီဦးထုပ်ကို ယူလာပြီးတော့ ကျွန်ုပ်ဦးခေါင်းမှာ လာဆောင်းပေးပါသည်။ ဒီနာဂဦးထုပ်ကလည်း ကျွန်တော့်ခေါင်းနှင့် အတော်ပါပဲ။ ဦးဂင်းမောင်ဟာ တစ်ခါတည်းဂမ်းသာအားရနှင့် နာဂစပ်စုဟာ စော်ဘွားစပ်စုထက် ပို၍ကြည့်ကောင်းတယ်။ တိုင်းပြည်ကသိအောင် ဘယ်လိုလုပ်မလဲလို့ ဦးဂင်းမောင်က ကျွန်ုပ်ကို မေးတယ်။ ကျွန်ုပ်ကလည်း ဦးဂင်းမောင်မေးတော့ ဘယ်လိုပြန်ပြောပြလိုက်သလဲဆိုရင် ၁၉၆၁-ခုနှစ် ဖေဖေါ်ဂါရီလ ၁၂-ရက်နေ့မှာ ပြည်ထောင်စုနေ့ကို အိမ်တော်၌ လူပေါင်းစုံကို ဧည့်ခံပွဲပြုလုပ်ကျင်းပသည့်အခါ သမတနှင့် သမတကတော် ဒေါ်မြမေတို့နှစ်ဦးက ကရင်ဂတ်စုံကို ဂတ်ပါ။ ကျွန်ုပ်နှင့် ဇနီးမကျင်မြိုင်က နာဂအမျိုးသား အမျိုးသမီးဂတ်စုံကို ဂတ်ပါမယ်။ နာဂအမျိုးသား အမျိုးသမီးလိုဂတ်ဖို့ ဂတ်စုံကိုလည်း သမတဟာ ကြိုတင်ရှာထားလိုက်ပါ။ ဒီတစ်ကြိမ်ကျလျှင် နာဂအမျိုးသားအမျိုးသမီးများကိုလည်း ခပ်များများခေါ်ပါ။ ကျွန်ုပ်တို့လင်မယားနှစ်ဦးဟာ နာဂအဂတ်အစားကိုဂတ်ပြီး၊ နာဂမှလာသည့် နာဂတွေနှင့်ရောပြီးတော့ ပြည်ထောင်စုသားများကို လိုက်ပြီးတော့ပြမယ်။ ဒီလို ကျွန်ုပ်တို့လင်မယားက နာဂအဂတ်အစားကိုဂတ်ပြသည့်အခါကျတော့ ပြည်ထောင်စုသားများမြင်လျှင် ဘယ်လောက်များချစ်ကြည်ရေးကို ပိုပြီးတော့ခိုင်မြဲမယ်ဆိုတာကိုလည်း မပြောတတ်ပါဘူး။ ရီစရာလည်းရီစရာဖြစ်နေမယ်။ ကျွန်ုပ်လည်းနာဂစပ်စုလို့ နာမည်တွင်သွားပါမည်။ ကျွန်ုပ်ဟာ နာဂစပ်စုဖြစ်သွားခဲ့ပါလျှင် ကချင်၊ ချင်း၊ ကယား၊ မွန် အမျိုးသားခေါင်းဆောင်ကြီးများကို ကြိုတင်၍ ကျွန်ုပ်ဟာ ပေါင်းထားပြီးသားရှိပါသည်။ ဒီ ၄-မျိုးစပ်စုဖြစ်ဖို့ကိုလည်း ကျွန်ုပ်ဟာ မခဲယဥ်တော့ပါဘူး။

ဟိုတုန်းအချိန် စော်ဘွားစပ်စုဖြစ်စဥ်အခါက စော်ဘွားလိုဂတ်ပြီး စော်ဘွားအနေသွားရောတာဟာ စဥ်းစားကြည့်လိုက်ပါလျှင် ဘေးအန္တရာယ်ကျရောက်စရာ အင်မတန်မှကောင်းလှပါသည်။ ရေချွေးပူလောင်း၊ လက်သည်းခွံခွာသည့် ဂျပန်ကင်ပေတိုင်ကိုသွားစတာဟာ ကျားကြီးကိုသွားစတာနှင့် အတူတူပါပဲ။ ယခု နာဂစပ်စုဖြစ်မည့်ဥစ္စာဟာ ဘာများမလုပ်ပံ့စရာရှိပါသလဲ။ သမတနှင့် သမတကတော်ကို ကျွန်ုပ်ဟာပြန်ပြောလိုက်ပါတယ်။

ကျွန်ုပ်စဥ်းစား၍ ဒီလိုဖြတ်ခနဲထွက်လာသည့်ဉာဏ်ဟာ ကျန်ကီအင်းနှင့်ကျွန်ုပ်တို့လင်မယားဟာ သမတဦးဂင်းမောင်နှင့် အင်မတန်မှချစ်ခင်တဲ့သူတွေဖြစ်တယ်။ ကျွန်ုပ်တို့လင်မယားနှစ်ဦးကို မဏ္ဍပ်ရှေ့မှာ ထားပါလျှင် သမတမြင်တာနှင့်တစ်ပြိုင်နက် သံယောဇဥ်မကင်း၍ မဏ္ဍပ်ထဲကိုမဂင်ပဲ

ဘယ်နည်းနဲ့မှ မနေနိုင်ပါဘူး။ ဒီနေရာမှာ ဦးဂင်းမောင်၏သဘောထားစမ်းတာပါ။ ကျွန်ုပ်နှင့် ကျန်ကီအင်း ကြုံစည်လိုက်သည့်အတိုင်း ဦးဂင်းမောင်လျှောက်လာ၍ ၃-၄ပေလောက်နီးကပ်လာသည့်အခါ ဦးဂင်းမောင်က အရင်ပြောတယ်။ ""ဦးစပ်စု.. မကျောင်မြိုင်နေကောင်းရဲ့လား"" လို့မေးပြီး ဘယ်လောက်မောမော ကျွန်ုပ်တို့၏ ဗွီ-စီးကရက်ကုမ္ပဏီမဏ္ဍပ်ထဲကိုဂင်လာတယ်။ ကျွန်ုပ်တို့ ဗွီစီးကရက်ကုမ္ပဏီမဏ္ဍပ်ထဲမှာရှိသည့် ဗွီ-စီးကရက်သူဌေးကျန်ကီအင်းမှစ၍ လူကြီးခလေးပါမကျန် တစ်ယောက်စီလက်ဆွဲနှုတ်ဆက်၍ ကျွန်ုပ်နှင့်မယားညီအစ်ကို သားမြန်မာပြည်မှာ နာမည်ကျော်ကြားသည့် ဂိုးကီပါဖော်ဂင်း၏ညီ မောင်စိန်ဂင်းကို သမတဦးဂင်းမောင်ကတွေ့သည့်အခါ လက်ကိုတင်းတင်းဆွဲပြီး ""စိန်ဂင်း မင်းဒီရောက်နေသလား၊ မင်းအဖေရောနေကောင်းရဲ့လား"" လို့မေးပြီး တစ်အောင့်လောက်ကြာမှ အကုန်လုံးကိုနှုတ်ဆက်၍ သမတဦးဂင်းမောင်ဟာ မဏ္ဍပ်ထဲကထွက်သွားပါတယ်။

ဦးဂင်းမောင်ဟာ သမတဖြစ်ပေမယ့် မိတ်ဆွေဟောင်းတွေကိုတွေ့သည့်အခါမှာ သူ့ရာထူးကိုတောင်မေ့ပြီးတော့ ဒီလိုခင်မင်ချစ်ခင်သည့်စိတ်ရှိပါသည်။ အင်မတန်မှလည်း ချိုးကျိုးစရာ ကောင်းပါသည်။ ဓါတ်ပုံဆရာနှင့်တကွအကုန်လုံးဟာ အံ့သြ၍သွားကြပါသည်။ ကျွန်ုပ်၏ ကြိုတင်ပေါင်းသင်းဆက်ဆံရေးပညာဟာ ဘယ်လောက်များအဖိုးတန်တယ်ဆိုတာ ဒီနေရာဒီစာပုဒ်ကနေ သိနိုင်ကြပါပြီ။

ကျွန်ုပ်သည် ဗွီ-စီးကရက်ကုမ္ပဏီထဲတွင် တစ်ပြားတစ်ချပ်မှရှယ်ယာမပါဂင်ခဲ့ပါ။ ကုမ္ပဏီမှ စီးကရက်တစ်ရာမှာ ကော်မရှင်တစ်ကျပ်ပဲရပါသည်။ အိမ်စရိတ်သုံးဖို့ပြုဖို့မလုံလောက်သည့်အတွက် ဒီလောက်ပင်ပင်ပန်းပန်းခံ၍ ဘယ်နေရာမဆို ကျွန်ုပ်တို့သားမယားတစ်စုဟာ လိုက်လံရောင်းချနေရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်ဟာ ဟိုတုန်းကစီးပွားရှာဖွေ၍ငွေစုဆောင်းထားပါလျှင် ဒီလောက်ပင်ပန်းခံ၍ မရှာရတော့ပဲ အိမ်မှာအေးအေးဆေးဆေးထိုင်နေရမှာပဲ။ ကိုယ့်ကိုယ်နှင့် ကိုယ့်သားမယားကို မသနား၍မဟုတ်ပါဘူး။ မတတ်နိုင်လွန်း၍သာလုပ်ကိုင်ရခြင်းဖြစ်ပါသည်။ ပညာရှိသောသူများဟာ ကျွန်ုပ်အကြောင်းကို တွေးကြည့်လျှင်သိနိုင်ကြပါသည်။ ကျွန်ုပ်ဟာ ချစ်ခင်ပေါင်းသင်းဆက် ဆံရေးကလည်း အလွန်ဂါသနာပါ၍ လှူတာတန်းတာ ကျွေးတာမွေးတာတွေလည်းရှိပြီး၊ ယခုတော့ ဆင်းရဲ၍ အကြွေးတောင်တင်ရှိနေပါသည်။

ကျွန်ုပ်ဟာ အခွင့်ကောင်းယူပြီးတော့ သာပေါင်းညာစားမလုပ်တတ်ပါ။ ကျွန်ုပ်ဟာ သဘောထားရိုးသည့်အတွက် အခုလိုဆင်းရဲပြီးနေရတာဖြစ်ပါသည်။ ကျွန်ုပ်ဟာ အသက်ကလည်း ကြီးပြီ၊ သွေးတိုးရောဂါကလည်း စွဲကပ်နေတယ်။ သားမယားဟာလည်း ငယ်သေးတယ်။ စီးပွားရေး မရှာဖွေတတ်သေးဘူး။ ဤမှန်သည့်သစ္စာစကားကို ဘုရားရှေ့မှာကျမ်းကိုင်ကျိန်ပြီး၊ တိုင်းပြည်လူထုကို ရဲရဲတင်ပြရဲပါတယ်။

တိုင်းပြည်လူထုကလည်း ဘယ်လိုဂေဖန်မယ်ဆိုတာကိုတော့ ကျွန်ုပ်ဟာ မပြောဆိုတတ်ပါဘူး။ ဒီလိုလူစားများကို သနားရမလား၊ ဒီလိုလူစားမျိုးဟာ ဒီလောက်အရသလား၊ နံ့ရသလား၊ သမတအထိကိုတောင်ကြိုတင်ပေါင်းထားနိုင်ပြီးဆင်းရဲရတယ်ဆိုတာ အံ့သြစရာဖြစ်နေပြီ၊ ဒါမှမဟုတ် ကဲ့ရဲ့မလားအပြစ်တင်မလားဆိုတာကို ကျွန်ုပ်၏အပေါ်လူထုကထားရှိသောစေတနာကို သိချင်ပါတယ်။ ကျွန်ုပ်ကိုပြစ်တင်ကဲ့ရဲ့တဲ့သူ၊ သနားသည့်သူများဟာ မညှာမတာ ရက်ရက်စက်စက် သတင်းစာမှနေပြီးတော့ ပွင့်ပွင့်လင်းလင်းဂေဖန်ရေးသားပါ။ ကျွန်ုပ်ကို ဒီလိုဂေဖန်ရေးသားမည်ဆိုလျှင် ကျွန်ုပ်ဟာ အင်မတန်မှကျေးဇူးတင်ပါသည်။

ကျွန်ုပ်ကို အမြဲတမ်းလူအားငွေအားနှင့်မစသည့်သူမှာ ဦးဘိုးငြိမ်း ကုမ္ပဏီပိုင်ရှင် ဦးသံဒိုင်နှင့် ဒေါ်တင်တင်တို့ဖြစ်ပါသည်။ သူတို့ဟာကျွန်ုပ်ကို ဆက်ကာဆက်ကာခဏခဏ ငွေကိုအကူအညီ ပေးပါတယ်။ နောက်ပြီး ဗွီစီးကရက်ကုမ္ပဏီသူဌေး မစ္စတာကျန်ကီအင်းကလည်း ကျွန်ုပ်ကို ငွေအားဖြင့်ခဏခဏအကူအညီပေးပါတယ်။ တစ်ဦးကိုတစ်ဦးစေတနာဖြင့်ကူညီကြခြင်းသာဖြစ်ပါတယ်။ ကျွန်ုပ်ဟာ သူတို့ကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူး။ (ဥပမာ-ချမ်းအေးသည့်အခါမှာ ရေခဲရေသောက်လိုက်သည့်အခါ ရှိသမျှအေးတဲ့နေရာဟာ ရင်ဘတ်မှာလာပြီးပိုသိသလို သူတို့ရဲ့ ကျေးဇူးဟာလည်း ကျွန်ုပ်၏ရင်ဘတ်ထဲမှာ ပိုမိုကြီးကျယ်ပြီး ဒီကျေးဇူးကိုတစ်သက်မှာမမေ့ပါဘူး၊) ကျွန်ုပ်ဟာ ဗိုလ်ချုပ်အောင်ဆန်းကို စကားနစ်ခွန်းအာမခံထားခဲ့မိသည့်အတွက်ကြောင့် ယခုလိုဆင်းရဲပြီး နေထိုင်ရခြင်းဖြစ်ပါသည်။ ကျွန်ုပ်ဟာလည်း ဗိုလ်အောင်ဆန်းကိုခဏခဏသွားတွေ့နေရတော့ ဗိုလ်အောင်ဆန်းဟာ တရုပ်ပြည်ကိုရောက်ဖူးပြီး တရုပ်ရာဇဝင်ဟောင်းကို အတော်ကိုပဲလေ့လာလိုက်စား ဖူးသည့်အတွက်ကြောင့် ကျွန်ုပ်ကို ဥပမာပုံလေးတစ်ခုပြောပြတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ကျွန်ုပ်ကို ပြောပြသည့်ပုံဟာ တရုပ်ပြည်ကြီးမှာ လွန်ခဲ့သည့်အနစ် ၂၅ဂဂ-လောက်က တရုပ်ရာဇဝင်တွင် ကျော်ကြားသည့် တောင်ကျူးဒက်ကောက်ရာဇဝင်စာအုပ်ထဲမှ ပုံကလေးတစ်ပုံဖြစ်ပါတယ်။ ဒီပုံကလေးကတော့ .....

## တရုပ်ပုံပြင်

တိုင်းပြည်တစ်ပြည်မှာ ရှင်ဘုရင်တစ်ပါးရှိတယ်။ ဒီရှင်ဘုရင်ဟာ ရောဂါဝေဒနာစွဲကပ်ပြီး မထနိုင်တော့ပဲ သေခါနီးတော့မည့်အချိန်မှာ သူ့ရဲ့နန်းရင်းဂန်ကိုခေါ်တယ်။ သူသေသွားသည့်အခါ သူချမှတ်ခဲ့သည့် လမ်းစဉ်စည်းမျဉ်းအတိုင်း၊ စည်းကမ်းဥပဒေနှင့် မသွေမတိမ်းလုပ်ပါလို့မှာသွားတယ်။ ဒီတော့နန်းရင်းဂန်ကလည်း စိတ်ချပါကောင်းပါပြီလို့ ကတိပေးလိုက်တယ်။ ဒါနဲ့ဘုရင်ကြီးကလည်း နန်းရင်းဂန်ကိုသေချာစွာမှာပြီးသေဆုံးသွားတယ်။

ဘုရင်ကြီးသေဆုံးသွားပြီးနောက် နန်းရင်းဂန်ဟာ ဘုရင်ကြီးမှာကြားခဲ့တုန်းက မှာကြားခဲ့တာကတစ်မျိုး၊ သူလုပ်တာကတစ်ဖုံ၊ နောက်ဆုံးတော့ ဘုရင်ကြီးမှာခဲ့တာတွေ၊ ကတိခံခဲ့တာတွေကို ဘာမှမလုပ်တော့ပဲ သူထင်တာကို သူ့ဟာသူလျှောက်လုပ်နေတော့တယ်။ ဒါနဲ့ပဲတိုင်းပြည်ကြီးလည်းပျက်ကော၊ သူလည်းစိတ်ညစ်ပြီး ရောဂါဝေဒနာတွေစွဲကပ်လာတယ်။ တစ်နေ့တခြား တစ်ဖြည်းဖြည်းနှင့် ရောဂါဝေဒနာဟာ ပြင်းထန်လာပြီး သေခါနီးကျတော့မှ သူ့သမီးကိုခေါ်တယ်။ သမီးကိုခေါ်ပြီးသေသေချာချာမှာတယ်။ ""သမီး.. ငါသေရင် ငါ့ရဲ့ကျစ်ဆံမြီးကိုဖြေ၍ မျက်လုံးပေါ်ကိုအုပ်ပါ၊ နောက်ပြီးမျက်လုံးပေါ်ကို အဂတ်ခပ်နာနာစည်းပါ""

သမီးကပြန်မေးတယ်။ ""ဘာဖြစ်လို့ဒီလိုလုပ်တာလဲအဖေ""ဟုမေးတော့ နန်းရင်းဂန်ကသမီးကို ပြန်ပြောတယ်။

""ဟိုတုန်းကရှင်ဘုရင်ဟာ သေခါနီးဆဲဆဲမှာ ငါ့ကိုမှာခဲ့တယ်၊ ငါချမှတ်ခဲ့သည့်လမ်းစဉ် စည်းမျဉ်းအတိုင်း တသွေမတိမ်းလုပ်ပါဆိုတာကို ငါက သူမှာသလိုမလုပ်ပဲ ငါထင်ရာလျှောက်လုပ်တော့ တိုင်းပြည်ကြီးလည်းပျက်တာပေါ့၊ တိုင်းပြည်လည်းပျက်ပြီ၊ ငါသေသွားရင် ငါ့ရဲ့ရှင်ဘုရင်နဲ့ သွားတွေ့တော့မယ်။ ငါဟာမျက်နှာပူတယ်၊ ရှင်ဘုရင်ရဲ့မျက်နှာကိုလည်း ကြည့်ရဲတော့မှာမဟုတ်ဘူး။ သို့အတွက် သမီးကိုခေါ်ပြီးလုပ်ခိုင်းရခြင်းဖြစ်တယ်""လို့ ပြန်ပြောရှာတယ်။

ဒီလိုအဖြစ်အပျက်ကို ကျွန်ုပ်ဟာ ဖြစ်မှာအရမ်းကြောက်တယ်။ နန်းရင်းဂန်က ကျစ်ဆံမြီးရှိ၍ တော်သေးသည်။ ကျွန်ုပ်ဦးစပ်စုမှာ တစ်ခါမှကျစ်ဆံမြီးမရှိပါဘူး။ ကျစ်ဆံမြီးကိုဖယ်ထားပါဦး၊ ဗိုလ်ဆံထောက်တောင်မရှိသည့်အပြင် တစ်သက်လုံးကတုံးပဲထားခဲ့ပါသည်။ ကျွန်ုပ်၏သားသမီးများ ကိုလည်းမှာခဲ့စရာ ကျစ်ဆံမြီးလည်းမရှိ၊ ဆံပင်လည်းမရှိသည့်အတွက်ကြောင့် ဗိုလ်အောင်ဆန်းအား စကားနှစ်ခွန်းကတိခံခဲ့သည်ကို ယနေ့အထိ ကတိမဖေါက်ဖျက်ချင်သည့်အတွက် ယခုလို ဆင်းရဲပင်ပန်းစွာလုပ်ကိုင်စားသောက်နေထိုင်ရခြင်းဖြစ်ပါသည်။ ဤကတိခဲ့သည့်စကား ၂-ခွန်းကို ဖေါက်ဖျက်ပြီးစီးပွားရှာမယ်ဆိုရင် ကျွန်ုပ်ဟာအနည်းဆုံး သိန်းပေါင်း ၁၀၀-မကချမ်းသာပြီး၊ အေးအေးဆေးဆေးနေထိုင်နိုင်ပါသည်။

၁၉၄၇-ခုနှစ်မှ ၁၉၅၇-ခုနှစ်အထိ ဒီ ၁၀-နှစ်အတွင်းမှာ ကျွန်ုပ်ကို အစိုးရဘာက်ကထိပ်တန်း၊ ဒုတိယတန်း၊ လူကြီးများကို ကြိုတင်ပေါင်းထားသည့်သူဆိုရင်ဖြင့် မပြောပြလောက်အောင် စီးပွားဖြစ် ပါသည်။ အောက်တန်း တတိယအတွင်းဝန်လောက်ကိုကပ်တောင် သူဌေးဖြစ်နိုင်ပါတယ်။ ကျွန်ုပ်ဟာ ဒီ ၁၀-နှစ်အတွင်းမှာ လောဘလည်းမကြီးပဲ၊ လူကြီးတွေကိုလည်းမကပ်ပဲ ရိုးရိုးတန်းတန်းနှင့် ရှာဖွေစားသောက်နေထိုင်လာခဲ့လို့ ဘာမျှအဖတ်မတင်တာပါ။ ဟိုအချိန်ကလောဘကြီးပြီး ကျွန်ုပ်နှင့် ပေါင်းထားသည့်လူတွေကိုကပ်လိုက်ရင် သူဌေးဖြစ်နိုင်ပါတယ်။ ကျွန်ုပ် သိန်း၁၀၀-

လောက်မက ချမ်းသာနိုင်သည့်နည်းကို လူထုယုံကြည်သိနားလည်အောင် ရှင်းလင်းတင်ပြပါရစေ ...။

ကျွန်ုပ်သည် ဂျပန်ခေတ်က ကျွန်ုပ်တို့နေထိုင်သော အနောက်ပိုင်းရပ်ကွက်တစ်ခုလုံးအတွက် သကြားအေးဂျင်း၊ လဖက်ရည်အေးဂျင်းရရှိပါသည်။ ကျွန်ုပ်သည် ယခုနေထိုင်လျက်ရှိသော တိုက်မှာလည်း အောက်ထပ်ကအရက်ဖြူဆိုင်၊ အလယ်ထပ်ကဟော်တယ်၊ အပေါ်ဆုံးထပ်က တည်းခိုခန်း ဖြစ်သည့်အပြင် ဂျပန်အရာရှိကြီးငယ်၊ မြန်မာအရာရှိကြီးငယ်များနှင့် ပေါင်းသင်းဆက်ဆံအဆင်ပြေ၍ ငွေရှာလျှင် အင်္ဂလိပ်အဝင်ပြန်လာချိန်မှာ ကျွန်ုပ်ဟာ ငွေအမြောက်အမြား ပိုက်မိနေစရာအကြောင်း ရှိပါတယ်။ ဂျပန်ကင်ပေတိုင် အထက်တန်း၊ အောက်တန်းကြီးကြီးငယ်ငယ်၊ မြန်မာဘက်မှာဆိုလျှင်လည်း ရာဇဝတ်အုပ်မှအစ ပုလိပ်မင်းကြီးအထိအားလုံးကို ကျွန်ုပ်ပေါင်းသင်းထားသူတွေဖြစ်ပါသည်။ ဒီအချိန်တုန်းက ကျွန်ုပ်သည် ဂျပန်ငွေနှင့်ရွှေ ၂-သိန်းဖိုးလောက်ဝယ်ဖို့ရာအခဲယဉ်းပါဘူး။ နောက်ပြီး ဂျပန်ငွေနှင့် အင်္ဂလိပ်ငွေစက္ကူများ တစ်ရာတန်၊ တစ်ထောင်တန်၊ တစ်သောင်းတန်များကို လဲလှယ်လိုက်မည်ဆိုလျှင်လည်း ကျွန်ုပ်ဟာ အင်္ဂလိပ်ငွေ ၂-သိန်း၊ ၃-သိန်းလောက် ရနိုင်ပါသည်။ အင်္ဂလိပ်ပြန်ဝင်လာသည့်အချိန်မှာဆိုလျှင် အနည်းဆုံးအင်္ဂလိပ်ငွေ ၅-သိန်း၊ ၆-သိန်းလောက် ရနိုင်ပါပြီ။

ကျွန်ုပ်ဟာ လောဘမကြီးပဲရသမျှနှင့်ပင်ပန်းခံပြီးနေခဲ့တယ်။ တရုပ်မြန်မာညှော်ခံကျွေးမွေး တာတွေကို လျှော့ပြီး ငွေစုနိုင်ပါသေးတယ်။ အင်္ဂလိပ်ပြန်ဝင်လာသည့်အချိန်မှာ ဒီငွေ ၅-သိန်း၊ ၆-သိန်းနှင့်ရင်းနှီးပြီး၊ အစိုးရအထက်တန်းအောက်တန်း အရာရှိများနှင့် ရင်းနှီးသည့်အတွက်ကြောင့် နိုင်ငံခြားထွက်ကုန်ဝင်ကုန် လိုင်စင်ဆွဲပြီးအလုပ်လုပ်လိုက်မည်ဆိုလျှင် ၁၉၄၈-ခုနှစ်အတွင်းမှာ သိန်း ၂၀၊ သိန်း ၃၀-ငွေလောက်ကို ရနိုင်သည့်အရည်အချင်းရှိပါသည်။ ကျွန်ုပ် ကြိုတင်ပေါင်းထားသည့် အရှိန်မှာ ပူပူနွေးနွေးရှိပါသေးသည်။ ဒီအချိန်မှာ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၊ ၎င်း၏ ပထမအတွင်းဝန်၊ ဒုတိယအတွင်းဝန် အရာရှိကြီးငယ်များကိုကပ်ပြီး မှန်မှန်လုပ်ကိုင်နေရင်တောင် ကျွန်ုပ်မှာ ၁၉၄၈-ခုနှစ်မှ၊ ၁၉၅၈-ခုနှစ်အထိ ၁၀-နှစ်အတွင်း အခွင့်ကောင်းယူ၍ သိန်း ၁၀၀-လောက် အေးအေးဆေးဆေးရနိုင်ပါသည်။ ကျွန်ုပ်စိတ်ထဲမှာယူဆတာကတော့ တစ်ကမ္ဘာလုံး ဒုက္ခရောက်နေသည့် အချိန်အခါဖြစ်ပါသည်။ သူများတွေခေတ်ပျက်လို့ ဒုက္ခရောက်နေကြသည့် အချိန်မှာ ခေတ်ပျက်သူဌေးလို့အမည်ကို ကျွန်ုပ်ဟာမခံနိုင်ပါဘူး။

၎င်းနောက် ကျွန်ုပ်ဟာတစ်ခုသွားပြီးတော့ သတိရမိတယ်။ ပထမကမ္ဘာစစ်ကြီးဟာ ၁၉၁၄-ခုနှစ်မှစ၍ ၁၉၁၈-ခုနှစ်မှာ ပြီးဆုံးသွားပါသည်။ ၄-နှစ်ကြာကြာဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တရုပ်အမျိုးသားများဟာ အများအားဖြင့် အခွင့်ကောင်းယူ၍ စီးပွားရာတာ ငွေအမြောက်အမြားပိုက်မိ၍

ခေတ်ပျက်သူဌေးများဖြစ်ကုန်ကြပါသည်။ ဒီလူများဟာ သူဌေးဖြစ်လွယ်၍ ကောက်ရိုးမီးရှို့လိုက်တော့ ဟုန်းခနဲထတောက်ပြီး ခဏကလေး ပြာဖြစ်၍သွားသလို၊ လူကလည်းဆုံး၊ ပစ္စည်းကလည်းကုန်၊ ကျန်ရစ်ခဲ့သည့်ငွေကလည်း မယားနောက်ယောကျ်ားယူတော့ လက်ဖွဲ့ဖို့ဖြစ်သွားကြတယ်။ ဒီလိုလူတွေကို ကျွန်ုပ်ဟာ အများအပြားတွေ့ပြီး သင်ခန်းစာရခဲ့မိပါသည်။

## စစ်ဂန်ကြီးရုံးအစည်းအဝေးတွင် ဦးစပ်စုအစွမ်းပြလိုက်ခြင်း

ကျွန်ုပ်သည် တရုပ်အမျိုးသားပြန်ဟတ်ဘွေအသင်းကြီးမှ ကိုယ်စားလှယ်တစ်ယောက် အနေဖြင့် လည်းကောင်း၊ အခြားအသင်းအသီးသီးမှ ဂင်ရောက်၍လည်းကောင်း၊ ရန်ပုံငွေများကို အများဆုံး အတတ်နိုင်ဆုံးကူညီဆောင်ရွက်၍ ဗမာ့တပ်မတော်ကို ပေးခဲ့ပါသည်။ ကျွန်ုပ်တို့ပြန်ဟတ်ဘွေအသင်း ကြီးက အခြားအသင်းများထက် ရန်ပုံငွေကိုသာ၍ကူညီပါဂင်သည့်အတွက် အမြဲတမ်းထိပ်ဆုံးက ဖြစ်နေပါသည်။ ရန်ပုံငွေကို သူများထက်ပိုထည့်တာကတစ်ကြောင်း၊ အခြားအသင်းအဖွဲ့များထက် သာတာကတစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းက ကျွန်ုပ်အားမိန့်ခွန်းစကားပြောခိုင်းတာကတစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကြွရောက်လာကြသည့်လူကြီးမင်းများက ကျွန်ုပ်ကို အားလုံးသဘောကျကြ ပါ၍ လူထုဟာရန်ပုံငွေများကို ပိုထည့်ကြပါသည်။

၁၉၄၄-ခုနှစ်၊ စက်တင်ဘာလအတွင်းမှာ ဗိုလ်အောင်ဆန်းနှင့် ဗိုလ်ဇေယျတို့က ဗမာ့တပ်မတော်စစ်ရုံးချုပ်တွင် တပ်မတော်ရန်ပုံငွေကောက်ခံရန် လူထုအစည်းအဝေးတစ်ခု ဖိတ်ခေါ်သော အခါမှာ ကျွန်ုပ်လည်းတက်ရောက်သွားပါသည်။ အစည်းအဝေးစချိန်မှာ ဗိုလ်အောင်ဆန်းက ကျွန်ုပ်အား မိန့်ခွန်းစကားပြောခိုင်းပါသည်။ ကျွန်ုပ်ကလည်းဘာမှမသိဘူး။ ဗိုလ်အောင်ဆန်းဟာ ရိုးရိုးအစည်းအဝေး ခေါ်တယ်လို့အောက်မေ့တယ်။ ဟိုကျမှ ကျွန်ုပ်ကိုမိန့်ခွန်းစကားပြောခိုင်းတယ်ဆိုတာကိုသိရသည်။ ကျွန်ုပ်ဟာ ကြွရောက်လာကြသည့်လူအုပ်ကိုကြည့်လိုက်တော့ အမျိုးသမီးတွေခပ်များများပါတယ်။ ကျွန်ုပ်ဟာ အနှစ် ၅၀၀၀ က တရုပ်ရာဇဂင်ကိုလေ့လာမှတ်သားထားတော့ ခဏလေးစဉ်းစားပြီး တရုပ်ရာဇဂင်တစ်ခုကို မိန်းခွန်းအနေဖြင့်ပြောလိုက်တယ်။

ဟိုလအချိန်တုန်းက ကျွန်ုပ်ဟာ ဗမာစကားလည်းမပီတပီနှင့် ပြည်ကြီးသားသံပါနေတယ်။ လက်ဟန်ခြေဟန်ကလည်းပါတယ်။ အသံကလည်းပိုကျယ်နေတယ်။ (ယခုဗိုလ်မှူးကြီးထွန်းစိန် တရားဟောတာကို သွားရောက်နားထောင်သလို အူတက်မတတ်ရီစရာဖြစ်နေပါသည်။) ယခုဗိုလ်မှူးကြီး ထွန်းစိန်က ပီပီသသလည်လည်ပတ်ပတ်ပြောနိုင်ပါတယ်။ ကျွန်ုပ်ကတော့ ပြောချင်တယ် ပါးစပ်က မပြောတတ်ဘူး။ အသံဟာ ပီလည်းမပီသဘူး။ ဒါကြောင့် ဗိုလ်မှူးကြီးထွန်းစိန်ကို

မိန့်ခွန်းစကား ပြောသည့်အခါ အများကြီးအရှုံးပေးလိုက်ပါသည်။ ကျွန်ုပ်ဟာ ဗိုလ်မှူးကြီးထွန်းစိန်ကို ဆရာတင်ပြီး တပည့်ခံဖို့ကောင်းပါသည်။ ကျွန်ုပ်စကားပြောမိန့်ခွန်းပေးတတ်အောင် ဗိုလ်မှူးကြီးထွန်းစိန်၏ ၁၀-ပုံ ၁-ပုံလောက်တတ်အောင်သင်ပေးပါလို့ ကျွန်ုပ်ဟာ အထူးတောင်းပန်ချင်တော့တာပဲ။ ကျွန်ုပ်ကလည်း ထိုအချိန်အခါကျတော့ မိန့်ခွန်းစကားအနေနှင့် တရုပ်ရာဇဝင်ပုံပြင်လေးတစ်ခုကို ခင်းပြပြောဆို လိုက်ပါသည်။ ၎င်းရာဇဝင်ပုံပြင်ကလေး၏အမည်မှာ မိဖုရားကြီးနှင့် စစ်သူကြီး တိုကျူလျောင်တို့ အတ္ထုပ္ပတ္တိဖြစ်ပါသည်။ ၎င်းအတ္ထုပ္ပတ္တိကလေးမှာ ...

လွန်ခဲ့သည့် အနှစ်၂၀၀၀-လောက်က တရုပ်ပြည့်ရှင်မင်း လောင်ဂိဘုရင်ကြီးနှင့်မိဖုရားသည် ဟိုစဉ်အခါက တိုင်းပြည်အနီးအနားတွင် စစ်မက်ဖြစ်ပွားချိန်ဖြစ်နေပါ၍ စစ်ရေးနိမ့်သောကြောင့် တိုင်းပြည်အတွင်းသို့ ရန်သူတပ်တွေနီးလာသည့်အခါ ဘုရင့်အမိန့်ဖြင့် မိဖုရားကြီးနှင့် အသက် ၂-နှစ်ရှိသားတော်ကလေးအသက်ဘေးမှလွတ်မြောက်ရန် စစ်သူကြီး တိုကျူလျောင်အားအပ်ပြီး ထွက်ပြေးခိုင်းပါတော့သည်။

မကြာမီအချိန်အတွင်းမှာပဲ ရန်သူ့တပ်တွေမှီလာသည့်အခါ ရန်သူနှင့်ရင်ဆိုင်တိုက်ခိုက်ရင်း မိဖုရားကြီးနှင့်သားတော်ကလေးကို စစ်ဗိုလ်ကြီးတို့လူစုဟာ ကွဲသွားကြတယ်။ ထိုအခါကျမှ စစ်သူကြီး တစ်ဦးတည်းမြင်းကိုစီး၍ မိဖုရားကြီးအားလိုက်လံရှာဖွေသည့်အခါမှာ မိဖုရားကြီးနှင့် သားတော် မင်းသားကလေးကို ရေတွင်းတစ်ခုဘေးမှာတွေ့မြင်၍ စစ်ဗိုလ်ကြီးသည် ထိုအခါမှာ သူစီးလာသောမြင်းကို မိဖုရားကြီးနှင့်မင်းသားလေးအားပေးအပ်ပြီး လွတ်ရာကိုပြေးခိုင်းပါတော့သည်။

ဒါပေမယ့် မိဖုရားကြီးက စစ်ဗိုလ်ကြီးပြောတဲ့စကားကို နားမထောင်သည့်အပြင် စစ်ဗိုလ်ကြီးအား ပြန်ပြောလိုက်သည်မှာ တိုင်းပြည်အတွက်အရေးကြီးသည်၊ တိုင်းပြည်အတွက် စစ်သူကြီးကာကွယ်ပါလော့ ဟုပြောဆိုပြီး နောက်မှလိုက်လာသောရန်သူတပ်တွေဟာ နီးကပ်လာပြီဖြစ်သောကြောင့် ရေတွင်းထဲကို မိဖုရားကြီးဟာ ခုန်ဆင်းသွားတယ်။ စစ်ဗိုလ်ကြီးမှာ ကြံရာမရပဲဖြစ်နေသည့်အပြင် ရန်သူတွေ ကလည်း နီးကပ်လာပြီဖြစ်၍ ထိုအချိန်ကျမှ မင်းသားကလေးကိုရင်မှာပိုက်ပြီး စစ်ဗိုလ်ကြီးဟာ မိဖုရားကြီးနှင့်အတူတူသေဖို့ စိတ်ကိုဆုံးဖြတ်၍စိတ်အားမာန်တင်းလိုက်တယ်။ လက်နှစ်ဖက်မှာလည်း လက်တစ်ဖက်မှ လှံကိုကိုင်ပြီး တစ်ဖက်မှ ဓါးကိုကိုင်၍ ရန်သူနှင့်ရင်ဆိုင်ပါတော့သည်။ စစ်ဗိုလ်ကြီးသည် ရန်သူစစ်ဗိုလ် ၁၀-ဦးလောက်နှင့်ရင်ဆိုင်၍တိုက်ခိုက်ရင်း ရန်သူ့တပ်ကိုဖေါက်ထွက်လာရာ လမ်းခုလတ်တွင် ဘုရင့်စစ်ကူတွေရောက်လာပြီး မိဖုရားကြီးအတွက် ဂလဲ့စားချေပြီးရန်သူတပ်တွေကို တိုက်ခိုက်ရာ အောင်မြင်ပါတော့သည်။ ၎င်းပုံပြင် အတ္ထုပ္ပတ္တိကလေးဟာ မိဖုရားကြီးဟာ တိုင်းပြည်အတွက် အသက်ကိုစွန့်ပြီး ကာကွယ်သွားခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာပြည်နေထိုင်ကြသည့် လူပေါင်း ၁၇-သန်းကျော်တို့ဟာ ပုံပြင်ထဲမှာပါရှိတဲ့ မိဖုရားကြီးလို လူတိုင်းလူတိုင်း သိရှိနားလည်းထားကြမည်ဆိုပါလျှင် တိုင်းပြည်အတွက် အများကြီး အကျိုးရှိမှာပါပဲ။ (ဥပမာ-မိန်းမများက အဝတ်အစားများကို ဆင်ခြင်ဝတ်စား၍ ယောက်ျားများကလည်း မဖြုန်းသင့်သောငွေကိုမဖြုန်းပဲ နည်းနည်းပါးပါးလျှော့သုံးလျှင် ချွေတာသရွေ့ ငွေဟာ တပ်မတော် ရန်ပုံငွေတွေဖြစ်လာနိုင်ပါတယ်။ ) ဗိုလ်အောင်ဆန်းကလည်း တရားဟောရလွန်းလို့ ချွေးဒီးဒီးကျလှ ပါပြီလို့ပြောဆို၍ ကျွန်ုပ်လည်းတရားဟောပြီးရော လာရောက်နားထောင်ကြသည့်လူအုပ်ဟာ ချီးကျူးသြဘာပေးကြပြီး တပ်မတော်ရန်ပုံငွေအတွက်ကိုလည်း ပိုမိုထည့်ကြတယ်။ ဗိုလ်အောင်ဆန်း ဗိုလ်ဇေယျနှင့်တကွ ကြွရောက်လာကြသော လူကြီးလူကောင်းပုဂ္ဂိုလ်ကြီးများအားလုံးဟာ အများကြီး သဘောကျ၍ နှစ်သက်ကျေနပ်ကြပါသည်။

၁၉၄၄-ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော မြို့လုံးကျွတ်နေသူရိန်အစည်းအဝေးပွဲတွင်လည်း ကျွန်ုပ်သည် တရုပ်အမည်ဖြင့်ငွေတစ်ခါထည့်ပြီး မြန်မာအမည်နှင့်နောက်တစ်ခါရန်ပုံငွေထပ်ထည့် ပါသည်။ ကျွန်ုပ်သည် ရန်ပုံငွေအလှူငွေထည့်ရာ၌ အချိန်မရွေးစိတ်ရောကိုယ်ပါလှူတတ်သောကြောင့် ကျွန်ုပ်ကို ဗိုလ်အောင်ဆန်းကအများကြီးကျေးဇူးတင်ပါသည်။ တရုပ်အမျိုးသား ဖြန်ဟတ်ဘွေအသင်း ကြီးကလည်း ရန်ပုံငွေ၊ အလှူငွေထည့်ရာမှာ အခြားအသင်းများထက် ဘယ်အခါမဆို ပိုပြီးတော့ များများပါဝင်ထည့်လိုက်ပါသည်။

ကျွန်ုပ်ဟာ ဒီအစည်းအဝေးမှာလည်း အမျိုးသားအမျိုးသမီးများသွေးကြွ၍ အလှူငွေ၊ ရန်ပုံငွေ အများကြီးထည့်အောင်ဟောပြောပြီး စိတ်ဓါတ်ကြွလာအောင် ဟောပြောပြလုပ်ဆောင်ရွက်ပေးခဲ့ပါသည်။ ကျွန်ုပ်၏အသံဟာ လော်စပီကာအသံချဲ့စက်မပါပဲနှင့် လူပေါင်း ၅၀၀-၆၀၀ကျော်လောက်ရှိသည့်လူထုကို စိတ်ဓါတ်ကြွအောင်လုပ်လည်းလုပ်နိုင်တယ်။ ကြားလည်းကြားအောင်ပြောနိုင်သည်။ အမျိုးသား၊ အမျိုးသမီးတွေလည်းစိတ်ဝင်စားတယ်။ ကျွန်ုပ်၏အသံဟာ ဒီအချိန်မှာ ပိုမိုကျယ်တယ်လို့အောက်မေ့ မှတ်ထင်ရပြီး ကျွန်ုပ်ကိုယ်တိုင်လည်းစိတ်ဓါတ်ကြွ၍ မိန့်ခွန်းစကားဟောပြောနေသည့်အခါမှာလည်း လက်ဟန်ခြေဟန်ဖြင့် အင်မတန်မှအားရစရာကောင်းပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျွန်ုပ်ဟာ ဘုရားဒါယကာ ဂဏ္ဍကျော်ထင်ဦးဖိုးစိန်နှင့်မင်းသမီး ကောလိပ်စိန်တွဲတွဲပြီး လူထုပရိတ်သတ်ရှေ့မှာ ကပြအသုံးတော်ခံတာကိုသဘောကျသလို ဗိုလ်အောင်ဆန်း နှင့်ကျွန်ုပ်ဟာ ပရိတ်သတ်ရှေ့မှောက်မှာ အစည်းအဝေးရှိတိုင်းအမြဲတွေ့ကြပါတယ်။ လူထုဟာလည်း အင်မတန်မှသဘောကျကြပြီး ကောင်းချီးသြဘာပေးကြပါသည်။ ဗိုလ်အောင်ဆန်း၏ စိတ်သဘောဟာ အခြားနိုင်ငံရေးသမားများလိုမဟုတ်ပါဘူး။ အလုပ်တစ်ခုကို

ထိထိရောက်ရောက်လုပ်ပေးကူညီနိုင်မှ သူ့စိတ်ထဲမှာသဘောကျတယ်။ နောက်ပြီး ဗိုလ်အောင်ဆန်းဟာ သူကိုယ်တိုင်လည်းမညာဘူး။ တကယ်လုပ်တယ်။ ဟိုစဉ်အခါက သတင်းစာဖတ်ပရိတ်သတ်ဟာလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျွန်ုပ်ဦးစပ်စုတို့သတင်းကို သတင်းစာတိုင်းမှာ အမြဲတွေ့နိုင်ကြပါတယ်။ သတင်းစာဖတ်သူတိုင်း ကလည်းသိကြမှာပါပဲ။

ဤကိစ္စများပြီးပြတ်၍ ကျွန်ုပ်အဖို့နောက်တစ်ကြိမ် ဦးနောက်ခြောက်စရာကိစ္စကြီးတစ်ခုနှင့် ရင်ဆိုင်ပေါ် ပေါက်တိုးလာရပြန်ပါသည်။ ဗမာ့တပ်မတော်မှရန်ပုံငွေကောက်ခံရန်အတွက် စာတစ်စောင် ထပ်မံရောက်ရှိလာပြန်ပါသည်။ ဒီစာကိုရလျှင်ရခြင်း ကျွန်ုပ်တို့ပြန်ဟတ်ဘွေအသင်းကြီးဟာ အစည်းအဝေးတစ်ခုခေါ် လိုက်ပါသည်။ ကျွန်ုပ်ကလည်း ထောက်ပံ့ရေးလူကြီးဖြစ်သည့်အတွက် ဒီအစည်းအဝေးကို တက်ရောက်ခဲ့ရပါတယ်။ အစည်းအဝေးပွဲပြုလုပ်သောအခါ ပြန်ဟတ်ဘွေအသင်းကြီး ဥက္ကဋ္ဌပီကေချောင်းက ရန်ပုံငွေလက်ကျန်စာရင်းကိုတွက်ကြည့်သည့်အခါ ၇-သိန်းပဲကျန်ပါတော့သည်။ အဲဒီတော့ ပြန်ဟတ်ဘွေအသင်းကြီးဥက္ကဋ္ဌပီကေချောင်းက ဗမာ့တပ်မတော်ရန်ပုံငွေကို ဒီတစ်ကြိမ် ၅-သိန်းပဲထည့်မယ်လို့ဆုံးဖြတ်၍ အသင်းကြီး၏မှတ်တမ်းစာအုပ်ထဲမှာ ရေးသားပြီးဆုံးဖြတ်ထားပါသည်။ ကျွန်ုပ်လည်း ဒီငွေ၅-သိန်းကိုယူပြီး စစ်ဂန်ကြီးရုံးက အစည်းအဝေးကိုလာခဲ့တယ်။

လူထုတွေဟာလည်းတော်တော်များများတက်ရောက်ကြတယ်။ အခြားအသင်းများက ထည့်ဖို့ ရန်ပုံငွေဟာလည်း ကျွန်ုပ်တို့ပြန်ဟတ်ဘွေအသင်းငွေထက်များတယ်။ တစ်သင်းကို ၇-သိန်းလောက် ထည့်မယ်။ အခြားဘယ်အစည်းအဝေးမဆို ကျွန်ုပ်တို့ပြန်ဟတ်ဘွေအသင်းက ထိပ်ဆုံးကနေခဲ့တာပါပဲ။

ဒီတစ်ခါတော့ ရန်ပုံငွေနည်းနေ၍ ကျွန်ုပ်အဖို့မျက်နှာမလှဖြစ်နေပြီ။ ကျွန်ုပ်စိတ်ထဲမှာလည်း မကောင်းလှပါဘူး။ အခြားအသင်းများဟာလည်း ဘယ်အခါမဆို ရန်ပုံငွေထည့်သည့်အခါ နည်းပြီး ရှုံးနေသည့်အတွက် ဒီတစ်ခါ ကျွန်ုပ်တို့ပြန်ဟတ်ဘွေအသင်းကို အနိုင်ယူမည်ဆိုပြီး ၈-သိန်းတောင် ထည့်လိုက်တယ်။ ကျွန်ုပ်တို့ထက် ၃-သိန်းသာနေတယ်။ ကျွန်ုပ်တို့ ရှုံးနေပြီ။ ကျွန်ုပ်ဟာလည်း ဒါနဲ့ အစည်းအဝေးတက်ရောက်လာသည့် အမျိုးသား၊ အမျိုးသမီးထုကို တရားဟောပြီး ရန်ပုံငွေကိုစု၍ အခြားအသင်းများထက်သာအောင် ငွေ ၁၀-သိန်းကို မျက်လုံးမှိတ်၍ထည့်လိုက်ပါတယ်။ အနိုင်မခံ အရှုံးမပေးချင်သည့်အတွက်ကြောင့် အားကြိုးမာန်တက်တရားဟောရာဖွေပြီး ချက်ခြင်းထည့်လိုက်ပါသည်။ ဒီအချိန်အခါကျတော့ အခြားအသင်းများဟာလည်း ကျွန်ုပ်တို့ပြန်ဟတ်ဘွေအသင်းကြီးကို မပြိုင်ဆိုင်တော့ပဲ ငြိမ်ကျသွားပါသည်။ အမျိုးသား၊ အမျိုးသမီးများနှင့်တကွ ကြွရောက်လာသည့် လူထုပရိတ်သတ်က ကောင်းချီးသြဘာပေး၍ချီးကျူးကြတာဟာ ၅-မိနစ်လောက်ကြာပါတယ်။ ၅-မိနစ်လောက်ကြာအောင် ချီးကျူးသြဘာပေးသည့်အတွက်ကြောင့် ကျွန်ုပ်အဖို့

ဦးနောက်ခြောက်ပါပြီ။ ဦးနောက်ခြောက်ပြီး ၃-ရက်တိုင်တိုင် ဘာမျှစဉ်းစားလို့မရတော့ပါဘူး။ ဒီလို၃-ရက်ကြာပြီးမှ စဉ်းစားလိုက်သည့်အကြံဉာဏ်တွေဟာထွက်ပေါ်လာတယ်။

ပြန်ဟတ်ဘွေအသင်းကြီးကလည်း ငွေ၅-သိန်းပဲထည့်ဖို့ဆုံးဖြတ်ပြီးပြီ။ ယခုမှ ငွေ၅-သိန်း ပိုနေတယ်။ ပိုနေသည့်ငွေ ၅-သိန်းဟာ ကျွန်ုပ်အဖို့လုံးလုံး အလွဲသုံးစားတာဂန်ကျရောက်နေပြီ။ ကျွန်ုပ် ပထမအကြံထွက်လာတာကတော့ ကျွန်ုပ်၏တပည့်များကို စားပွဲထိုးမိန်းကလေး ချောချောလှလှများရဖို့ ရှာခိုင်းပြီး၊ ဟော်တယ်မှာခါတိုင်းထက်ပိုမိုရောင်းကောင်းအောင် စီစဉ်ဖို့အကြံထွက်ပေါ်လာပါသည်။

ကျွန်ုပ်၏တပည့်များကြိုးစားရှာဖွေပေးမှုကြောင့် မိန်းကလေးချောချောလှလှကလေးများ ဟော်တယ်ကိုတော့ရောက်လာပါတယ်။ ဒါပေမယ့် ဟော်တယ်မှာထင်သလောက်ရောင်းမကောင်းတော့ ဒီငွေ ၅-သိန်းရဖို့ဟာဘယ်နည်းနဲ့မှမလွယ်ကူလှပါဘူး။

ဒုတိယအကြံဉာဏ်တစ်ခုပေါ်ထွက်လာပြန်တယ်။ ဟိုအချိန်က အင်မတန်သတ္တိရှိသူများဟာ ပင်လယ်ရပ်ခြားကို ပုံးမကြောက်၊ စက်သေနတ်ပစ်မှာကိုမကြောက်ပဲ ကတ္တူနှင့်သွားလာကူးခတ်ပြီး ထားဂယ်၊ မြိတ်၊ ထားဂယ်၊ ပီနံကိုပြန်ပို့၍ ကုန်ကူးစီးပွားရှာနေသောသူများနှင့် အထက်မြန်မာပြည် တောင်ကြီး၊ မန္တလေးသို့ဆန်တွဲများပို့ပြီး ဟိုကကုန်ကိုဒီပို့ ဒီကကုန်ဟိုပို့လုပ်နေသူများ၏လက်ထဲမှာ ငွေသိန်းပေါင်းများစွာရှိတယ်။ ဒီငွေတွေကိုယ့်လက်ထဲရောက်အောင် ဘယ်လိုလုပ်၍ယူရမလဲဆိုတာကို စဉ်းစားမိတယ်။

ဒါနဲ့ ကျွန်ုပ်ဟာအကြံရပြီး ကျွန်ုပ်၏ဟော်တယ် ၃-ထပ်ပေါ်မှာ ပိုက်ကျူးကြီးကတစ်ပိုင်း၊ အနီထောင်ကတစ်ပိုင်း၊ ဖါးကြက်ဂက်ငါးရှဉ့်တို့ပါသည့် ၄-ကောင်ဂျင်ကတစ်ပိုင်း၊ ကစားပိုင်းကြီး ၃-ပိုင်းကိုဖွင့်လိုက်တယ်။ ၃-ရက်အတွင်းကျွန်ုပ်အဖို့ အကောက်အစားတစ်သိန်းကျော်ရပါသည်။ ကျွန်ုပ်ဟာ ဒီအချိန်မှာအင်မတန်မှပျော်ရွှင်နေပါသည်။ စိတ်လည်းချမ်းသာတယ်၊ အားလည်းအားရတယ်။ ယခု၃-ရက်အတွင်း တစ်သိန်းကျော်ရ၍ တနင်္ဂနွေတစ်ပတ်အတွင်း ငွေ၅-သိန်းကိုအလွယ်တကူ ရနိုင်ပါသည်။ ကျွန်ုပ်၏စိတ်ထဲမှာအားကြီးပျော်ရွှင်နေပါသည်။ တရုပ်မှာစကားပုံတစ်ခုရှိတယ်။ စိတ်ဟာ သိပ်ပျော်ရွှင်အားကြီးလျှင် စိတ်ပြန်ညစ်ရတတ်တယ်ဆိုတဲ့စကားပါပဲ။ ဒီစကားဟာ ကျွန်ုပ်အဖို့ မှန်နေပြီ။ ကျွန်ုပ်ဟာ တကယ့်ကိုစိတ်ညစ်စရာအကြောင်းတစ်ခု ပေါ်ပေါက်လာပြန်ရပါသည်။

အကြောင်းက ငွေတစ်သိန်းကျော်ရပြီး ၄-ရက်မြောက်သောနေ့ နံနက် ၁၀-နာရီအချိန်မှာ ကစားပိုင်းကိုစပြီးတော့ကစားတယ်။ လူကလည်းများ ပိုင်းကလည်းကောင်းသည့်အချိန်အခါမှာ သတင်းထောက်လှမ်းရေးဘက်မှလူတစ်ယောက်ဟာ ကျွန်ုပ်ထံကိုရောက်လာတယ်။ ကျွန်ုပ်ကိုတိုးတိုး ပြော၍ အရေးကြီးတဲ့စကားပြောစရာရှိတယ်ဆိုပြီး ၂-ထပ်ကိုခေါ်သွားတယ်။ သူပြောတာက အင်မတန်

ခက်သည့်အလုပ်ဖြစ်နေပြီး ဒုက္ခလည်းကျွန်ုပ်အဖို့ရောက်နေပြီ။ ယခုနောက်ပိုင်းမှာ ရာဇဂုတ်ဂန်ထောက် အသစ်တစ်ယောက်ရောက်နေတယ်။ ဒီရာဇဂုတ်ဂန်ထောက်ဟာ နာမည်ကဦးတင်မောင်မောင်တဲ့။ လူကတော့ပိန်ပိန်သေးသေး၊ စိတ်ကတော့အင်မတန်မာတယ်။။ လာဘ်မစားဘူး။ ဘယ်သူ့မျက်နှာမှလည်း မထောက်ဘူး။ ဒီလူဟာကျောက်ဆည်မှနေ၍ အနောက်ပိုင်းရာဇဂုတ်ဂန်ထောက်ဘဂနင့်ပြောင်းလာတာဟာ ပညာလည်းတော်တော်တတ်တယ်။ အိန္ဒိယပုလိပ်ပညာကိုသွားရောက်သင်ကြားပြီး အောင်လည်း အောင်လာတယ်။ နောက်ပြီးအင်းစိန်အရေးပိုင်ဦးငွေခိုင်၏ဒုတိယသားမက်၊ သာယာဂတီရာဇဂုတ်ဂန်ကြီး ဦးလှတောနှင့်မယားညီအစ်ကိုတော်တယ်။ ဦးတင်မောင်မောင်ကတော့မိန်းမဆုံးသွားပြီ။ စကော့ဈေး ဂန်ထောက်ဦးဘရှင်ဒေါ်အေးကြည်၊ ဦးအောင်ချိန်ဒေါ်သန်းတို့နဲ့တော်တော်ခင်ကြတယ်လို့ ထောက်လှမ်းရေးလူက ကျွန်ုပ်ကိုခေါ်ပြီးလာပြောတယ်။ ကစားပိုင်းအားလုံးကို ခေတ္တရပ်နားထားပါ။ မတော်တဆ အမှတ်တမဲ့လာပြီးဖမ်းနေရင် အားလုံးဒုက္ခရောက်ကုန်ပါလိမ့်မယ်လို့ပြောတော့ ကျွန်ုပ်ကလည်းသူပြောဆိုသည့်အတိုင်း ကစားပိုင်းအားလုံးကို ရပ်ခိုင်းလိုက်တယ်။ ကစားနေကျသည့်လူများဟာလည်း အင်မတန်စိတ်ပျက်ပြီးပြန်သွားကြတယ်။ ကျွန်ုပ်လည်း စိတ်မပျော်ရွှင် တော့ပဲစိတ်ပြန်ညစ်ပြီး ကုလားထိုင်ပေါ်မှာစိတ်ညစ်ညစ်နှင့်အိပ်နေလိုက်သည်။

နောက်ပြီး ညနေ၃-နာရီလောက်ကျတော့ အခြားသတင်းထောက်လှမ်းရေးတစ်ဦးလာတယ်။ ဒီနေ့ညနေ ၆-နာရီ ၇-နာရီလောက်မှာ ဦးတင်မောင်မောင်နှင့်ဦးဘရှင်သူတို့ ၂-ဦးဟာ ရိုးရိုးအဂုတ်အစားဖြင့်ဟော်တယ်ကို စားသောက်ဖို့လိုလို၊ စုံစမ်းဖို့လိုလို လာကြမယ်ဆိုတဲ့သတင်းကို လာပေးတယ်။ ကျွန်ုပ်ဟာ ဒီသတင်းလည်းရရော ညနေ ၅-နာရီမထိုးခင်ကထဲက လှေခါးဂမှာ ကုလားထိုင်နှင့်ထိုင်ပြီးတော့စောင့်နေတယ်။ ညနေ ၅-နာရီခွဲလောက်ကျတော့ ဦးဘရှင်နှင့်ဦးတင်မောင် တို့ ၂-ဦးဟာ ပိုးလုံချည်တိုက်ပုံအင်္ကျီတို့ကို ကျကျနနဂုတ်ဆင်ပြီးတော့ကျွန်ုပ်၏ဟော်တယ်ကို လာကြပါတယ်။ ဒီတုန်းက ကျွန်ုပ်ဟာ ဦးတင်မောင်မောင်ကိုမသိသေးပါဘူး။ ကျွန်ုပ်၏မိတ်ဆွေဟောင်း ဦးဘရှင်ကမိတ်ဆွေဖွဲ့ပေးပါသည်။ ကျွန်ုပ်ဟာ သူတို့နှစ်ဦးကို အလယ်ထပ်သို့ခေါ်လာပြီး အခန်းဖွင့် ပေး၍ ကျကျနန တရုပ်ဟင်းမျိုးစုံနှင့် ဧည့်ခံကျွေးမွေးပါသည်။

ဦးဘရှင်ဟာလူချောတစ်ဦးဖြစ်တယ်။

ကျွန်ုပ်၏စားပွဲထိုးမိန်းကလေးများဟာလည်း ဦးဘရှင်ကို အစကထဲကသိကျွမ်းနေပါ၍ပိုပြီးတော့ဂရုစိုက်ကြပါသည်။ သူတို့လည်း နည်းနည်းပါးပါးသောက်စား ပြီးတော့ ရီစရာမောစရာစကားများကိုပြောကြတယ်။ နောက်ပြီးသူတို့စားသောက်ပြီး၍ ပြန်ခါနီးအချိန် ကျမှ ဦးတင်မောင်မောင်ဟာ ၃-ထပ်ပေါ်ကိုတက်ပြီးကြည့်ချင်တယ်လို့ ကျွန်ုပ်ကိုပြောတယ်။ ကျွန်ုပ်ဟာ သူတို့ ၂-ဦးကိုခေါ်ပြီး ၃-ထပ်ပေါ်ကိုအတူတူတက်လာတယ်။ ၃-ထပ်ပေါ်ကိုရောက်တော့ သူတို့ဟာ

အနီထောင်ခုံကိုလည်းမြင်တယ်။ ပိုက်ကျူးခုံကိုလည်းမြင်တယ်။ လေးကောင်ဂျင်ခုံကိုလည်းမြင်တယ်။ သူတို့၂-ဦးဟာ ဒါဘာလုပ်တာလဲလို့ကျွန်ုပ်ကို ရီကာမောကာနှင့်မေးကြတယ်။ ဒီခုံ ၃-ခုံဟာဘာလုပ် တာလဲလို့ထပ်မေးတယ်။ ဒီတော့ကျွန်ုပ်က ကျွန်ုပ်ရဲ့ဖြစ်ပုံအလုံးစုံကို ဦးတင်မောင်မောင်အား ပြန်ပြောပြလိုက်ပါသည်။

ကျွန်ုပ်တို့တရုပ်အမျိုးသားဖြန်ဟတ်ဘွေအသင်းကြီးမှ ဗမာ့တပ်မတော်ရန်ပုံငွေကို ၅-သိန်းထည့်ရန် ဆုံးဖြတ်ထားပါသော်လည်း ကျွန်ုပ်ကအခြားအသင်းများကို အနိုင်မခံအရှုံးမပေးချင်သည့် အတွက် ပြိုင်ပြီးငွေ ၁၀-သိန်းထည့်လိုက်မိသည့်အတွက်ကြောင့် အင်မတန်မှ ကျွန်ုပ်မှာအခက်အခဲနှင့် တွေ့နေရပါတယ်။ ဖြန်ဟတ်ဘွေအသင်းကြီးမှာလည်း ငွေ ၅-သိန်းပဲရှိတယ်။ ပေးရမှာက ၁၀-သိန်းဖြစ်နေပြီး ဗမာ့တပ်မတော်ထောက်ပံ့ရေးရန်ပုံငွေကလည်း ကတိခံခဲ့သည့်အတွက် မပေးလျှင် မဖြစ်ပါ။ ကျွန်ုပ်မှာ ဤကဲ့သို့အဖြစ်အပျက်နှင့် ရင်ဆိုင်ကြုံတွေ့နေရပါသဖြင့် လောင်းကစားဝိုင်းဖွင့်ပြီး အကောက်အစားယူဖို့ပါဟု ကျွန်ုပ်က ဦးတင်မောင်မောင်ကို ရှင်းပြပြောဆိုလိုက်ပါသည်။ ဦးတင်မောင်မောင် ကလည်းကျွန်ုပ်ကိုပြန်ပြောတယ်။ ကျွန်ုပ်ဟာဒီအနောက်ပိုင်းကိုရောက်လာတာ တစ်ပတ်လောက်ပဲ ရှိပါသေးတယ်။ ကျွန်ုပ်၏အထက်လူကြီးများကသိလျှင် ကျွန်ုပ်ကိုတလွဲထင်နေပေ့မယ်။ သို့အတွက် ဦးစပ်စုရယ် ကြည့်လုပ်ပါလို့ပြောသွားတယ်။ ကျွန်ုပ်ကလည်းကောင်းပါပြီ၊ ဒီလိုတလွဲထင်မှာကြောက်ရင် ဦးတင်မောင်မောင်ကလည်းရောက်လာတာမကြာသေးတော့ သဘာက်ခါလောက်ကျရင် လူကြီးတွေ အစုံအလင်နှင့် ထမင်းစားမိတ်ဆက်ဧည့်ခံပွဲတစ်ခုကို ပြုလုပ်ပါမယ်။ ဦးတင်မောင်မောင်ကို အားလုံးနဲ့လည်း မိတ်ဆက်ပေးပေ့မယ်။ ဦးတင်မောင်မောင်၏ချစ်ခင်သည့်မိတ်ဆွေတွေကို ခေါ်ချင်လျှင်လည်းနာမည်ပေးပါလို့ ကျွန်ုပ်ကပြောဆိုလိုက်သည်။

နောက်တစ်ရက်ကျတော့ ဦးတင်မောင်မောင်နှင့် သူ့ညီဦးခင်မောင်မောင် ဦးအောင်ချိန်၊ ဦးဘရှင် သူတို့ ၄-ဦးဟာ ကျွန်ုပ်ဟော်တယ်မှာ လာရောက်စားသောက်ကြပြန်တယ်။ ဦးခင်မောင်မောင်ကို ကျွန်ုပ်ကမသိပေမယ့် ဦးတင်မောင်မောင်က ဒါသူ့ညီလို့မိတ်ဆက်ပေးတယ်။ ညီအစ်ကိုနှစ်ယောက်ဟာ မျက်နှာချင်းသိပ်ဆင်တူတယ်။ သူတို့၄-ဦးကို ကျွန်ုပ်ဟာ ထမင်းစားပွဲစားရင်းထဲမှာ သွင်းထားလိုက်တယ်။ နက်ဖြန်ခါကိုဆက်ဆက်ကြွကြပါလို့ မှာလိုက်တယ်။ သူတို့ကလည်း ကောင်းပါပြီလို့ပြောဆိုပြီးတော့ ပြန်သွားကြတယ်။

ကျွန်ုပ်၏မိတ်ဆက်ဧည့်ခံထမင်းစားပွဲပြုလုပ်သည့်နေ့ရက်ကျတော့ ကြွရောက်လာကြသည့် လူကြီးများမှာ ဆာဦးသွင်၊ ဆာမြဘူး၊ ဦးစောလှဖြူ၊ သခင်မြ(ဒုတိယဝန်ကြီးချုပ်)၊ သခင်လွန်းဘော် (ပြည်ထဲရေးဝန်ကြီး)၊ ဦးဘဝင်း၊ ပျော်ဖွယ်ဦးမြ(ကူးသန်ရောင်းဝယ်ရေးဝန်ကြီး)၊ ဦးလှဖေ (သစ်တော ရေးဝန်ကြီး)၊ ဦးထွန်းအောင် (ချွေးတပ်ဝန်ကြီး)၊ ဦးချစ်မောင် (အဓိပတိအတွင်းဝန်)၊ သခင်တင်၊ ဗိုလ်ရန်နိုင်၊

ဦးညွန့်ဟန် (ပြည်ထဲရေးဝန်ကြီးအတွင်းဝန်)၊ ဦးကာစီ (ICS)၊ ဦးပိုင် (ICS) (ကူးသန်းရောင်းဝယ်ရေးအတွင်းဝန်)၊ ဦးညွန့် (ICS)၊ ဦးတင် (ICS)၊ ဦးအုန်းကျော် (မြန်မာတစ်ပြည်လုံး ရဲဗိုလ်ချုပ်)၊ ဦးဘရီ (ရန်ကုန်ပုလိပ်မင်းကြီး)၊ ဦးထွန်းအုံ (ဒုတိယပုလိပ်မင်းကြီး)၊ ဦးစိုးညွန့် (မြူနီစပါယ်မင်းကြီး)၊ ဦးလှအောင် (မြူနီစပါယ်အင်ဂျင်နီယာ)၊ ဦးလှသွင်၊ ဦးဘဆွေ (ကေဘိုတိုင် ဗိုလ်ချုပ်)၊ ဦးဘထွန်း၊ ဦးဘအေး (နံပါတ်တစ် ဒုတိယပုလိပ်မင်းကြီး) နံပါတ် ၂ - ဦးဘအေးကို ဖိတ်ကြားထားပါသော်လည်းမလာနိုင်ပါ။ ဦးကိုကို (ကုန်စည်ကြီးကြပ်ညွှန်ကြားရေးဝန်)၊ ဦးဇင် (ချွေးတပ်ဝန်ကြီးအတွင်းဝန်)၊ ဦးစံလင်း (တရားသူကြီး) တို့ဖြစ်ပါသည်။

ဒီထမင်းစားပွဲတုန်းက ဦးအုန်းကျော်လာတာဟာ နည်းနည်းနောက်ကျပါတယ်။ ဦးဗဆွေတို့ ထိုင်သည့်ခုံမှာဝင်ထိုင်ပါသည်။ ဦးအောင်ချိန်၊ ဦးဘအေး၊ ဦးတင်မောင်မောင်၊ ဦးခင်မောင်မောင်တို့ဟာ ဦးအုန်းကျော်ကြွရောက်လာသည့်အခါမှာ အကုန်လုံးမတ်တတ်ရပ်ပြီးအလေးပြုကြပါတယ်။ ၎င်းတို့မှာ ဆန်းဦးညွန့်၊ ဦးသံဒိုင်၊ ဆရာကြီးဦးဘ၊ သီဟိုဠ်သံအမတ်ဦးတင့်ဆွေ (ဟိုတုန်းကသံအမတ်မဖြစ် သေးပါ)။ ၎င်းနောက် တရုပ်အမျိုးသားလူကြီးလူကောင်းများ၊ ဂျပန်စစ်ဗိုလ်အရာရှိကြီးငယ်များနှင့် လူပေါင်း ၁၀၀-ကျော် ၂၀၀-လောက်ကို မိတ်ဆက်ဧည့်ခံကျွေးမွေးပြုစုပါသည်။

ကျွန်ုပ်က သီလသမာဓိ ငါးပါးသီလကိုမြဲသည့်လူကြီးလူကောင်းများကိုလိုက်ပို့ပြီး ပြန်လာသည့် အခါမှာ ကျွန်ုပ်၏ဟော်တယ်မှာ အရက်သောက်တတ်သည့်လူကြီးများနှင့် ကစားတတ်သည့် လူကြီးလူကောင်းများ ၂၀-ကျော် ၃၀-လောက်ကျန်ပါသေးသည်။ ဒီတုန်းအခါကျမှ ကျွန်ုပ်ဟာ တစ်ခါထဲ ကစားဝိုင်း၃-ခုံကိုပြင်ဆင်လိုက်ပါတယ်။ ဟိုတုန်းကလမ်းပေါ်မှာရပ်ကြည့်နေတဲ့သူတွေကလည်း တော်တော်များတယ်။ ဝန်ကြီးစီသည့်ကားတွေဟာ ဟိုတုန်းကဒေါင်းအလံထူထားပါသည်။ ကျွန်ုပ်နှင့် သိသည့်လူများဟာလည်း မစောင့်နိုင်တော့ပဲကစားချင်လို့တက်လာကြပါတော့သည်။

ဒီအချိန်မှာ (ကူးသန်းရောင်းဝယ်ရေးဝန်ကြီး) ပျော်ဖွယ်ဦးမြသည် သူနှင့်အင်မတန်ရင်းနီးသူ ချို(ဖ်)လမ်းဦးစိန်နှင့်အတူ အနီထောင်ဝိုင်းမှာထိုင်နေကြပြီး ဝန်ကြီးပျော်ဖွယ်ဦးမြက အနီထောင်ကို လှည့်ပြီးကစားနေတယ်။ ကျွန်ုပ်၏အကြောင်းကိုသိသည့်အတွက် အားပေးပြီးကစားနေခြင်းဖြစ်ပါသည်။ မကောင်းသည့်အလှည့်ကျရင် တစ်မူးတစ်မတ်လောက်ပဲထိုးပါသည်။ ကောင်းသည့်အလှည့်ကျရင် ၅၀၀၊ ၁၀၀၀ လောက်ထိုးပါတယ်။ ၁၅-မိနစ်လောက်ကြာတော့ သူဟာ ၉၅၀လောက်ရှုံးနေပါပြီ။ အကောက် ၉၅ကျပ်ကိုပေးတယ်။ ကျန်ငွေသူ့ပိုက်ဆံ ၈၅၅ ကျပ်ရှုံးတယ်။ ဒီပိုက်ဆံကို ကျွန်ုပ်ကို ထုတ်ပေးပြီး ဒီဝိုင်းထဲမှာချပေးလိုက်တယ်။ ကစားပြီးတော့သူတို့နှစ်ဦးဟာလည်း အတူတူပြန်သွား ကြတယ်။ သူတို့ ၂-ဦးပြန်သွားကြပြီးတော့ ကစားဝိုင်းထဲမှာကစားနေသည့်လူတွေရော လာပြီးကြည့်


နေကြသည့်သူရော အများကြီးပြည့်ကြပ်နေတာပါပဲ။ ဂန်ကြီးကိုယ်တိုင် အနီထောင်ကစားသွားတယ်။ အိမ်မှာပိုက်ဆံများများသွားယူ၊ စိတ်ချလက်ချကစားကြတော့ ပြောဆိုနေကြသံကို ကျွန်ုပ်ကိုယ်တိုင် ကြားနေရပါတယ်။

ဒီညတစ်ညမိုးလင်းအထိကစားကြတယ်။ ဒီညတစ်ညထဲကစားတာ ဟိုပေးဒီပေးကုန်ကျသည့် စရိတ်အပြင် တစ်သိန်းလောက်နိုင်ပါတယ်။ နောက် ၇-ရက်လောက်ကြာကြာကစားရတော့ ကျွန်ုပ်အဖို့ ၆-သိန်းလောက်ကျန်တယ်။ ဗမာ့တပ်မတော်ကို ရန်ပုံငွေ ၅-သိန်းထည့်ပေးပြီးသည့်အပြင် ကျွန်ုပ်မှာ တစ်သိန်းလောက်ကျန်ပါသေးသည်။

**ဖိနပ်စပ်စု**

ဗမာ့ကာကွယ်ရေးတပ်မတော်သို့ ရန်ပုံငွေ ၅-သိန်းကိုပေးပြီး တာဂန်ကြီးတစ်ခုပေ့ါသွား၍ အေးမယ်မှမကျန်သေးဘူး၊ ဖိနပ်စပ်စုအနေဖြင့် နောက်ထပ်အပူလုံးကြီးတစ်ခုဟာ ပေါ်ပေါက်လာပြန်ပါပြီ။ ဗိုလ်ချုပ်အောင်ဆန်းဟာ ရန်ပုံငွေအတွက်မဟုတ်ပဲ နောက်ထပ်ကျွန်ုပ်ကိုခေါ်ပြီးတိုင်ပင်တယ်။ တော်လှန်ရေးဟာလည်း နီးကပ်နေပြီ။ တပ်မတော်သားများဟာ ဂျပန်နှင့်တိုက်ဖို့အတွက် ချုံတော ကိုင်းတောများကိုသွားရတော့မယ်။ သို့အတွက် ဖိနပ်မရှိလျှင်မဖြစ်နိုင်၍ ဦးစပ်စုဟာ ဖိနပ်ရဖို့ ဒီတစ်ခုတော့ထပ်ပြီးအကူအညီပေးပါဦးလို့ပြောတယ်။

အဲဒီလိုပြောဆိုပြီးနောက် ဗိုလ်အောင်ဆန်းဟာ သူ့လက်အောက်ရှိ သူ့တပည့် စစ်လက်နက်ဌာန စစ်ဂတ်စားဌာနမှူး ဗိုလ်ကြီးဗတင်ကိုခေါ်လာပြီး ကျွန်ုပ်နှင့်ဗိုလ်ဗတင်ကို ဖိနပ်ရရှိရေးတာဂန်အကုန်လုံးကို တာဂန်ပေးလွှဲအပ်လိုက်တယ်။ ဒီတုန်းကဗိုလ်ကြီးဗတင်နှင့်အတူ မှတ်ဆိတ်မွေးဗိုလ်သိန်းဟန်လည်း ပါလာသည်။ ကျွန်ုပ်ဟာ ကျွန်ုပ်၏စိတ်ထဲမှာ တော်လှန်ရေးလည်းနီးကပ်နေပြီ၊ ရဲဘော်တွေမှာ ဂျပန်နှင့်တိုက်ဖို့ရန် ဖိနပ်မရှိရင်ဘယ်ဖြစ်မလဲ၊ အင်မတန်မှအရေးကြီးတာပဲလို့ အောက်မေ့ယူဆမိတယ်။


MARTABAN COMPANY LTD.

ဘိုနပ်စပ်စုကို ဗိုလ်မတင်က ပေးသည့် ထောက်ခံစာ

အဲဒီတော့ကျွန်ုပ်ဟာ ဖိနပ်ချုပ်တတ်သည့်တရုပ်အားလုံးကို ချုပ်ခ ၃-ဆပေးပြီးချုပ်ခိုင်း လိုက်သည်။ စက် ၂-ခုရှိရင်လည်းတစ်ခုကိုငှားလိုက်တယ်။ အဲဒီလိုချုပ်လို့ ရက် ၂၀-လောက်လဲ ကျရော သားရေကုန်သွားတယ်။ ချုပ်တဲ့လူလည်းရှိ စက်လည်းရှိပြီး သားရေမရှိလို့မချုပ်ရသည့် ဘဝကို ရောက်ရှိသွားပါသည်။ ဘာနှင့်တူသလဲဆိုတော့ အိုးလည်းရှိပြီး၊ ထင်းလည်းရှိ၍၊ ဆန်မရှိတဲ့ ဘဝနှင့်တူနေတော့တာပါပဲ။ ဒီတော့ကျွန်ုပ်ဟာ ထပ်ပြီးအကြံဉာဏ်ရရှိလာပါတယ်။ ဂျပန်တွေရဲ့ ဂိုထောင်တွေထဲမှာရှိသည့်သားရေတွေကို ပိုက်ဆံများများပေး၍ယူခိုင်းတယ်။ ပိုက်ဆံများများပေးလို့ သားရေတွေလည်းရရော၊ ဖိနပ်တွေကိုလုံလုံလောက်လောက်ချုပ်ပေးနိုင်၍ ဖိနပ်များကို ၁၉၄၅-ခုနှစ်၊ မတ်လ ၂၇-ရက်နေ့ တော်လှန်ရေးမတိုင်မီ ရဲဘော်တွေဟာလုံလုံလောက်လောက်စီးနိုင်ပြီး ဂျပန်ကို ရဲပုံ့စွာနှင့်တော်လှန်နိုင်ခဲ့ပါသည်။

တော်လှန်ရေးအချိန်မနှောင်းမီ ကျွန်ုပ်ရှာဖွေချုပ်လုပ်ပေးသည့်ဖိနပ်တွေကို တပ်မတော်သားတွေ စီးပြီး၊ ကိုင်းတော လယ်တောချုံတောတွေကို လျှောက်နိုင်ဖို့နှင့် ဂျပန်ကိုတော်လှန်နိုင်ဖို့အရေးကို အားကြိုးမာန်တက် မရမနေပင်ပင်ပန်းပန်းနှင့် ရအောင်ရှာဖွေလုပ်ကိုင်ပေးခဲ့တယ်။ ကျွန်ုပ်ဦးစပ်စု ရှာဖွေလုပ်ကိုင်ပေးခဲ့သည့်

ဖိနပ်တွေကြောင့်လည်း တပ်မတော်သားတွေဟာ ဂျပန်ကိုရင်ဆိုင်ပြီး တိုက်ကြသည့်အခါမှာ ဂျပန်ကို အပြန်အသတ် အပွဲပွဲမှာအနိုင်ရခဲ့ပါသည်။

၁၉၄၅-ခုနှစ်၊ မေလ ၁-ရက်နေ့မှာ ဗိုလ်နေဝင်းဟာ ဖျာပုံခရိုင်ဘက်မှနေ၍ ရန်ကုန်မြို့ကို လာပြီး အပြီးအပိုင်သိမ်းလိုက်ပါသည်။ ၁၉၄၅-ခုနှစ်၊ မေလ ၁-ရက်နေ့မှာ ဗိုလ်နေဝင်းဟာ ရန်ကုန်ကိုသိမ်းပြီး၊ ၁၉၄၅-ခုနှစ် မေလ ၃-ရက်နေ့မှာ ရန်ကုန်မြို့ကို ဗမာ့တပ်မတော်ကသိမ်းလိုက် ပြီးဆိုတာကို တစ်ကမ္ဘာလုံးသိအောင်ကြေညာလိုက်သည်။ ဒါကြောင့်လည်းဗမာ့တပ်မတော်ကို အခြားတိုင်းပြည်များဟာ အထင်ကြီးပြီးလေးစားလာကြရပါသည်။ အဲဒီလိုအချိန်အခါမှာဆိုရင်လည်း ဂျပန်ကလည်းအထွက်၊ အင်္ဂလိပ်စစ်သင်္ဘောကြီးတွေဟာလည်း စစ်လက်နက်ပစ္စည်းအစုံအညီနှင့် ရန်ကုန်မြို့ကို မဝင်ရဲမသိမ်းရဲသေးပဲ ချောင်းဝမှာရှိနေကြတယ်။ ဒီအချိန်မှာဗမာ့တပ်မတော်ဟာ သက်စွန့်ကြိုးပမ်း ရှုပ်ရှုပ်ချွန်ချွန်နှင့်ရန်ကုန်မြို့ကိုဝင်သိမ်းလိုက်သည်။ အဲဒီတော့ အင်္ဂလိပ်စစ်ဗိုလ်များဟာ ဗမာ့တပ်မတော်ကို အထင်မကြီးပဲမနေနိုင်အောင် အထင်ကြီးလာခဲ့ကြရတယ်။ ဗမာ့တပ်မတော်ဟာ ကမ္ဘာသိအောင်ကြေညာနိုင်ခဲ့လို့ ၁၉၄၇-ခုနှစ်၊ ဇန်နဂါရီလ ၂၇-ရက်နေ့ချုပ်ဆိုသည့် အောင်ဆန်း အက်တလီစာချုပ်မှာ တင်းပြည့်ကျပ်ပြည့်လိုအင်ဆန္ဒကို အင်္ဂလိပ်များဟာလိုက်လျောလာခဲ့ရတယ်။ လေးစားလာခဲ့ရတယ်။ ဗမာ့လွတ်လပ်ရေးတောင်းသောအခါမှာလည်း ဒီအတွက်ကြောင့်အများကြီး အခွင့်အရေးပိုမိုရရှိခဲ့ပါသည်။

၁၉၄၈-ခုနှစ်၊ ဇန်နဂါရီလ ၄-ရက်နေ့မှာ ဗမာပြည်ကြီးတစ်ပြည်လုံး လွတ်လပ်ရေးရ၍ လွတ်လပ်ရေးကျောက်တိုင်များ စိုက်ထူကြရတာဟာ လွန်ခဲ့သော ၃-နှစ်ကျော် ၁၉၄၅-ခုနှစ်က ဖိနပ်စပ်စုကျွန်ုပ်ဟာ ကြိုတင်ပြီး လွတ်လပ်ရေးကျော်တိုင်အုတ်မြစ်ကြီးကို ချလာခဲ့တာနှင့်အတူတူပဲ မဟုတ်ပါလား။ တူကောတူမနေဘူးလား။ အသေအချာဆန်းစစ်ဝေဖန်ကြည့်လိုက်ပြန်ရဦးမည်ဆို လျှင်လည်း ကျွန်ုပ်တစ်ဦးတည်းကောင်း၍မဟုတ်ပါ။ ဖိနပ်ချုပ်တတ်သည့်ဆရာကြီးတွေ၊ ပိုင်းဂန်း အားပေးကြသည့်သူတွေ၊ ဂျပန်ကရေနွေးပူပက်၊ လက်သည်းခွံခွာ၍ညှင်းပန်းနှိပ်စပ်မှာကို မကြောက်မရွံ့ပဲ ရဲရဲပုံ့ပုံ့နှင့် သားရေများရရှိအောင်ယူပေးသည့်သူတွေ၊ ဗမာ့တပ်မတော်စစ်လက်နက်ဌာန၊ စစ်ဂတ်စား ဌာနမှူးဗိုလ်ဇတင်၊ ဗိုလ်သိန်းဟန်တို့တစ်တွေလည်းပါပါသည်။ ကျွန်ုပ်တို့တစ်စုဟာ ဘာနဲ့သဏ္ဍာန် အလားတူသလဲဆိုတော့ နာရီကြီးတစ်ခုနဲ့အင်မတန်တူလှပါသည်။ ဥပမာပြရမည်ဆိုလျှင် ကျွန်ုပ်က နာရီကြီး၊ ဗိုလ်ဇတင်နှင့်ဗိုလ်သိန်းဟန်တို့ဟာ လက်တံတိုနှင့်လက်တံရှည်လို ညွှန်ကြားမှုပေးပြီး၊ ကျန်သည့်လူများကတော့ စက်ပစ္စည်းအစစအရာရာအားလုံးနှင့် တူညီပါပေသည်။ ဒီပစ္စည်းအားလုံးစုံညီလို့ နာရီကြီးဟာအချိန်မှန်လည်ပတ်သွားနိုင်သလို ကျွန်ုပ်တို့တစ်တွေဟာ တစ်ဦးကောင်းမဟုတ်ပဲ

အားလုံးလူညီတက်ညီကောင်းမွန်လှပါသောကြောင့် ဖိနပ်ကိစ္စမှန်သမျှအားလုံးဟာ ချောမောပြေပြစ်စွာဖြင့်အောင်မြင်လာခဲ့ပါသည်။ သို့အတွက်ကျွန်ုပ်တစ်ဦးတည်းသာ ဖိနပ်စပ်စုလို့ နာမည်ထင်ပေါ်လာပါသော်လည်း ကျွန်ုပ်နှင့်အတူဝိုင်းဝန်းအားပေးကူညီလုပ်ကိုင်ပေးသူမှန်သမျှ ဖိနပ်စပ်စုများဟာလည်း အများကြီးရှိပါသေးသည်။

ကျွန်ုပ်ဟာ စော်ဘွားစပ်စုဖြစ်လာခဲ့တာလည်း အလားတူကျွန်ုပ်တစ်ဦးတည်းကောင်းမွန်လို့ မဟုတ်ပါ။ ဂျပန်ကင်ပေတိုင်ချုပ် မတ်ဆူအိုကာ၊ သူ့တပည့် ဖေါ်မိုဆာလူမျိုး စကားပြန်သတင်းပေး သူနှင့် ဘုရားဒါယကာ ဂဏ္ဍကျော်ထင်ဦးဖိုးစိန်၊ သူ့သား ကနက်စိန်၊ ကောလိပ်စိန်၊ သမီးမြင့်မြင့်စိန်၊ ဂျပန်သီချင်းသင်ပေးသည့်ဆရာကြီးများ၊ ဂျပန်သီချင်းတီးဝိုင်းသင်ပေးသော ဆရာကြီးတွေနှင့် ကြွရောက်လာကြပြီး အားပေးသည့်လူကြီးလူကောင်းများဟာလည်း စော်ဘွားစပ်စုလို့ ကျွန်ုပ်အမည်တွင်သလို သူတို့ဟာလည်းစော်ဘွားစပ်စုတွေဖြစ်ကြပါတယ်။ ဒီကိစ္စတွေဟာ ကျွန်ုပ် စော်ဘွားစပ်စုတစ်ဦးတည်းနှင့်ပြီးသည့် အလုပ်တွေမဟုတ်ပါ။

မြန်မာပြည်မှလူကြီးလူကောင်းများဟာ အများအားဖြင့် တရုပ်ပြည်ပီကင်းမြို့ကိုသွားရောက် သည့်အခါ အင်မတန်မှနာမည်ကျော်ကြားသည့် မိုင်ပေါင်း ၁၀၀၀၀ ရှိတဲ့မြို့ရိုးကိုသွားမကြည့်ပဲ မနေနိုင်ပါဘူး။ ဒီမြို့ရိုးကိုလွန်ခဲ့သည့်နှစ်ပေါင်း ၂၇၀၀ လောက်က ကျင်စီရှောင်ဆင်ဘင်ရှင်ဘုရင်က တည်ဆောက်ပြုလုပ်ခဲ့တယ်။ ဒီမြို့ရိုးဟာ ကမ္ဘာပေါ်မှာအင်မတန်မှနာမည်ကျော်ကြားသည့် အဆောက် အဦးထဲမှာ တစ်ခုအပါအဝင်ဖြစ်တယ်။ နာမည်တပ်ထားတာကတော့ ကျင်စီရှောင်ဆင်ဘင်တည်ဆောက် ခဲ့တဲ့မြို့ရိုးဖြစ်လို့ ကျင်စီရှောင်ဆင်ဘင်မြို့ရိုးလို့ခေါ်ကြတယ်။ ဤမြို့ရိုးကြီးကိုလည်း တကယ်တန်း ဆန်းစစ်ကြည့်လိုက်ပြန်တော့ သန်းပေါင်းများစွာ မထင်ရှားတဲ့ ကျင်စီရှောင်ဆင်ဘင်၏လူတွေ၊ သွေးတွေ၊ ချွေးတွေအများကြီးပါဝင်ခဲ့ပါတယ်။ အမည်မထင်ပေါ်ခဲ့သည့် သန်းပေါင်းများစွာ လူတွေဟာလည်း ကျင်စီရှောင်ဆင်ဘင်တွေဖြစ်ကြပါတယ်။

မျက်မြင်ကိုယ်တွေ့မြန်မာပြည်တစ်ပြည်လုံး လူထုအားလုံးတွေ တွေ့ရှိကြရသည့် ကမ္ဘာအေး ဘုရားနှင့် လှိုင်ဂူတော်ကြီးဟာ မြန်မာပြည်မှာနာမည်ကျော်ကြားသည့် အဆောက်အဦတစ်ခုဖြစ်ပါသည်။ ဒီဘုရားနှင့်လှိုင်ဂူတော်ကို နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဦးနုကပဲ တည်ဆောက်ဖို့အကြံဉာဏ်ပေးပါတယ်။
အမှန်တော့မြန်မာပြည်တစ်ပြည်လုံးမှာရှိသည့်လူတွေဟာ
လူအားငွေအားအများအပြားအကူအညီ ပေးကြတယ်။ ကျောက်ထုသူကထု၊ ဘိလပ်မြေသယ်သူကသယ်၊ အုတ်မြစ်ချသူကချနှင့် အားလုံးဝိုင်းဝန်းဆောင်ရွက်၍ ကမ္ဘာအေးဘုရားနှင့်လှိုင်ဂူတော်ဟာ ထမြောက်အောင်မြင်ပြီးစီးခဲ့ပါတယ်။

ဒီလိုပိုင်းဂန်းကူညီပြုလုပ်ဆောင်ရွက်ပေးခဲ့သည့် သိန်းပေါင်းများစွာလူထုမှာလည်း မထင်ရှားသည့် ဦးနများဖြစ်ကြပါသည်။

၁၉၄၅-ခုနှစ်မှာ ဂျပန်စစ်ရှုံးတော့မည်ဆိုတာကို လူတိုင်းသိနေကြပါပြီ။ မြန်မာပြည်တစ်ပြည် လုံးမှာရှိသည့် တရုပ်အမျိုးသားများဟာလည်း စိတ်ပူနေကြပါသည်။ မြန်မာပြည်တစ်ပြည်လုံးမှာရှိသည့် တရုပ်အမျိုးသားပြန်ဟတ်ဘွေအသင်းများ၏ကိုယ်စားလှယ်များဟာလည်း ကျွန်ုပ်တို့ပြန်ဟတ်ဘွေ အသင်းကြီးသို့ရောက်ရှိလာကြပြီး၊ အသင်းဥက္ကဋ္ဌပီကေချောင်းနှင့် ကျွန်ုပ်ဦးစပ်စုကိုလာ၍တိုင်ပင်နေကြ ပါတယ်။ ဂျပန်စစ်ရှုံးလို့ထွက်ပြေးသည့်အခါကျလျှင် ကျွန်ုပ်တို့မှာ ကျွန်ုပ်တို့၏အသက်အိုးအိမ် ပစ္စည်း စည်းစိမ်မှန်သမျှလုံခြုံမှုမရှိသည့်အတွက် အင်မတန်မှစိတ်ပူပင်နေရပါပြီ။ ဂျပန်ထွက်ပြေးတဲ့ အခါမှာ တရုပ်အမျိုးသားများကို ဇက်ဖြတ်သွားမလားဆိုတာကတစ်ကြောင်း၊ လူမသမာလူဆိုး လူယုတ်မာတို့ကလည်း ပစ္စည်းဥစ္စာကိုလုယက်တိုက်ခိုက်ကုန်မှာ စိုးရိမ်ပူပန်ရတာကတစ်ကြောင်း၊ ဤအကြောင်းများနှင့် ဒီလိုအခါမှာ မြန်မာနှင့်တရုပ်စိတ်ဂမ်းမတော်တဆကွဲလာရင် ချစ်ကြည်ရေး ပျက်ပြားပြီး၊ စိတ်မချမ်းသာစရာကိစ္စတွေပေါ်ပေါက်လာမှာ သိပ်စိုးရိမ်ရတယ်။ အဲဒီကိစ္စတွေဟာ ကျွန်ုပ်နှင့်ပီကေချောင်းတို့အဖို့ အင်မတန်မှဦးနှောက်ခြောက်စရာဖြစ်လာတယ်။ ညကျလျှင်လည်း ကျွန်ုပ်ဟာ မအိပ်နိုင်တော့ပဲ နဖူးပေါ်မှာလက်တင်ပြီး အမြဲစဉ်းစားနေပါသည်။

## တစ်နှင့်တူသောဗိုလ်ချုပ်အောင်ဆန်း

ကျွန်ုပ်ဟာ ဒီကိစ္စနှင့်ပတ်သတ်၍ဦးနှောက်ခြောက်ပြီး ဟိုလျှောက်ဒီလျှောက်နှင့် အမြဲသွားပြီး စဉ်းစားနေပါတယ်။ အဲဒီလို ဟိုလျှောက်ဒီလျှောက်စဉ်းစားနေသည့်အခါမှာ ကောင်လေးတွေတစ်စုဟာ ၂၁ ကစားနေတာကိုသွားတွေ့တယ်။ ဒီအထဲမှာ ကောင်လေးတစ်ကောင်ဟာ တစ်အမြဲပါပါတယ်။ ကစားတာကလည်း လည်တယ်။ ဒီတစ်ဟာ ဘာနှင့်တွဲပြီးတော့ကစားရကစားရ ဘာမှကြောက်စရာ မလိုဘူးပေါ့။ ကျွန်ုပ်ကလည်းဒီတော့သွားစဉ်းစားမိတယ်။ ဒီတစ်ဟာဘာနဲ့တူသလဲဆိုတော့ ဗိုလ်အောင်ဆန်းနဲ့သွားတူတယ်။ ဗိုလ်အောင်ဆန်းကိုတိုင်းပြည်လူထုဟာ အားလုံးကြည်ညိုတယ်။ တပ်မတော်သားတွေမှန်သမျှဟာလည်းကြည်ညိုတယ်။ ကျွန်ုပ်ဟာ အကြံဉာဏ်ရပါပြီ။ ဗိုလ်အောင်ဆန်း က တစ်ဖြစ်၍ ကျွန်ုပ်က ၈-ဖြစ်စေ၊ ၉-ဖြစ်စေ၊ ၁၀-ဖြစ်စေ၊ ကုလားဖြစ်စေဘာမှကြောက်စရာ မလိုတော့ဘူး။ ဒီတော့မှကျွန်ုပ်ဟာအကြံဉာဏ်တစ်ခုထပ်ရလာပြန်ပါတယ်။

ကျွန်ုပ်တို့တရုပ်အမျိုးသားပြန်ဟတ်ဘွေအသင်းကြီးက တတိယအကြိမ်မြောက် ဗမာ့တပ်မတော်သို့ထောက်ပံ့ရေးရန်ပုံငွေ သိန်း ၂၁-ကို

စုဆောင်းပြီးသွားပေးသည့်အချိန်အခါမှာ ပြန်ဟတ်ဘွေအသင်းကြီး၏ ကော်မီတီတစ်ဦးဖြစ်သူလင်ကျို့ကျို(ယခုလူထုစီးကရက်ပိုင်ရှင်ဦးချို)ကလည်း ငွေတစ်သိန်းကို အလှူငွေထဲထည့်ပါသည်။ ဟိုအချိန်တုန်းကလည်းတပ်မတော်မှာ မော်တော်ကား ခပ်များများတော်တော်ကိုပဲလိုနေပါသည်။ ကျွန်ုပ်နှင့်ပီကေချောင်းဟာလည်း ထပ်ပြီးတိုင်ပင်ကြတယ်။ ဦးချိုထံမှာ မော်တော်ကားတစ်စီးပိုနေတယ်။ သူဟာ ကားတစ်စီးကိုထပ်ဂယ်တာ ဘာမှမကြာသေးဘူး။ တစ်သိန်းကျော်လောက်ပေးရတယ်လို့ကြားတယ်။ ကျွန်ုပ်နှင့်ပီကေချောင်းဟာ ဦးချိုထံကိုသွားပြီးတော့ တိုင်ပင်ပြန်တယ်။ ကျွန်ုပ်တို့တရုပ်အမျိုးသားပြန်ဟတ်ဘွေအသင်းကြီးကို ရန်ပုံငွေထည့်သည့်ငွေတစ်သိန်း ကို မပေးပါနှင့်။ မော်တော်ကားတစ်စီးကိုပြန်ဟတ်ဘွေအသင်းကိုလှူပါ။ ပြန်ဟတ်ဘွေအသင်းကတဆင့် ဗမာ့တပ်မတော်ကိုလှူမယ်လို့ ကျွန်ုပ်တို့နှစ်ဦးကပြောဆိုလိုက်တော့ ဦးချိုကလည်းသဘောတူပါတယ်။ လှူမယ့်မော်တော်ကားကိုလည်း ဦးချိုဟာသေသေချာချာထပ်မံပြင်ဆင်၍အသစ်သက်ငယ်မိုးပြီးတော့ ပြန်ဟတ်ဘွေအသင်းကြီးကိုမော်တော်ကားလာအပ်ပါသည်။

ကျွန်ုပ်နှင့်ပီကေချောင်းဟာ တိုင်ပင်ပြီး၊ ဗမာ့တပ်မတော်ထောက်ပံ့ရေးရန်ပုံငွေသို့ လှူဖို့ အလှူငွေ သိန်း၂၈-ကို သေသေချာချာစာရင်းမှတ်၍ချက်လက်မှတ်ရေးသားပြီး ဗိုလ်အောင်ဆန်းကို သွားပြောပါတယ်။ ကျွန်ုပ်တို့ပြန်ဟတ်ဘွေအသင်းကြီးက ဗမာ့ထောက်ပံ့ရေးရန်ပုံငွေသို့ သိန်း ၂၈- လှူဖို့ကို စာရင်းနှင့်တကွ ချက်လက်မှတ်ပါရေးသားပြီးပါပြီ၊ ဒါတွင်မကသေးပါဘူး၊ ကျွန်ုပ်တို့ပြန်ဟတ်ဘွေအသင်းကြီးကို ဦးချိုကမော်တော်ကားတစ်စီးလှူထားပါသည်။ ဒီမော်တော်ကားကို ဗမာ့တပ်မတော်သို့လှူမယ်၊ သို့အတွက်ဗိုလ်အောင်ဆန်းဟာ ကျွန်ုပ်တို့အသင်းတိုက်တည်ရာ လတ္တာလမ်းကို ခဏကြွလာပြီး၊ ကျွန်ုပ်တို့ကလည်း ငွေသိန်း၂၈-နှင့် ဒီမော်တော်ကားကို ဗိုလ်အောင်ဆန်းအား တခမ်းတနားနှင့်အပ်ပါရစေလို့ပြောတော့ ဗိုလ်အောင်ဆန်းဟာ ၁၉၄၅-ခုနှစ်၊ မတ်လ ၅- ရက်နေ့၊ နေ့လယ် ၁၂-နာရီကိုလာမည်လို့ပြောဆိုလိုက်ပါသည်။ ဒီတော့ကျွန်ုပ်တို့ဟာလည်း အင်မတန်မှဂမ်းသာသွားကြပါသည်။ ဗိုလ်အောင်ဆန်းလာပြီး ပြန်ဟတ်ဘွေအသင်းကြီးက ဗမာ့တပ်မတော်ကို ငွေသိန်း၂၈-ရန်ပုံငွေလှူတာနှင့် မော်တော်ကားတစ်စီးလှူတဲ့အခမ်းအနားကို နယ်ရှိ လူထုအားလုံးရော၊ သတင်းစာဆရာတွေရော၊ တရုပ်အမျိုးသားပြန်ဟတ်ဘွေအသင်းကြီးက ဗိုလ်အောင်ဆန်းအားလှူတာကို ဗမာ့တပ်မတော်သားတွေကရော ဗမာအမျိုးသားတွေကပါသိတော့ တရုပ်မြန်မာချစ်ကြည်ရေးဟာ ပိုပြီးခိုင်မြဲ၍လေးစားလာကြမှာပါပဲ။

၁၉၄၅-ခုနှစ်၊ မတ်လ ၅-ရက်နေ့၊ နေ့လယ် ၁၂-နာရီအချိန်မှာ ဗိုလ်အောင်ဆန်းဟာ ရန်သူ့လေယာဉ်ပျံလာ၊ ဥဩဆွဲ၊ ဗုံးချ၊ စက်သေနတ်ပစ်သည့်ကြားထဲမှ ကတိမပျက်ပဲ အချိန်ကို လေးစားစွာနှင့်လာတယ်။ ဒီတုန်းကဗိုလ်အောင်ဆန်းဟာ ဂီစလီကားအနက်ရောင်ကိုစီးပြီးလာတယ်။ သူ့ကားမှာ စစ်ဂန်ကြီးစစ်သေနာပတိချုပ်အလံတစ်ခုနှင့် ဒေါင်းအလံတစ်ခု၊ အလံ ၂-ခုကိုထူထားတယ်။ သူနှင့်အတူတူပါလာတဲ့သူများဟာ ဗိုလ်မင်းခေါင်၊ မုတ်ဆိတ်မွေး ဗိုလ်သိန်းဟန်၊ ကိုယ်ရံတော်နှစ်ဦးနှင့် တပ်မတော်ပြန်ကြားရေးအရာရှိ ဦးခင်မောင်(ယခုအနုပညာပန်တြာကျောင်းအုပ်ကြီးဦးခင်မောင်)တို့ ဖြစ်ပါသည်။ ဦးခင်မောင်ဟာ ပြန်ဟတ်ဘွေအသင်းမှ ဗိုလ်အောင်ဆန်းအား ရန်ပုံငွေလှူဒါန်းပေးအပ်သော အခမ်းအနားကို ဓါတ်ပုံလာရိုက်တယ်။ သတင်းစာဆရာတွေလည်းအများကြီးပါရှိပါတယ်။ ဗိုလ်အောင်ဆန်းဟာ မိန့်ခွန်းစကားပြောကြားပြီး အသင်းတိုက်ပေါ်မှထမင်းအတူတူစားသောက်၍ ၂-နာရီလောက်ကြာမှ ပျော်ပျော်ရွှင်ရွှင်နှင့်ပြန်သွားပါသည်။



ပြန်ဟတ်ဘွေအသင်းမှ ဗမာ့တပ်မတော်ကို တတိယအကြိမ်မြောက်ရန်ပုံငွေလှူသော အခမ်းအနားဓါတ်ပုံဟာ ကျွန်ုပ်ထံတွင်ယခုတိုင်ရှိပါသည်။ ဟိုစဉ်အခါကသေချာထင်ပေါ်စွာရိုက်ကူး ထားသောဓါတ်ပုံဟာ အင်္ဂလိပ်ပြန်အဝင်မှာ အင်္ဂလိပ်စစ်ဘက်အရာရှိများလာရောက်၍ ဂျပန်စစ်ဗိုလ်ပုံ များနှင့်အတူ သိမ်းဆည်းသွားပါသည်။ ကျွန်ုပ်၏လက်ထဲတွင်ရှိသည့် ယခုဓါတ်ပုံဟာ ဗမာ့ခေတ် သတင်းစာထဲမှာပါသည့်

ဘလောက်ပုံကိုထပ်မံရိုက်ကူးထားပါသောကြောင့် သိပ်ပြီးတော့မထင်ရှား မပေါ်လွင်ပါ၊ သတင်းစာထဲမှာထည့်ဖို့ရာကိုလည်း ဘလောက်တစ်ခုလုပ်ရန်မထင်ပေါ်လုပါဘူး။

၁၉၄၅-ခုနှစ်၊ မတ်လ ၆-ရက်နေ့ထုတ်ဗမာသတင်းစာအသီးသီး၊ တရုပ်သတင်းစာ၊ အင်္ဂလိပ် သတင်းစာ၊ အိန္ဒိယသတင်းစာအသီးသီးတို့၏ မျက်နှာဖုံးများတွင် ဓါတ်ပုံများ၊ ချီးကျူးစာများဟာ အများအပြားပါရှိတာကို တွေ့ရှိကြရပါလိမ့်မည်။ သတင်းစာဖတ်ပရိတ်သတ်များဟာလည်း ဟိုအချိန်က ဖတ်မိကောင်းဖတ်မိကြရပါ၍ မှတ်မိလည်း မှတ်မိကြရပါလိမ့်မည်။ ၁၉၄၅-ခုနှစ်၊ မတ်လ ၆-ရက်နေ့ထုတ်သတင်းစာအသီးသီးမှပါရှိသော ဖြန်ဟတ်ဘွေအသင်းကြီးမှ ဗိုလ်အောင်ဆန်းအား ရန်ပုံငွေ သိန်း ၂၀-နှင့်မော်တော်ကားလှူသောအခမ်းအနားဓါတ်ပုံမှာ တစ်ဖက်ပါဓါတ်ပုံဖြစ်ပါသည်။

မြန်မာပြည်တစ်ပြည်လုံးရှိ တရုပ်အမျိုးသားများဟာလည်း စားမဝင်အိပ်မပျော် စိတ်ဒုက္ခရောက်နေသည့်ဂဠုဒုက္ခဟာ ဗိုလ်အောင်ဆန်း ဖြန်ဟတ်ဘွေအသင်းကြီးမှာလာပြီး မိန့်ခွန်းပြောကြားသည့်အကြောင်းနှင့် တရုပ်အမျိုးသားဖြန်ဟတ်ဘွေအသင်းကြီးကလှူလိုက်သော ငွေသိန်း ၂၀-နှင့်မော်တော်ကားတစ်စီးလှူလိုက်သည့်သတင်းကို ဖတ်လိုက်ကြားလိုက်သိရှိလိုက်ရတော့ သူတို့ရဲ့စိတ်ထဲမှာ အင်မတန်မှဂမ်းသာသွားကြပါသည်။ နောက်ပြီး ဥပမာတစ်ခုပြရပါလျှင် ဗိုလ်အောင်ဆန်းဟာ ဘာနှင့်အလားသဏ္ဍာန်တူပါသလဲဆိုတော့ ပင်လယ်ရပ်ခြားကို ကတ္တူနှင့်ခရီးသွား လာသည့်အချိန်၌ လေမုန်းတိုင်းမိတဲ့အခါမှာ ပတ္တမြားကိုပြလိုက်လျှင် လေမုန်တိုင်းဟာငြိမ်ကျပြီး အေးချမ်းသွားသလို ယခုကျွန်ုပ်တို့တရုပ်အမျိုးသားတွေ စိတ်ဆင်းရဲဒုက္ခရောက်နေကြတာကိုလည်း ပတ္တမြားနှင့်တူသည့် ဗိုလ်အောင်ဆန်းပုံနှင့် ဖြန်ဟတ်ဘွေအသင်းကြီးမှလူကြီးများ၏ပုံများကို မြန်မာတစ်ပြည်လုံး သတင်းစာအသီးသီးမှဖတ်ရှုတွေ့မြင်လိုက်ကြရတော့ တရုပ်အမျိုးသားများဟာ အင်မတန်မှစိတ်အေးချမ်းသာပြီး အိပ်ပျော်၍စားလို့ကောင်းသောက်လို့ကောင်း စိတ်ချမ်းသာကိုယ်ချမ်းသာ သည့်ဘဝကိုရောက်ရှိပြီးလာကြပါသည်။

မြန်မာအမျိုးသားများဟာလည်း ဒီသတင်းစာပါအကြောင်းကိုဖတ်ရှုပြီးတော့ တရုပ်အမျိုးသား များအပေါ်အင်မတန်မှချစ်ခင်ကြပြီး၊ ညီရင်းအစ်ကိုလိုဖြစ်သွားကြပါတယ်။ တရုပ်မြန်မာချစ်ကြည်ရေး ဟာလည်း ပိုပြီးတော့ခိုင်မြဲလာပါသည်။ ဗမာ့တပ်မတော်က ဂျပန်ကိုတော်လှန်၍ ဂျပန်များစစ်ရှုံးပြီး ထွက်ပြေးကြသည့်အခါမှာ မြန်မာပြည်တစ်ပြည်လုံးရှိ တရုပ်အမျိုးသားများဟာ လက်တစ်ဆစ်၊ နမ်းတစ်စေ့မျှပင် အထိခိုက်မခံခဲ့ရပါဘူး။ ကျွန်ုပ်ဦးစပ်စုသည် ခေါင်းဆောင်ကြီးများနှင့် ခင်မင်ရင်းနှီးပြီး တရုပ်အမျိုးသားအားလုံးက ချစ်ခင်လေးစားကြတာဟာ ပေးအပ်သောတာဝန်မှန်သမျှကို ကျွန်ုပ်ဟာ နေ့ညမရွေး၊ နေပူမရှောင်မိုးရွာမရှောင်၊ ပုံးကြဲစက်သေနတ်ပစ်ကြားထဲမှ အပင်ပန်းခံပြီး ဦးနှောက်ခြောက် ခံကာ တရုပ်အမျိုးသားများပေးအပ်သည့်တာဝန်ကို

အရိုးကြေကြေအရေခမ်းခမ်းပြုလုပ်ပေးနိုင်ခြင်း တွေကြောင့် ကျွန်ုပ်ဦးစပ်စုဟာ နာမည်ကြီးပြီးလူချစ်လူခင်များရခြင်းဖြစ်ပါသည်။ မြန်မာတစ်ပြည် လုံးမှာရှိသည့် တရုပ်အမျိုးသားများဟာလည်း ကျွန်ုပ်ကို တာဂန်အားလုံးမှန်သမျှပုံအပ်တယ်။ ကျွန်ုပ်ကလည်း ကျေးဇူးပြန်ဆပ်သည့်အနေနှင့် ကိစ္စမှန်သမျှအားလုံးကို ထမြောက်အောင်မြင်ပြီးစီးအောင် ပြုလုပ်ဆောင်ရွက်ပေးပါသည်။

## ဒေါ်မေမေခင်၏သေတ္တာ

မြစ်ဂကျွန်းပေါ် ဖျာပုံမြို့မှာ မပြီးပြတ်သေးသည့် အရေးကြီးတဲ့ကိစ္စတစ်ခုဟာ ဖြန်ဟတ်ဘွေအသင်းကြီးသို့ ဗိုလ်ချုပ်အောင်ဆန်းလာပြီးမိန့်ခွန်းပြောတာကို သတင်းစာအသီးသီးမှာ ဖတ်လိုက်ကြရတော့ အလိုလိုပြေရှင်းသွားပါသည်။ အကြောင်းရင်းကိစ္စကတော့ဒီလိုဖြစ်နေတာပါ။ လွန်ခဲ့သည့်အနှစ် ၂၇-ကျော်က ဟိုက်ကုတ်တရားလွှတ်တော်ချုပ်တွင် ဂန်ထောက်ဖြစ်ခဲ့သူ ပညာရှိ မြန်မာအမျိုးသမီးဒေါ်မေမေခင်နှင့် သူ၏အမေဒေါ်ချစ်ချစ်တို့သားအမိနှစ်ယောက်သည် စစ်ကိုင်းမှ ရန်ကုန်ကိုပြန်လာတဲ့အခါ၊ ချို(ပ်)လမ်း ဦးဘဂင်းနေအိမ်မှာတည်းနေကြပါသည်။

ကျွန်ုပ်ဟာလည်း သူတို့သားအမိနှစ်ဦးထံကိုသွားပြီး ""စစ်ကိုင်းမှပြန်လာတာ နေထိုင်ကောင်း မွန်ကြပါရဲ့လား""လို့မေးတယ်။ ဟိုစဉ်အခါတုန်းက ရန်ကုန်မြို့ဟာလည်း ပုံးအများကြီးအချခံရတယ်။ သူ့အမေကလည်းအသက်ကြီးပြီ၊ သူကလည်းအပျိုကြီးဖြစ်တယ်။ အရေးအကြောင်းရှိလျှင်အားကိုး ရမည့်သူတစ်ယောက်မှမရှိပါဘူး။

သူတို့သားအမိနှစ်ယောက်က ကျွန်ုပ်ကိုမေးတယ်၊ ""ဦးစပ်စုဖျာပုံကိုလိုက်ပို့ပေးမလား၊ ဂန်စည်စလယ်ပစ္စည်းကတော်တော်များတယ်""လို့ ကျွန်ုပ်ကိုပြောတယ်။

ကျွန်ုပ်ကလည်း ကောင်းပါပြီလိုက်ပို့ပေးပါ့မယ်လို့ ပြန်ပြောလိုက်ပါသည်။

ကျွန်ုပ်ဟာ

(ယခုနိုင်ငံတော်သစ်ထုတ်လုပ်ရေးအဖွဲ့ညွှန်ကြားရေးဂန်ဟောင်း)ဦးတင်ကြီးကို လမ်းမှာမတော်တဆ တစ်ခုခုဖြစ်လျှင်ဂိုင်းဂန်းကူညီစောင့်ရှောက်မှုရအောင်ခေါ်သွားတယ်။ ဦးတင်ကြီးကလည်း ကျွန်ုပ်နှင့်အတူ ပစ္စည်းဂန်စည်စလယ်များတော့ အပင်ပန်းခံ၍လိုက်ပို့ရှာပါသည်။ ပစ္စည်းတွေကို ဖျာပုံသင်္ဘောပေါ်အရောက်တင်ပေးပါသည်။ ဉသြကလည်းဆွဲတယ်၊ ပုံးကလည်းချတယ်။ စက်သေနတ်တွေကလည်းပစ်တယ်။ လူကတော့သိပ်ဒုက္ခရောက်တာပါပဲ၊ ဘာမှတော့မဖြစ်ပါဘူး။

ဖျာပုံကို ညကြီးသန်းခေါင်လောက်ရောက်သွားပါတယ်။ ဖျာပုံကိုရောက်တော့ စိတ်မချမ်းသာ စရာအကြောင်း ၂-ခုပေါ်လာတယ်။ အကြောင်းတစ်ခုက ပစ္စည်းဂန်စည်စလယ်တွေထဲမှာ ဒေါ်မေမေခင်၏ အဖိုးတန်ပစ္စည်းတွေထည့်ထားသည့်

သေတ္တာတစ်လုံးပျောက်ဆုံးနေတယ်။ သဘော်ာ တစ်ခုလုံးအပေါ်ထပ်အောက်ထပ် နှံ့စပ်အောင်ရှာဖွေပါသော်လည်း ဘယ်မှာမှမတွေ့ပါ။ သူတို့ သားအမိနှစ်ယောက်နှင့် ကျွန်ုပ်နဲ့ဦးတင်ကြီးတို့ပါ စိတ်မချမ်းသာမှုတွေနဲ့ တွေ့ရှိနေကြပါသည်။

ကျွန်ုပ်ကပြောဆိုလိုက်တယ်။ ""ဒါဖြင့်ကျွန်ုပ်ရန်ကုန်ကိုမြန်မြန်ပြန်မယ်၊ ဦးဘဂင်းအိမ်မှာပဲ ကျန်ရစ်ခဲ့မယ်ထင်တယ်။ သို့မဟုတ် သဘော်ာဆိပ်မှာ ဥဩဆွဲသည့်အခါ လူများဆွဲသွားသလား မပြောတတ်ဘူး၊ ကျွန်ုပ်ရန်ကုန်ကိုပြန်ပြီးတော့ စုံစမ်းပေးမယ်။ ခင်ဗျားတို့သားအမိ ၂-ယောက် ဘာမှစိတ်မပူကြနဲ့လို့ ပြောဆိုလိုက်တယ်။

ဒီတော့မှ သူတို့သားအမိနှစ်ယောက်ဟာ စိတ်နည်းနည်းပြေသွားကြပါသည်။ နောက်အကြောင်း တစ်ခုကတော့ အဲဒီအချိန်မှာပဲ ဖျာပုံပြန်ဟတ်ဘွေအသင်း၏ လူကြီး ၂-ဦး၊ ၃-ဦးဟာ ကျွန်ုပ်ကို လာတွေ့တယ်။ ""ယခုဖျာပုံမှာ စိတ်မချမ်းသာစရာတွေဖြစ်နေပါပြီ။ ဖျာပုံမှာ အင်မတန်နာမည်ကြီးသည့် မြေပိုင်ရှင်ဦးအုန်းခင်ရဲ့စာရေးကြီး ကိုတင်ကြီးဆိုတဲ့လူဟာ ဖျာပုံမှာနေထိုင်သည့် တရုပ်အမျိုးသား ကိုပေါ်ငါးဆိုသူနှင့်ရန်ဖြစ်ကြတယ်။ အချို့ မသမာတဲ့သူများဟာ ဖျာပုံမှာတရုပ်မြန်မာရိုက်နေကြပြီလို့ မဟုတ်မဟတ်သတင်းတွေလွှင့်နေတယ်""ဆိုသည့် အကြောင်းကို ဖျာပုံပြန်ဟတ်ဘွေအသင်းလူကြီးများက ကျွန်ုပ်ကိုလာပြောပြပါသည်။

ကျွန်ုပ်က မြေပိုင်ရှင်ဦးအုန်းခင်ထံသို့သွား၍ပြောပြပါသည်။ ""ဒီကိစ္စကိုအမြန်တားဆီးပါ၊ ကြီးကြီးကျယ်ကျယ်မဖြစ်ပါစေနှင့်"" နောက်ပြီးကျွန်ုပ်ဟာကိုတင်ကြီးထံကိုလည်း သွားပြောပါသေးတယ်။ ""ခင်ဗျားနှင့်ကျွန်တော်ဟာသူငယ်ချင်းပါ၊ ခင်ဗျားမိန်းမမကျင်စိန်ဟာလည်းတရုပ်အမျိုးသမီးဖြစ်ပါတယ်။ ခင်ဗျားခယ်မ မကျင်လှိုင်ဟာလည်း လူတကာနှင့်အဆင်ပြေအောင်ပြောဆိုတတ်သည့်အမျိုးသမီး ဖြစ်ပါတယ်""

ကျွန်ုပ်ကလည်း သူ့ကိုတစ်ဆင့်ထပ်ပြောပြတယ်။ ""ဒီကိစ္စဟာ ဘယ်သူမှအလွန်မဖြစ်ကြပါ စေနှင့်၊ ဖြန်ဖြေပြီးပြောပြပါ""လို့ ပြောဆိုထားခဲ့ပါတယ်။

နံနက်မိုးလင်းတော့ ကျွန်ုပ်ဟာ ဒေါ်မေမေခင်တို့သားအမိနှစ်ယောက် ပြည်ထဲရေးဝန်ကြီးကတော် ဒေါ်စောမိတို့နှင့်အတူ ကမ်းနားလမ်းဈေးဘက်မှာ တမင်တကာလူတွေမြင်အောင် သူတို့နှင့်အတူ ရောပြီးလမ်းလျှောက်နေတယ်။ ဒီတုန်းကကျွန်ုပ်ဟာ ပြည်ကြီးသားအဂတ်အစားကိုဂတ်ဆင်ထားပါသည်။ ဖျာပုံဈေးသူဈေးသားနှင့် ဈေးဝယ်လာသူအားလုံးဟာ ဒီတရုပ်ဟာ ထိပ်သီးလူတွေဖြစ်သည့် ပြန်ထဲရေးဝန်ကြီးကတော် ဒေါ်စောမိ၊ ဟိုက်ကုတ်တရားလွှတ်တော်ဝန်ထောက်မ ဒေါ်မေမေခင်နှင့် တွဲပြီးသွားလာနေတာကို မြင်လိုက်ကြရတော့ မသမာကြားကဂုံးတိုက်နေကြသည့်လူတွေရဲ့စကားဟာ အလိုအလျှောက်ပပျောက်သွားတယ်။

ကျွန်ုပ်ကလည်း ဖြန်ဟတ်ဘွေအသင်းမှလူကြီးများကို နောက်ထပ်ပြောပြတယ်။ ""ကိုယ့်လူတွေကို သိမ်းဆည်းတားမြစ်ထားပါ၊ ရန်မဖြစ်ကြပါနှင့်၊ ကိုယ်အလွန်မဖြစ်ကြပါစေနှင့်""လို့ပြောဆိုပြီး ""ဒေါ်မေမေခင်ရဲ့ အင်မတန်အရေးကြီးသည့်သေတ္တာပျောက်နေလို့ ကျွန်ုပ်ရန်ကုန်ကိုပြန်ပြီးတော့ စုံစမ်းမေးမြန်းရဦးမယ်""လို့ပြောပြခဲ့တယ်။ ""နောက်ထပ်အမှုကိစ္စပေါ်လာလျှင်လည်း ကျွန်ုပ်ထပ်မံလာပြီး ရှင်းပေးပါဦးမည်""လို့ပြောတော့ ဖျာပုံဖြန်ဟတ်ဘွေအသင်း၏လူကြီးများဟာ စိတ်ကောင်းသွားကြပါတယ်။

ကျွန်ုပ်လည်းရန်ကုန်ကိုပြန်လာတယ်။ ကျွန်ုပ်ရန်ကုန်ကိုပြန်ရောက်သည့်အခါ ဒါရိုက် ချိ(ပ်)လမ်း ဦးဘဂင်းအိမ်ကိုသွားတယ်။ ဦးဘဂင်းအိမ်ကိုရောက်တော့ ဒေါ်မေမေခင်ရဲ့သေတ္တာကျန်ရစ်ခဲ့သည့် အကြောင်းကိုပြောပြတယ်။ သူတို့ဟာလည်း လိုက်ရှာတော့ ဦးဘဂင်း၏အခန်းထဲမှာသွားတွေ့သည်။ ယုံကြည်စိတ်ချရသည့်သူကိုအပ်ပြီး ဒီသေတ္တာကိုထားခဲ့တယ်။ ကျွန်ုပ်စိတ်ထဲမှာလည်း အင်မတန်ဂမ်း သာသွားပါသည်။ ကျွန်ုပ်ဟာဖျာပုံကိုပြန်ပြီး ဒေါ်မေမေခင်တို့သားအမိနှစ်ယောက်ကိုသွားပြောလိုက်တယ်၊ သူတို့သားအမိနှစ်ဦးလည်း အင်မတန်ဂမ်းသာသွားကြပါတယ်။

ကျွန်ုပ်ဖျာပုံကိုရောက်သည့်အခါ ဖျာပုံမှာ ၃-၄ ရက်နေထိုင်ပါသည်။ (ယခုဟိုက်ကုတ် တရားလွှတ်တော်ချုပ် တရားသူကြီးဦးအောင်ခိုင်) ဟိုတုန်းကဖျာပုံခရိုင်ဂန် ဦးအောင်ခိုင်၊ ၎င်း၏ဇနီး ဒေါ်မြမြ၊ သူတို့နှစ်ဦးဟာ ကျွန်ုပ်တည်းခိုနေသည့် မြေပိုင်ရှင်ဦးခင်အိမ်ကို ခဏခဏလာကြပါသည်။ ကျွန်ုပ်နှင့်ကိုတင်ကြီးတို့လူစုအားလုံးဟာ မြေပိုင်ရှင်ဦးခင်အိမ်မှာ ပျော်ပျော်ရွှင်ရွှင်စားသောက်ကြပြီး ကျွန်ုပ်တို့တတွေ ပျော်ပျော်ပါးပါးနှင့်နေထိုင်လာခဲ့ကြတယ်။ ဒီတစ်ခေါက်ကျွန်ုပ်ဖျာပုံကိုပြန်ရောက်သည့် အခါမှာ စိတ်ညစ်စရာအကြောင်းတစ်ခုမျှမပေါ်ပေါက်ခဲ့ပါဘူး။ စိတ်ညစ်စရာအကြောင်းများလည်း အလိုလိုရှင်းသွားခဲ့ပါသည်။

ကျွန်ုပ်ဟာ ဂျပန်ခေတ်မှာလူကြီး ၃-နှစ်လုပ်ခဲ့တာဟာ ဒီလိုအလားတူကိစ္စအများအပြားကို ဖြေရှင်းပေးခဲ့ပါသည်။ ဒါတင်မကသေးပါဘူး၊ ချွေးတပ်အဆွဲခံရသည့်ပြဿနာတွေကိုလည်း ပြေလည်အောင် အလားတူဖြေရှင်းပေးခဲ့ပါတယ်။ ကျွန်ုပ်နေထိုင်သည့် တရုပ်တန်းအနောက်ရပ်ကွက် တစ်ခုလုံးကို ရပ်ကွက်ကောင်းစားအောင် အင်မတန်မှပင်ပန်းဆင်းရဲခံ၍ ကောင်းမွန်လာအောင်ပြုလုပ် ဆောင်ရွက်ပေးခဲ့ပါသည်။ နောက်ပြီး ရန်ကုန်အနောက်ပိုင်းတရုပ်တန်းရပ်ကွက်တစ်ခုလုံးမှာ ဗုံးကြဲလို့ သေကြေကြသည့်သူ၊ စက်သေနတ်ထိမှန်၍မသေပဲ ဒုက္ခရောက်ကြတဲ့သူတွေအားလုံးကို ဖြန်ဟတ်ဘွေအသင်းကြီးဥက္ကဋ္ဌပီကေချောင်း ကေဘိုတိုင်ဗိုလ်ချုပ်ဦးဗဆွေတို့နှင့်အတူပိုင်းဂန်းပြီး ကူညီရှင်းလင်းပေးခဲ့ပါသေးတယ်။ ဂျပန်ခေတ်မှာအင်မတန်ရှားပါးလှသည့် ဆပ်ပြာ၊ သကြား၊ အဂတ်အစား၊

အထည်အလိပ်များကို ဂျပန်ထံမှအခွင့်ကောင်းယူပြီးပေါင်းသင်း၍ အနောက်ပိုင်း တရုပ်တန်းရပ်ကွက်တစ်ခုလုံးကို တစ်အိမ်မကျန်လိုက်လံပြီးဝေငှဖြန့်ချိပေးခဲ့ပါသည်။

## ဦးစပ်စုနှင့်ဆရာမများ

ကော်မရှင်နာလမ်း(ယခုပိုလ်ချုပ်လမ်း) ဆေးရုံကြီးနှင့်မျက်နှာချင်းဆိုင်အဆောက်အဦကို ဟိုတုန်းက ဆရာဖြစ်သင်ကောလိပ်ဖွင့်ထားပါသည်။ ဆရာဖြစ်သင်ကောလိပ်မှာ ကျောင်းအုပ်ဆရာကြီးက ဦးဘ(ယခုပညာမင်းကြီး)နှင့် ကျောင်းဆရာဦးအောင်ကြီး၊ ဆရာမဒေါ်အေးကြည်၊ ဒေါ်ရီရီ၊ ဆရာမ မခင်မူ၊ မဂင်းမေတို့ကကျွန်ုပ်ကိုလာပြောပါသည်။ ကျွန်ုပ်တို့ကျောင်းမှာ လက်ဖက်ရည်ဆိုင်တစ်ခု ဖွင့်ထားပါသည်။ ဆရာကြီး၊ ဆရာမများနှင့်ကျောင်းသူကျောင်းသားများသောက်ဖို့ သကြား၊ ဆပ်ပြာ၊ လဖက်ခြောက်၊ အဂတ်အစားများပါလာရောက်ပြီး ဖြန့်ချီပေးပါလို့ကျွန်ုပ်ကိုလာပြောတယ်။ ကျွန်ုပ်က စဉ်းစားကြည့်တယ်။ သူတို့လာပြောသည့်နေရာဟာ ကျွန်ုပ်ရပ်ကွက်မဟုတ်ပါဘူး၊ သို့အတွက် ကျွန်ုပ်ကလည်း တတ်နိုင်သလောက်ကူညီကြိုးစားပေးပါ့မယ်လို့ပြောဆိုလိုက်ပါတယ်။

နောက်တစ်နေ့ကျတော့ ကျွန်ုပ်ဟာ ဆရာမ ၄-၅ ဦးကိုချိန်းပြီး ဒေါ်အေးကြည်၊ ဒေါ်ဂင်းမေ၊ ဒေါ်ခင်မူ၊ ဒေါ်ရီရီတို့နှင့်အတူ ကင်းဘဲလမ်းရှိသကြားဦးဘစိန်နေအိမ်ကိုသွားပြီးတော့ အကူညီအကြံဉာဏ်ကိုတောင်းကြပါတယ်။ သကြားဦးဘစိန်ကလည်းစိတ်ကောင်းရှိပါသည်။ အကူအညီပေး၍ တာမွေလမ်းနံပါတ် ၈-ရှိ ဂျပန်ကွန်ကိုးကို ချက်ချင်းထောက်ခံစာရေးပေးလိုက်တယ်။ ကျွန်ုပ်တို့ဟာ သကြားဦးဘစိန်ရေးပေးလိုက်သည့်စာကိုယူပြီး၊ တာမွေလမ်း နံပါတ် ၈-ရှိ ဂျပန်ကွန်ကိုးကိုသွားတယ်။ ဂျပန်ကွန်ကိုးကိုရောက်တော့ ဂျပန်အရာရှိ မာစုတ၊ နာကလို၊ မာစုကောမ၊ သူတို့ ၃-ဦးကို တစ်ဦးစီတစ်ဦးစီသွားတွေ့တယ်။ သူတို့သုံးဦးဟာလည်း ကျွန်ုပ်၏ထမင်းစားပွဲကို ခဏခဏလာသည့်အတွက်ကြောင့် ကျွန်ုပ်နှင့် မိတ်ဆွေတွေဖြစ်နေတယ်။ နောက်ပြီးကျွန်ုပ်နှင့်အတူ ပါသွားသည့်ဆရာမတွေထဲမှာ ဆရာမတစ်ဦးဟာ နာမည်က မာရီမခင်မူလို့ခေါ်တယ်၊ ဒီဆရာမဟာ မျက်နှာလည်းအားကြီးချိုတယ်။ စကားပြောလည်းအင်မတန်ကောင်းတယ်။

ဆရာမတစ်စုကို ဂျပန်အရာရှိများကလည်း နည်းနည်းပါးပါးမေးကြည့်တယ်။ ကျောင်းဆရာမ ၄-၅ ဦးကလည်းဂိုင်းဂန်းပြီးဖြေရှင်းပြပါသည်။ ကျောင်းဆရာကြီးကျောင်းဆရာမတွေနှင့် ကျောင်းသူကျောင်းသားများဟာ လဖက်ရည်သောက်ဖို့သကြားအတွက်အင်မတန်မှ အခက်အခဲတွေ့ နေရပါ၍ ယခုလိုအကူအညီလာပြီးတော့တောင်းတာပါလို့ရှင်းလင်းပြောဆိုလိုက်ကြတယ်။ ဂျပန်အရာရှိ

များကလည်းဆရာမများ ဝိုင်းဝန်းရှင်းပြတာကိုသဘောပေါက်နားလည်၍ ချက်ချင်း ရာရှင်ကတ်ကို ထုတ်ပေးပြီး လစဉ်သကြားအချိန်ပိဿာ၆ဝ-ကို အမြဲထုတ်ပေးဖို့လက်မှတ်ရေးထိုးပေးလိုက်သည်။ ဒါတွင်မကသေးဘူး ဂျပန်ကွန်ကိုးမှာရှိသည့် ဆပ်ပြာ၊ အဝတ်အစား၊ အထည်အလိပ်များနှင့် အခြားအသုံးအဆောင်များကိုလည်းရရှိဖို့ တစ်ခါတည်းလက်မှတ်ထုတ်ပေးလိုက်ပါသည်။

ကျွန်ုပ်နှင့်ဆရာမတစ်စုဟာချက်ချင်း သကြား၊ လဖက်ခြောက်တို့ကိုရရှိလာပြီးသည့်အခါ ကျောင်းဝင်းတံခါးဝနားမှာတစ်ခါတည်းလဖက်ရည်ဆိုင်ဖွင့်လိုက်တယ်။ ကျွန်ုပ်ကလည်းသွားရောက်ပြီး အစီအစဉ်အားလုံးကိုလုပ်ပေးခဲ့တယ်။ ဒီတော့ဆရာဖြစ်သင်ကောလိပ်မှာ လဖက်ရည်ဆိုင်ဖြစ်လာခဲ့တယ်။ ဒီလဖက်ရည်ဆိုင်ကိုလည်း စပ်စုလဖက်ရည်ဆိုင်ဖြစ်နေပြီလို့ပြောဆိုကြပြီး၊ အားလုံးဟာ ကျွန်ုပ်ကို ဝိုင်းဝန်း၍ကျေးဇူးအများကြီးတင်ကြပါသည်။

အားလုံးရှိကြသည့်ဆရာဆရာမတွေထဲမှာ မျက်နှာချိုချိုရှိတဲ့ မာရီခေါ် မခင်မူနှင့် မဂင်းမေလို့ ခေါ်သည့်ဆရာမ ၂-ဦးဟာ ကျွန်ုပ်နှင့်အင်မတန်ချစ်ခင်ရင်းနှီးမှုရှိပြီး၊ အခြားဆရာမတွေထက် ပိုပြီး နီးစပ်ပါတယ်။ ဒီဆရာမနှစ်ယောက်ဟာ အင်မတန်မှရယ်စရာမောစရာများလည်းပြောကြတယ်။ ပြောင်လည်းပြောင်တတ်ကြတယ်။ နောက်လည်းနောက်တတ်တယ်။

""ဦးစပ်စုဟာ ကျောင်းဝင်းထဲမှ ဒီလိုလဖက်ရည်ဆိုင်ဖွင့်ဖြစ်လာအောင်အကူအညီပေးတာဟာ အများကြီးကျေးဇူးတင်ပါသည်။ တစ်ကြိမ်ကျေးဇူးတင်တာတင်မကသေးပါဘူး။ ဒုတိယမြောက် နှစ်ကြိမ် ကျေးဇူးတင်ခံရအောင်၊ ဦးစပ်စုဟာ ဟော်တယ်ဖွင့်ထားတော့ကျောင်းမှာလာပြီး၊ တရုပ်ဟင်းကောင်း မျိုးစုံနှင့်ကျွေးမွေးပါဦး"" လို့ပြောတယ်။

သူတို့ကပြောတော့ ကျွန်ုပ်ဟာ ချက်ချင်းဟော်တယ်ကိုပြန်လာပြီး အိုးသူကြီးကိုပြောတယ်။ ""ယနေ့ညနေ ၆-နာရီမှာ ဆေးရုံကြီးနှင့်မျက်နှာချင်းဆိုင်ရှိ ဆရာဖြစ်သင်ကောလိပ်မှာ ဆရာဆရာမ ၁၄-၅ဦးကို ထမင်းကျွေးမွေးဧည့်ခံရမယ်။ စားပွဲကုလားထိုင် စုံစုံလင်လင်ယူခဲ့ပြီး၊ ကောင်းမွန်စွာချက် ပြုတ်ဖို့"" ကိုမှာထားပြောဆိုခဲ့တယ်။ ကျွန်ုပ်မှာထားပြောဆိုခဲ့သည့်အတိုင်း စားပွဲ၊ ကုလားထိုင်၊ တရုပ်ဟင်းလျာစုံစုံလင်လင်နှင့် ညနေ ၆-နာရီလောက်အချိန်မှာရောက်ရှိလာပြီး ဆရာမ ၁၂-ဦးနှင့်ကျွန်ုပ်ဟာ ထမင်းစားပွဲမှာပျော်ပျော်ရွှင်ရွှင် ရီရီမောမောနဲ့စားသောက်ကြတယ်။

အဲဒီလိုစားသောက်ကြပြီး ဆရာမတွေဟာလည်း မတ်တတ်ရပ်၍ကျွန်ုပ်ကို ကျေးဇူးတင် မိန့်ခွန်းစကားပြောကြားတယ်၊ ဆရာမတွေပြောဆိုပြီး ကျွန်ုပ်ကလည်း မတ်တတ်ရပ်၍ ""ကျွန်ုပ်ဟာ ဆရာမတွေကို ဒီလိုချစ်ချစ်ခင်ခင်နှင့် လာတွေ့ရတာ အင်မတန်မှနောက်ကျနေပါပြီလို့ထင်မိပါတယ်"" လို့ ပြန်ပြီးပြောဆိုလိုက်တယ်။

ဆရာမမခင်မူဟာ ထမင်းစားပွဲမှာ ပျော်ပျော်ရွှင်ရွှင်နှင့် အင်္ဂလိပ်သီချင်း၊ ကုလားသီချင်း၊ ဗမာသီချင်းအမျိုးစုံကိုဆိုပြပါတယ်။ ကျွန်ုပ်တို့အားလုံးဟာ ရီရီမောမောနှင့် အင်မတန်မှ ပျော်ရွှင်နေကြပါသည်။

ကျွန်ုပ်ကပြန်ပြောတယ်။

""ဆရာမတွေနှင့်ကျွန်ုပ်ဟာလာပြီးတော့တွေ့ဆုံရတာဟာ ဘာနှင့်အလားသဏ္ဍာန်တူသလဲဆိုတော့ ပင့်ကူအိမ်မှာယင်ကောင်နားလိုက်သလိုပါပဲ။ ယင်ကောင်ဟာ ဘယ်လိုရုန်းရုန်း ထွက်ခွာလို့မရသလို ကျွန်ုပ်နှင့်ဆရာမတွေချစ်ခင်မှုဟာလည်း ထိုနည်းအတိုင်း ခွဲခွာလို့မရပဲ အမြဲတမ်းနီးကပ်နေမှာပါပဲ။ ကျွန်ုပ်နှင့်ဆရာမတွေဟာတစ်ဦးကိုတစ်ဦးချစ်ခင်ကြတယ်။ မေတ္တာရှိကြတယ်ဆိုတာ ယခုလိုကျွန်ုပ် ဟင်းလျာကောင်းမျိုးစုံနှင့်လာကျွေးတာဟာ ကောင်းမွန်လှ ပေမယ့် တန်ဖိုးကိုဖြတ်လို့ရပါသေးတယ်။ ကျွန်ုပ်နှင့်ဆရာမတွေထားရှိကြသည့် ချစ်ခင်တဲ့မေတ္တာဟာ တန်ဖိုးဖြတ်လို့မရနိုင်ပါဘူး။ နောက်ပြီးကျောက်တောင်ပိုးထိ၊ ပင်လယ်ရေခမ်းဆိုသလို ဘယ်တော့မှ ဆရာမတွေနှင့်ကျွန်ုပ်ဟာ ခင်မင်မှုမပြယ်ပါဘူး""လို့ ကျွန်ုပ်ကပြောဆိုလိုက်သည့်အခါမှာ ဆရာမတွေက ကျွန်ုပ်ဟာပြည်ကြီးသားဖြစ်ပေမယ့် ခေတ်ဟောင်းရာဇဝင်ကိုပါတော်တော်နားလည်တယ်ဆိုပြီး ပိုခင်မင်၍ အားလုံးကပိုင်းဝန်းပြီးကျွန်ုပ်ကို လက်ခုပ်တီးကောင်းချီးသြဘာပေးကြတယ်။

ဆရာမတွေနှင့်ကျွန်ုပ်လာတွေ့ရခြင်းဟာ လူကဖန်တီး၍လာတွေ့ရခြင်းမဟုတ်ပါ။ ဘုရားက ဖန်တီး၍လွှတ်လိုက်လို့သာ ကျွန်ုပ်နှင့်ဆရာမတွေလာတွေ့ရခြင်းဖြစ်ပါတယ်လို့ ကျွန်ုပ်၏စိတ်ထဲမှာ အောက်မေ့ယူဆပါတယ်။ ဆရာမတွေနှင့်ကျွန်ုပ် တစ်ဦးကိုတစ်ဦးစကားပြောကောင်း၍ နှစ်သက်ကျေနပ် နေကြသည့်အတွက် မိုးချုပ်မှန်းမသိမိုးချုပ်၍အိပ်ချင်သည့်မျက်လုံးလည်းမရှိသည့်အပြင် သန်းခေါင်လောက်ကျမှ ကျွန်ုပ်ကဆရာမတွေကိုပြန်ဖို့ခွင့်တောင်းလိုက်ပါတယ်။ ကျွန်ုပ်ကဒီလိုခွင့်တောင်း လိုက်သည့်အခါမှာ ဆရာမတွေဟာ မိုးလည်းအတော်ချုပ်နေပြီ၊ လမ်းမီးကလည်းမရှိဘူး။ မှောင်မှောင် မဲမဲထဲမှာ တစ်ယောက်ထည်းပြန်လို့မဖြစ်ပါဘူး။ သူတို့အားလုံးဟာ ကျွန်ုပ်ကိုလိုက်ပို့မယ်လို့ ပြောဆိုနေကြပါတယ်။

ကျွန်ုပ်ပြန်ပြီးတောင်းပန်တယ်။ ကိစ္စမရှိပါဘူး၊ ကျွန်ုပ်တစ်ယောက်ထည်းပြန်ရဲပါတယ်""လို့ ပြောလိုက်တယ်။ ဆရာမတွေကလည်း ကျွန်ုပ်ပြောတာ၊ တောင်းပန်တာကိုမရဘူး၊ သူတို့ကအတင်းပဲ ကျွန်ုပ်ကိုလိုက်ပို့မယ်ဆိုတာကိုပဲပြောနေကြတယ်။ နောက်ဆုံးတော့ ကျွန်ုပ်ဟာဆရာမတွေကို တောင်းပန်လို့မရတော့ပဲ သူတို့ဟာအတင်းလိုက်ပို့ကြတယ်။

ဆရာမတွေဟာ ကျွန်ုပ်ကိုအလယ်ကထားပြီး၊ ဘယ်က ၄-၅ယောက်၊ ညာက ၄-၅ယောက်၊ ရှေ့ကနောက်ကပိုင်းဝန်းခြံရံပြီးလိုက်ပို့ကြတယ်။ ကျွန်ုပ်ကလည်း

ဘယ်ဘက်လှည့်စကားပြောလိုက်၊ ညာဘက်လှည့်စကားပြောလိုက်၊ ရှေ့ကိုပြောလိုက်၊ နောက်ကိုပြောလိုက်နှင့် သူတို့နှင့်အတူ ကျွန်ုပ်၏ အိမ်ရှိရာသို့ လျှောက်လာခဲ့ကြသည်။ ကျွန်ုပ်၏စိတ်ထဲမှာ ကျွန်ုပ်ဟာ ဟိုဘက်က ဘာကုသိုလ်များ ပြုခဲ့လို့ ယခုလိုဆရာမများဝိုင်းရံပြီး ကျွန်ုပ်ကိုလိုက်ပို့ကြပါလိမ့်မလဲလို့တွေးပြီး အတော်ကိုပဲ ဝမ်းသာပြီး စဉ်းစားနေမိပါတယ်။

အဲဒီလိုစိတ်ထဲမှာစဉ်းစားရင်း ဆရာမတွေနှင့် စကားတပြောပြောနဲ့ကျွန်ုပ်ဟာလျှောက်လာခဲ့ရာ လမ်းတစ်ဝက် သရက်တောကျောင်းတိုက်အနီးသို့ရောက်သောအခါ ရန်သူလေယာဉ်ပျံလာ၍ ဥသြသံ ပေးလိုက်ပါတယ်။ ကျွန်ုပ်နှင့်ဆရာမတစ်စုဟာလည်း မှောင်ရိပ်ထဲမှာဝင်ရောက်၍ ဝိုင်းဝန်းပြီး ရပ်နေကြတယ်။ ရန်သူလေယာဉ်ပျံလာ၍ဥသြသံပေးပေမယ့် ကျွန်ုပ်တို့ဟာ နည်းနည်းကလေးမှ မကြောက်မိပါဘူး။ ရန်သူလေယာဉ်ပျံကိုအောက်ကနေဆလိုက်မီးနှင့်ထိုးရာတယ်။ ဆလိုက်မီးထဲမှာ ရန်သူလေယာဉ်ပျံတွေကိုတွေ့တာတွေကို ကျွန်ုပ်နှင့်ဆရာမတွေဟာ မကြောက်မရွံ့ပဲမှောင်ရိပ်ထဲကနေ ဝိုင်းကြည့်နေကြပါတယ်။ ကျွန်ုပ်စိတ်ထဲမှာအောက်မေ့တယ်။ ဘာမှကြောက်စရာမရှိဘူး။ ဆရာမတွေ အနားမှာရှိတာပဲလို့အောက်မေ့ပြီး အားလုံးပျော်ပျော်ရွှင်ရွှင်နှင့် နည်းနည်းကလေးမှမကြောက်ကြပဲ ရီရီမောမောနှင့်စကားပြောဆိုနေကြပါသည်။ နောက်မိနစ် ၂၀-လောက်ကြာတော့ ရန်သူလေယာဉ်ပျံ ဘေးကအေးပြီဆိုသည့်အကြောင်းကို ဥသြသံပေးလိုက်ပါသည်။ ဥသြသံပေးပြီးမှ ကျွန်ုပ်တို့ဟာ ဆက်ပြီးအိမ်ရှိရာသို့လျှောက်ခဲ့ကြပါတယ်။

သူတို့တတွေဟာ ကျွန်ုပ်ကို အိမ်အရောက်အထိလိုက်ပို့ကြတယ်။ သူတို့တတွေဟာလည်း ကျွန်ုပ်၏အိမ်မှာ ၁၅-မိနစ်လောက်ထိုင်၍စကားပြောဆိုကြပြီးပြန်သွားကြပါတယ်။ ကျွန်ုပ်တို့ဟာလည်းသူတို့တတွေကိုစိတ်မချသည့်အတွက် ကျုံးကြီးလမ်းထိပ်အထိလိုက်ပို့ပြန်တယ်။ ကျုံးကြီးလမ်းထိပ် ရောက်တော့ ဆရာမတွေဟာ ကျွန်ုပ်ကို တစ်ဖန်ပြန်၍လိုက်ပို့ပါဦးမည်ဟုပြောနေပြန်သောကြောင့် ကျွန်ုပ်ဟာ ဆရာမတွေကို အတင်းတောင်းပန်ပြီးအိမ်ကိုပြန်ခဲ့ရပါသည်။

ဆရာမမာရီခေါ် မခင်မူဟာ အင်မတန်မှပျော်ရွှင်တတ်၊ နောက်တတ်ပါတယ်။ ကျွန်ုပ်ကို ပြောပြန်တယ်။ ""ဦးစပ်စုကို တတိယမြောက်ကျေးဇူးတင်ခံရအောင် ထပ်မံပြီးထမင်းစားဧည့်ခံ ကျွေးမွေးပါဦး""လို့ ပြောနေပြန်တယ်။ ""ဟိုတစ်နေ့တုန်းကကျွေးမွေးတာဟာ ကောင်းမွန်လှပါတယ်၊ ၂-ကြိမ်လည်းကျေးဇူးတင်ပြီးပါပြီ၊ ယခု ၃-ကြိမ်မြောက်ကျေးဇူးတင်ခံရအောင် ထပ်မံပြီးကျွေးမွေးဧည့် ခံပါဦး""လို့ပြောတယ်။ ""ဟိုတစ်နေ့ညကကျွေးတာမွေးတာဟာ ကောင်းမွန်လှပေမယ့် အေးနေတော့ သိပ်ပြီးအရသာမရှိလှပါဘူး၊ တရုပ်ဟင်းလျာတွေဟာ

ပူပူနွေးနွေးစားမှ သိပ်အရသာရှိတယ်၊ ပိုပြီးတော့ ကောင်းတယ်။ မီးဖိုပေါ်မှချလျှင်ချချင်း စားရလေ၊ ပိုပြီးကောင်းပြီပဲ။ ဦးစပ်စုဟော်တယ်ဟာ နေရာထိုင်ခင်းလည်းကောင်းတယ်။ သန့်လည်းသန့်ရှင်းတယ်။ ကျယ်လည်းကျယ်သည့်အတွက်ကြောင့် ဒီတစ်ခါဦးစပ်စု ထမင်းကျွေးဧည့်ခံရင်၊ ကျောင်းဆရာကြီးဦးဘ၊ ဆရာကြီးဦးအောင်ကြီးနှင့် ကျောင်းဆရာမ ၁၀-ဦးလောက်ကိုလည်းခေါ်မယ်။ နောက်ပြီး သူ့ဖခင်ဦးပန်းအောင်ကိုလည်း ခေါ်မယ်လို့ပြောတယ်။

အဲဒီတော့ကျွန်ုပ်ကလည်း ကောင်းပါပြီဆိုပြီး၊ နောက်တစ်ခါထပ်မံဧည့်ခံ၍ ဟော်တယ်မှာကျွေး မွေးလိုက်တယ်။ အားလုံးပဲ ကြွရောက်လာကြသည့်သူများဟာ ပျော်ပျော်ပါးပါးရယ်ရယ်မောမောနှင့် စားကြသောက်ကြပါတယ်။ ""ဟိုတစ်ခါကကျွေးမွေးတာဟာ ကျောင်းကိုယူသွားရတော့ အေးနေလို့ သိပ်ပြီးအရသာမတွေ့ပေမယ့်၊ အခုတစ်ခါမှာတော့ နေရာထိုင်ခင်းကလည်းကောင်းတယ်။ တရုပ်ဟင်းလျာ မျိုးစုံကလည်း မီးဖိုပေါ်မှချလျှင်ချချင်း စားကြသောက်ကြရပါသောကြောင့် ပိုပြီးတော့ အရသာရှိလှပါတယ်""လို့ ပြောဆိုကြတယ်။ ပထမအကြိမ်၊ ဒုတိယအကြိမ်တုန်းကလိုပါပဲ ယခု တတိယအကြိမ်မြောက်မှာလည်း ပျော်ရွှင်စွာစားသောက်ကြပြီး ကျွန်ုပ်ကိုအထူးကျေးဇူးတင်ပါတယ်လို့ ပြောဆို၍ ပျော်ပျော်ရွှင်ရွှင်နှင့်ပြန်သွားကြပါသည်။

နောက်ပြီးတော့ ဆရာမမခင်မူကကျွန်ုပ်ကိုပြောတယ်။ သူဟာ စမ်းချောင်းဖျာပုံလမ်း အိမ်နံပါတ် ၁ မှာနေပါတယ်။ သူ့အဒေါ်လည်းရှိတယ်၊ သူ့အဖေလည်းရှိတယ်။ အိမ်ကိုအလည်လာပါလို့ခေါ်တယ်။ ဒါနဲ့ကျွန်ုပ်ကလည်း သူနှင့်အတူအိမ်ကိုအလည်လိုက်သွားတယ်။ သူ့အိမ်ရောက်တော့ သူတို့ဆွေမျိုး သားချင်းတစ်စုနှင့်မိတ်ဆက်ပေးတယ်။ ဒါတင်မကသေးပါဘူး။ သူတို့လမ်းထဲမှာရှိသည့် ဆရာမအားလုံးနှင့်မိတ်ဆက်ပေးတယ်။ ကျွန်ုပ်ကိုလည်းကောင်းကောင်းမွန်မွန်ဧည့်ခံတယ်။ နောက်ပြီး ကျွန်ုပ်ကိုလည်း သူတို့အိမ်မှာ ထမင်းစားဧည့်ခံကျွေးမွေးပါတယ်။ ကျွန်ုပ်ကလည်း ကျွန်ုပ်အားဧည့်ခံကျွေးမွေးသည့်ထမင်းကို ပျော်ပျော်ရွှင်ရွှင်နှင့်စားသောက်ပါတယ်။ ကျွန်ုပ်ကလည်း ဆရာမမခင်မူအားတဖန်ကျေးဇူးတင်ကြောင်းပြန်လည်ပြောဆိုပြီး ကျွန်ုပ်ဟာပြန်လာခဲ့ပါသည်။

ကျွန်ုပ်မှာလည်း အနောက်ပိုင်းတရုပ်တန်းရပ်ကွက်ရှိ လဖက်ရည်ဆိုင်နှင့် အိမ်တိုင်းအား ပေးရသော သကြားအေးဂျင်းစာရင်းကို လစဉ်ဂျပန်ကွန်ကိုးကိုပေးရပါသည်။ ကျွန်ုပ်၏စာရေးကြီးမှာလည်း အလုပ်ကများလွန်းလှပါ၍ သကြားအေးဂျင်းစာရင်းမှာ မပြီးပြတ်ဖြစ်နေပါသည်။ ကျွန်ုပ်ဟာ သတိရပြီး ဆရာမမခင်မူထံကိုသွား၍ ကျွန်ုပ်၏ရပ်ကွက်လဖက်ရည်ဆိုင်နှင့် အိမ်တိုင်းအားသကြားပေးရသော စာရင်းဟာ ကျွန်ုပ်၏အရေးကြီးအလုပ်များနေ၍ မပြီးပြတ်ပါသောကြောင့် ကျွန်ုပ်အား ဒီစာရင်းကို ကူညီလုပ်ကိုင်ပေးနိုင်၊ မပေးနိုင်ဆိုသည့်အကြောင်းကို ဆရာမမခင်မူအား

တိုင်ပင်ပြောပြအကူအညီ တောင်းသည့်အခါ ဆရာမမခင်မူဟာလည်း တာဝန်ယူလုပ်ကိုင်ပေးနိုင်တယ်လို့ပြောတယ်။ ကျွန်ုပ်၏စိတ်ထဲမှာလည်း ဝမ်းသာသွားတယ်။ ဆရာမမခင်မူနှင့်လည်း ပိုမိုချစ်ခင်ရင်းနှီးပြီး၊ အိမ်ထဲမှာ နေထိုင်သည့် ညီအစ်ကိုမောင်နှမလိုဖြစ်သွားကြပါတယ်။ ကျွန်ုပ်ကပြောတယ်။ ဆရာမ မခင်မူက စာနှင့်လိုက်ရေးတယ်။ သူရေးခဲ့သည့် စာရင်းကော်ပီစာရွက်တွေဟာ ကျွန်ုပ်မှာယခုထက်တိုင် ရှိပါသေးသည်။

ကျွန်ုပ်၏သူငယ်ချင်းတစ်ဦးဟာ ပီနံမှကတ္တူနှင့်ရန်ကုန်သို့လာတယ်။ ရန်ကုန်ကိုရောက်တော့ ကျွန်ုပ်၏သူငယ်ချင်းဟာ ကျွန်ုပ်ထံကိုလာလည်သည့်အခါမှာ ဟိုတုန်းကသိပ်ပြီး အဖိုးတန်သည့် ပတ်ကားဖေါင်တိန် အနီရောင်တစ်ချောင်းနှင့် အစိမ်းရောင်တစ်ချောင်း ဖေါင်တိန်နှစ်ချောင်းကို ကျွန်ုပ်အား လက်ဆောင်ပေးတယ်။ ဆရာမမခင်မူဟာ ကျွန်ုပ်၏စာရင်းတွေကို မှတ်ချက်ရေးပေးကူညီနေတဲ့သူ တစ်ဦးဆိုတော့ မခင်မူကိုဒီဖေါင်တိန်၂-ချောင်းထဲက ကြိုက်ရာတစ်ချောင်းယူလို့ပေးလိုက်တယ်။ ဆရာမမခင်မူဟာလည်း ပတ်ကားဖေါင်တိန်အနီရောင်တစ်ချောင်းကိုယူသွားတယ်။ ဆရာမမခင်မူ ဟာလည်း သူကိုယ်တိုင်ထိုးထားတဲ့ မာဖလာလည်ပတ်ကိုကျွန်ုပ်အားလက်ဆောင်ပြန်ပေးပါတယ်။ တစ်ဦးနှင့်တစ်ဦးဟာ ဒီပစ္စည်းလေးတွေကိုတွေ့လိုက်မြင်လိုက်ကြတာနှင့်တစ်ပြိုင်နက် လူချင်းမတွေ့ ရသော်လည်း ဒီပစ္စည်းလေးတွေပေါ်မှာ မျက်နှာကလေးတွေလာပေါ်သလိုဖြစ်နေပါသည်။

ကျွန်ုပ်ကလည်း သူ့အိမ်မှာလိုသမျှပစ္စည်းအားလုံး သိရှိတာနှင့်တပြိုင်နက် (ဥပမာ- ဆန်မရှိဘူး၊ ဆီမရှိဘူး၊ ထင်းမရှိဘူးဆိုတာနဲ့) ကျွန်ုပ်၏တပည့်တစ်ယောက်ကို ဗားကရာတရုပ်ဆိုင်မှာ ချက်ခြင်း စာရေးပေးပြီး ကြည့်မြင်တိုင်စမ်းချောင်း ဖျာပုံလမ်း နံပါတ် ၁- ကို အမြန်သွားပေးဖို့မှာလိုက်တယ်။ ဟိုတုန်းက အဂတ်အထည်အင်မတန်ရှားပါးသော်လည်း မခင်မူလိုချင်သည့်အထည်ပစ္စည်းကို မရမက ရှာဖွေပြီးကျွန်ုပ်ကဝယ်ပေးတယ်။ ဆရာမမခင်မူစားချင်သည့် တရုပ်အစားအစာများကိုလည်းဝယ်လာပြီး သူ့အိမ်မှာပဲချက်ပြုတ်ပြီးအတူတူစားကြတယ်။ ဒီလိုနှင့်နေလာခဲ့ကြတာဟာ ၂လ ၃- လလောက်ကြာ လာခဲ့ပါတယ်။

ဒီတုန်းကကျွန်ုပ်ဟာ သာစည်ဘူတာကိုရောက်နေတာနှင့်တူနေပြီ။ ညာဘက်ကိုသွားရင် ရှမ်းပြည်တောင်ပိုင်း၊ ကလော၊ ညောင်ရွှေ၊ ဟဲဟိုးကိုရောက်မယ်။ ဘယ်ဘက်သွားလျှင်မိတ္ထီလာ၊ တောင်သာ၊ မလှိုင်၊ မြင်းခြံကိုရောက်မယ်။ တည့်တည့်သွားရင်မန္တလေးကိုရောက်မယ့်ဘဝဖြစ်နေတယ်။
နောက်ပြီးဘာနဲ့တူသေးသလဲဆိုတော့ တောင်ပေါ်မှာမြင်းစီးသည့်သူဟာ တောင်ကြားကိုရောက်ရင် မြင်းဇက်ကြိုးကိုတင်းတင်းဆွဲ၍ သတိမလစ်ဖို့အင်မတန်မှလိုတယ်။ သတိလစ်လျှင်မြင်းပေါ်မှ တောင်အောက်ကိုကျသွားဖို့ပဲရှိမယ်။ နောက်တစ်ခုက သမ္ဗန်ကိုစီးသွားသည့်အခါကျလျှင် ပင်လယ်ဝကို ရောက်တော့ သမ္ဗန်ကို

ဒီဘက်ချက်ချင်းပြန်လှည့်နိုင်ဖို့လိုပါသည်။ အကယ်၍အစွမ်းသတ္တိမရှိပဲ သမ္မန်ကို ပြန်မလှည့်နိုင်လျှင် သမ္မန်ဟာပင်လယ်ထဲမျောသွားဖို့ပဲရှိမယ်။

ဟိုတန်းကဆရာမမခင်မူဟာ အသက်၂၇-ကျော်ပါပြီ။ သူ့ကိုယ်သူလည်းထိန်းသိမ်းထားနိုင်သည့် အရွယ်ရောက်နေပါပြီ။ သူဟာမျက်နှာကလည်းချိုတယ်။ စကားပြောလည်းကောင်းတယ်။ ပျော်တတ်၊ ရွှင်တတ်၊ နောက်တတ်၊ ပြောင်တတ်တယ်။

တရုပ်စကားပုံတစ်ခုရှိတယ်။ မျက်နှာကနှင်းဆီပန်းလိုလှတယ်။ စိတ်ကတော့ရေခဲလိုနှင်းခဲလို အေးတယ်။ ဒီလိုအမျိုးသမီးဟာ မခင်မူနှင့်သိပ်ပြီးတော့တူတယ်။ မခင်မူဟာစကားပြောချိုသလောက် စိတ်ကအင်မတန်တည်တယ်။ ကျွန်ုပ်ဟာလည်း မြန်မာပြည်တစ်ပြည်လုံးကို နံ့စပ်ခဲ့သူတစ်ဦးဖြစ်နေတော့ ဒီအမျိုးသမီးမခင်မူဟာ ရိုးရိုးကာလသားအမျိုးသမီးတွေနဲ့မတူပါဘူး။ နေတာထိုင်တာဟာ အိန္ဒြေ သိက္ခာသိပ်ပြီးရှိပါတယ်။ မြန်မာပြည်တွင်မကပါဘူး။ ပီနန်၊ စင်္ကာပူ၊ ဟောင်ကောင်၊ တရုပ်ပြည်များ ကိုလည်းကျွန်ုပ်ရောက်ဖူးပြီး၊ အတွေ့အကြုံများခဲ့၍ ကျွန်ုပ်ဟာ ကာလသားများလိုစိတ်ထားတစ်စိမှ မရှိပါ။ ကျွန်ုပ်နှင့်ဆရာမမခင်မူဟာ တစ်ဦးနှင့်တစ်ဦးကို ကြိုးခြားထားသည့်ဘဝလိုဖြစ်နေပါတယ်။ သူကလည်းဒီဘက်ကိုမကျော်ဘူး။ ကိုယ်ကလည်း ဟိုဘက်ကိုမကျော်ပါဘူး။ ကျွန်ုပ်တို့နှစ်ဦးဟာ ညီအစ်ကိုမောင်နှမလို သဘောရိုးရိုးနှင့်ချစ်ခင်ကြခြင်းဖြစ်ပါတယ်။

ဆရာမမခင်မူဟာကျွန်ုပ်ကိုပြောပြန်တယ်။ """ ၃-ကြိမ်မြောက်တော့ကျေးဇူးတင်ပြီးပါပြီ၊ ယခု ၄-ကြိမ်မြောက်ကျေးဇူးတင်ခံရအောင် အကူအညီပေးပါဦး""လို့ ထပ်ပြောပြန်တယ်။ ကျွန်ုပ်အဖို့ ဒီ ၄-ကြိမ်မြောက်ဟာ ကံကောင်းလို့သေနတ်စာမဖြစ်တာပါ။ အကြောင်းကတော့ဒီလိုပါ။

ဆရာမမခင်မူကပြောတယ်။ ""ပြည်ပေါင်းတည်မှာ ကျွန်မရဲ့အဒေါ်ဆရာမဒေါ်ငြိမ်းအေးဟာ နေမကောင်းပါဘူးလို့သတင်းကြားပါတယ်။ သို့အတွက်ကျွန်မသွားချင်ပါသည်။ ဦးစပ်စု တရုပ်သူဌေး တစ်ဦးထံမှာကားငှားပြီး ပေါင်းတည်ကိုကျွန်မအားလိုက်ပို့ပေးပါ""လို့ပြောတယ်။

ကျွန်ုပ်က ""လိုက်ပို့ပါမည်""လို့ ဆရာမမခင်မူကို လွယ်လွယ်ကူကူနှင့်ပဲကတိပေးလိုက်တယ်။ နောက်ပြီးဆရာမမခင်မူကထပ်ပြောတယ်။ ""သုံးဆယ်ရောက်လျှင် ဆရာမမတင်တင်နှင့် မထင်ထင်တို့ကို သကြား ၅-ပိဿာနှင့်ဆပ်ပြာ၊ လဖက်ခြောက်အဂတ်အစားများကို လက်ဆောင်ဂင်ပေးမယ်။ မင်းလှကိုရောက်ပြန်လျှင်လည်း ဆရာကြီးဦးအေးသောင်ကို အလားတူ သကြား၊ ဆပ်ပြာ၊ လဖက်ခြောက် တို့ကိုဂင်ပေးပြီး ပေါင်းတည်ကိုရောက်ပြန်လျှင်လည်း ပေါင်းတည်မှာလက်ဆောင်ပေးဖို့ သကြား အချိန် ခွက် ၃၇-လောက်နှင့် ဆပ်ပြာ၊ လဖက်ခြောက်၊ အဂတ်အစားများကို အားလုံးစီစဉ်ပြီးပါလျှင် ကျမကိုလာပြောပါ""လို့ပြောတယ်။

ကျွန်ုပ်ကလည်း ""ကောင်းပါပြီ"" ဟုဆိုပြီး စီစဉ်စရာရှိတာများကို အားလုံးသွားရောက်စီစဉ်ပါသည်။ ကျွန်ုပ်ဟာ အားလုံးစီစဉ်ပြီး ဆရာမမခင်မူ၏ ဂန်စည်စလယ်ပစ္စည်းတွေကိုပါ စုံစုံညီညီကားပေါ်မှာ တင်ပြီး ပြည်ပေါင်းတည်ဘက်ကို သူနှင့်ကျွန်ုပ် အတူတူထွက်လာခဲ့ကြပါသည်။ ဆရာမမခင်မူနှင့်ကျွန်ုပ် ပြည်ပေါင်းတည်ဘက်သို့လာခဲ့ရာတွင် စီးနင်းလိုက်ပါလာသောကားကလေးမှာ အင်္ဂလိပ်ခေတ်က ဒုတိယပုလိပ်မင်းကြီး ထိပ်တင်ဦးမောင်လေးစီးသောကား ဘောက်ဆော (RB. 3065) အနက်ရောင် ကားကလေးဖြစ်ပါသည်။

ကျွန်ုပ်နှင့်မခင်မူဟာ သုံးဆယ်ကိုရောက်တော့ မတင်တင်နှင့်မထင်ထင်တို့အား သကြား၊ ဆပ်ပြာ၊ လဖက်ခြောက်တို့ကိုလက်ဆောင်ဂင်ပေးပါတယ်။ ဆရာမမခင်မူဟာလည်း သုံးဆယ်က ဆရာမနှစ်ယောက်ကို ကျွန်ုပ်နှင့်မိတ်ဆက်ပေးပါသည်။ ဟိုအချိန်တုန်းက ဒီဆရာမနှစ်ယောက်ဟာ ငယ်ရွယ်သူတွေပဲရှိကြပါသေးတယ်။

ကျွန်ုပ်သည် သာယာဂတီအရေးပိုင် ဦးခင်မောင်ဖြူ (ယခုပြည်ထဲရေးဂန်ကြီး)ဖြစ်နေသူ ထံကိုအလည်သွားသည့်အခါ သာယာဂတီမှသုံးဆယ်ကိုအလည်ဂင်သွားရာ ဆရာမတင်တင်တို့ဟာ အင်မတန်မှချစ်တတ်ခင်တတ်ပါသည်။ သူတို့ကိုယ်တိုင် အိပ်ယာ၊ ခြင်ထောင်၊ မွေ့ယာ၊ နေရာထိုင်ခင်းမှန်သမျှကို လိုလေးသေးမရှိအောင်ပြုစုစောင့်ရှောက်ကျွေးမွေးပါသည်။ ယခုတော့ ဒီဆရာမ နှစ်ဦးဟာ ဆရာမကြီးတွေဖြစ်နေကြပါပြီ။ အလုံကူရှင်ကျောင်းမှာကျောင်းဆရာမကြီးတွေလုပ်၍ နိုင်ငံတော် အစိုးရက အမေရိကန်ပညာတော်သင်အဖြစ် စေလွှတ်ခြင်းခံရသည့်ဆရာမကြီးတွေဖြစ်နေပါပြီ။

လွန်ခဲ့သော ၃နှစ်လောက်က ကျွန်ုပ်၏တူ၊ ကျွန်ုပ်၏ဇနီးမကျင်မြိုင်၏အစ်မရဲ့သား မြန်မာပြည်မှာ နာမည်ကြီးကျော်ကြားသည့် ဂိုးကီပါမောင်ဇော်ဂင်းနှင့် သူ၏ကျောင်းအုပ်ဆရာကြီး ဦးဘကျန်(ဦးဘကြိုင်)၊ ဆရာကြီးကတော်ဒေါ်လှတင်တို့အား ကျွန်ုပ်၏ယခုလက်ရှိနေအိမ်မှာ ထမင်းစားဧည့်ခံ ကျွေးမွေးဖိတ်ကြားသည့်အခါ ဒီဆရာမနှစ်ယောက်လည်းလာပါသည်။ ကျွန်ုပ်၏ဇနီးမကျင်မြိုင်နှင့် ကျွန်ုပ်ဟာ မိတ်ဆက်ပေးပါ၍ ယခုတော့ ကျွန်ုပ်၏ဇနီးနှင့်လည်း မိတ်ဆွေတွေဖြစ်၍သိကျွမ်းနေပါပြီ။

## သေဘေးမှသီသီကလေးလွတ်ခြင်း

ကျွန်ုပ်နှင့်ဆရာမမခင်မူဟာလည်း သုံးဆယ်ကဆရာမ ၂-ယောက်ကို လက်ဆောင်တွေ ဂင်ပေးပြီး၊ စစ်ကွင်းမင်းလှဘက်ကို မော်တော်ကားဦးတည်ပြီး ထွက်လာခဲ့ပါတယ်။ ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသော ဘောက်ဆောအနက်ရောင်ကားကလေးမှာ စစ်ကွင်းရေနံပိုက်အနီးသို့ ရောက်ရှိသောအခါ

ကျွဲညီနောင်ခေါ် ရန်သူအင်္ဂလိပ်လေယာဉ်ပျံဟာ စစ်ကွင်းရေနံပိုက်ကို အကြီးအကျယ် ပုံးချ၍စက်သေနတ်ဖြင့်လာပစ်တယ်၊ ဆရာမမခင်မူနှင့်ကျွန်ုပ် အတူတူစီးနင်းလိုက်ပါလာသော ကားကလေးဟာ ကံကောင်းထောက်မ၍သီသီကလေးလွတ်သွားပါသည်။ ကျွန်ုပ်တို့ကလည်း ကားကိုရပ်၍အောက်သို့ဆင်းပြီး စက်သေနတ်ဘေးမှပုန်းရှောင်နေကြရပါသည်။

ကျွန်ုပ်နှင့်ဆရာမဟာ ကားကိုဆက်မောင်းပြီးထွက်ပြေးကြပါကတွေးပုံစရာမရှိတော့ပါ။ အသက်သေဖို့ပဲရှိတော့မှာပါပဲ။ (ဒီအချိန်အခါက ကျွန်ုပ်ဟာ စက်သေနတ်များမှန်လို့ မတော်တဆ သေဆုံးခဲ့ပါလျှင် ယခုလို လူ့ပြည်မှာ ဦးစပ်စုတစ်ယောက်ကို တွေ့ကြမြင်ကြရတော့မှာမဟုတ်ပါဘူး) ကျွန်ုပ်၏ကုသိုလ်ကောင်းမှု စိတ်စေတနာကောင်းမှုတွေကြောင့် ပုံးဘေးစက်သေနတ်ဘေးမှ လွတ်မြောက် လာရခြင်းဖြစ်ပါသည်။ လေယာဉ်ပျံမှပစ်လိုက်သော စက်သေနတ်ကျည်ဆံတွေဟာလည်း တဒက်ဒက်နှင့် ရေနံပိုက်ကိုထိမှန်ပြီး ရေနံပိုက်ဟာ ကွဲ၍မီးဟုန်းဟုန်းတောက်လောင်နေတာကို ကျွန်ုပ်နှင့်မခင်မူ ရှေ့မှာပင်ထင်ရှားစွာတွေ့မြင်နေရပါသည်။ ကျွန်ုပ်တို့နှစ်ဦးအား ဘုရားနှင့်တကွနတ်ကောင်းနတ်မြတ်များ မ ၍ ဘာမှမဖြစ်ခဲ့ကြပါ။

ကျွန်ုပ်တို့သည် စစ်ကွင်းရေနံပိုက်အနီးမှာ ရန်သူအင်္ဂလိပ်လေယာဉ်ပျံကျွဲညီနောင်ကို တွေ့ပြီး၊ အေးဆေးသွားသည့်အခါ မင်းလှကိုမဝင်တော့ပဲ၊ ပေါင်းတည်ဘက်ကို ဒါရိုက်မောင်းနှင်ထွက်ခွာ လာခဲ့တယ်။ ကျွန်ုပ်နှင့်ဆရာမမခင်မူစီးနင်းလိုက်ပါလာသော ဘောက်ဆောအနက်ရောင်ကားကလေးဟာ နံနက် ၅-နာရီအချိန်လောက်မှာ ပေါင်းတည်မြို့ ဆရာမမခင်မူရဲ့အဒေါ်၊ ဆရာမ မငြိမ်းအေးအိမ်ကို ကောင်းမွန်စွာနှင့်ရောက်ရှိပါသည်။ ကျွန်ုပ်လည်းပေါင်းတည်က ဆရာမဒေါ်ငြိမ်းအေးအိမ်မှာ ၇-ရက်လောက်ကြာအောင် နေထိုင်လာခဲ့ပါသည်။ သူတို့ကလည်းကောင်းမွန်စွာနှင့်ဧည့်ခံကျွေးမွေး ကြပါတယ်။

ကျွန်ုပ်နှင့်မခင်မူပေါင်းတည်ကိုယူသွားသောသကြားများဟာလည်း ခွက် ၃၀- လောက် ပါသွားပါသည်။ ဂျပန်ခေတ်အချိန်မှာတုန်းကသကြားဟာ နှစ်မျိုးနှစ်စားရှိပါသည်။ သကြားတစ်မျိုးက အနီဖြစ်၍ နောက်တစ်မျိုးကအဖြူဖြစ်ပါသည်။ သကြားအဖြူဟာ ဟိုအချိန်တုန်းက အင်မတန်မှ ရှားပါတယ်။ ကျွန်ုပ်ယူသွားသောသကြားများမှာအဖြူဖြစ်၍၊ အဖိုးတန်သည့်သကြားများဖြစ်နေပါသည်။ ကျွန်ုပ်ဟာ ဒီသကြားအဖြူကိုရရှိခဲ့ခြင်းမှာ တာမွေလမ်း၊ နံပါတ် ၈-ရှိ ဂျပန်ကွန်ကိုးမှ ဂျပန်အရာရှိ များဟာ ကျွန်ုပ်နှင့်သိကျွမ်းခင်မင်ပြီး၊ ပေါင်းသင်းဆက်ဆံထားခဲ့လို့ ယခုလိုအလွယ်တကူ ရရှိခြင်း ဖြစ်ပါသည်။

ပေါင်းတည်ကိုရောက်ပြီး ကျွန်ုပ်တို့တတွေဟာ နံနက်ဘက်ဈေးထဲမှာလျှောက်၍ မုန်းဟင်းခါး၊ လဖက်ရည်များကိုစားသောက်ကြပြီးသည့်အခါ ဈေးထဲကို ဟိုလျှောက်ဒီလျှောက် လျှောက်ကြည့်ရာ ပေါင်းတည်မြို့ဈေးထဲမှာ အင်မတန်ကြီးသည့်ကျောက်ဖရုံသီးကြီးများပေါ်တာကို တွေ့ရှိရပါသည်။

အဲဒီတော့ကျောက်ဖရုံသီးကြီးတွေကိုကြည့်ပြီးပြောလိုက်တယ်၊ ""ကျွန်ုပ်တို့ပါလာသည့် သကြားအဖြူနှင့် ကျောက်ဖရုံယိုထိုးရရင်ကောင်းမှာပဲ""လို့ပြောလိုက်တော့ ဆရာမဒေါ်ငြိမ်းအေးက ""ကျောက်ဖရုံယိုမစားရတာလည်းကြာပြီ၊ သကြားငါးပိဿာလောက်ကိုသာ လဖက်ရည်ဖျော်ဖို့ချန်ထားပြီး ကျန်သကြားများကို ကျောက်ဖရုံယိုထိုးပါ""လို့ ကျွန်ုပ်ကိုပြောတယ်။

ကျွန်ုပ်ဟာလည်း ငယ်စဉ်အခါကတောမှာနေထိုင်၍ ကျောက်ဖရုံယိုထိုးနည်းအတတ်ကို သင်ကြားဖူးတော့ ကျောက်ဖရုံယိုကောင်းကောင်းထိုးတတ်ပါသည်။ ဒါနဲ့ကျောက်ဖရုံသီးကြီးကြီးတစ်လုံးကို ဝယ်လာပြီး၊ ထုံးကလည်း ငါးမူးဖိုးဝယ်လာခဲ့သည်။ အိမ်ရောက်တော့ ကျောက်ဖရုံသီးကြီးကို ခါးနှင့်လှီး၍ လက်တစ်ဆစ်လောက်မြှောင်းရှည်လုပ်ပြီး၊ ထုံးရည်နှင့် ၂၄-နာရီကြာအောင် စိမ်ထားလိုက်ပါသည်။ ထုံးရည်နှင့် ၂၄-နာရီစိမ်ပြီး၊ သကြားအဖြူနှင့်ကျောက်ဖရုံသီးစိပ်ကိုထိုးလိုက်တော့ ""ကျောက်ဖရုံယို ဖြစ်သွားပါတယ်။ သူတို့တတွေကကျောက်ဖရုံယိုမစားရတာကလည်းကြာပြီ၊ ဦးစပ်စုထိုးတဲ့ကျောက် ဖရုံယိုဟာ သိပ်ကောင်းတာပဲ၊ စားလို့လည်းအင်မတန်ကောင်းတယ်""လို့ပြောဆိုကြပြီး၊ ချီးမွမ်းကြပါသည်။ ကျေးဇူးလည်းအများကြီးတင်ကြပါသည်။ ကျွန်ုပ်ကိုလည်းကျောက်ဖရုံယိုစပ်စုလို့ခေါ်ကြတယ်။ ဒါကြောင့် ကျွန်ုပ်၏အမည်ဟာ ကျောက်ဖရုံယိုစပ်စုလို့တစ်နာမည်ထပ်၍ရလာပြန်သည်။

ကျွန်ုပ်ပေါင်းတည်ကိုရောက်၍ နှစ်ရက်လောက်ကြာသည့်အခါမှာ ပေါင်းတည်ပြန်ဟတ်ဘွေ အသင်းကြီး၏လူကြီးများက ကျွန်ုပ်ကိုဖိတ်၍ ထမင်းကျွေးဧည့်ခံပွဲတစ်ခုပြုလုပ်ပါတယ်။ လူကြီးများကိုလည်းမိတ်ဆက်ပေးပါသည်။ ကျွန်ုပ်ကလည်း ပေါင်းတည်ပြန်ဟတ်ဘွေအသင်းကြီးက ပြုလုပ်ပေးသည့် ထမင်းစားမိတ်ဆက်ဧည့်ခံပွဲကို မပျက်မကွက်တက်ရောက်သွားပါသည်။ ကျွန်ုပ်အား ဧည့်ခံကျွေးမွေးသည့်ဧည့်ခံပွဲဟာလည်း အင်မတန်မှကောင်းမွန်စုံလင်လှပါ၍ ပေါင်းတည်မြို့ပေါ်က လူကြီးလူကောင်းများတို့ အများအပြားတက်ရောက်ကြပါသည်။

ကျွန်ုပ်ဟာလည်း ထမင်းစားဧည့်ခံပွဲမှာ ပေါင်းတည်မြို့ရဲ့အခြေအနေ၊ တရုပ်-မြန်မာ ချစ်ခင်ရင်းနှီးဖို့အရေးကိုမေးမြန်းပြီး၊ ကျွန်ုပ်တို့တရုပ်အမျိုးသားပြန်ဟတ်ဘွေအသင်းကြီးဟာ ဗမာတပ်မတော်ထောက်ပံ့ရေးရန်ပုံငွေကို ဘယ်လိုအင်တိုက်အားတိုက်ကူညီတယ်ဆိုတာဟာ ယခုကြွရောက်လာကြသည့်လူကြီးလူကောင်းများဟာ

သတင်းစာအသီးသီးရဲ့မျက်နှာဖုံးများမှာလည်း စစ်ဂန်ကြီးပုံနှင့် တရုပ်အမျိုးသားဗြန်ဟတ်ဘွေအသင်းကြီး၏ကော်မီတီလူကြီးများရဲ့ပုံများကို အများအပြား တွေ့မြင်နိုင်ကြပါလိမ့်မည်ဆိုတာတွေနှင့် တရုပ်-မြန်မာ ချစ်ခင်ပေါင်းသင်းမှုရှိတာတွေကို သေသေချာချာ ရှင်းလင်းပြောဆိုပြပါသည်။

ထမင်းစားပွဲသို့တက်ရောက်လာသည့် ပေါင်းတည်ရှိလူကြီးများဟာလည်း ယခုလိုတရုပ်-မြန်မာချစ်ကြည်ရေးအကြောင်းများကို ရှင်းလင်းပြောပြတာဟာ အင်မတန်မှဂမ်းသာပါသည်။ ဟိုတုန်းက သတင်းစာထဲမှာသာဖတ်ရတာ၊ ယခုဗြန်ဟတ်ဘွေအသင်းကြီး၏ ဗမာ့တပ်မတော်ထောက်ပံ့ရေး ကော်မီတီလူကြီး ဦးစပ်စုကိုယ်တိုင်ရှင်းလင်းပြတာဟာ အင်မတန်မှကျေးဇူးတင်ပါကြောင်းနှင့် လူကြီးများက ကောင်းချီးသြဘာပေးကြပါသည်။

၎င်းထမင်းစားမိတ်ဆက်ဧည့်ခံပွဲသို့ တက်ရောက်လာသည့်လူကြီးလူကောင်းများထဲမှ လူကြီး လူကောင်းတရုပ်အမျိုးသားတစ်ဦးဖြစ်သူ တန်ကျိဂမ်းကဆက်ပြီးကျွန်ုပ်ကိုပြောပြပါတယ်။ ""ကျွန်ုပ်ရဲ့ တူတော်သူ ကိုအောင်ကြီးဆိုသူ တစ်ယောက်ဟာလည်း ယခုဗမာ့တပ်မတော်မှာအမှုထမ်းနေပါတယ်"" လို့ပြောကြားပါတယ်။ ဟိုတုန်းကထမင်းစားပွဲမှာ လူကြီးမင်းတန်ကျိဂမ်းပြောလိုက်သည့် သူ၏တူ တော်သူဆိုတာဟာ ယခုဗိုလ်မှူးချုပ်အောင်ကြီးများဖြစ်လေမည်လားလို့တွေးမိပါသည်။

ကျွန်ုပ်ရဲ့မိတ်ဆွေဟောင်း ဦးဘအုန်းရဲ့သားအကြီး ထွန်းကြွေဦးကိုပေါင်းတည်မှာတွေ့ရှိ ပါသည်။ ထွန်းကြွေဦးဟာကျွန်ုပ်ကိုအင်မတန်မှချစ်ခင်ပါတယ်။ သူကလည်းကျွန်ုပ်ကိုကောင်းကောင်း မွန်မွန်ဧည့်ခံ၍ စကားပြောဆိုပါတယ်၊ ဒီအချိန်တုန်းက ထွန်းကြွေဦးရဲ့အင်မတန်ခင်မင်ရင်းနှီးသည့် မိတ်ဆွေဖြစ်သူ ဦးသီဟန်လည်းပါလာပါသည်။ ကျွန်ုပ်နှင့် ဦးသီဟန်ကိုထွန်းကြွေဦးကမိတ်ဆက်ပေး ပါသည်။ (ယခုလက်ရှိကုန်သွယ်မှုတိုးတက်ရေးဂန်ကြီး) ဦးသီဟန်နှင့်တော့ တူသလိုလိုရှိတယ်၊ ဟုတ်တယ်မဟုတ်ဘူးဆိုတာကိုတော့ ကျွန်ုပ်ဟာအမှန်သေချာစွာမပြောနိုင်ပါဘူး။

ကျွန်ုပ်လည်းပေါင်းတည်မှာ နံ့စပ်အောင်လည်ပတ်၍ ၆-ရက်လောက်ကြာသည့်အခါမှာ တစ်မြို့လုံးကိုလည်းရောက်ဖူးပြီးခဲ့ပါပြီ။ ဆရာမ-ဒေါ်ငြိမ်းအေးဟာလည်း အင်မတန်မှပညာရှိတယ်။ ယဉ်ကျေးသိမ်မွေ့တယ်၊ သူ့သမီးကလည်းပညာရှိတယ်၊ ယဉ်လဲယဉ်ကျေးသိမ်မွေ့တယ်၊ သူတို့ သားအမိ ၂-ဦးဟာစကားပြောလည်းကောင်းတယ်။ ချစ်ခင်မှုပေါင်းသင်းဆက်ဆံရေးကလည်း အင်မတန် ကောင်းတဲ့အပြင် ကျွန်ုပ်ကိုအစစအရာရာလိုလေသေးမရှိအောင် ပြုစုဆောင်ရွက်ပေးပါသည့်အတွက် ကျွန်ုပ်စိတ်ထဲမှာ နည်းနည်းကလေးမှ ရန်ကုန်ကိုမပြန်ချင်ပါဘူး။ ဒါပေမယ့် ကျွန်ုပ်ပေါင်းတည်မှာ နေလို့ ၆-ရက်လည်းကြာရော

ကျွန်ုပ်တို့ပြန်ဟတ်ဘွေအသင်းကြီး၏ ဥက္ကဋ္ဌကြီးပီကေချောင်းထံမှ စာတစ်စောင်ဟာ ကျွန်ုပ်ထံကိုရောက်ရှိလာတယ်။ ဥက္ကဋ္ဌကြီးပီကေချောင်းပေးလိုက်သည့်စာ အကြောင်းရင်းက ယခုကျွန်ုပ်တို့၏ဥက္ကဋ္ဌကြီးကေဘိုတိုင်ဗိုလ်ချုပ် တိုင်ချုပ်ဦးဗဆွေဟာ ကန်တော်ကလေး မောနင်းလမ်း၊ တိုက်နံပါတ် ၂၈-မှာ မနုနနှင့်မင်္ဂလာဆောင်လက်ထပ်တော့မယ်။ ဒီကိစ္စကို လာရောက် ပိုင်းဂန်းလုပ်ကိုင်ပေးဖို့ရယ်၊ ဒုတိယအကြောင်းကစစ်ဂန်ကြီး၏(P.A) ဗိုလ်မင်းခေါင်ဟာ ကန်တော်ကြီး အိုရီယင့်ကလပ်မှာ မမြသွဲ့နှင့်မင်္ဂလာဆောင်လက်ထပ်တော့မည်၊ ဒီကိစ္စတွေကိုကူညီဖို့အရေးကြီးတယ်။ အမြန်ပြန်လာပါလို့မှာလိုက်သည်။

ကျွန်ုပ်၏ဟော်တယ်ဆိုင်ကလည်း စာတစ်စောင်ရောက်ရှိလာတယ်။ ကျွန်ုပ်၏ဟော်တယ်ဆိုင်မှ ပေးပို့လိုက်သည့်စာထဲမှာပါသည့်အကြောင်းရင်းကတော့ ကျွန်ုပ်အောင်သွယ်လုပ်ပေးခဲ့သည့် ကျွန်ုပ်၏ ဆရာဦးကျင်မှိန်ရဲ့တတိယသား မောင်သောင်းစိန်ကို မမြအိုးနှင့် ဂင်ဒါမီယာ ဒေါက်တာချန်တိတ်အိမ်နှင့် မျက်နှာချင်းဆိုင် အမြတ်တော်ဂန်ဦးသာဒင်အိမ်မှာ မင်္ဂလာဆောင်လက်ထပ်တော့မယ်၊ လက်ထပ်ပေးမည့် သူများကတော့ တိုင်းမင်းကြီးစသုံးလုံးအရာရှိဦးဘကြားနှင့်သူ၏ဇနီး၊ ယစ်မျိုးမင်းကြီးဦးစောအေးနှင့် ၎င်း၏ဇနီး၊ (ယခုလက်ရှိနိုင်ငံတော်ဂန်ကြီးချုပ်၏အတွင်းဂန် (ICS) ဦးဂင်းဖေ၏ယောက္ခမဖြစ်သူ)၊ မြူနီစီပါယ်မင်းကြီးဦးစိုးညွန့်တို့ဖြစ်ကြပါတယ်လို့ ပါရှိပါတယ်။

ဒီအချိန်တုန်းက ဦးကျင်မှိန်ဟာ မအူပင် ဘုရားကြီးလမ်းမှာနေပါသည်။ မအူပင်ဘုရားကြီးလမ်း ကိုလည်း လေယာဉ်ပျံကစက်သေနတ်ဖြင့်လာပစ်သည့်အခါ ဦးကျင်မှိန်တို့ဇနီးမောင်နံဟာ ရန်ကုန်ကို လုံးဂမလာနိုင်တော့ပါ၊ ကျွန်ုပ်နှင့်ဦးသာဒင်ကိုပဲ ဒီမင်္ဂလာဆောင်ထမြောက်အောင်မြင်ဖို့အရေးကို လွှဲထားပါသည်ဆိုတာကတစ်ကြောင်း၊ နောက်တစ်ကြောင်းက ကေဘိုတိုင် ဘွင်တိုင်ချုပ် ဦးဗဆွေ လက်အောက် နံပါတ် ၇၀၇၊ တုံဟင်းကုမ္ပဏီသူဌေး ပီစွဲလျောင်ကိုလည်း ကျွန်ုပ်ဟာအောင်သွယ် လုပ်ပေးခဲ့သူတစ်ဦးဖြစ်ပါသည်။ သူကလည်း ကျွန်ုပ်၏ဆရာလတ္တာလမ်း ဦးကေဘကြီး၏သမီး မသန်းစိန်နှင့်ရက်အနည်းငယ်အတွင်းမှာလက်ထပ်တော့မည်။ ကျွန်ုပ်ကအောင်သွယ်လုပ်ပေးခဲ့သူတစ်ဦး ဖြစ်နေသဖြင့် မသွားပဲကိုမနေနိုင်ဘူး၊ ရောက်အောင်ကိုသွားရပါတော့မည်ဖြစ်နေပါတော့သည်။

ကျွန်ုပ်ဟာ ဆရာမဒေါ်ငြိမ်းအေး၊ ဆရာမမခင်မူ၊ ဒေါ်ငြိမ်းအေး၏သမီး၊ သူတို့ ၃-ဦးအား ရန်ကုန်မှရောက်လာသည့်စာများကိုပြကာ ဒီစာရဲ့အကြောင်းကို သေသေချာချာတစ်လုံးမကျန်ဖတ်ပြတယ်။ ""ယခုကျွန်တော့်အဖို့ ဒီစာ ၂-စောင်ရောက်ရှိလာ၍ မပြန်လို့မဖြစ်ဘူး၊ ပြန်ရတော့မည်။ ကျွန်ုပ်ရဲ့ စိတ်ထဲမှာ အင်မတန်မှမကောင်းပါဘူး။ ပြန်လည်းမပြန်ချင်ပါဘူး၊ ဒီနေရတာ ဆရာမဒေါ်ငြိမ်းအေး၊ ဒေါ်ငြိမ်းအေး၏သမီးနှင့် ဆရာမမခင်မူတို့ ၃-ဦးဟာ ကျွန်ုပ်အပေါ်လိုလေသေးမရှိရအောင် ပြုစု

စောင့်ရှောက်ကြပါသည်။ အင်မတန်မှလည်း တစ်ဦးကိုတစ်ဦးချစ်ခင်ရင်းနှီးပါသည်။ အစက ဒေါ်ငြိမ်းအေးနှင့်ကျွန်ုပ်ဟာ မသိပေမယ့် ဆရာမမခင်မူမိတ်ဆက်ပေးမှုကြောင့် ယခုလို ၆-ရက်အတွင်းမှာ ခင်မင်ရင်းနှီးပြီး မိတ်ဆွေတွေဖြစ်လာကြရတယ်။ ယခုလို ၆-ရက်အတွင်းကွဲကွာရမယ်ဆိုရင် တစ်ဦးနှင့်တစ်ဦးဟာ အစကတည်းကမတွေ့ပဲ မခင်မင်ပဲနေရတာကအများကြီးကောင်းပါသေးသည်။ ယခုတော့ ဆရာမမခင်မူရော၊ ဆရာမဒေါ်ငြိမ်းအေးရော၊ ဒေါ်ငြိမ်းအေး၏သမီးရော သူတို့ ၃-ဦးဟာ အများကြီးစိတ်မကောင်းကြပါ။ ကျွန်ုပ်ဟာလည်း နည်းနည်းကလေးမှစိတ်မကောင်းပါ။ ဒီအတိုင်းသာ ၆-ရက်နှင့်ကွဲကွာရမည်ဆိုလျှင် အစကတည်းကမတွေ့တာကောင်းပါသေးတယ်”လို့ ထပ်ပြောမိပြန်တယ်။

ကျွန်ုပ်နှင့်ဆရာမမခင်မူဟာ နက်ဖြန်ခါကျရင် ပေါင်းတည်နှင့်ရန်ကုန်ကိုသွားသည့်ကားနဲ့ ရန်ကုန်ကိုဆက်ဆက်ပြန်မယ်။ ယခုလိုပြုစုကျွေးမွေးသည့်ဆရာမ ဒေါ်ငြိမ်းအေးကိုလည်း အင်မတန်မှ ကျေးဇူးတင်ပါသည်။

## တရုပ်စကားပုံ

တရုပ်မှာစကားပုံတစ်ခုရှိတယ်။ ညကြီးသန်းခေါင်အချိန်မှာ လသာခန်းကိုမထွက်နှင့်၊ တစ်ဦးနှင့်တစ်ဦးဟာ ချစ်ခင်မှုလွယ်ကူသလောက်၊ ခွဲခွာထွက်သွားပြီးပြန်တွေ့ရမှာခက်တယ်။ ပန်းပင်က ပန်းဟာကြွေကျပြီး လေလွင့်သွားလျှင် ပန်းပင်ပေါ်ကို နဂိုရ်အတိုင်းပြန်ရောက်ဖို့ဟာ ခဲယဉ်းသလို နတ်ပြည်နှင့်လူ့ပြည်ဟာလည်း ကွဲခြားနေပါသည်။

ယခု ဆရာမဒေါ်ငြိမ်းအေးနှင့်ကျွန်ုပ်ဟာလည်း နက်ဖြန်ခါပြန်သည့်နေ့ကစပြီးကွဲကွာသွားလျှင် နောက် ဆရာမဒေါ်ငြိမ်းအေးထံကို ရက် ၆၀၊ ၆-လ၊ ၆-နှစ် သို့မဟုတ် အနှစ် ၆၀-ကြာသည့် အခါတောင် ပြန်ရောက်မယ်မရောက်ဘူးဆိုတာကို အမှန်သေချာစွာမပြောနိုင်ပါဘူး။

ဆရာမ-ဒေါ်ငြိမ်းအေးဟာ ကျွန်ုပ်နှင့်ဆရာမမခင်မူကို ကောင်းမွန်စွာချက်ပြုတ်ကျွေးမွေးပြီး၊ နံနက်မိုးလင်းတော့ သူ့သမီးရောသူပါ ကျွန်ုပ်တို့ကို ရန်ကုန်ပေါင်းတည်ကားဆိပ်အထိလိုက်ပို့ကြတယ်။

ကျွန်ုပ်တို့တတွေကားဆိပ်ရောက်လို့မကြာခင်ပဲ မော်တော်ကားဟာ ထွက်တော့မည့်အနေနှင့် ပေါ်-ပေါ်နှင့် ကားဟွန်းသံကိုပေးလိုက်ပါသည်။ ကျွန်ုပ်ဟာဒီအချိန်မှာ အတော်ကိုပဲဝမ်းနည်းသွားမိတယ်။

ဟိုလွန်ခဲ့သည့် ၁၀-နှစ်လောက်တုန်းက ကျွန်ုပ်ဟာ ပိုးထည်ကုန်သည်လုပ်နေစဉ် အထက်မြန်မာပြည်ရွှေမန်းမှရန်ကုန်သို့ပြန်လာသောအခါ ရွှေမန်းအမျိုးသမီးထုဟာ ကျွန်ုပ်ကို မန္တလေးသင်္ဘောဆိပ်ကိုလိုက်ပို့တယ်။ ဒီတုန်းကလည်း သူတို့ဟာအတော်ကိုပဲ စိတ်မကောင်းဝမ်းနည်း ကြပါတယ်။ ကျွန်ုပ်ကလည်း စိတ်မကောင်းလှပါ၊

ဒါပေမယ့်တော်ပါသေးသည်။ မန္တလေးသဘော်ကြီးဟာ ဆိပ်ကမ်းမှတဖြည်းဖြည်းထွက်ခွာသွားလို့ တစ်ဦးနှင့်တစ်ဦးဟာ လက်ကိုင်ပဂါပြပြီးဂျေယမ်း၍ မျက်စိတဆုံးနှုတ်ဆက်၍ရပါသေးသည်။ ယခုတော့မော်တော်ကားဟာ ဂီကနဲထွက်တာနှင့်တပြိုင်နက် တစ်ဦးနှင့်တစ်ဦးဟာ ပျောက်ကွယ်သွားပါတော့မည်။ ဒီလိုအဖြစ်မျိုးဟာ လွန်ခဲ့သည့် ၁၀-နှစ်လောက်က အဖြစ်နဲ့ ၁၀-ဆလောက်ဆိုးပြီး၊ ကျွန်ုပ်ရဲ့စိတ်ထဲမှာ ကြေကွဲဂမ်းနည်းစရာကောင်းသည့်ရောဂါကြီးဟာ စွဲကပ်လာခဲ့မိပါသည်။

ဟိုလွန်ခဲ့သည့် ၁၀-နှစ်တုန်းက ပိုးကုန်သည် ရွှေမန်းစပ်စုဖြစ်ပြီး၊ ယခုစပ်စုဟာ ပေါင်းတည် ကျောက်ဖရုံယိုစပ်စုဖြစ်နေခဲ့ရတယ်။

ဒါပေမယ့် ကြေကွဲဂမ်းနည်းစရာကောင်းတာကတော့အတူတူပါပဲ။ ဟို ၁၀-နှစ်အကွာနှင့် ဒီ ၁၀-နှစ်မှာလာပြီးတော့တိုက်ဆိုင်ရသည့် ကြေကွဲဂမ်းနည်းစရာတွေဟာ တူနေပေမယ့် နာမည်နှင့် နေရာကတော့ကွာခြားလာခဲ့ပါပြီ၊ ဟို ၁၀-နှစ်က မန္တလေးမှာပိုးကုန်သည်စပ်စု၊ ဒီ ၁၀-နှစ်မှာကတော့ ပေါင်းတည်က ကျောက်ဖရုံယိုစပ်စုဖြစ်လာခဲ့ရပါတယ်။

ကျွန်ုပ်ဟာ ကျွန်ုပ်၏ချစ်ခင်ပေါင်းသင်းဆက်ဆံမှုတတ်ခြင်းကြောင့် လူချစ်လူခင်များလာ ခဲ့ရတယ်။ ဒါကြောင့်မို့ ကျွန်ုပ်ဟာ စိတ်ဆင်းရဲမှုနှင့်အမြဲလာတွေ့နေရပါတယ်။ ကျွန်ုပ်၏စိတ်ထဲမှာ အောက်မေ့ယူဆမိတယ်။ ကျွန်ုပ်ရဲ့ချစ်ခင်သူများနှင့် ခင်မင်ရင်းနှီးပြီးမှကွဲကွာလာရပြီး စိတ်ဆင်းရဲ စိတ်ညစ်မှုတွေဖြစ်ရတာဟာလည်း ဟိုဘဂကပြုလုပ်ခဲ့သည့် အကုသိုလ်ကံကြောင့်ဖြစ်တာပါပဲလို့ တွေးပြီး၊ စိတ်ကိုတင်း၍ ကျွန်ုပ်ဖြေရပါတယ်။

ဒေါ်ငြိမ်းအေးဟာလည်း ကျွန်ုပ်နှင့်ဆရာမမခင်မူကို လက်ဆောင်ပစ္စည်းတွေ တော်တော်စုံလင် အောင်ပေးလိုက်ပါသည်။ ဒီအထဲမှာ အင်မတန်ကောင်းမွန်လှသည့် ငှက်ပျော်သီးကြီးတစ်ခိုင်ကိုလည်း ပေးလိုက်ပါသည်။ ဆရာမမခင်မူဟာလည်း ကားအတွင်းထဲဘက်မှာနေရာရ၍ ကားအတွင်းထဲဘက်မှာပဲ ထိုင်ရပါသည်။ ကားဟာလည်း အင်မတန်မှခရီးသွားများ၍ကြပ်တည်းလှပါသည်။ ဆရာမဒေါ်ငြိမ်းအေး တို့ပေးလိုက်သည့် ဂန်စည်စလယ်လက်ဆောင်ပစ္စည်းတွေကလည်း တော်တော်များသည်။ သူတို့ပေး လိုက်သည့်ငှက်ပျောခိုင်ကြီးဟာ ကားအတွင်းထဲမှာမဆံ့၍ ကားခေါင်မိုးပေါ်ကိုတင်လိုက်ရပါသည်။ ကား၏ခေါင်မိုးပေါ်မှာလည်း လူ ၄၊၅-ယောက်ထိုင်၍ ရန်ကုန်သို့လိုက်ပါလာကြပါသည်။ နေကလည်း အတော်ပူတယ်။ ကောင်းမွန်လှသည့် ဒေါ်ငြိမ်းအေးပေးလိုက်သည့်ငှက်ပျောခိုင်ကြီးကို တစ်လုံးပြီးတစ်လုံး ဖဲ့စားလာကြတာကို ကျွန်ုပ်ဟာမသိခဲ့ပါ။

ဟိုတုန်းကပေါင်းတည်ကားဆိပ်ဟာ မြေနီကုန်းဂတ်တဲနားမှာထားပါသည်။ မြေနီကုန်း ပေါင်းတည်ကားဆိပ်ကိုရောက်လို့ ကျွန်ုပ်တို့ဟာ ဂန်စည်စလယ်ပစ္စည်းများကိုချပြီး ကားခေါင်မိုးပေါ်ကို တက်၍ငှက်ပျောခိုင်ကိုယူသောအခါ ငှက်ပျော်ခိုင်ကြီးဟာ ၃-ပုံ ၁-

ပုံလောက်သာကျန်ပါတော့သည်။ ထိုင်နေကြသည့်လူ ၄-၅ဦးဟာလည်း ကျွန်ုပ်၏ငှက်ပျောသီးကို သူတို့ယူ၍စားထားတော့ အင်မတန်မှ အားနာသည့်မျက်နှာနှင့် ကျွန်ုပ်ကိုကြည့်နေကြပါတယ်။ ကျွန်ုပ်ကလည်းစဉ်းစားမိတယ်။ ဒီငှက်ပျောသီးဟာအိမ်ကိုယူသွားရင် ၄-၅-၁၀ ရက်စားရမယ်။ ဒါပေမယ့် ငှက်ပျောခိုင်ကိုကြည့်ပြီး ဆရာမဒေါ်ငြိမ်းအေးကို လွမ်းဆွတ်အောက်မေ့ရသည့်စိတ်တွေဟာ ပိုမိုပြင်းထန်လာမယ်။ ဒီငှက်ပျောခိုင် မရှိလျှင်သူ့ကိုလွမ်းသည့်စိတ်တွေဟာ သက်သာသွားမယ်ဆိုပြီး အနားမှာထိုင်နေသည့် လူ ၄-၅ ယောက်ကို ဆက်ပြီးပြောလိုက်တယ်။ ""အားမနာကြပါနှင့်၊ မဂ္ဂသေးလျှင်ထပ်ယူစားပါဦး"" လို့ပြော လိုက်တော့ လူ ၄-၅ယောက်ဟာ ငှက်ပျောသီးကို တစ်လုံးစီယူ၍စားကြပြန်တယ်။ ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသည့် ဘတ်(စ်)ကားဟာ တိုက်ကြီးမြို့ကိုရောက်သည့်အခါ ဂျပန်ကျန်းမာရေး ဂန်ကြီးဌာနက တိုက်ကြီးကားဆိပ်မှာထားပါသည်။ ကားပေါ်မှစီးနင်းလိုက်ပါလာသည့် ခရီးသည် အားလုံးကိုဆေးထိုးပေးပါတယ်။ ကျွန်ုပ်လည်းဆေးထိုးရပါသည်။ ဆရာမမခင်မူလည်း ဆေးထိုး ခဲ့ရပါတယ်။ ကျွန်ုပ်ရန်ကုန်ကိုပြန်ရောက်သည့်အခါမှာ ဆေးထိုးလို့ပဲလားမသိ၊ ပေါင်းတည်က ဆရာမဒေါ်ငြိမ်းအေးတို့သားအမိ ၂-ယောက်ကိုပဲလွမ်းလို့လားမသိ ကျွန်ုပ်ဟာ ၄-၅ရက်လောက် ဖျားသွားပါသည်။

၁၉၄၅-ခုနှစ်၊ ဒီဇင်ဘာလလောက်မှာ ဆရာမမခင်မူက ကျွန်ုပ်ကိုပြောတယ်။ ""ကျွန်မတို့နှင့် အိမ် ၃-၄အိမ်အကွာမှာနေသည့် မောင်မျိုးစင်ဆိုသည့်ရွှယ်တူတန်းတူယောကျ်ားကလေးတစ်ဦးနှင့် မေတ္တာရှိနေပါသည်။ သူဟာ သဘောလည်းကောင်းပါသည်။ ဦးစပ်စုဟာ ဒီမောင်မျိုးစင်ကို စုံစမ်း အကဲခတ်ပေးပါ"" လို့ ကျွန်ုပ်ကိုပြောတယ်။

ကျွန်ုပ်ကို မခင်မူဟာ မောင်မျိုးစင်နှင့် မိတ်ဆက်ပေးလို့သိကျွမ်းပြီး စုံစမ်းသည့်အခါမှာ ဒီမောင်မျိုးစင်ဟာ လူကလည်းယဉ်ကျေးသိမ်မွေ့တယ်၊ ပညာကလည်းတတ်တယ်၊ ရွှယ်တူတန်းတူ လည်းဖြစ်တယ်။ ဒါကြောင့်မို့ မခင်မူနှင့်မောင်မျိုးစင်ဟာ ပေးစားဖို့သင့်ပါတယ်လို့ ကျွန်ုပ်ဟာ မခင်မူရဲ့အဖေကိုရော၊ အဒေါ်ကိုရောတိုက်တွန်းတယ်။ သူတို့အားလုံးကလည်း ကျွန်ုပ်ပြောဆိုတာကို သဘောတူပြီး ရက်ကောင်းလကောင်းရွေးပြီးတော့ဖိတ်စာရိုက်ပြီး၊ ကျုံးကြီးလမ်းနှင့် ၁၇-လမ်းထောင့် ခရစ်ယာန်ဘာသာကျောင်းမှာ မင်္ဂလာဆောင်၍လက်ထပ်ပေးစားလိုက်ပါသည်။

ဟိုအချိန်အခါတုန်းက

မော်တော်ကားအသစ်လှလှပပကလည်းအင်မတန်မှရှားပါတယ်။ ကျွန်ုပ်ဟာ ဒီတုန်းကသတို့သားသတို့သမီးစီးဖို့ တရုပ်သူဌေးတစ်ဦးထံမှ ချက်ပလက်ကား အသစ်တစ်စီးကိုငှားလာပြီး သူတို့ကိုပေးလိုက်ပါတယ်။ သူတို့လက်ထပ်သည့်နေ့တွင်လည်းကျွန်ုပ်ဟာ ဝိုင်းဂန်းပြီးတော့အကူအညီပေးခဲ့တယ်။

မခင်မူကို ကျွန်ုပ်က ဘာများအကူအညီလိုပါသေးသလဲလို့ ထပ်မေးကြည့်တယ်။ သူပြောသမျှအတိုင်းလိုအပ်သောအကူအညီများကို ကျွန်ုပ်ဟာ ကူညီဆောင်ရွက်ပေးတယ်။ သူတို့မင်္ဂလာဆောင်၍ဧည့်ခံကျွေးမွေးပြီးတော့ သူတို့ ၂-ဦးဟာ

ခါတ်ပုံသွားရိုက်တယ်။ အပြန်မှာကျွန်ုပ်ထံဝင်လာတယ်။ ဂီစကီ ၂-လုံးပေးပါလို့တောင်းတယ်။ ကျွန်ုပ်ကလည်းအလွယ်တကူနှင့်ပဲပေးလိုက်ပါသည်။

ကျွန်ုပ်နှင့်ခင်မင်ရင်းနှီးချစ်ခင်မှုရှိလှသည့် ဆရာမမခင်မူရဲ့ဇာတ်လမ်းတွေကို ကျွန်ုပ်ဟာ ဤနေရာတွင်ပဲအဆုံးသတ်ရပ်နားပါရစေတော့။ မခင်မူဟာလည်းအားကိုးရမည့်လူရှိနေပါပြီ။ ကျွန်ုပ်၏စိတ်ထဲမှာလည်း မခင်မူအတွက်ကို စိတ်ချ၍သွားပါပြီ။ ဤကဲ့သို့အလားတူ ဂဏ္ဍကျော်ထင် ဒေါ်မေမေခင်တို့သားအမိ ၂-ယောက်ဟာ ဟိုတုန်းကအားကိုးရမည့်သူမရှိခဲ့ပါဘူး။ ယခုတော့ ဟိုက်ကုတ်တရားလွှတ်တော်ချုပ်အတွင်းဝန်ဦးမောင်မောင်နှင့်လက်ထပ်ပြီးပါ၍ ဒေါ်မေမေခင်တို့ သားအမိနှစ်ယောက်အတွက်ကိုလည်း ကျွန်ုပ်နှင့်ဦးတင်ကြီးဟာ စိတ်ချလက်ချရှိသွားပါပြီ။

ကျွန်ုပ်ဟာဘုရားမှာအမြဲတမ်း ဆု ၂-ဆုကိုလည်းတောင်းမိပါတယ်။ တောင်းမိသည့် ဆုတစ်စုက သူတို့ ၂-စုံတွဲဟာ တစ်သက်လုံးချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာနှင့် ပျော်ရွှင်ကျန်းမာစွာ နေထိုင်ကြပြီး စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ပြည့်ဝ၍ အသက်ရာကျော်အထိနေသွားနိုင်ပါစေဆိုတာကို ဘုရားမှာဆုတောင်းမိတာကတော့ ဒီဘဝမှာ သံသရာလည်ပြီး ချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီးနှင့် လာပြီးတွေ့ဆုံကြရသည့် ဆရာမမခင်မူတို့စုံတွဲ၊ ဂဏ္ဍကျော်ထင် ဒေါ်မေမေခင်တို့စုံတွဲ၊ ဆရာဖြစ် သင်တန်းကျောင်းမှ ဆရာကြီးများနှင့်ဆရာမ ၁၁-ဦးနှင့် ဦးတင်ကြီးတို့အပြင် ပေါင်းတည်က ဒေါ်ငြိမ်းအေးတို့သားအမိ ၂-ယောက်နှင့် ခင်မင်ရင်းနှီးတဲ့သူအားလုံးတို့ကို ဒီဘဝမှာချစ်ချစ်ခင်ခင်နှင့် ရေစက်ဆုံပြီး လာတွေ့ခဲ့ရသလို နောင်ဘဝဆက်တိုင်းမှာလည်း ဒီဘဝမှာတွေ့ရှိခဲ့ရသူမှန်သမျှနှင့် အမြဲတမ်းတွေ့ကြုံဆုံဆည်းရပါစေဆိုတာကို ကျွန်ုပ်ဟာအမြဲတမ်းဆုတောင်းမိပါတယ်။

၎င်းပြင် ကျွန်ုပ်ဘုရားမှာ အထူးဆုတစ်ဆုကိုတောင်းမိတာကတော့ နောင်ဘဝမှာ ကျွန်ုပ်သည် အမျိုးသမီးတလှည့်ဖြစ်ပါရစေလို့ ဆုတောင်းမိတယ်။ ကျွန်ုပ်ဟာ ဤကဲ့သို့ဘာဖြစ်လို့ ဆုတောင်းမိသလဲဆိုတော့ ဒီဘဝမှာကျွန်ုပ်ဟာ ယောကျ်ားဖြစ်လာခဲ့ရပါတယ်။ ယောကျ်ားဖြစ်လာခဲ့လို့ ဒီဘဝမှာ ပေါင်းသင်းဆက်ဆံချစ်ခင်ရင်းနှီးမှုရှိသည့်အမျိုးသမီး ၁၄-၅ဦးဟာ ကျွန်ုပ်ကို အောက်မေ့လွမ်းဆွတ်သတိရတာဟာ ကျွန်ုပ်တစ်ဦးတည်းကိုပဲပိုင်းဝန်းပြီးတော့သတိရကြရပါသည်။ ကျွန်ုပ်ကတော့ ကျွန်ုပ်တစ်ဦးတည်းနှင့် အမျိုးသမီး ၁၄-၅ဦးကိုပြန်ပြီးအောက်မေ့သတိရရတယ်။ သို့အတွက် ဘယ်သူကပိုပြီးဆိုးသလဲဆိုတာကိုစဉ်းစားကြည့်ပါ။ ကျွန်ုပ်တစ်ဦးတည်းက အများကိုပြန်ပြီး

အောက်မေ့သတိရတာကပဲပိုဆိုးမယ်မဟုတ်လား။ ထို့ကြောင့်ကျွန်ုပ်ဟာ နောင်ဘဝမှာ မိန်းကလေးတစ်လှည့်ဖြစ်ပါရစေလို့ ဘုရားမှာ အထူးဆုတောင်းမိပါတယ်။

ကျွန်ုပ်၏ထမင်းစားပွဲဖြစ်စေ၊ အလုပ်ကိစ္စတစ်ခုခုနှင့်ဖြစ်စေ ဖိတ်ကြားကျွေးမွေးဧည့်ခံသည့်အခါ ဦးမောင်မောင်နှင့် ဂဏ္ဍကျော်ထင်ဒေါ်မေမေခင်၊ မောင်မျိုးစင်နှင့်မခင်မူ သူတို့ ၂-စုံတွဲဟာမလာပဲ မနေနိုင်ပါဘူး။ ဘယ်အခါမဆိုအမြဲတမ်းလာပါတယ်။ ယနေ့တိုင်မမေ့နိုင်ပါသေးပဲ ယခုစာရေးနေသည့်အချိန်ထိ နေ့တိုင်းနေ့တိုင်းချစ်ခင်မှုဟာ မလျော့ရှိသည့်အပြင် ဟိုတုန်းကထက်တောင် တစ်နေ့တခြား များပြားလာပါသေးတယ်။ အမြဲတမ်းလည်း အောက်မေ့လွမ်းဆွတ်သတိရနေမိပါသေးသည်။

ဦးမောင်မောင်နှင့်ဒေါ်မေမေခင်ဟာ ဟိုက်ကုတ်တရားလွှတ်တော်ချုပ်မှထွက်လိုက်ပြီး ယခုပင်စင်စား၍ ဗဟန်း ဂင်္ဂါလမ်းသူတို့၏နေအိမ်အဆောက်အဦမှာ အေးအေးဆေးဆေးနေထိုင် ကြပါသည်။ ဆရာမမခင်မူကတော့ လွန်ခဲ့သည့် ၄-နှစ်လောက်က အမေရိကန်ကို ပညာတော်သင်သွားပါသည်။ အမေရိကန်မှပြန်ရောက်လာသောအခါ ဗားကရာ (A.B.M) ကျောင်းမှာ ဆရာမလုပ်နေပါသည်။ ၁၉၅၈ခုနှစ် ဩဂုတ်လမှာ မောင်မျိုးဇင်လုပ်ကိုင်သည့် အကောက်တော် ဌာနကလည်း သူ့ကိုအမေရိကန်သို့ ပညာတော်သင်လွှတ်လိုက်ပါသည်။ သူတို့ ၂-ဦးဟာ ပညာပြည့်ပြည့်စုံစုံနှင့် ပြည်ထောင်စုနိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်နေကြပါပြီ။ ကျွန်ုပ်ကလည်း ဒေါ်မေမေခင်နှင့်မခင်မူ သူတို့ ၂-စုံတွဲကို စိတ်ချလက်ချကူညီဆောင်ရွက်ပြီး၍ ကျွန်ုပ်ဟာ သေပျော်ပါပြီ။

ကျွန်ုပ်သည်ပေါင်းတည်မှရန်ကုန်သို့ပြန်ရောက်လာသည့်အခါ ၁၉၄၄-ခုနှစ်အတွင်းမှာ ကေဘိုတိုင်ဗိုလ်ချုပ်ဦးဗဆွေနှင့်ဒေါ်နုနုတို့မင်္ဂလာဆောင်ပွဲ၊ ဗိုလ်မင်းခေါင်နှင့်မမြသွဲ့တို့မင်္ဂလာဆောင် ပွဲအပြင် ပီစွီလျောင်နှင့်မသန်းစိန်တို့မင်္ဂလာဆောင်ပွဲနှင့် မောင်သောင်းစိန်နှင့်မမြအိုးတို့ မင်္ဂလာဆောင်ပွဲ ဒီ ၄-ဦးမင်္ဂလာဆောင်ပွဲကို ဝိုင်းဝန်းကူညီလုပ်ကိုင်ဆောင်ရွက်ပြီးသောအခါ ကျွန်ုပ်တို့တရုပ်အမျိုးသား နှစ်သစ်ကူးနှင့်တွေ့ကြုံဆုံဆည်းရပါသည်။

## နှစ်သစ်ကူးကန်တော့ပွဲ

မြန်မာထုံးတမ်းစဉ်လာကတော့ သီတင်းကျွတ်လျှင် လူကြီးမိဘဆရာသမားလူကြီးလူကောင်း များကို ကန်တော့ရသကဲ့သို့ တရုပ်အမျိုးသားထုံးစံမှာလည်း နှစ်သစ်ကူးလာရင် လူကြီးလူကောင်းများကိုကန်တော့ရပါသည်။ ၁၉၄၅-ခုနှစ် ဖေဖော်ဝါရီလ ၁၄-ရက်နေ့တွင် ကျွန်ုပ်တို့တရုပ်အမျိုးသား နှစ်သစ်ကူးနေ့ဖြစ်နေတယ်။

ပြန်ဟတ်ဘွေအသင်းကြီးဥက္ကဋ္ဌပီကေချောင်းဟာလည်း နှစ်စဉ်နှစ်တိုင်း ဒီလိုပဲကန်တော့ဖို့စီစဉ်ပါတယ်။ စားစရာသောက်စရာများကိုယူသွားပြီး လူကြီးလူကောင်းများကို အမြဲတမ်းလျှောက်ကန်တော့ကြပါသည်။ ဒီထုံးစံကိုတော့ဘယ်တော့မှမဖျက်ခဲ့ပါဘူး။

ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့၏တရုပ်အမျိုးသားပြန်ဟတ်ဘွေအသင်းကြီး၏စားစရာများကတစ်ပွဲ၊ ကျွန်ုပ်၏စားစရာများကတစ်ပွဲ၊ ဤစားစရာ ကန်တော့စရာများကို ကုန်တင်ကားကြီးတစ်စီးပေါ်မှာ အပြည့်တင်၍ ကျွန်ုပ်ကရှေ့မှ ပရိုက်ဗိတ်ကားကိုစီး၍သွားပြီး၊ ပြည့်ပြည့်စုံစုံတင်ထားသည့် စားစရာ ကန်တော့စရာများပါသည့်ကုန်တင်ကားကြီးကနောက်မှလိုက်၍ ကျွန်ုပ်တို့၏ကျေးဇူးရှိသည့် ဆရာသမား လူကြီးလူကောင်းများအိမ်ကို လိုက်လံပြီးကန်တော့ကြပါသည်။

(စားစရာကန်တော့စရာတစ်ပွဲလို့ခေါ်တာဟာ ဂမ်းဘဲကင်က ၂-ကောင်၊ စပါယ်ရှယ်အထူး မှာထားသည့် ဂက်အူချောင်းကတစ်ပိဿာ၊ သကြားအဖြူ ၂-ပိဿာ၊ ပီနံမှလာသည့် ကျားတံဆိပ် အကောင်းစားလဖက်ခြောက်က ၂-ထုပ်၊ အထူးမှာလုပ်ထားသည့် ကြက်ဥမုန့်ကတစ်ထုပ်၊ စီးကရက် လိမ္မော်သီးတို့ပါဝင်သည့် လင်ပန်းတစ်ပန်းစာကို တစ်ပွဲလို့ခေါ်ခြင်းဖြစ်ပါသည်။)

ကျွန်ုပ်တို့ဟာ ပထမဦးဆုံးနိုင်ငံတော်အဓိပတိဒေါက်တာဘမော်အား ကျွန်ုပ်ကနှစ်ပွဲနှင့် ပြန်ဟတ်ဘွေအသင်းကြီးကနှစ်ပွဲပေါင်းပြီး၊ ၄-ပွဲကိုသွားကန်တော့ပါသည်။ ဟိုတုန်းကနိုင်ငံတော် အဓိပတိဒေါက်တာဘမော်ဟာ ကုက္ကိုင်းဟာမစ်တစ်လမ်း (ယခုသာသနာ့ရိပ်သာအဆောက်အဦ၏ အနောက်ဘက်) တိုက်ကြီးတစ်လုံးမှာနေပါသည်။

(ဒုတိယဝန်ကြီးချုပ်)သခင်မြဟာ ဂိုဒင်ဘယ်ရီမှာနေပါတယ်။ သခင်မြနှင့်မျက်နှာချင်း တိုက်နံပါတ် ၅၆-မှာ သခင်သန်းထွန်းနေတယ်။ သခင်သန်းထွန်းတိုက်နှင့် မျက်စောင်းထိုး နှစ်ထပ်အိမ် သေးသေး လမ်းမနှင့်ကပ်လျက်ရှိသည့်အိမ်မှာ သခင်တင်နေတယ်။ ဒီလူကြီးတွေအားလုံးကို ၂-ပွဲစီကန်တော့ပြီးကားနှင့်ပြန်ထွက်လာသည့်အခါ ချင်းချောင်းအဗင်းနယူးကိုရောက်လာတယ်။

ချင်းချောင်းအဗင်းနယူးကိုရောက်တော့ (ယစ်မျိုးမင်းကြီးဦးစောအေး၊ ဦးစောအေးတိုက်နှင့် မျက်နှာချင်းဆိုင်ကုန်းမြင့်ပေါ်မှာရှိသည့်တိုက်ဟာ ဝန်ကြီးဦးအေး၏ယောက္ခမ ဦးဘိုးပြော့၊ ကျွန်ုပ် မှတ်မိတာကတော့ ဦးဘိုးပြော့ဟာ ရွှေတိဂုံဘုရားလမ်းမှာနေတယ်၊ သူ့အိမ်နှင့်မနီးမဝေးမှာ ဗုံးတစ်လုံး ကျတယ်။ သူ့အိမ်ကိုလည်းနည်းနည်းပါးပါးဗုံးမှန်လို့ အနည်းငယ်ပျက်စီးသွားတယ်။ ဒါကြောင့်မို့ သူဟာ ချင်းချောင်းအဗင်းနယူးဦးစောအေးနှင့်မျက်နှာချင်းဆိုင်တိုက်မှာ ခေတ္တသွားနေထိုင်ပါသည်။ ကျွန်ုပ်တို့ဟာလည်း သူတို့ ၂-ဦးအား ကန်တော့စရာစားစရာ ၂-ပွဲကို ဦးအေးအိမ်မှာပေးထားခဲ့ပါသည်။ ချင်းချောင်း အဗင်းနယူးမှပြန်ထွက်လာသောအခါ

ယူနီဗာစတီအဗင်းနယူး တိုက်နံပတ် ၇၄-နားကိုရောက်တယ်။ (တိုင်းမင်းကြီး)ဦးစောလှဖြူကို နှစ်ပွဲသွားကန်တော့ကြတယ်။ ဦးစောလှဖြူအိမ်နှင့် လေးငါးအိမ်ခြားသည့် ဖြတ်လမ်းတစ်ခုမှဝင်သွားပြီး၊ ဘကြီးဆာဦးသွင်ကို သွားကန်တော့တယ်။ ကန်တော့ပြီးဝင်ဒါမီယာထဲကိုပြန်ဝင်လာတယ်။ ဝင်ဒါမီယာထဲမှာ (မြူနီစီပါယ်မင်းကြီး)ဦးစိုးညွှန့်၊ ဦးစိုးညွှန့်နေအိမ်နှင့်မျက်စောင်းထိုး ဒေါက်တာချန်တိတ်အိမ်၊ ဒေါက်တာချန်တိတ်အိမ်ပေါ်ထပ်တွင် (ပုလိပ်မင်းကြီး)ဦးအောင်ချိန်နေတယ်။ ဒီလူကြီးတွေကိုကန်တော့ပြီးပြန်ထွက်လာသည့်အခါ ယူနီဗာစီတီ အဗင်းနယူးကိုပြန်ရောက်တယ်။ ယူနီဗာစီတီအဗင်းနယူးမှ ၇-မိုင်ကိုသွားတယ်။ ၇-မိုင်မှာနေသည့် (ကုန်စည်ကြီးကြပ်ရေးဝန်) ဦးကိုကိုကိုကန်တော့ပြီးထွက်လာသည့်အခါ ၈-မိုင်မှာနေသည့် ကျွန်ုပ်တို့ ပြန်ဟတ်ဘွေအသင်းကြီး၏ ဥပဒေအတိုင်ပင်ခံတစ်ဦးဖြစ်သူ ဒေါက်တာဘဟန်အိမ်ကို သွားပြီးတော့ ကန်တော့ပါတယ်။

ကျွန်ုပ်တို့တတွေကို မြန်မာဘုရား၊ အိန္ဒိယဘုရား၊ တရုပ်ဘုရား၊ နတ်ကောင်းနတ်မြတ်နှင့် ဘိုးဘိုးအောင်တို့က ပိုင်းပြီးမတာနှင့်တူပါသည်။ ကျွန်ုပ်တို့ကို အိန္ဒိယ၊ တရုပ်၊ မြန်မာချစ်ကြည်ရေး လုပ်ကြသည့်လူတစ်စုထဲအနေဖြင့် မသေစေချင်ဘူးထင်ပါသည်။ ဦးကိုကိုအိမ်မှထွက်လာပြီး ပေ ၅၀-၆၀ အကွာလောက်ရောက်သည့်အခါမှာ ကျွန်ုပ်စီးနင်းလိုက်ပါလာသည့် ပရိုက်ဗိတ်ကားဟာ အမှတ်တမဲ့စက်ရပ်သွားပါသည်။ ကားစက်ရပ်သွားတော့ ကျွန်ုပ်၏ဒရိုင်ဘာဟာလည်း အောက်ဆင်းပြီး စက်ကိုပြင်နေပါသည်။ စက်ကိုပြင်၍ ၁၀-မိနစ်လောက်ကြာသည့်အခါမှ စက်ဟာကောင်းမွန်လာပါသည်။ စက်ကောင်းသွား၍ ကျွန်ုပ်ကားပေါ်ကိုတက်မည်လုပ်တုန်းမှာ ရန်သူလေယာဉ်ပျံလာတယ်ဆိုတဲ့ အချက်ပေးဥသြဟာဆွဲလိုက်ပါတယ်။ ဥသြဆွဲလိုက်တာနှင့်တစ်ပြိုင်နက် ရန်သူလေယာဉ်ပျံဟာ ခေါင်းပေါ်ကိုရောက်နေပါပြီ။ ချက်ခြင်းဗုံးနှစ်လုံးကိုလည်း ဖြုတ်ချလိုက်ပါသည်။ ဗုံးကျသည့်အသံကိုတော့ ကျွန်ုပ်တို့ကြားလိုက်ရပါသည်။ ဘယ်နေရာကိုကျတယ်လို့တော့ မပြောတတ်ပါဘူး။ ကျွန်ုပ်၏စိတ်ထင် ကတော့ သိပ်မဝေးလှပါဘူးလို့ထင်ပါတယ်။ ဗုံးကျ၍ပေါက်ကွဲသည့်အသံကတော့ နီးနီးပဲ ကြားလိုက်ရပါသည်။

ကျွန်ုပ်ဟာလည်း လမ်းဘေးမှသစ်ပင်တစ်ခုကို အကာအကွယ်ယူပြီး၊ ဒီအချိန်မှာပုန်းနေ လိုက်တယ်။ ၁၅-မိနစ်လောက်ကြာတော့ကျွန်ုပ်ဟာ လမ်းမကြီးဘက်ကိုမျှော်ကြည့်လိုက်တယ်။ ဒီတော့စစ်ကားနှင့်တူသည့်ကားတစ်စီးဟာ မိုင် ၃၀-၄၀ နှုန်းနှင့် တစ်အားမောင်းလာတာကို တွေ့ရှိရတယ်။ ကျွန်ုပ်နားကိုရောက်လို့ သေသေချာချာကြည့်လိုက်ပြန်တော့ အိန္ဒိယစစ်ဗိုလ်ချုပ် ဆူဘတ်ချန်ဒရာဘို့(စ်)ဖြစ်နေတယ်။ ကျွန်ုပ်ကလည်းလက်ပြ၍ ဆူဘတ်ချန်ဒရာဘို့(စ်)လို့ အော်ပြီး နှုတ်ဆက်လိုက်တော့၊ ဒီအချိန်မှာဆူဘတ်ချန်ဒရာဘို့(စ်)ကလည်း ကျွန်ုပ်ကိုသိသည့်အတွက်

လက်ပြပြီးသူ့နောက်မှလိုက်လာဖို့ကို လက်ပေ့ ယမ်းပြသခဲ့တယ်။ ကျွန်ုပ်တို့ကလည်း သူလက်ပေ့ပြ သည့်အတိုင်း ဆူဘတ်ချန်ဒရာဘို့(စ်)ကားနောက်မှ မော်တော်ကားကို မိုင် ၃၀၊၄၀နှုန်းဖြင့် အတင်းမောင်း၍ လိုက်သွားပါတယ်။

သူ့နောက်သို့လိုက်၍ သွားသည့်အခါမှာ စောစောကဗုံးချသည့်နေရာမှာ မရမ်းကုန်းနှင့် ရှစ်မိုင်မှာနေသည့် ဒေါက်တာဘဟန်၏ နေအိမ်ဖြစ်၍နေတယ်။ ဗုံးတစ်လုံးဟာ သူ့အိမ်ပေါ်ကို တည့်တည့်ကျပြီးပေါက်ကွဲသွားတယ်။ အိမ်လည်းပျက်သွားတယ်။ ဗုံးတစ်လုံးကတော့ သူ့အိမ်ဘေးက သူတို့ပုန်းနေတဲ့ကျင်းဂမှာကျတယ်။ ကျင်းဂမှာကျသည့်ဗုံးဟာ ပေါင်၁၀၀-ရှိသည့် မီးလောင်ဗုံး ဖြစ်ပြီးနေပါတယ်။ ဒီကျင်းထဲမှာလည်း ဟိုအချိန်က ဒေါက်ဗဟန်ကကျောင်းဖွင့်ထားတော့ ကျောင်းသားကျောင်းသူတွေနှင့် သူတို့တစ်အိမ်သားလုံးပါ စုပေါင်းပြီးပုန်းနေတော့ လူပေါင်း ၁၀၀-ကျော်လောက်ရှိပါသည်။ ဒီကျင်းဂမှကျသည့်ဗုံးဟာ ပေါက်တော့ပေါက်ပါသည်။ မီးကတော့မလောင်ပါ။ သို့အတွက် သူတို့တတွေဟာ တော်တော်ကံထူးတယ်။ ဘုရားမတာပဲလို့ ကျွန်ုပ်စိတ်ထဲမှာထင်မိပါတယ်။ ဗုံးကထွက်လာသည့်အရောင်တွေဟာ ဂါဂါထိန်ထိန်နှင့် ယမ်းကတော့ကပ်စေးနဲလိုဖြစ်နေတယ်။ ဆူဘတ်ချန်ဒရာဘို့(စ်)နှင့်ကျွန်ုပ်ဟာ သွားပြီးတော့ကိုင်ကြည့်တယ်။ နောက်ပြီးဆူဘတ်ချန်ဒရာဘို့(စ်)ဟာ ဒေါက်တာဗဟန်ကိုသွားပြီးတော့စကားပြောပါသည်။

ဒေါက်တာဗဟန်နှင့်ကျွန်ုပ်တို့စကားပြော၍ ၅-မိနစ်လောက်အကြာမှာ ကားသုံးစီးဟာ အမြန်မောင်းပြီးတော့ဝင်လာတယ်။ ကားပေါ်မှဆင်းလာသူကတော့ အခြားသူမဟုတ်ပါဘူး။ ဗရုတ်သုက္ခ နိုင်ငံတော်၏အဓိပတိဒေါက်တာဗမော်ဖြစ်နေပါသည်။ ဒီတစ်ခါကျတော့ အဓိပတိဒေါက်တာဗမော်ဟာ ကားကတော့သူ့ကားဟုတ်ပေမယ့် အလံလည်းမပါဘူး။ ခေါင်းပေါင်းတို့ဘာတို့လည်းမပါဘူး။ အဓိပတိအဆောင်အယောင်ဆိုလို့ ဘာမှမပါဘူး။ ဒီလိုနေရာကျမှ သူတို့ညီအစ်ကိုနှစ်ယောက်ဟာ ဘယ်လောက်ချစ်တယ်ဆိုတာကို ကျွန်ုပ်လည်းအကဲခတ်မိပါသည်။ ဒေါက်တာဗမော်ဟာ ကျင်းဂမှာရှိသည့်မီးမလောင်တဲ့ဗုံးကိုလာကြည့်တယ်။ ဆူဘတ်ချန်ဒရာဘို့(စ်)ကလည်း ဒေါက်တာဗမော်ကို အင်္ဂလိပ်စကားနှင့်ပြောတယ်။ သူပြောသည့်အင်္ဂလိပ်စကားကိုတော့ ကျွန်ုပ်နားမလည်ပါဘူး။ ဟန်ဒရက် ပေါင်ဆိုတာတစ်ခုထဲကိုပဲကျွန်ုပ်ကနားလည်တယ်။ နောက်ပြီးတော့ လာကြည့်ကြသည့်လူတွေဟာလည်း ကားတစ်စီးနှင့်ထပ်ရောက်လာကြသည်မှာ တော်တော်များပါသည်။ ပစ္စည်းရောလူတွေရော အကုန်လုံး အိမ်တော်ကို ပြောင်းရွှေ့ကြမယ်လို့ပြောဆိုနေကြတာကို ကျွန်ုပ်ဟာကြားလိုက်ရတယ်။

ကျွန်ုပ်၏ကျေးဇူးရှင် ဦးတင်မောင်မောင်၏ခယ်မ၊ သူ့နာမည်က မေစီလို့ခေါ်တယ်။ သူလည်း ဒေါက်တာဗဟန်ရဲ့ကျောင်းမှာနေတယ်။ ဒေါက်တာဗဟန်၏အိမ်ကို လူတွေလာမေးကြတာလည်း တော်တော်များလာပြီး

ဦးတင်မောင်မောင်၏ခယ်မ မေစီကို ကျွန်ုပ်ရဲ့မျက်စိထဲမှာသွားတွေ့တယ်။ ကျွန်ုပ်လည်းကားကိုအမြန်မောင်း၍ ဦးတင်မောင်မောင်ကို အကြောင်းသွားကြားတယ်။ ဟိုတုန်းက ဦးတင်မောင်မောင်ဟာ ကုက္ကိုင်းမှာနေတယ်။ ကျွန်ုပ်သည့် ဦးတင်မောင်မောင်အိမ်ကိုရောက်သည့်အခါ သူ့မိန်းမမောရီ၊ သူ့မရီးမာရီနှင့် ဦးတင်မောင်မောင်တို့ ၃-ဦးဟာ မတ်တတ်ရပ်ပြီး ယူကျုံးမရ ဟိုကြည့်ဒီကြည့်နှင့် မျက်လုံးချာလည်ပတ်လည်နေကြသည်။ ကျွန်ုပ်၏ကားဟာ သူတို့၏အိမ်ဝင်းထဲသို့ တအားမောင်းပြီးတော့ဝင်သွားတယ်၊ ကျွန်ုပ်ဟာကားတံခါးကိုအမြန်ဖွင့်ပြီးဆင်းသွားတယ်။ ကျွန်ုပ်၏ ပါးစပ်ကခပ်ကျယ်ကျယ်အော်၍ ""ဦးတင်မောင်မောင်ခယ်မ မေစီဘာမှမဖြစ်ဘူး""လို့ပြောလိုက်သည်။

ဒီတော့မှ သူတို့၃-ဦးဟာ မျက်နာနည်းနည်းကောင်းသွားကြတယ်။ ကျွန်ုပ်ကလည်း ဒေါက်တာဗဟန် အိမ်ကိုဖုံးကျသည့်အကြောင်း သူတို့ကိုအနည်းအကျဉ်းပြောပြလိုက်တယ်။

ဦးတင်မောင်မောင်က ကျွန်ုပ်ကို ""ယခုဒေါက်တာဗဟန်အိမ်မှာရှိသည့် သူ့ခယ်မမေစီကို သွားခေါ်ချင်တယ်။ ကျွန်တော့်မှာလည်းကားမရှိဘူး။ ဒါကြောင့်ဦးစပ်စုကားကို ခဏငှားပါ။ ဦးစပ်စုရဲ့ ကားဒရိုင်ဘာကိုနောက်မှထိုင်ခိုင်းပြီး၊ ဦးစပ်စုနှင့်ကျွန်တော်ဟာ ကားရှေ့မှထိုင်၍ ကျွန်တော်ကိုယ်တိုင် မောင်းပြီးသွားပါရစေ""လို့ပြောတယ်။ ကျွန်ုပ်ကို ဦးတင်မောင်မောင်ဟာ ပြောဆိုပြီးတာနှင့်တစ်ပြိုင်နက် သူကိုယ်တိုင်ကားကိုတစ်အားမောင်းသွားတယ်။ မော်တော်ကားကို တစ်နာရီ မိုင်၃ဝ-၄ဝ-နှုန်းအထိ မောင်းသွားတယ်။ လမ်းကောင်းသည့်နေရာကျလျှင် မိုင် ၅ဝ-အထိမောင်းတယ်။ လမ်းမှာတွေ့သမျှ ကားမှန်သရွေ့ကိုလည်း ဦးတင်မောင်မောင်ဟာဖြတ်ကျော်၍တက်ခဲ့ပါတယ်။ ဟိုအချိန်အခါတုန်းက မော်တော်ပီကယ်တွေနည်းပေလို့တော်ပါသေးသည်။ မော်တော်ပီကယ်တွေဟာ ယခုခေတ်လို ဟိုတုန်းက များပြားခဲ့ပါလျှင် ကျိန်းသေအဖမ်းခံရမှာသေချာပါသည်။ ဦးတင်မောင်မောင်ဟာ ဒီလောက်အရေးတကြီး ဘာဖြစ်လို့ပြုလုပ်ဆောင်ရွက်တယ်ဆိုတာကတော့ သူ့ခယ်မမေစီကို အင်မတန်မှ ချစ်သည့်စိတ်ဟာ ပြင်းထန်လွန်းအားကြီးလို့ ယခုလိုအရေးတကြီးနှင့်ပြုလုပ်ရခြင်းဖြစ်ပါသည်။

ဟိုတုန်းကမေစီဟာ မသိတတ်သေးသည့်ကလေးအရွယ် ၁၂နှစ် ၁၃နှစ်လောက်ပဲရှိပါသေးသည်။ ယခုတော့အသက်ကြီး၍ လူလားမြောက်လာခဲ့ပြီး နေဗီကစစ်ဗိုလ်တစ်ဦးနှင့်အိမ်ထောင်ကျ၍ စစ်ဗိုလ် ကတော်ကြီးတစ်ဦးဖြစ်နေပါပြီ။ ကျွန်ုပ်ပြုစုရေးသားထားသည့် ဤမှတ်တမ်းစာအုပ်ကို မေစီဟာ သူ၏ခင်ပွန်းနှင့်အတူဖတ်ရှုလိုက်ရသည့်အချိန်မှာ သူ့အမကြီးများဖြစ်သည့် မော်ရီနှင့်မာရီတို့အပြင် သူ့ခဲအိုဦးတင်မောင်မောင်ဟာ သူ့ကိုဘယ်လောက်ချစ်ကြသည်ဆိုတာကိုသိရင် သူတို့ ၃-ဦးကို မေစီဟာ ဒီတစ်သက်မှာဘယ်တော့မှမေ့မှာမဟုတ်တော့ပါဘူး။ ကျေးဇူးဆပ်လို့လည်း ကုန်တော့မှာ

မဟုတ်ပါဘူး။ နောက်ပြီးမေစီဟာ သူ့အမကြီးများဖြစ်သည့် မောရီနှင့်မာရီအပြင် သူ့ခဲအို ဦးတင်မောင်မောင်ကိုပါ ကျွန်ုပ်ရေးသားသည့်ဤစာကိုဖတ်ပြီးသည့်အချိန်ကစပြီးတော့ ယခင်ကထက် ပိုပြီးလေးစားမည်၊ ပိုပြီးကျေးဇူးတင်ရှိလာမှာပါပဲ။

ကျွန်ုပ်ဟာ ဘုရားသိကြားမ၍ ဦးကိုကိုအိမ်နားမှာ ကားပျက်သည့်အတွက်ကြောင့် ဒေါက်တာဇဟန်အိမ်ကို မရောက်မီအဖြစ်အပျက်ဒီအချိန်ကလေးကို ကျွန်ုပ်အဖို့ ဒီတစ်သက်မှာ ယနေ့တိုင် မမေ့နိုင်ပါဘူး၊ အမြဲသတိရလျက်ပါပဲ၊ အကယ်၍ကျွန်ုပ်၏ကားသာ မပျက်ခဲ့ဘူးဆိုလျှင် ဒေါက်တာဇဟန်အိမ်နှင့်ဦးကိုကိုအိမ်ဟာ သိပ်ပြီးတော့မဝေးလှပါ။ အချိန်အနည်းငယ်အတွင်းမှာ ရောက်နိုင်ပါသည်။ ယခုတော့ ကျွန်ုပ်အား ဘုရားသိကြားနတ်ကောင်းနတ်မြတ်များမ၍ ကားပျက်နေသည့်အတွက်ကြောင့် ဒေါက်တာဇဟန်အိမ်ကို အချိန်အနည်းငယ်အတွင်း မရောက်နိုင်ခဲ့ပါ။ သို့အတွက် ကျွန်ုပ်တို့တတွေအဖို့ရော ဒေါက်တာဘဟန်နှင့်တကွ တစ်အိမ်သားလုံးအဖို့ရော ကုသိုလ်ကံကောင်းတယ်လို့ ဆိုရမှာပါပဲ။

အကယ်၍ကျွန်ုပ်တို့ဟာ ကားမပျက်ပဲ ဒေါက်တာဇဟန်အိမ်သို့ရောက်ရှိသွားခဲ့လျှင် ရန်သူလေယာဉ်ပျံလာပါသော်လည်း ကျွန်ုပ်တို့နှင့်ဒေါက်တာဇဟန်ဟာ ပျော်ပျော်ရွှင်ရွှင်နှင့် စကားပြောဆိုနေကြပြီး ""မကြောက်ပါဘူး၊ မပုန်းပါဘူး""ဆို၍ ကျင်းထဲသို့မည်သူမျှပုန်းကြမှာ မဟုတ်ပါဘူး။ ကျွန်ုပ်တို့တတွေနှင့်ဒေါက်တာဘဟန်စကားပြောပြီး၊ ပျော်ပျော်ရွှင်ရွှင်နှင့်ကျင်းထဲ ဝင်မပုန်းမိခဲ့ပါလျှင် ယခုလိုဖုံးတည့်တည့်ကျတာနှင့်တိုး၍ တွေးပွဲ့စရာမရှိတော့ပါဘူး။ ယခုတော့ ဒေါက်တာဇဟန်နှင့်တကွ ကျွန်ုပ်တို့တတွေအားလုံးကို ဘုရားမ၍ သေကံမရောက်သက်မပျောက်ခဲ့ကြပါ။ ကျွန်ုပ်တို့၏ကုန်တင်ကားကြီးနှင့် ကျွန်ုပ်စီးလာသည့်ကားကလေးကိုပါ ရန်သူလေယာဉ်ပျံဟာ မြင်လျှင်လည်းဘယ်နည်းနဲ့မှချမ်းသာပေးမှာမဟုတ်ပါဘူး။ ပြန်လှည့်၍ကွေ့လာပြီး စက်သေနတ်ဖြင့် ပစ်ခတ်ဦးမှာပဲ။ ဒီလိုစက်သေနတ်နှင့်ပြန်ကွေ့လှည့်ပတ်ပစ်ရင်လည်း ကျွန်ုပ်တို့တတွေဟာ မသေတောင် အများကြီးဒုက္ခရောက်ကြဦးမှာပါပဲ။

ကျွန်ုပ်ဦးစပ်စုဟာ ပေါင်းတည်အသွား စစ်ကွင်းရေနံ့ပိုက်နားမှာတစ်ခါ၊ ယခုဒေါက်တာဇဟန် အသွားမှာတစ်ခါ၊ သေဖို့ရာနှင့်ကြုံကြိုက်ခဲ့ရတာ ၂-ခါရှိပြီ၊ ကျွန်ုပ်ဟာ သေဖို့ရာနှင့် ကြုံကြိုက်လာ ခဲ့ရပါသော်လည်း သေကံမရောက်သက်မပျောက်ခဲ့ရတာဟာ ဘာဖြစ်လို့လဲဆိုတော့ ကျွန်ုပ်၏စိတ်စေတနာ ကောင်းမှုနှင့် ချစ်ခင်ပေါင်းသင်းဆက်ဆံတတ်မှုဟာ အင်မတန်မှ လူချစ်လူခင်များ၍ ဘုရားသိကြား နတ်ကောင်းနတ်မြတ်များဟာ အမြဲတမ်းလိုက်လံစောင့်ရှောက်မစနေတာပဲလို့ ကျွန်ုပ်၏စိတ်ထဲမှာ အောက်မေ့ယူဆမိပါသည်။ ကျွန်ုပ်ဟာ ဒေါက်တာဇဟန်အိမ်ကို

ဖုံးတည့်တည့်ကျသည့်အတွက်ကြောင့်
ဟိုပြေးဒီပြေးနှင့်မကန်တော့ရတော့ပဲမိုးချုပ်သွားပါသည်။

ကျွန်ုပ်တို့ကုန်တင်ကားပေါ်မှာယူဆောင်လာသည့်ပစ္စည်းများမှာလည်း ၃ပုံ ၂ပုံလောက် ကျန်ပါသေးသည်။ ကျွန်ုပ်တို့လည်းမိုးချုပ်၍အိမ်ကိုပြန်ရောက်တော့၊ ကုန်တင်ကားကြီးပေါ်မှာ တင်ဆောင်ယူသွားသည့် စားစရာပစ္စည်းဟာ နေကလည်းပူ၊ ဟိုပြေးဒီပြေးအတွက်ကြောင့် တစ်ခုနှင့်တစ်ခု ထိခိုက်ပျက်စီး၍ ဂမ်းဘဲကင်များဟာလည်း အနံ့သိပ်မကောင်းလှတော့ပါ။ ကြက်ဥမုန့်များဟာလည်း ကြေမွပျက်စီးပြီး လမွှော်သီးများလည်း တစ်လုံးနှင့်တစ်လုံး ထိခိုက်၍နာပြီး ဟိုလူယူစား ဒီလူယူစားနှင့် အများအပြားပျက်စီးကုန်ပါသည်။ ဒီပျက်စီးကုန်သည့်ပစ္စည်းများဟာလည်း ကျွန်ုပ်တို့နက်ဖြန်သွား၍ ကန်တော့ရန်မကောင်းတော့သည့်အတွက် ကျွန်ုပ်၏တပည့်များကို ဝေငှပေးလိုက်ပါသည်။

နက်ဖြန်ခါသွားကန်တော့ဖို့အတွက် ကျွန်ုပ်ဟာ ဘဲသားကင်၊ ကြက်ဥမုန့်၊ လမွှော်သီးတို့ကို အသစ်ထပ်မံပြီးမှာရပါတယ်။ မပြီးပြတ်သည့်အတွက် ငွေနှစ်ခါကုန်ရတယ်။ ဒီကိစ္စအကြောင်းရင်းကတော့ ဒေါက်တာဗဟန်အိမ်ကိုပုံးကျ၍ ဦးတင်မောင်မောင်အိမ်ကိုပြေးလိုက်၊ ဒေါက်တာဗဟန်အိမ်ကိုပြေးလိုက်၊ ကျွန်ုပ်တို့တစ်ခါတည်းနှင့်ကိစ္စပြီးပြတ်ဖို့ဟာ ယခုတော့ဟိုပြေးဒီပြေးလုပ်ရသည့်အတွက်ကြောင့် ငွေလည်း ၂-ခါကုန် လူလည်းအတော်ပင်ပန်းတယ်။ သို့အတွက် ကျွန်ုပ်ကစဉ်းစားတယ်။ ဦးတင်မောင်မောင်ကိုပဲ အလျော်တောင်းရမလား၊ မေစီကိုပဲအလျော်တောင်းရမလားဆိုတာကို ယနေ့ထိ ဆုံးဖြတ်ချက်ချ၍ စဉ်းစားလို့မရသေးပါဘူး။ သို့အတွက် ကျွန်ုပ်၏ဤမှတ်တမ်းကိုဖတ်ရှုသူအပေါင်းတို့ဟာ သူတို့၂-ဦးအား မည်သူ့ကိုအလျော်တောင်းရမည်လဲဆိုတာကို ကျွန်ုပ်အားဝေဖန်ဆုံးဖြတ်ချက် ချပေးကြစေချင်ပါသည်။

ကျွန်ုပ်တို့တတွေဟာလည်း ၁၉၄၅-ခုနှစ် ဖေဖော်ဝါရီလ ၁၅-ရက်နေ့မှာ အထက်မှာ ရေးသားဖော်ပြပြီးခဲ့သည့်အတိုင်း စားစရာကန်တော့စရာများကိုယူ၍ကုန်တင်ကားကြီးပေါ်ကိုတင်ပြီး မနေ့ကမကန်တော့ရသေးပဲကျန်ရှိခဲ့သည့်လူကြီးများကို သွားကန်တော့ကြပြန်ပါသည်။ ပထမဦးဆုံး သွားတာကတော့ အိမ်တော်သို့ပြောင်းရွှေ့သွားသည့် ဒေါက်တာဗဟန်ကို အကျိုးအကြောင်းသွား မေးတယ်။ အကျိုးအကြောင်းမေးပြီးတော့ ကန်တော့စရာရှိတာများကို ကန်တော့ပြီးပေးလိုက်တယ်။ အိမ်တော်မှ ကားဟာပြန်ထွက်လာပြီးစမ်းချောင်းဘက်ကိုသွားတယ်။ စမ်းချောင်း ရှမ်းလမ်းမှာနေသည့် (ချွေးတပ်ဂန်ကြီး)ဦးထွန်းအောင်ကိုသွားကန်တော့တယ်။ စမ်းချောင်းရှမ်းလမ်းမှ ချိ(ပ်)လမ်းကိုလာတယ်။ ချိ(ပ်)လမ်း ဦးစိန်ဒေါ်ကြည်ကြည်အိမ်ကိုဂင်းပြီးကန်တော့သည်။ နောက်ပြီး ဦးစံလွင်ဒေါ်အေးကြွေ တို့အိမ်၊ (ပြည်ထဲရေးဂန်ကြီး)

ဦးဘဂင်းတို့အိမ်ကိုဂင်ပြီးကန်တော့တယ်။ ပြီးတော့ ပြည်လမ်းကို ပြန်ထွက်လာပြီး၊ ယူနီဗာစီတီအဇင်းနယူးကိုပြန်ဂင်လာတယ်။ ယူနီဗာစီနီအဇင်းနယူးမှ ယခုကမ္ဘာအေးလမ်း အင်းလျားကျွန်းသာယာထဲကိုဂင်လာတယ်။ (ဒုတိယပုလိပ်မင်းကြီး နံပါတ်၁-အဖြူ)ဦးဘအေးကိုသွားပြီးတော့ကန်တော့သည်။ ဒီတုန်းကဦးဘအေးဟာတဲနှင့်နေသည်။ ကျွန်ုပ်တို့သည် ဦးဘအေးကိုကန်တော့ပြီးပြန်လာသည့်အခါ ယခုကမ္ဘာအေးလမ်း တရုပ်အမျိုးသားဆုတောင်းပြည့် ဘုရားကျောင်းတစ်ကျောင်းကို ဂင်ပြီးတော့ကန်တော့ပါသည်။ ဆုလည်းဂင်တောင်းတယ်။ ပြီးတော့ ကျွန်ုပ်တို့ဟာ ခေတ္တခဏဂင်ရောက်အနားဖြေ၍သစ်ပင်ကြီးများ၏အရိပ်အာဂါသအောက်မှာ စားစရာ သောက်စရာများကို ပျော်ပျော်ရွှင်ရွှင်နှင့်စားသောက်ကြပါသည်။

ကျွန်ုပ်ဟာ တရုပ်ဆုတောင်းပြည့်ဘုရားကျောင်းမှာ ရောင်းတဲ့သူတွေထံမှ ဖယောင်းတိုင် အမွှေးတိုင်များကိုဂယ်၍ လက်မှာကိုင်ပြီးကန်တော့၍ ဘုရားကိုလျှောက်တယ်၊ ""တပည့်တော်ဟာ ယခုလိုအပင်ပန်းခံပြီး ငွေကုန်ကြေးကျခံ၍လျှောက်လုပ်နေတာဟာ တပည့်တော်တစ်ယောက်အတွက် မဟုတ်ပါဘူး။ အိန္ဒိယအမျိုးသား၊ တရုပ်အမျိုးသား၊ မြန်မာအမျိုးသားပေါင်းစုံ တစ်ဦးနှင့်တစ်ဦးဟာ ချစ်ခင်ရင်းနှီးစွာပေါင်းသင်းပြီး၊ အားလုံးကောင်းစားရေးအတွက်ဖြစ်ပါသည်။ ဘုရားသခင်ဟာ တပည့်တော်ကိုကြည့်မနေပါနှင့်။ အမြဲမစတော်မူပါ၊ တပည့်တော်ရဲ့မိခင်၊ ဖခင်ဟာ အသက်လည်း ၇၀-ကျော်ပါပြီ။ တပည့်တော် မတော်တဆများသေဆုံးခဲ့ပါလျှင် မိခင်နှင့်ဖခင်ရှုးသွားမတတ် ဖြစ်ပါလိမ့်မည်”” လို့ ဘုရားကိုလျှောက်ထားပြီး၊ ကျွန်ုပ်၏စိတ်ထဲမှာ အင်မတန်မှဂမ်းနည်း၍ မျက်လုံးထဲမှ မျက်ရည်အသွယ်သွယ်တို့ဟာ ချုပ်တည်းသိမ်းဆည်းလို့မရတော့ပဲ အလိုလိုတပေါက်ပေါက်ကျလာ ပါတော့တယ်။ ကျွန်ုပ်ဟာ မိဘနစ်ပါးကိုတွေးတွေးပြီး အင်မတန်မှသနား၍ စိတ်မကောင်းဖြစ်မိပါသည်။

မိဘနစ်ပါးဟာဟိုတုန်းက ကျွန်ုပ်ပြန်မလာမချင်း ကျွန်ုပ်ကိုပြူတင်းပေါက်မှမျှော်ကြည့်၍ ငါ့သားပြန်မလာသေးဘူးဆိုပြီး ကျွန်ုပ်ပြန်ရောက်ရှိလာသည့်အချိန်အထိ မအိပ်သေးပဲစောင့်မျှော် နေပါတယ်။ ဟိုအချိန်တုန်းက ကျွန်ုပ်ကလည်း ဟိုကိစ္စလည်းပြေးရ၊ ဒီကိစ္စလည်းပြေးရ၊ ကျွန်ုပ်မပါလျှင် မပြီးဘူးဆိုသလိုဖြစ်နေသည်။ ကျွန်ုပ်ဟာ အစည်းအဂေးတွေကနောက်ကျမှပြီးတာကတစ်ကြောင်း၊ မော်တော်ကားခါတ်ဆီမလုံလောက်၍ ရာဘာဆီနှင့်ရောပြီးမောင်းနေရလို့ လမ်းမှာပျက်နေတာက တစ်ကြောင်း၊ တခါတလေရန်သူလေယာဉ်ပျံလာပြီး ဗုံးချစက်သေနတ်နှင့်ပစ်လို့ မြောင်းထဲဂင်ပြီး ပုန်းနေရ၍ နောက်ကျတာကတစ်ကြောင်း၊ ဤကဲ့သို့အကြောင်းများအပြင် မြောင်းထဲကိုဂင်ပုန်း၍ အနီးအနားကိုဗုံးကျသည့်အခါမှာ ကျွန်ုပ်၏တစ်ကိုယ်လုံးနှင့် အကျီရော၊ ဘောင်းဘီရော၊ ရွှံ့တွေနှင့် တိရိစ္ဆာန်ရုံထဲမှာရှိသည့်ကြွဲကြီးလို တစ်ကိုယ်လုံးပေကျံပြီး တစ်ခါတလေအိမ်ကိုအချိန်မရှိမှ

ပြန်ရောက်လာတယ်။ အဲဒီလိုအချိန်မရှိမှပြန်ရောက်လာသည့်အခါအထိ ကျွန်ုပ်၏မိခင်နှင့်ဖခင်ဟာ မအိပ်နိုင်သေးပဲ ပြူတင်းပေါက်မှမျှော်ပြီးထိုင်စောင့်နေပါသည်။ ကျွန်ုပ်အိမ်ပေါ်ကိုပြန်ရောက်၍ အဂတ်အစားလဲလှယ်ပြီးအိပ်ယာထဲကိုဂင်တော့မှ မိခင်နှင့်ဖခင်ဟာ ငါ့သားပြန်လာပြီဆိုပြီး စိတ်ချလက်ချနှင့် အိပ်ယာထဲကိုဂင်အိပ်ရှာတယ်။ သို့အတွက်ကျွန်ုပ်ဟာ မိခင်နှင့်ဖခင်ကို သိပ်ပြီး သနားမိပါသည်။ မျက်ရည်လည်း အလိုလိုတစ်ပေါက်ပေါက်ကျလာမိပါသည်။

ကျွန်ုပ်တို့ဟာ တရုပ်ဆုတောင်းပြည့်ဘုရားကျောင်းမှထွက်လာပြီး ကုက္ကိုင်းဘက်ကို ပြန်လာပါသည်။ ကုက္ကိုင်းဟာမစ်တစ်လမ်းထဲကိုရောက်တော့ (ချွေးတပ်-ဒုတိယအတွင်းဂန်)ဦးမြင့်ထံကို ဂင်ပြီးကန်တော့တယ်။ ၎င်းထံမှထွက်လာပြီး ရွှေဂုံတိုင်အဝိုင်း ညာဘက်ကိုချိုးဂင်ပြီး ဆန်းဦးညွှန့်၊ ဒေါ်မြညွှန့်ကိုကန်တော့သည်။ ၎င်းတို့နှင့်မျက်နှာချင်းဆိုင်မှာနေသည့် ကျွန်ုပ်၏ကျေးဇူးရှင် ဦးသံဒိုင်၊ မမတင်ထံကို ဂင်၍ကန်တော့ပြီး၊ ၎င်းမှနေ၍ကျောက်မြောင်းဈေးကိုသွားသည်။ ကျောက်မြောင်းဈေး (ယခုကြေးမုံသတင်းစာတိုက်နှင့်မျက်နှာချင်းဆိုင်တိုက်) (ပြည်ထဲရေးဂန်ကြီးအတွင်းဂန်) (I.C.S) ဦးကာစီအိမ်ကို ဂင်၍ကန်တော့သည်။ ဒီတော့ကျွန်ုပ်မှာပြဿနာတစ်ခုပေါ်လာတယ်။

ကျွန်ုပ်ဟာ လင်ပန်းတစ်ခုထဲမှာ ဘဲသားကင်၊ ကြက်ဥမုန့်၊ လဖက်ခြောက်၊ လမွှော်သီး၊ ဆပ်ပြာ၊ သကြား၊ စီးကရက်နှင့်ကန်တော့စရာအမျိုးစုံတို့ကိုထည့်၍ လင်ပန်းတစ်ချပ်ကိုကိုင်ပြီး ကျွန်ုပ်၏တပည့်တစ်ယောက်က ထိုနည်းတူစားစရာများကိုထည့်ထားသောလင်ပန်းတစ်ချပ်ကို နောက်မှကိုင်၍အပေါ်ထပ်သို့လှေကားမှတက်သွားသောအခါ ဦးကာစီကတော်ကမြင်ပါသော်လည်း တံခါးကိုဖွင့်မပေးပဲ တံခါးအတွင်းမှနေ၍ ""ဒါတွေဘာလုပ်ဖို့လဲ"”ဟု ကျွန်ုပ်ကိုမေးပါသည်။

ကျွန်ုပ်ကလည်း ""ဒါတွေဟာ ကျွန်ုပ်တို့၏ထုံးတမ်းစဉ်လာအရ တရုပ်အမျိုးသားနှစ်သစ်ကူး၍ လာပြီးကန်တော့တာပါ"”လို့ပြောတော့ ""ကိစ္စမရှိပါဘူး၊ နေပါစေ"”ဆိုပြီး ဒီပစ္စည်းတွေကိုမယူပဲ ငြင်းဆန်နေပါသည်။ နောက်ပြီးတော့ ""ဦးကာစီကမှာထားတယ်၊ ဘယ်ပစ္စည်းမှလက်ဆောင်မယူရဘူးလို့ ပြောထားတယ်"”။ ဒီအချိန်မှာကျွန်ုပ်ဟာ လင်ပန်းကိုကိုင်ထားသည့်လက်ကလည်းညောင်းပြီ။ သို့အတွက် လင်ပန်းကိုတံခါးဂနားမှာအသာချထားလိုက်တယ်။ ဦးနောက်လည်းခြောက်လာတယ်။ ဒါနဲ့ကျွန်ုပ်ဟာ
လှေခါးမှခပ်မြန်မြန်ဆင်းလာ၍လျှောက်ပြီးကန်တော့သည့်စာရင်းကိုယူလိုက်သည်။

လျှောက်ကန်တော့သည့်စာရင်းကိုယူပြီး ဦးကာစီကတော်ကိုပြလိုက်သည်။ ဒီစာရင်းထဲမှာ ပါသည့်သူတွေဟာ ... ၁- နိုင်ငံတော်အဓိပတိဒေါက်တာဗမော်၊ ၂- စစ်ဂန်ကြီးနှင့်စစ်သေနာပတိချုပ် ဗိုလ်ချုပ်အောင်ဆန်း ၃- ဒုတိယဂန်ကြီးချုပ်သခင်မြ ၄- ပြည်ထဲရေးဂန်ကြီးဦးဘဂင်း (ဦးကာစီတို့၏ ဂန်ကြီး) ၅-

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးပျော်ဖွယ်ဦးမြ၊ ၎င်း၏အတွင်းဝန် (I.C.S) ဦးညွန့်၊ ဦးကာစီတို့ရုံးနှင့်အတူတူတစ်ရုံးထဲပဲ ဦးကာစီအခန်းနှင့်လည်းမျက်နှာချင်းဆိုင်ဖြစ်ပါသည်။ နောက်ပြီး နိုင်ငံခြားရေးဝန်ကြီးသခင်နု၊ (I.C.S) ဦးရွှေဘော်၊ (I.C.S) ဦးပိုင်တို့လည်းပါပါတယ်။ ယခုမင်းကတော်ကို ကန်တော့စရာများပေး၍ကန်တော့ပြီးလျှင် ယခုနီးနီးကပ်ကပ်ဦးထွန်းမြတ်လမ်းမှာ ရှိသည့် (I.C.S) ဦးတင်ကိုသွားပြီးကန်တော့ရမယ်လို့ပြောလိုက်ပါသည်။

ဒီအချိန်တုန်းကကျွန်ုပ်ဟာ စကားပြောအခါအသံကလည်းကျယ်တယ်။ မင်းကတော် နားဝင်အောင်မျက်နှာကလည်းချိုချိုပြုံးပြုံးနှင့် စကားကိုတစ်ခွန်းစီတစ်ခွန်းစီ နားရှင်းအောင် ဖြေရှင်း ပြောပြလိုက်သည့်အခါကျမှ မင်းကတော်ဟာ တစ်အောင့်လောက်စဉ်းစားနေပြီးမှ သဘောပေါက် နားလည်ပြီး ခေါင်းညိတ်၍တံခါးကိုဖွင့်ပေးတော့တယ်။ မင်းကတော်တံခါးဖွင့်ပေးမှ ကျွန်ုပ်တို့ဟာ အိမ်ထဲကိုဝင်ကြရပြီး စားစရာများကို လင်ပန်းထဲမှနေ၍ စားပွဲပေါ်ကို တစ်ခုစီတစ်ခုစီယူပြီးတော့ တင်လိုက်တယ်။ ဒီတော့မှမင်းကတော်ဟာ ကျေးဇူးတင်ပါတယ်လို့ပြောပါသည်။ ကျွန်ုပ်တို့ဟာလည်း ကန်တော့စရာများကို ကန်တော့၍ပေးခဲ့ပြီး ဦးထွန်းမြတ်လမ်းဘက်ကို ထွက်လာပါသည်။

နောက်ပြီး ဦးထွန်းမြတ်လမ်းမှာနေထိုင်သည့် ဆရာဝန်ကြီးဦးမောင်လေး၊ (ပုလိပ်မင်းကြီး) ဦးထွန်းအုံ၊ (I.C.S) ဦးညွန့်၊ (I.C.S) ဦးတင်၊ (မြူနီစပါယ်အင်ဂျင်နီယာ) ဦးလှသွင် ဒေါ်မေမေလှ အိမ်တို့ကို သွားရောက်၍ကန်တော့ပါသည်။

ကျွန်ုပ်ဟာ ဒီမှတ်တမ်းအတ္ထုပ္ပတ္တိကိုရေး၍ ဒီနေရာကိုရောက်လာသောအခါ အင်မတန်မှ စိတ်မကောင်းပြီး အောက်မေ့လွမ်းဆွတ်သတိရမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးလှသွင် ဒေါ်မေမေလှ၊ ဦးအုန်းမောင် ဒေါ်မေမေမြ၊ ယခုလက်ရှိမီးရထားမင်းကြီး ဦးကြည်ဝင်း ဒေါ်မေမေသင်းတို့ ၆-ဦးဟာ ကျွန်ုပ်နှင့်အင်မတန်ချစ်ခင်ရင်းနှီးကြပါသည်။ ယခုအခါမီးရထားမင်းကြီးဦးကြည်ဝင်း တစ်ယောက်ထဲပဲ ကျန်းကျန်းမာမာနှင့်ရှိပါသည်။ ကျန်တဲ့လူ ၅-ဦးဟာ ကွယ်လွန်အနိစ္စရောက်ကုန် ကြပါ၍ လူ့ပြည်မှာမရှိတော့ပါဘူး။ အင်မတန်မှပဲ လွမ်းဆွတ်အောက်မေ့သတိရစရာကောင်းလှပါတယ်။ ကျွန်ုပ်တို့လျှောက်ကန်တော့သည့်အကြောင်းများဟာ ဒီနေရာလောက်ရောက်လျှင် တော်သင့်ပြီလို့ ကျွန်ုပ်ထင်မိပါသည်။

ကျွန်ုပ်သည် နောက်ကို တရုပ်အမျိုးသားနှစ်သစ်ကူးလျှင် လျှောက်မကန်တော့တော့ပဲ ကျွန်ုပ်၏ ဟော်တယ်မှာ လူကြီးလူကောင်းများကိုဖိတ်၍ ကန်တော့ဆုတောင်းပြီးတော့ ထမင်းစားညစာခံပွဲကို ကျင်းပပြုလုပ်တယ်။ ကျွန်ုပ်ညစာခံကျွေးမွေးဖိတ်ကြားပြုစုသူများဟာလည်း အထက်ပါအလားတူ လူကြီးလူကောင်းများသာဖြစ်ကြပါသည်။ ဟိုအချိန်တုန်းက ကုန်စည်ကြီးကြပ်ရေးဟာ ယခုတပ်မတော် ရေချိုငါးစီမံကိန်းနှင့်တူပါသည်။ ယခုကြီးမှူးသည့်သူဟာ ဗိုလ်ကြီးမျိုးတင့်၊

ဗိုလ်ကြီးခင်လှ၊ ဗိုလ်ကြီးကျောင်တိတ်၊ ဗိုလ်ကြီးထွန်းအောင်ကျော်တို့ ၄-ဦးဟာ သူတို့၏ခါးထဲမှာ ခြောက်လုံးပြူး ထိုးထားတာကို တစ်ခါမှမတွေ့မြင်ရသေးပါဘူး။

## နှစ်သစ်ကူးထမင်းစားပွဲသေနတ်သံ

ဟိုစဉ်အချိန် ဂျပန်ခေတ်အခါက ကုန်စည်ကြီးကြပ်သည့်သူများဟာ အများအပြားခါးထဲမှာ အမြဲတမ်းခြောက်လုံးပြူးထိုးထားတာကို တွေ့ရှိရပါသည်။ ဒီအတွက်ကြောင့် ကျွန်ုပ်၏ဟော်တယ် သုံးထပ်ပေါ်မှာ တရုပ်အမျိုးသားနှစ်သစ်ကူး ထမင်းစားဧည့်ခံကျွေးမွေးပွဲ၌ ပစ်ခတ်မှုကြီးတစ်ခု ပေါ်ပေါက်လာခဲ့ရပါသည်။ အကြောင်းကတော့ဒီလိုပါ။ ကျွန်ုပ်၏နှစ်သစ်ကူးထမင်းစားပွဲမှာလိုသည့် ကြက်၊ ဂမ်းဘဲများဂယ်ယူဖို့ဟာကို ကုန်စည်ကြီးကြပ်မှုညွှန်ကြားရေးဂန်ဦးကိုကိုထံကိုသွားပြီးတော့ အကူအညီတောင်းတယ်။ ဦးကိုကိုကလည်းကျွန်ုပ်ကို ကြက်ဂမ်းဘဲဂယ်ယူဖို့ လက်မှတ်တစ်စောင် ရေးပေးလိုက်တယ်။ ကျွန်ုပ်ကဒီလက်မှတ်ကိုယူပြီးတော့ ကြည့်မြင်တိုင်ကမ်းနားဈေး သမ္မန်ဆိပ်မှာ ကြက်ဂမ်းဘဲများကိုသွားဂယ်တယ်။ ကြည့်မြင်တိုင်ကမ်းနားဈေးဘက်မှာလည်း ကြက်၊ ဂမ်းဘဲဆိုင်ရာ ကုန်စည်ကြီးကြပ်ရေးအရာရှိဖြစ်သူ ကိုတင်အေးနှင့်ကိုချစ်တင်တို့ ၂-ဦးရှိတယ်။ သူတို့ ၂-ဦးဟာ သူတို့၏ဌာနမှ ညွှန်ကြားရေးဂန်ဦးကိုကိုရေးပေးလိုက်သည့်လက်မှတ်ကြောင့် ကျွန်ုပ်ကို အစစအရာရာ ကြက်၊ ဘဲရရေးကို အားလုံးကူညီပြုလုပ်ဆောင်ရွက်ပေးပါသည်။ ကျွန်ုပ်ကလည်း သူတို့ရဲ့ကူညီပေးမှု ကျေးဇူးမကင်းရှိတာကြောင့် နက်ဖြန်ခါညစာထမင်းကျွေးဧည့်ခံပွဲပြုလုပ်ပါမည်။ ခင်ဗျားတို့ ၂-ဦးဟာလည်းလာပါ၊ ခင်ဗျားတို့ရဲ့မိတ်ဆွေ ရင်းနှီးသည့်သူငယ်ချင်းများကိုပါခေါ်ခဲ့ပါ။ ဟိုကျရင် ပျော်ပျော်ပါးပါးစားကြသောက်ကြပါလို့ ကျွန်ုပ်ဟာပြောဆိုပြီး ထမင်းစားဧည့်ခံပွဲကို တစ်ခါတည်း ဖိတ်ကြားပြောဆိုခဲ့တယ်။

သူတို့နှစ်ဦးကလည်း ဟုတ်ကဲ့၊ ကောင်းပါပြီ၊ ကျေးဇူးတင်ပါသည်။ လာခဲ့ပါ့မယ်လို့ ကျွန်ုပ်ကို ပြန်လည်ပြောဆိုကြပါသည်။ သူတို့ ၂-ဦးဟာလည်း ရင်းနှီးသည့်မိတ်ဆွေသူငယ်ချင်း ၂-ယောက်နှင့်အတူ ကျွန်ုပ်၏ နှစ်သစ်ကူးထမင်းစားဧည့်ခံပွဲကို မပျက်မကွက်ဆက်ဆက်တက်ရောက် ခဲ့ကြပါတယ်။ သူတို့ ၂-ဦးဟာလည်း အလုပ်တာဂန်ကိုထမ်းဆောင်နေကြသည့်သူတွေဖြစ်တော့ မအားလပ်ကြသည့်အတွက် ထမင်းစားပွဲကို နည်းနည်းနောက်ကျမှရောက်ရှိလာကြပါသည်။

သူတို့ ကျွန်ုပ်၏ဟော်တယ်ကိုလာသည့်အချိန်အခါမှာ ကျွန်ုပ်၏ဟော်တယ်ရှေ့မှာ ဂန်ကြီးကား ၇-စီး၊ ၈-စီးအလံထူထားပြီး ရပ်ထားတာကိုလည်း သူတို့တွေ့ပါသည်။ ကျွန်ုပ်ဟာ သူတို့ ၂-ဦးနှင့် သူ့မိတ်ဆွေနှစ်ဦးကိုပါ အလယ်ထပ်မှခေါ်လာပြီး ၃-ထပ်ပေါ်မှာ သူတို့အလာနောက်ကျပေမယ့်

အခန်းတစ်ခုသပ်သပ်ဖွဲ့ပေးပြီး အရက်များကိုထုတ်ပေး၍ တရုပ်ဟင်းလျာမျိုးစုံနှင့် စားပွဲထိုးမိန်းကလေး လှလှကလေးများနှင့် ကောင်းကောင်းမွန်မွန်ကျွေးမွေးဧည့်ခံပေးလိုက်ပါသည်။ ကိုတင်အေး ကိုချစ်တင်နှင့် သူတို့မိတ်ဆွေသူငယ်ချင်းနှစ်ဦးတို့ဟာ ပျော်ပျော်ရွှင်ရွှင်နဲ့ စားကြသောက်ကြပါတယ်။ နောက်ပြီး စားသောက်၍အတန်ကြာသည့်အချိန်မှာ ကိုချစ်တင်ဟာ ဘာဖြစ်သွားမှန်းမသိပဲ၊ အရက်သောက်တာ များသွား၍မူးသွားတယ်လို့ထင်ပါသည်။ သူ့ခါးမှာပါလာသည့် ခြောက်လုံးပြူးသေနတ်ကိုထုတ်ပြီး ၃-ချက်ဆင့်၍ ဒိုင်း၊ ဒိုင်း၊ ဒိုင်း .. လို့ ဆင့်ဖေါက်လိုက်ပါသည်။

ကျွန်ုပ်ဟာ ဒီအချိန်တွင် ဟော်တယ်အလယ်ထပ်မှာ ဂန်ကြီးများနှင့်ဂုဏ်သရေရှိ လူကြီးလူကောင်းများကို ကောင်းကောင်းမွန်မွန်ဧည့်ခံကျွေးမွေးစကားပြောနေသည့်အချိန်ဖြစ်ပါသည်။ သေနတ်သံကြားတယ်ဆိုလျှင်ပဲ ကျွန်ုပ်ဟာချက်ချင်းသုံးထပ်ပေါ်ကိုပြေးတက်လာတယ်။ ကျွန်ုပ်ပြေး တတ်လာ၍ ၃-ထပ်ပေါ်ကိုရောက်တော့ ကြည့်လိုက်သည့်အခါမှာ ကျွန်ုပ်၏မိတ်ဆွေ ၆-လုံးပြူးကို ကိုင်ပြီးမူးနေတာကိုတွေ့ရပါသည်။ ကျွန်ုပ်ဟာ ဟိုအချိန်အခါတုန်းက ငယ်ငယ်ရွယ်ရွယ်ရှိသေး၍ အင်မတန်မှလည်း ဖျပ်လတ်သွက်လက်ပါသည်။ ဒါနဲ့ကျွန်ုပ်ဟာ နံရံကလေးကိုကပ်သွားပြီး၊ ကိုချစ်တင်ကို ဂင်ဖက်၍ခြောက်လုံးပြူးကိုလုတယ်။ သူကလည်းခြောက်လုံးပြူးကိုအတင်းလက်မှာ ဆုပ်ကိုင်ထားပြီးပြန်လုတယ်။ သူနှင့် ကျွန်ုပ်ဟာ တစ်ဦးကိုတစ်ဦးလုံးထွေးရစ်ပတ်နေတာပဲ။ ကျွန်ုပ်ကလည်း သတိမလစ်ပဲသိထားတယ်။ သူ့ခြောက်လုံးပြူးထဲမှာ ယမ်းတောင့်သုံးထောင့်ပစ်ပြီးပြီ။ ယမ်းတောင့်သုံးထောင့်ကျန်သေးသည်။ ကျွန်ုပ်ဟာစဉ်းစားတယ်။ ကိုချစ်တင်ဟာမူးနေ၍ ဒီယမ်းတောင့်ဟာဒီသေနတ်ကိုလု၍မရပါလျှင် ကျွန်ုပ်ကိုပစ်ချင်ပစ်မယ်။ နောက်ပြီးကျွန်ုပ်၏ဟော်တယ် ၃-ထပ်ကလည်း သစ်သားခင်းထားပါ၍ အောက်ကိုပစ်လိုက်လျှင်လည်း သစ်သားကိုဖေါက်ပြီး ထမင်းစားဧည့်ခံကျွေးမွေးပွဲကိုကြွရောက်လာသည့် ဂန်ကြီးတွေနှင့် လူကြီးလူကောင်းများကိုလည်း မှန်ချင်မှန်နိုင်မယ်၊ အကယ်၍ဒီလိုသာမှန်လျှင် ကျွန်ုပ်အဖို့ကောင်းတော့မှာမဟုတ်တော့ပါဘူး။

ဒီအတွက်ကြောင့် ကျွန်ုပ်ဟာ ကိုချစ်တင်နှင့်လုံးထွေးလုယက်နေသည့်အခါက သူ့လက်ထဲက ခြောက်လုံးပြူးကိုအပေါ်ကိုမြှောက်၍ ခလုပ်ကိုဆက်ကာဆက်ကာ ဖြုတ်ဆွဲပစ်လိုက်သည်။ ခြောက်လုံးပြူး၏ကျည်ဆန်တွေဟာလည်း အပေါ်ကို ဒိုင်းကနဲဒိုင်းကနဲနှင့် ဆက်ထွက်သွားပါသည်။ ဒီတော့မှခြောက်လုံးပြူးဟာယမ်းတောင့်မရှိတော့ပဲ ကျွန်ုပ်၏လက်ထဲကိုရ၍စားပွဲပေါ်မှာတင်ထားပြီး ကိုချစ်တင်ကို

ကျွန်ုပ်၏ဘေးမှာထိုင်ခိုင်းထားပါသည်။ ကျွန်ုပ်ဟာ ဒီလိုဧည့်ခံထမင်းကျွေးသည့်အခါမှာ လေယာဉ်ပျံလာ၍ဥသြဆွဲသည့်အခါ မော်တော်ကားတွေကိုစောင့်ဖို့နှင့် ဖြစ်ပေါ်လာမည့်ကိစ္စမှန်သမျှကို ပိုင်းဂန်းကူညီပေးဖို့ ကျွန်ုပ်၏တပည့်တွေကိုရော၊ ဖိုးတုတ်၏တပည့်တွေကိုရောခေါ်ထားပါသည်။ သူတို့တတွေဟာ ဒီလိုသေနတ်သံတွေကြားတော့ ကျွန်ုပ်၏တပည့်တွေနှင့်ဖိုးတုတ်၏တပည့်တွေပါ ပေါင်းပြီး ၄-၅-၁ဝ ယောက်ဟာ ဟော်တယ်ပေါ်ကိုပြေးတက်လာကြပါသည်။ သူတို့တတွေ ဟော်တယ် ၃-ထပ်ပေါ်ကိုရောက်လာသည့်အခါ ကျွန်ုပ်မိတ်ဆွေကိုချစ်တင်နှင့်ကျွန်ုပ် သေနတ်ဂင်လုသည့်ကိစ္စဟာ ပြီးလို့ ကိုချစ်တင်ကိုကျွန်ုပ်၏ဘေးမှာထိုင်ခိုင်းထားပါသည်။ ကျွန်ုပ်ကသူတို့တတွေကိုပြောလိုက်တယ်။
ဒီလူဟာငါနဲ့အင်မတန်ရင်းနှီးသည့်မိတ်ဆွေဖြစ်ပါတယ်။
အရက်မူး၍မတော်တဆသေနတ်ပစ်လိုက်တာပါ လို့ပြောလိုက်တော့မှ သူတို့တတွေဟာ အောက်ကိုပြန်ဆင်းသွားကြပါသည်။

ကျွန်ုပ်၏နှစ်သစ်ကူးထမင်းစားပွဲသို့ ကြွရောက်လာကြသည့် ဟော်တယ်အလယ်ထပ်ရှိ လူကြီးလူကောင်းများလည်း တချို့တဂက်ဟာ ကြောက်လန့်ပြီးပြန်သွားကြပါသည်။ ဒီအချိန်တုန်းက ထမင်းစားပွဲကိုတက်ရောက်လာသည့် (ပြည်ထဲရေးဂန်ကြီး)ဦးဘဂင်းနှင့် အခြားဂန်ကြီးများအပြင် ဂုဏ်သရေရှိလူကြီးလူကောင်းများလည်း အများအပြားကြွရောက်လာကြပါတယ်။ ဘုန်းကြီးလမ်း ရဲဌာနကလည်း ကျွန်ုပ်၏ဟော်တယ်မှ သေနတ်သံတွေကြား၍ ထိပ်ပြောင်ဦးမောင်မောင်ဟာ ပုလိပ် ၁ဝ-ယောက်လောက်နှင့် သေနတ်ကိုယ်စီကိုင်၍ ကျွန်ုပ်ထံကိုအကူအညီလာပေးပါသည်။ ကျွန်ုပ်ကလည်း ကိုချစ်တင်ကို ကျွန်ုပ်၏ဘေးမှာထိုင်ခိုင်းပြီး၊ ကိုချစ်တင်အမူးပြေသတိရလာအောင် စားပွဲထိုးမိန်းကလေးများကို ရေမွှေးနှင့်မျက်နှာသုတ်ပဂါကို သူ့နှာခေါင်းနားမှာကပ်ပေးထားခိုင်းတယ်။ နောက်ပြီး သံပုရာရည်ကိုလည်းသောက်ခိုင်းလိုက်တယ်။ တအောင့်လောက်ကြာတော့ အမူးပြေပြီးကိုချစ်တင်ဟာ သတိရလာပါသည်။

(ပြည်ထဲရေးဂန်ကြီး) ဦးဘဂင်းက ဌာနအုပ်ဦးမောင်မောင်ကိုပြောလိုက်တယ်။ ""ဟုတ်ပါတယ်၊ ဒီလိုလုပ်တာ အင်မတန်မကောင်းပါဘူး၊ အလွန်လည်း အရုပ်ဆိုးပါတယ်""လို့ပြန်ပြောတယ်။ နောက် ကိုချစ်တင်ကို ဦးကိုကိုဟာ အလုပ်ဖြုတ်ပစ်လိုက်တယ်။

ဟိုတုန်းကကိုချစ်တင်နှင့်အတူတူပါလာသည့် ကိုတင်အေးဟာမမူးပေလို့တော်ပါသေးသည်။ ကိုတင်အေး၊ ကိုချစ်တင်ပါ ၂-ယောက်စလုံးမူးနေပါက ကျွန်ုပ်ဟာထမ်းမနိုင်သိမ်းမနိုင်ဖြစ်ရမှာ သေချာပါသည်။ ယခုတော့တစ်ယောက်ကမူး တစ်ယောက်မမူး၍ ကျွန်ုပ်အဖို့တော်ပါသေးသည်။ ကိုချစ်တင်နှင့်အတူပါလာသည့်ကိုတင်အေးဟာ (ရန်ကုန်သတင်းစာတိုက်မပိတ်ခင်က

လက်ထောက် အယ်ဒီတာကိုတင်အေးဖြစ်ပါသည်။) ကျွန်ုပ်ကိုဘုရားမ၍ ဒီအချိန်အခါက ကျွန်ုပ်၏ထမင်းစားပွဲသို့ တက်ရောက်လာကြသည့် ဂန်ကြီးများနှင့် ဂုဏ်သရေရှိလူကြီးများရော၊ ကျွန်ုပ်ရောဘာမျှမဖြစ်တာဟာ အင်မတန်မှကုသိုလ်ထူးတယ်လို့ အောက်မေ့ရတာပါပဲ။

## ခြောက်လုံးပြူးစပ်စု

ဒီအချိန်ဒီအခါတုန်းက ကျွန်ုပ်၏ဟော်တယ်အပေါ်ထပ်၊ အလယ်ထပ်၊ အောက်ထပ်မှ လာပြီးကြည့်ကြသည့်လူတွေရော လမ်းမကြီးပေါ်မှာကြည့်ကြသည့်လူတွေရော ""ဦးစပ်စုဟာ အင်မတန်မှ သတ္တိကောင်းတယ်၊ သတ္တိရှိတယ်။ ယခုခြောက်လုံးပြူးကိုင်ထားတဲ့လူကို သူ့လက်မှာဘာမျှမပါပဲနှင့် ခြောက်လုံးပြူးကိုဂင်လုတယ်၊ သိပ်ကိုသတ္တိရှိတယ်""။ ဒါကြောင့်မို့လာကြည့်ကြသည့်လူတွေဟာ ခြောက်လုံးပြူးကိုဂင်လုသည့်သတ္တိကြောင့် ကျွန်ုပ်ကိုလူစွမ်းကောင်းစပ်စု၊ ခြောက်လုံးပြူးစပ်စုလို့ ခေါ်ကြတယ်။ ကျွန်ုပ်ထံကို ထမင်းစားကြွရောက်လာကြသည့်လူကြီးလူကောင်းများနှင့် လာကြည့်သူ အားလုံးဟာအင်မတန်မှချီးကျူးကြပါသည်။ ကျွန်ုပ်ကို ဒီလိုခြောက်လုံးပြူးလုသည့်ကိစ္စနှင့်ပတ်သက်ပြီး ခြောက်လုံးပြူးဂင်လုသည့် လူစွမ်းကောင်းစပ်စု၊ ခြောက်လုံးပြူးစပ်စုလို့ ချီးကျူးခေါ်ဆိုနေကြတာဟာ ကျွန်ုပ်အဖို့ အင်မတန်မှ အတိတ်နိမိတ်မကောင်းဘူးလို့ကျွန်ုပ်ယူဆမိပါတယ်။ ဗမာစကားပုံတစ်ခုရှိတယ်။ ချီးမွမ်းလျှင် ၇-ရက်၊ ကဲ့ရဲ့လျှင် ၇-ရက်တဲ့။ အဲဒီလိုချီးမွမ်းပြီး ၇-ရက်ကြာသည့်အခါမှာ ကျွန်ုပ်မှာ အင်မတန်ကြီးကျယ်သည့် ခြောက်လုံးပြူးကိစ္စကြီးတစ်ခုပေါ်ပေါက်လာပါသည်။

ဟိုလွန်ခဲ့တဲ့ ၇-ရက်ကဖြစ်ပေါ်လာခဲ့သည့် ခြောက်လုံးပြူးကိစ္စဟာ ထမင်းစားပွဲကိုတက်ရောက် လာကြသည့်ဂန်ကြီး ၇-ဦး၊ ၈-ဦးနှင့် ကြွရောက်လာကြသည့် ဂုဏ်သရေရှိလူကြီးလူကောင်းများ အားလုံးကို ခြောက်လုံးပြူးယမ်းတောင့်မှန်ပြီး အားလုံးသေသွားသည့်တိုင်အောင် ယခုဖြစ်ပေါ်လာသည့် ကိစ္စလောက်အရေးကြီးမည်မထင်ပါဘူး။ ယခုဖြစ်ပေါ်လာသည့်ခြောက်လုံးပြူးကိစ္စကြီးဟာ ဟို ၇-ရက်က ထမင်းစားပွဲကိုတက်ရောက်လာကြသည့်ဂန်ကြီးတွေရော၊ ကြွရောက်လာကြသည့် လူကြီး လူကောင်းတွေရော၊ အကုန်လုံးကို ခြောက်လုံးပြူးမှန်ပြီးသေကုန်ပါတယ်ဆိုသည့်အမှုထက် အဆ ၁၀၀ လောက်ပိုပြီး ကြီးကျယ်လှပါသည်။ ကျွန်ုပ်၏ဟော်တယ်မှာ ဒုတိယအကြိမ်အကြီးအကျယ် ခြောက်လုံးပြူးနှင့်ပစ်ခတ်တော့မည့် ဖြစ်ပေါ်လာပုံအကြောင်းရင်းကတော့ဒီလိုပါ။

## ခြောက်လုံးပြူးမှုကြီး

(ဒု-ဂန်ကြီးချုပ်ဟောင်း)သခင်တင်နှင့် သခင်စံဂေတို့ ၂-ဦးကျွန်ုပ်ထံကိုလာကာ တရုပ်ပြည် စပ်ကြားမြန်မာပြည်စပ်ကြားမှာရှိနေသည့် မြန်မာစစ်ဗိုလ်ကြီးတစ်ဦးကိုခေါ်လာပြီး ကျွန်ုပ်နှင့်မိတ်ဆက် ပေးပါသည်။ ကျွန်ုပ်ကလည်း ဒီမြန်မာစစ်ဗိုလ်ကြီးနှင့်သခင်တင်၊ သခင်စံဂေတို့ ၃-ဦးကို အလယ်ထပ် အခန်းနံပါတ် ၃-ကိုသီးသန့်ဖွင့်ပေး၍ တရုပ်ဟင်းလျာမျိုးစုံနှင့်အရက်များကိုပါ လိုလေသေးမရှိအောင် သေချာစွာစီစဉ်ပေးပြီးဧည့်ခံကျွေးမွေးပါသည်။ ကျွန်ုပ်၏ဟော်တယ်ကို ဂန်ကြီးများ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းများ၊ တရုပ်ကုန်သည်ကြီးများ၊ မြန်မာကုန်သည်ကြီးများနှင့် နာမည်ကျော်ကြား လူကြီးလူကောင်းများဟာ လာရောက်စားသောက်ကြဖူးသူများသာဖြစ်ပါတယ်။ ကျွန်ုပ်၏ဟော်တယ်ကို လူကြီးလူကောင်းမှန်သမျှဟာ မရောက်ဖူးသူမရှိပါဘူး။ ရောက်ဖူးတဲ့သူချည့်ဖြစ်နေကြပါသည်။

အဲဒီလို လာရောက်စားသောက်ကြသည့်လူများ၏အသဲစွဲ ကျွန်ုပ်၏ဟော်တယ်မှ စားပွဲထိုးပြုစု ကောင်းပြီး လူချစ်လူခင်များတဲ့သူ ချောချောလှလှ၊ ယဉ်ယဉ်ကျေးကျေး၊ မျက်နှာချိုချို၊ ကြာပေး ကောင်းကောင်း စကားပြောကောင်းသူ နာမည်ကျော်ကြားမြန်မာအမျိုးသမီး မသောင်းဟာ နံပါတ် ၁-ဖြစ်ပါသည်။ နံပါတ် ၂-ကတော့ မခင်ဆွေဖြစ်ပြီး၊ နံပါတ် ၃-ကတော့ ချိုက်ဟုန်လည်းခေါ်တယ်၊ ကုလားဆင်လည်းခေါ်တယ်၊ သူ့ရုပ်ရည်ကလည်း ကုလားဆင်နှင့်တူသည်။ ဂျပန်စကားလည်း ကောင်းမွန်စွာပြောတတ်သည်။ ဂျပန်သီချင်းလည်းကောင်းကောင်းဆိုတတ်တယ်။ သူကလည်း ကျွန်ုပ်၏ဟော်တယ်မှာနာမည်ကြီးတယ်။ ကျွန်ုပ်ဟာသူတို့၃-ဦးကိုရွေးချယ်၍ သခင်တင်၊ သခင်စံဂေ၊ မြန်မာစစ်ဗိုလ်ကြီး သူတို့ ၃-ဦးအား အထူးဂရုစိုက်၍ပြုစုခိုင်းတယ်။ ကျွန်ုပ်၏ဟော်တယ်မှာ ကျွန်ုပ်ပြုစုခိုင်းလိုက်သည့်မိန်းကလေး ၃-ဦးဟာ သခင်တင်၊ သခင်စံဂေတို့နှင့်လည်း ရင်းနှီးသိကျွမ်းပြီး မိတ်ဆွေဟောင်းတွေဖြစ်နေကြတယ်။ ဒီမိန်းကလေး ၃-ဦးဟာ မိတ်ဆွေဟောင်းတွေကိုတွေ့တော့ ပိုပြီးအရေးစိုက်၍ပြုစုတယ်။ ဂမ်းလည်းအများကြီးသာကြတယ်။

ဟိုတုန်းကသခင်စံဂေဟာလည်း လူပျိုပဲရှိပါသေးသည်။ ငယ်ငယ်ရွယ်ရွယ်၊ ချောချောလှလှ၊ အသားဖြူ၍ ရုပ်ရည်ကလည်းသနားကမားရှိသေးတယ်၊ မြန်မာစစ်ဗိုလ်ကြီးကလည်း ငယ်ငယ်ရွယ်ရွယ်၊ ချောချောလှလှ သနားကမားရှိပါတယ်။ (မြန်မာစစ်ဗိုလ်ကြီး၏နာမည်ကိုတော့ ကျွန်ုပ်မေ့နေပြီဖြစ်သည့် အတွက်မဖေါ်ပြနိုင်တော့ပါ။) သူတို့ ၃-ဦးထက် သခင်တင်ဟာအသက်နည်းနည်းကြီးပုံရပါသည်။ အသက်နည်းနည်းကြီးပုံရပေမယ့် လူကတော့ခပ်ချောချောပဲရှိပါသေးသည်။

ကျွန်ုပ်၏ဟော်တယ်မှာ နံပါတ် ၁-ဖြစ်သည့် နာမည်ကျော်ကြားသည့် မြန်မာအမျိုးသမီး မသောင်းဟာ သခင်စံဂေနှင့်သခင်တင်တို့ကြားမှာထိုင်ပါသည်။ ကျန်ရှိသည့်အမျိုးသမီးနစ်ဦးကတော့ မြန်မာစစ်ဗိုလ်ကြီးကို ဘယ်တစ်ယောက်၊ ညာတစ်ယောက်ပိုင်းရံထားပါသည်။ ဒီလိုချောချောလှလှ အမျိုးသမီးများကိုယ်တိုင်ပိုင်းရံပြီး

အရက်များကိုထည့်ပေး၍တိုက်သည့်အခါမှာ ဘယ်ယောက်ျားမှ မသောက်ပဲနေနိုင်မှာမဟုတ်ပါဘူး။ သောက်ကြမှာပါပဲမဟုတ်လား။

ကျွန်ုပ်ဦးစပ်စုဟာ သခင်တင်၊ သခင်စံဝေ၊ မြန်မာစစ်ဗိုလ်ကြီးများနှင့်အတူပိုင်းပြီးထိုင်လျက် ရှိပါတယ်။ အမျိုးသားက ၄-ဦး၊ အမျိုးသမီးက ၃-ဦးတို့ဟာ အမျိုးသမီးများကိုယ်ထည့်ပေးသည့် အရက်ဖန်ခွက်များကိုကိုင်ကာ ၇-ဦးစလုံး ဖန်ခွက်ချင်းထိပြီး အရက်များကို တစ်ခါတည်း မော့သောက်လိုက်ကြပါသည်။ ဒါတင်မကသေးပါဘူး။ အမျိုးသမီး ၃-ဦးဟာ ဟင်းတွေ ရောက်ရှိလာသည့်အချိန်မှာ မြန်မာစစ်ဗိုလ်ကြီးရော သခင်တင်နှင့်သခင်စံဝေတို့ကိုပါ တူနှင့်ပါးစပ်ထဲကို ရောက်အောင်ခွံ့ပြီးကျွေးပါတယ်။ နောက်ပြီးဟိုတုန်းကနာမည်ကြီးခေတ်စားနေသည့် ချစ်တာကြိုက်တာ လွမ်းတာတွေပါသည့် မြန်မာသီချင်းတစ်ပုဒ်ကို အမျိုးသမီး ၃-ဦးဟာ ပြိုင်တူဆိုကြပါသည်။

ကုလားဆင်နှင့်တူသည့် နံပါတ် ၃-အမျိုးသမီးကုလားမဟာ ဂျပန်ခေတ်မှာ အင်မတန် ခေတ်စားနေသည့် ဂျပန်သီချင်းတစ်ပုဒ်ကိုဆိုပြတယ်။ ကျွန်ုပ်တို့ ပိုင်းဝန်း၍ဝင်ရောက်ထိုင်နေသည့် နံပါတ် ၃-အခန်းထဲမှာ ကျွန်ုပ်တို့ဟာ အင်မတန်မှပျော်ရွှင်နေကြတယ်။ ဆွေမျိုးတွေကိုပါမေ့နေအောင် သိပ်ပျော်ရွှင်နေကြသည်။ ကျွန်ုပ်တို့အားလုံးဟာ အထူးပဲပျော်ရွှင်နေကြတယ်။ ဒီလောက်တောင် ပျော်ရွှင်လွန်းအားကြီးလျှင် ကျွန်ုပ်တို့ဟာ အကြီးအကျယ်စိတ်ညစ်စရာကိုတွေ့တော့မည်ဆိုတာကို မတွေးမိကြပါဘူး။ သိပ်ပြီးပျော်ရွှင်နေကြတာပါပဲ။

ကျွန်ုပ်၏ဟော်တယ် နံပါတ် ၄-အခန်းထဲမှာလည်း ဂျပန်ကင်ပေတိုင်ချုပ် ကာနယ်ကူမဲ့၏ တပည့်နှစ်ယောက်လာရောက်ပြီးစားသောက်နေတာကို ကျွန်ုပ်ဟာမသိရှိလိုက်ပါဘူး။ ကျွန်ုပ်တို့ နံပါတ် ၃-အခန်းမှ နံပါတ် ၃-ကုလားမနှင့်တူသည့်အမျိုးသမီးကုလားမဟာ ဂျပန်ခေတ်မှာ ခေတ်စားနေသည့် ဂျပန်သီချင်းတစ်ပုဒ်ကိုဆိုပြတယ်။ ဆိုလည်းပြီးရော ဂျပန်ကင်ပေတိုင်ချုပ်ကာနယ်ကူမဲ့၏တပည့် နှစ်ယောက်ဟာ ကျွန်ုပ်တို့အခန်းနှင့်ကပ်လျက်ရှိသည့် နံပါတ်၄-အခန်းမှထလာပြီး၊ နံပါတ်၃-ကုလားဆင် နှင့်တူသည့် အမျိုးသမီးကုလားမကိုလာခေါ်တယ်။ ကျွန်ုပ်ကလည်းကောင်းကောင်းမွန်မွန်ဧည့်ခံပြုစုဖို့ ကုလားမကိုထည့်လိုက်ပါတယ်။ ကုလားမဟာလည်း ဂျပန်ကင်ပေတိုင်များနှင့် နံပါတ်၄-အခန်းကို လိုက်သွားပြီး ဂျပန်ခေတ်မှာအင်မတန်ခေတ်စားနေသည့်ဂျပန်သီချင်းတစ်ပုဒ်ကိုဆိုပြပြီး နံပါတ် ၄-အခန်းမှကျွန်ုပ်တို့ထိုင်နေသည့် နံပါတ်၃-အခန်းကိုပြန်လာပါသည်။

ဒီတော့ ဂျပန်ကင်ပေတိုင် ၂-ဦးဟာ ကျွန်ုပ်တို့အခန်းထဲကိုထပ်ပြီးပြန်လာပြန်တယ်။ ကျွန်ုပ်တို့ အခန်းထဲမှာရှိနေသည့် နံပါတ် ၁-

ဖြစ်တဲ့ နာမည်ကြီးချောချောလှလှမြန်မာအမျိုးသမီး မသောင်းဟာလည်း ဂျပန်ကင်ပေတိုင်များနှင့်မိတ်ဆွေဟောင်းတွေဖြစ်နေတယ်။ ဒီတော့ဂျပန်ကင်ပေတိုင် ၂-ဦးဟာ မသောင်းကိုလာခေါ်တယ်။ ဒီတော့မသောင်းဟာလည်း ကျွန်ုပ်တို့ထိုင်နေသည့်နံပါတ်၃-အခန်းမှ ဂျပန်များရှိသည့် နံပါတ်၄-အခန်းကိုလိုက်ပါ၍သွားတယ်။ မသောင်းဟာ သခင်တင်၊ သခင်စံဂေတို့ကို ဂျပန်များထက်ပိုပြီးချစ်တယ်ထင်တယ်။ အခန်း ၄ကိုလိုက်ပါသွားပြီး သိပ်မကြာပါဘူး၊ ကျွန်ုပ်တို့ ထိုင်နေသည့် နံပါတ် ၃-အခန်းကိုပြန်လာတယ်။

အဲဒီတော့ ဂျပန်ကင်ပေတိုင် ၂-ဦးဟာ နည်းနည်းမနာလိုတဲ့စိတ်တွေဝင်လာတယ်ထင်တယ်၊ သောက်ထားသည့်အရက်များကလည်းမူးလာ၍၊ ဂျပန်ကင်ပေတိုင် ၂-ဦးဟာ ကျွန်ုပ်တို့ နံပါတ်၃-အခန်းထဲကိုပြန်ဝင်လာပြီး၊ မသောင်းကို လက်ဆွဲ၍အတင်းခေါ်တော့မလိုဖြစ်နေပြီ။ သခင်တင်နှင့် သခင်စံဂေကြားမှာရှိသည့်မသောင်းကိုလည်း သခင်တင်နှင့်သခင်စံဂေတို့နှစ်ဦးက အင်မတန်မှ ချစ်ခင်နေတယ်။ သူတို့၏ချစ်သူတစ်ဦးလည်းဖြစ်နေပြီး၊ သခင်တင်နှင့် သခင်စံဂေတို့၏စိတ်ထဲမှာလည်း ကိုယ်ချစ်နေသည့်သူတစ်ယောက်ကို ကိုယ့်မျက်စိရှေ့အောက်မှာ အတင်းလာဆွဲတာကို ဘယ်နည်းနဲ့မှ မခံနိုင်ပါဘူး။

မသောင်းကလည်း ဂျပန်တွေထက် သူတို့ ၂-ဦးကိုပိုချစ်တယ်။ အဲဒီတော့ သခင်တင်နှင့် သခင်စံဂေတို့ ၂-ဦးဟာ ""တို့ချစ်သူကို ဂျပန်ကင်ပေတိုင် ၂-ဦးကအတင်းလာဆွဲလျှင် အရိုးကြေကြေ အရေခန်းခန်းအသက်ပေးကာကွယ်မယ်၊ တို့ချစ်သူကိုအဆွဲမခံနိုင်ဘူး"" လို့ စိတ်ထဲမှာဆုံးဖြတ်ထားဟန် တူတယ်။

""တို့ဟာ လည်ပင်းပြတ်ရင်ပြတ်ပါစေ၊ တို့ချစ်သူမသောင်းကိုတော့ အထိမခံဘူး၊ အဆွဲမခံဘူး"" အဲဒီလိုစိတ်ကူးပြီး ဂျပန်ကင်ပေတိုင်နှစ်ဦးက မသောင်းကို အတင်းဝင်ဆွဲတော့မလိုလိုဖြစ်နေသည့် အချိန်မှာ သခင်စံဂေဟာလူကလည်းငယ်၊ စိတ်ကလည်းမြန်၊ မြန်မာပီပီ ယောကျ်ားဇနည် အနိုင်မခံ အရှုံးမပေးစိတ်နှင့် ဂျပန်ကိုထထိုးလိုက်တယ်။ ဂျပန်ကလည်းပြန်ပြီးထိုး သခင်စံဂေကလည်းထိုးနှင့် သူတို့နှစ်ဦးဟာ လုံးထွေးသတ်ပုတ်နေကြတယ်။ နောက်တော့ သခင်တင်ရော၊ မြန်မာစစ်ဗိုလ်ကရော ထပြီးထိုးတယ်။ ဂျပန်ကင်ပေတိုင် ၂-ဦးကလည်းပြန်ထိုးနှင့် သူတို့ ၅-ဦးဟာ ရှုပ်ထွေးသတ်ပုတ် လုံးထွေးနေကြသည်။

သခင်စံဂေကိုဂျပန်ကထိုးလိုက်တာ သခင်စံဂေတစ်ချက်ထိသွားတယ်။ ဒီအချိန်မှာ ကျွန်ုပ်၏ ဟော်တယ်မှာရှိသည့် စုစုပေါင်းအမျိုးသမီး ၁၄-၅ ဦးဟာ ဝိုင်းဝန်းလာပြီးဖြန်ဖြေကြတယ်။ မသောင်းကလည်း ခပ်စွာစွာမို့ဂျပန်ကင်ပေတိုင်၂-ဦးကိုကြိမ်းတယ်။ သခင်တင်တို့လူစုဟာ တစ်ခါတလေမှလာတာ၊ ဒီဂျပန် ၂-ဦးဟာ ညတိုင်းညတိုင်းပဲလာတယ်။ မသောင်းကလည်း သူ့ချစ်သူ သခင်စံဂေတစ်ချက်ထိသွားလို့ ဒီဂျပန်နှစ်ယောက်အပေါ်ကို တော်တော်နာသည့်အတွက်ကြောင့်

သူ၏ချစ်သူကိုထိုးသည့်ဂျပန်ကိုဆွဲပြီးတော့ ပါးကိုဖြန်းကနဲတစ်ချက်ချလိုက်တယ်။ ပါးကိုချပြီးတော့ ဂျပန် ၂-ဦးကို နံပါတ် ၄-အခန်းထဲကိုဆွဲသွင်းသွားပါသည်။ နံပါတ် ၄-အခန်းထဲမှာလည်း အမျိုးသမီး ၄-၅ ဦးရှိပါသည်။ မသောင်းဟာ ဂျပန်နှစ်ဦးနှင့်အတူထိုင်ပြီး ဂျပန် ၂-ဦးကိုဆုံးမနေတယ်။ ကျွန်ုပ်ကတော့ နံပါတ် ၃-အခန်းထဲမှာပဲ သခင်စံဂေတို့နှင့်အတူထိုင်နေပါသည်။

ကျွန်ုပ်ကအကဲခတ်မိတယ်။ သခင်စံဂေစိတ်ဆိုးသည့်အခါတုန်းက မျက်နှာဟာ ဖြူပြီးတော့ စိမ်းသွားပါသည်။ (နိုင်ငံတော်ဂုဏ်ကြီးချုပ်ဟောင်းသခင်နုစိတ်ဆိုးသည့်အခါနှင့် အင်မတန်တူပါသည်) နောက်ပြီးသခင်စံဂေဟာ ကျွန်ုပ်တို့နှင့်အတူထိုင်နေရာမှ တစ်ယောက်ထည်းထသွားတယ်။ ကျွန်ုပ်တို့က နောက်ဖေးကို အပေ့ါအပါးသွားရန်သွားတယ်လို့ထင်ပါသည်။ ကျွန်ုပ်ကလည်း သခင်စံဂေတစ်ယောက် နောက်ဖေးထသွားတာကို မသင်္ကာသည့်အတွက်ထပြီး တံခါးဂမုချောင်းကြည့်နေလိုက်တယ်။ သခင်စံဂေဟာ ထွက်တော့မလိုလို ဂင်တော့မလိုလိုလုပ်နေတာကိုမြင်တယ်။ ကျွန်ုပ်ဟာ သူ၏အပြု အမူကိုမမြင်ချင်ယောင်ဆောင်၍ တမင်တကာမျက်လုံးကို အခန်းထဲဘက်လှည့်လိုက်ပြီး သခင်တင်နှင့် မြန်မာစစ်ဗိုလ်ကြီးကိုစကားပြောနေလိုက်သည်။ ကျွန်ုပ်၏မျက်လုံးကို တမင်တကာလှည့်ပြီး အခန်းထဲမှာ စကားပြောဆိုနေသည့်အချိန်ကလေးကို သခင်စံဂေဟာအခွင့်ကောင်းယူ၍ လှေကားဘက်ကို ခပ်မြန်မြန် ဆင်းသွားတယ်။ ကျွန်ုပ်ဟာ ဟိုစဉ်အခါတုန်းကမျက်လုံးသိပ်လျင်တယ်။ သူအမှတ်တမဲ့ဆင်းသွားတာကို ရိပ်ကနဲမြင်လိုက်တယ်။ ကျွန်ုပ်ဟာ သခင်စံဂေဆင်းသွားတာကိုရိပ်ကနဲမြင်လိုက်သည့်အတွက် ထပြီးတော့ လမ်းမတော်ဘက်မှပြူတင်းပေါက်မှ လှမ်းကြည့်လိုက်သည့်အခါ သခင်စံဂေ၏ကားဟာ ဟော်တယ်နှင့် ပေ၅ဂ-အကွာလောက်မှာရပ်ထားပါသည်။ ဟိုတုန်းကမော်တော်ကားတွေဟာ ယခုလိုကားပေါ်မှာ ထိုင်ပြီး ဗက်ထရီနှင့်စက်နှိုးသည့်(စတာတာ)တွေမရှိသောကြောင့်သခင်စံဂေဟာ မော်တော်ကားကို စက်နှိုးဖို့ ကောက်ကိုလက်မှကိုင်ပြီးလှည့်နေတာကို တွေ့ရှိရပါသည်။

ကျွန်ုပ်ဟာ ဒီတစ်ခါကျတော့ မသောင်းရော၊ ကုလားမရော၊ ဆရာမရော ရှိသည့် ကောင်မလေးတွေအားလုံးကိုခေါ်ပြီး သတိထားနေကြလို့ သတိပေးအကြောင်းကြားလိုက်တယ်။ တအောင့် လောက်ကြာတော့ သခင်စံဂေဟာ ခြောက်လုံးပြူးကိုလက်မှာကိုင်၍ လှေခါးမှခပ်မြန်မြန်တက်လာတယ်။ ကျွန်ုပ်ကလည်းဒီအချိန်မှာ ကျွန်ုပ်၏ဟော်တယ်မှာရှိသည့်ကောင်မလေးတွေကို အားလုံးလာခဲ့ကြလို့ အကျယ်ကြီးအော်ခေါ်လိုက်တယ်။ ကောင်မလေးတွေဟာလည်း ကျွန်ုပ်၏အော်ပြီးခေါ်လိုက်သည့် အသံကြောင့်ဝိုင်းဂန်းပြီးလာကြတယ်။ သခင်စံဂေကလည်း သူ့ကိုထိုးသည့်ဂျပန်ကို ခြောက်လုံးပြူးနှင့် ချိန်ရွယ်ထားပြီးပစ်မယ်လို့လုပ်နေတယ်။ ကျွန်ုပ်နှင့်ကောင်မလေးတွေအားလုံးဟာလည်း သခင်စံဂေကို ဂိုင်းပြီးတော့ဖက်ထားကြတယ်။

ဒီအချိန်မှာ ဂျပန်ကင်ပေတိုင်ကလည်း သူ့အိတ်ထဲမှာထည့်ထားသည့် ခြောက်လုံးပြူးကိုထုတ်၍ သခင်စံဂေကိုပြန်ပြီးပစ်မယ်လို့လုပ်နေတယ်။ သခင်စံဂေရဲ့ချစ်သူ မသောင်းကလည်း ဂျပန်ကိုပြေးဖက်ပြီး သူ့ချစ်သူ သခင်စံဂေသေမှာကိုနမြောပြီး သူ့ကိုမပစ်ပါနှင့် ကျွန်မကိုပစ်ပါလို့ ဂျပန်ကင်ပေတိုင်ကိုပြောတယ်။

ကျွန်ုပ်က သခင်စံဂေကိုဖက်ထားသည့်အခါမှာလည်း သခင်စံဂေကို မျက်တောင် ၃-၄ ချက် ခတ်ပြလိုက်တယ်။ ""ကြီးကျယ်သွားမည်၊ မလုပ်ပါနှင့်""လို့လည်း တိုးတိုးပြောလိုက်တယ်။ မသောင်းကလည်း ထပ်ပြောတယ် ""ကျွန်မအတွက်ကြောင့် ရှင်တို့ ၂-ဦးဟာ ဒီလိုဖြစ်ရတာ၊ ဒါကြောင့်ရှင်တို့ ၂-ဦးဟာ တစ်ဦးကိုတစ်ဦးမပစ်ကြပါနှင့်၊ ရှင်တို့ ၂-ဦးစလုံးဟာ ကျွန်မကို ခြောက်လုံးပြူးနှင့်ဝိုင်းပစ်ပါ။ ဒီလိုမှကျွန်မကိုဝိုင်းပြီးမပစ်ချင်လျှင်လည်း ခြောက်လုံးပြူးတွေကို အိတ်ထဲကိုပြန်ထည့်၍ သိမ်းထားကြပါ""လို့ ပြောလိုက်ပြန်တယ်။ ဒီတော့မှ ကျွန်ုပ်ကရော၊ သခင်တင်ကရော၊ မြန်မာစစ်ဗိုလ်ကရော၊ ကောင်မလေးတွေကရော ဝိုင်းဖျန်း၍ပြောကြမှ သခင်စံဂေဟာ ခြောက်လုံးပြူးကိုအိတ်ထဲပြန်ထည့်ထားလိုက်ပါသည်။

ဂျပန်ကင်ပေတိုင်ကိုလည်း အမျိုးသမီး ၄-၅-၁၀ ဦးက အလားတူဒီအတိုင်းဝိုင်းပြောတယ်။ အဲဒီလိုဝိုင်းဖျန်းပြီးတော့ပြောမှ ဂျပန်ကင်ပေတိုင်တွေဟာ ခြောက်လုံးပြူးကိုအိတ်ထဲပြန်ထည့် ထားလိုက်တယ်။ ကျွန်ုပ်တို့တတွေ၏ဖြန်ဖြေမှုကြောင့် လျှပ်တပျက် မျက်စိတမှိတ်အချိန်ကလေး အတွင်းမှာပဲ မသောင်း၊ သခင်စံဂေနှင့် ကင်ပေတိုင်တို့ ပစ်ခတ်မှုသေပွဲက ပျော်ပွဲရွှင်ပွဲဘဂသို့ ရောက်ရှိလာရပါတော့သည်။

သခင်တင်၊ သခင်စံဂေနှင့် မြန်မာစစ်ဗိုလ်တို့ဟာ ပျော်ပျော်ရွှင်ရွှင် စားသောက်ကြပြီး ပြန်သွားသည့်အခါ ကျွန်ုပ်ကလည်း သူတို့ ၃-ဦးကို မော်တော်ကားပေါ်အထိ လိုက်ပို့တယ်။ သူတို့ ၃-ဦးအား ကားပေါ်အထိလိုက်ပို့တဲ့အချိန်မှာ သခင်စံဂေဟာ ဘေးပတ်ပတ်လည်ကို မျက်လုံးနှင့် ကြည့်ပြီး ဘယ်သူမှမရှိသည့်အခါမှ ကျွန်ုပ်ကိုပြောတယ် ""မထူးတော့ပါဘူး၊ ဘာဖြစ်လို့ ကျွန်တော် ဒီလိုလုပ်ရသလဲဆိုလျှင် တော်လှန်ရေးကြီးလည်းနီးကပ်နေပါပြီ""လို့ ပြန်ပြောတယ်။ အဲဒီတော့ ကျွန်ုပ်က ပြန်ပြောလိုက်တယ်။ ""ခင်ဗျားပစ်လိုက်သည့် ကျည်ဆန်တစ်တောင့်ကြောင့် တော်လှန်ရေးကြီးဟာ ပျက်စီးသွားပါလိမ့်မည်။ ဗိုလ်အောင်ဆန်းဟာလည်း တော်လှန်ဖို့ကိစ္စအားလုံးကို စီစဉ်လို့မပြီးသေး ပါဘူး။ ခင်ဗျားဟာ တော်လှန်ရေးကိုဖျက်ဆီးပစ်လိုက်တာနှင့် တူသလိုပဲဖြစ်သွာမှာပေါ့""လို့ ကျွန်ုပ်က ပြန်ပြောလိုက်တယ်။ ဒီတော့မှ သခင်တင်က ""ဦးစပ်စုပြောတာ သိပ်မှန်တာပဲ""လို့ပြောပြီး သူတို့ ၃-ဦးဟာပြန်သွားကြတယ်။

ဒီကိစ္စဟာ ဘယ်လိုဖြစ်သွားနိုင်သလဲဆိုတော့ သခင်စံဂေနှင့်ဂျပန်ကင်ပေတိုင် ၂-ဦးဟာ တစ်ဦးကိုတစ်ဦး သေနတ်နှင့်ပစ်ခတ်ကြလို့ သခင်စံဂေ ကပစ်လိုက်သည့် သေနတ်ကျည်ဆန် တစ်တောင့်ကြောင့် ဂျပန်ကင်ပေတိုင်တစ်ဦးကိုထိမှန်၍ သေသည်ဖြစ်စေ၊

မသေသည်ဖြစ်စေ၊ ၁၀ ရက်လောက်သာလိုတော့သည့် ဂျပန်တော်လှန်ရေးကြီးဟာ ပင်လယ်ထဲကိုမျောသွားသကဲ့သို့ ရှိတော့ မှာပါပဲ။

ကျွန်ုပ်၏စိတ်ထဲမှာ ဒီတော်လှန်ရေးလုပ်ငန်းကြီးနှင့်ပတ်သက်၍ အောက်မေ့ယူဆစဉ်းစားပြီး ဂေဖန်ဆုံးဖြတ်ချက်ချမိတယ်။ ဒီတော်လှန်ရေးလုပ်ငန်းကြီး ထမြောက်အောင်မြင်ပြီးစီးတာဟာ နံပါတ် ၁-ဖြစ်သည့် ကျွန်ုပ်တို့၏စစ်ဂန်ကြီး စစ်သေနာပတိချုပ်ဗိုလ်ချုပ်အောင်ဆန်း၏ အစီအစဉ်ပေးမှု ကောင်းတာရယ်၊ သူ၏တပည့်လက်အောက်ခံ ဗမာ့တပ်မတော်သားတွေဟာလည်း ပေးအပ်လိုက်သည့် တာဂန်ဂတ္တရားအမိန့်တွေကိုမဖေါက်ဖျက်ပဲ တညီတညွတ်တည်းအမိန့်ကိုနာခံတာရယ်၊ စစ်ဂန်ကြီး စစ်သေနာပတိချုပ် ဗိုလ်အောင်ဆန်းအား ပိုင်းဂန်းကူညီ အကြံဉာဏ်စီစဉ်ပြုလုပ်ပေးသည့်သူတွေ ကောင်းမွန်တာကတစ်ကြောင်း၊ နောက်ပြီး မြန်မာပြည်တစ်ပြည်လုံးရှိမြန်မာလူမျိုးနှင့် အခြားလူမျိုး အားလုံးဟာလည်း တညီတညွတ်တည်း စည်းရုံးညီညာတာကတစ်ကြောင်း၊ ဒီတော်လှန်ရေးကြီး မစမီအတွင်း တော်လှန်ရေးစိတ်ဓါတ်ကိုမပေါ်လွင်အောင် မျိုသိပ်အောင့်အီးတားဆီးပြီး သည်းခံ၍ ဂျပန်မတရားနိုပ်စက်နေတာကို သိပါသော်လည်း ၁၉၄၅-ခုနှစ်၊ မတ်လ ၂၇-ရက်နေ့ကို မြန်မာပြည် တစ်ပြည်လုံးတစ်ချိန်တည်းတော်လှန်နိုင်အောင် အမျိုးသားအားလုံးဟာ ဂျပန်နှင့်ခိုက်ရန်ဖြစ်ပွားမည့် အလုပ်မျိုးကိုရှောင်ကွင်း၍ နေထိုင်လာခဲ့ကြတာတွေကို ကျွန်ုပ်ဟာတွေးပြီးတော့ စဉ်းစား၍ရခဲ့ပါသည်။ ဟိုစဉ်အခါက သစ္စာဖေါက်သည့်သူများဟာလည်းမရှိပါဘူး။ ကြားလည်းမကြားမိပါဘူး။

၁၉၄၅-ခုနှစ်၊ မတ်လ ၅-ရက်နေ့မှာ စစ်ဂန်ကြီးဗိုလ်အောင်ဆန်းဟာ ကျွန်ုပ်တို့ တရုပ်အမျိုးသား ဖြန်ဟတ်ဘွေအသင်းကြီး၏ ထမင်းစားညှေ့ခံကျွေးမွေးပွဲနှင့် ဗမာ့တပ်မတော်ထောက်ပံ့ရေးရန်ပုံငွေ အလှူငွေပေးအပ်ပွဲအခမ်းအနားကို တက်ရောက်ကြွလာကြပါသည်။ ကျွန်ုပ်တို့တတွေနှင့် ပျော်ပျော် ပါးပါး ပျော်ပျော်ရွှင်ရွှင်နှင့် စားသောက်နေကြသည့်အခါမှာ တရုပ်အမျိုးသားတစ်ဦးနှင့်စကားစပ်မိသည့် အခါ တရုပ်အမျိုးသားများက ""ဂျပန်လူမျိုးဟာ ရုပ်ရည်ကလည်း တရုပ်အမျိုးသားနှင့်တူတယ်။ ဂျပန်စာဟာလည်း တရုပ်စာနှင့်တူတယ်၊ တရုပ်ပြည်နှင့်လည်း နီးစပ်တယ်""လို့ပြောဆိုတယ်။ ဒီတုန်းက ထမင်းစားပွဲမှာ ဖေါ်မိုဆာမှလာသည့်တရုပ်အမျိုးသားတွေလည်း ပါကြပါသည်။

အဲဒီတော့ စစ်ဂန်ကြီးဗိုလ်ချုပ်အောင်ဆန်းဟာ ခေါင်းကိုခါပြီး၊ ""တရုပ်နှင့်ဂျပန်ဟာ ညီအစ်ကို ဖြစ်ဖို့မကောင်းပါဘူး""လို့ ပြန်ပြောလိုက်တယ်။ ကျွန်ုပ်တို့၏ထမင်းစားပွဲကို တက်ရောက်လာသည့် ဖေါ်မိုဆာလူမျိုးတစ်ယောက်ဟာ စစ်ဂန်ကြီးဗိုလ်အောင်ဆန်းပြောသည့်စကားကို ဂျပန်ကင်ပေတိုင် များအားသွားပြောပြလိုက်သည်။

နောက်တစ်ရက်ကြာသည့်အခါ ဂျပန်ကင်ပေတိုင်ရုံးမှ ဂျပန်အရာရှိနှစ်ဦးဟာ ကျွန်ုပ်ထံကို လာပြီးတော့ စစ်ဆေးမေးမြန်းပါတယ်။ ဗိုလ်အောင်ဆန်းဟာ ဒီစကားကိုပြောတာ

မှန်သလား မမှန်ဘူးလား၊ ဟုတ်သလား မဟုတ်ဘူးလားလို့ ကျွန်ုပ်ကိုလာမေးတယ်။ ကျွန်ုပ်ကလည်း ညာလိုက်တယ်။ ဘယ်လိုလုပ်ညာလိုက်သလဲဆိုတော့ ""ဒီအချိန်အခါတုန်းက ထမင်းစားဧည့်ခံပွဲကို တက်ရောက်လာကြသည့်သူတွေဟာလည်းတော်တော်များပါသည်။ ကျွန်ုပ်ဟာ ဟိုစားပွဲကိုပြေးပြီး ဧည့်ခံရ၊ ဒီစားပွဲကိုသွားပြီးဧည့်ခံရနှင့် အလုပ်ကများနေ၍ ဒီစကားကိုမကြားမိလိုက်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းဟာလည်း ခင်ဗျားတို့ဂျပန်ပြည်မှာစစ်ပညာသင်ပြီး ဂျပန်များနှင့်တွဲ၍ မြန်မာပြည်ကို တိုက်လာခဲ့သည့်သူပါ။ ဒီစကားမျိုးကိုတော့ ပြောမည်လို့မထင်ပါဘူး။ ကြားသည့်သူက နားကြားလွဲလို့ ဖြစ်ပါလိမ့်မည်""ဟု ကျွန်ုပ်ကပြောဆို၍ညာလိုက်ပါသည်။

ကျွန်ုပ်ဦးစပ်စုဟာ မြန်မာပြည်မှာကြီး၍ မြန်မာရေကိုသောက်၊ မြန်မာဆန်ကိုစားပြီး မြန်မာတွေရဲ့ကျေးဇူးကိုမကန်းပါဘူး။ ကျွန်ုပ်ဟာ ပေါက်ဖော်ကလေးဘဝမှာ မြစ်ဂကျွန်းပေါ် တောကြိုအုံကြားရွာကလေးမှာနေထိုင်၍ ကောက်စိုက်မမြန်မာအမျိုးသမီးကိုယူလာခဲ့ပါသည်။ ဒုတိယ ပေါက်ဖော်လတ်ဘဝမှာလည်း ရွှေမန်းမှ ပိုးထည်ရောင်းသည့် ဟုတ်ကဲ့ရှင့်ဆိုသည့်မြန်မာအမျိုးသမီး ကိုပဲယူထားပြန်ပါတယ်။ တတိယပေါက်ဖော်ကြီးဘဝကျရောက်လာပြန်သည့်အခါမှာလည်း ပေါင်းသင်း ဆက်ဆံတတ်သည့်မြန်မာအမျိုးသမီးကိုပဲ ထပ်ယူထားပြန်ပါသည်။ သို့အတွက်နိုင်ငံတော်ကိုလည်း ဘယ်တော့မှသစ္စာမဖေါက်ပါဘူး။ ကျွန်ုပ်ဟာ ကျွန်ုပ်သေပြီးခေါင်းထဲထည့်၍ အပေါ်ကသံချောင်း လေးချောင်းရိုက်ပြီးသည်အထိ သစ္စာမဖေါက်ပါဘူး။ ဒီတုန်းက ကျွန်ုပ်ဟာ နိုင်ငံတော်ကိုသစ္စာဖေါက်ပြီး မညာပဲမှန်မှန်ပြောလိုက်လျှင်ရပါတယ်။ ""ဟုတ်ပါတယ်၊ ဗိုလ်အောင်ဆန်းဟာ ဒီစကားကို ကျွန်ုပ်တို့ ထမင်းပွဲမှာပြောပါတယ်။ ကျွန်ုပ်ကလည်း နားနှင့်သေသေချာချာကြားရပါတယ်""လို့ပြောလိုက်ပြီး နောက်ထပ်ချောက်တွန်းလိုက်ဦးမည်ဆိုလျှင်လည်း ရပါသေးသည်။

""ဗိုလ်အောင်ဆန်းဟာ ဒီစကားကိုပြောတာ အကြံတစ်ခုစိတ်ထဲမှာရှိပါတယ်။ ဂျပန်များကို ဘာလုပ်မလဲတော့မပြောတတ်ပါဘူး။ တစ်ခုခုတော့လုပ်မှာပဲ""လို့ ချောက်တွန်းလိုက်လျှင် တော်လှန်ရေးကြီးမစမီအတွင်း ဂျပန်ကင်ပေတိုင်အဖွဲ့ဟာ စစ်ဂန်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဗမာ့တပ်မတော်သားတွေကိုပါ အလစ်မပေးတော့ပဲ ဖမ်းဖို့ဟာကသေချာပါတယ်။ ဒီတော်လှန်ရေးကြီး ဟာလည်း တော်လှန်ဖို့အစီအစဉ်မပြီးခင် အားလုံးပျက်စီး၍ ရေထဲသို့မျောသွားသလိုဖြစ်သွားဖို့ဟာ သေချာပါသည်။ မတော်တဆတော်လှန်ရေးကြီးပျက်စီးသွားခဲ့ပါလျှင် ယခုလိုလွတ်လပ်သည့် ပြည်ထောင်စု သမတမြန်မာနိုင်ငံတော်လို့ဖြစ်ချင်မှဖြစ်လာပါဦးမည်။ မလွတ်လပ်သည့်နိုင်ငံဘဝနှင့် နေချင်နေရပါဦးမယ်။ အထက်ပါအကြောင်းများကို ထောက်ရှုကြည့်ခြင်းအားဖြင့် ကျွန်ုပ်ဦးစပ်စုဟာ ဘယ်တော့မှနိုင်ငံတော်ကြီးကို သစ္စာမဖေါက်ပါဘူးလို့ ရဲရဲပွံ့ပွံ့ဂတိပေးပြောဆိုရဲပါသည်။ ကျွန်ုပ်ညာ

လိုက်သည့်ဂျပန်ကင်ပေတိုင်အရာရှိကြီးများကလည်း သိပ်ပြီးမယုံကြည်သေးပါဘူး။ အခြားနေရာများကို လည်းလိုက်လံပြီး စုံစမ်းမေးမြန်းပါသေးသည်။

ကျွန်ုပ်၏ဟော်တယ်ကိုလည်း မြန်မာခေါင်းဆောင်ကြီးများနှင့် လူကြီးလူကောင်းများဟာ အမြဲလာရောက်ပြီး စားသောက်ကြပါသည်။ ဝင်ထွက်သွားလာမှုကလည်း အမြဲရှိပါသည်။ သို့အတွက် ဂျပန်ကင်ပေတိုင်ရုံးမှ ဂျပန်ကင်ပေတိုင် ၂-ဦးကို ကျွန်ုပ်၏ဟော်တယ်မှာ မြန်မာခေါင်းဆောင်ကြီး များနှင့် လူကြီးလူကောင်းများ အမြဲတမ်းဝင်ထွက်သွားလာမှုရှိသောကြောင့် သိပ်ပြီးအယုံအကြည် မရှိသည့်သဘောဖြင့် လေ့လာစုံစမ်းဖို့ အမြဲချထားပါသည်။ ကျွန်ုပ်ဟော်တယ်ကိုလေ့လာစုံစမ်းဖို့ ချထားသည့်ဂျပန်နှစ်ဦးဟာလည်း သခင်စံဂေနှင့် တစ်ခါကရန်ဖြစ်သည့် ဂျပန်တွေဖြစ်နေပါသည်။ ဒီတုန်းက အကယ်၍ သခင်စံဂေဟာ ခြောက်လုံးပြူးနှင့်ပစ်လိုက်၍ ဂျပန်ကင်ပေတိုင် တစ်ဦးဦးသာ သေသွားခဲ့ပါလျှင် ကျွန်ုပ်ရော၊ သခင်တင်ရော၊ သခင်စံဂေရော၊ မြန်မာစစ်ဗိုလ်ကြီးရော အကုန်လုံးကို ဖမ်းပြီး သို့မဟုတ် တစ်ဦးဦးကိုဖမ်းဆီးပြီး ရေခွေးပူလောင်း၊ လက်သည်းခွာ၊ နေပူလှန်း၊ ထုပ်မှာ လူကိုကြိုးနှင့်ချည်ပြီး၊ ဖက်ဆစ်ညှင်းဆဲနည်းမျိုးစုံနှင့် ညှင်းဆဲခံရမှာကလည်းတစ်ကြောင်း၊ နောက်ပြီးတော့ တို့ဂျပန်တွေမြန်မာပြည်မှာ ၃နှစ် ၃မိုးအုပ်စိုးလာခဲ့တာ တို့ဂျပန်တွေကို တရုပ်အမျိုးသား၊ အိန္ဒိယ အမျိုးသား၊ မြန်မာအမျိုးသားတွေဟာ တို့ဟာဘယ်လောက်ညှင်းပန်းနှိပ်စက်ပေမယ့် သူတို့ဟာ ဘာမှ ပြန်ပြီးမခုခံခဲ့ဘူး။ အခုတော့ပြန်ပြီးခုခံတယ်ဆိုပြီး လိုက်လံစုံစမ်း၍ ကျွန်ုပ်တို့ ၄-ဦးတင်မက သခင်စံဂေ ခြောက်လုံးပြူးနှင့်ဂျပန်ကင်ပေတိုင်ကို ပစ်သတ်လိုက်သည့်အမှုဟာ စစ်ဂန်ကြီးနှင့်တကွ မြန်မာ ခေါင်းဆောင်ကြီးများအားလုံးကို တော်လှန်ရေးကြီးမစမီ ဂျပန်ကင်ပေတိုင်များဟာ အယုံအကြည် မရှိတော့ပဲ ကျိန်းသေ အသေအချာအဖမ်းခံရမှာ သေချာပါသည်။

## ဖာစပ်စုဘဂမှလွတ်ခဲ့ရခြင်း

အကယ်၍သာ ဒီလိုဂျပန်ကင်ပေတိုင်နှင့် သခင်စံဂေတို့ပစ်ခတ်မှုကြီးဟာ ဂျပန်တစ်ဦးသေ၍ အင်မတန်မှအရေးကြီးသည့်အမှုကိစ္စကြီးတစ်ခု ဖြစ်ပေါ်လာခဲ့ရပါလျှင် ဗိုလ်အောင်ဆန်းဟာ ကျွန်ုပ် ဦးစပ်စုအပေါ်ကို ဘယ်လောက်စိတ်နာမယ်၊ စိတ်ဆိုးမယ်၊ ဒေါသဖြစ်မယ်ဆိုတာကို ကျွန်ုပ်ဟာ မပြောတတ် မတွေးပုံ့တတ်တော့ပါဘူး။ ကျွန်ုပ်အပေါ်ကိုလည်း သူမိန့်ခွန်းပြောသည့်အခါမှာ အမြဲတမ်း ပါလေ့ရှိသည့် ဖာနိုင်ငံ..ဖာနိုင်ငံဆိုသည့်စကားလုံးဟာ ပျောက်ကွယ်ပြောင်းသွားပြီး၊ ဖာစပ်စု၊ ဖာဟော်တယ်၊ ဖာမသောင်း၊ ဖာဆရာမ၊ ကုလားဆင်နှင့်တူသည့် ဖာကုလားမတို့လုပ်လို့ ငါ့တော်လှန်ရေးကြီးဟာ မစမီအတွင်း ပျက်စီးသွားရတာပါပဲလို့ မိန့်ခွန်းပြောသည့်အခါမှာ အမြဲတမ်း ပါနေမှာပါပဲ။

ပထမနံပါတ် ၁-က ဖာဟော်တယ်၊ ဖာစပ်စုဖြစ်တယ်။ ဒုတိယနံပါတ် ၂-ကသခင်စံပေ၊ သခင်စံပေဟာ လူကလည်းငယ်တယ်၊ စိတ်ကလည်းမြန်တယ်၊ ယခုလိုတော်လှန်ရေးမစမီအတွင်း ဂျပန်နှင့်ရန်ဖြစ်ဖို့မကောင်းဘူး။ တတိယနံပါတ် ၃-က သခင်တင်နှင့်မြန်မာစစ်ဗိုလ်ကြီးတို့က သခင်စံပေ ထက်အသက်နည်းနည်းကြီးတယ်။ ဒါကြောင့် တားဆီးဖို့ကောင်းတယ်လို့ ဗိုလ်ချုပ်အောင်ဆန်းဟာ ကျိန်းသေပြောမှာပါပဲ။ မိန့်ခွန်းထဲမှာလည်း ဒီအကြောင်းကိုအမြဲပါနေမှာပဲ။ ၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၁၉-ရက်၊ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးခဲ့သည့်နေ့ရက်မှစ၍ နှစ်စဉ်နှစ်စဉ် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသည့် ဇူလိုင်လ ၁၉-ရက်နေ့တိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးမြို့တော်ခန်းမမှာ မိန့်ခွန်းပြောသွားသည့် မိန့်ခွန်းသံကို နိုင်ငံတော်အသံလွှင့်ဌာနက ဇူလိုင်လ ၁၉-ရက်နေ့တိုင်းမှာ အမြဲတမ်းလွှင့်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းမြို့တော်ခန်းမမှာ နောက်ဆုံးပြောလိုက်သည့် မိန့်ခွန်းသံထဲမှာ ဖာနိုင်ငံ ဖာနိုင်ငံဆိုသည့်စကားဟာ အမြဲပါပါတယ်။ လူထုများဟာလည်း ဇူလိုင်လ ၁၉-ရက်နေ့တိုင်းမှာ လွှင့်သည့် ဖာနိုင်ငံ..ဖာနိုင်ငံဆိုသည့်စကားလုံးကို အမြဲကြားမိကြရပါလိမ့်မည်။ ဗိုလ်ချုပ်အောင်ဆန်း ဟိုတုန်းကမိန့်ခွန်းသံထဲမှာ ခဏခဏပါလေ့ရှိသည့် ဖာနိုင်ငံ..ဖာနိုင်ငံဆိုသည့်အကြောင်းကို ကျွန်ုပ်ဟာ အသေအချာစဉ်းစားပေဖန် ဆန်းစစ်ကြည့်လိုက်သည့်အခါမှာ ....

ဒီအချိန်တုန်းက ကျွန်ုပ်တို့တတွေအားလုံးမှီခိုနေထိုင်သည့် မြန်မာနိုင်ငံတော်ကြီးဟာ ဖာနိုင်ငံဘဝကို ဖြစ်တော့မလို၊ ကျရောက်တော့မလိုဖြစ်နေသည့် အချိန်အခါကြီးမို့ ဗိုလ်ချုပ် အောင်ဆန်းဟာ သတိပေးဆုံးမတာဖြစ်တယ်လို့ ကျွန်ုပ်ဦးစပ်စုစိတ်ထဲမှာအောက်မေ့ယူဆမိပါသည်။

အဲဒီလို ဗိုလ်ချုပ်အောင်ဆန်းဟာ သူ၏မိန့်ခွန်းသံထဲမှာ နေ့တိုင်း ဖာနိုင်ငံဖာနိုင်ငံလို့ အမြဲတမ်း ခပ်နာနာ သွန်သင်ဆုံးမသည့်ဩဝါဒအသံနှင့်ချမှတ်ပေးခဲ့သည့်လမ်းစဉ်ကို ကျွန်ုပ်တို့ မြန်မာပြည်ရှိလူထုအားလုံးဟာ စည်းစည်းရုံးရုံး၊ ညီညီညာညာ၊ ပေါင်းပေါင်းသင်းသင်းနှင့် ဗိုလ်ချုပ် အောင်ဆန်းချမှတ်ပေးခဲ့သည့်လမ်းစဉ်နှင့်ဩဝါဒကို တသွေမတိမ်းလုပ်မည်ဆိုပါလျှင်.. အစည်းအဝေး ကျင်းပပြုလုပ်သည့်အခါတိုင်းမှာ ပထမနိုင်ငံတော်ကိုအလေးပြုပြီး၊ ဒုတိယနိုင်ငံတော်ခေါင်းဆောင် ကြီးများကိုအလေးပြုသည့်အခါ အမြဲတမ်းပါလေ့ရှိသည့်ဗိုလ်ချုပ်အောင်ဆန်း၏ပုံကိုလည်း မျက်နှာပူနေစရာ လိုတော့မှာမဟုတ်တော့ပါဘူး။ ဖာနိုင်ငံလိုဖြစ်လိမ့်မယ်၊ ဖာနိုင်ငံဖြစ်မယ်လို့ ပြောဆိုပြီး အမြဲတမ်းခပ်နာနာဆုံးမဩဝါးပေးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းဟာ ၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၁၉-ရက်မှာ ကွယ်လွန်သေဆုံးသွားပါပြီ။ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်နှင့်လူမျိုးကောင်းစားအောင် အသက်ပေးဆောင်ရွက်ခဲ့သည့်အတွက်ကြောင့် ကွယ်လွန်သေဆုံး ယခုဆို နတ်ပြည်မှာပဲရှိနေမှာပဲလို့ ကျွန်ုပ်ထင်မိပါသည်။

အကယ်၍ ဗိုလ်ချုပ်အောင်ဆန်းဟာ နတ်ပြည်မှလူ့ပြည်ကိုပြန်လာသည့်အခါ ""တိုင်းပြည် လူထုဟာ ငါချမှတ်ပေးခဲ့သည့်လမ်းစဉ်ကို တစ်သွေမတိမ်းလိုက်နာပြီး ဆက်လက်လုပ်ကိုင်သည့်အတွက် ကြောင့်ငါတို့တိုင်းပြည်ကြီးဟာကောင်းမွန်လာပြီး၊ အများနှင့်တန်းတူထိပ်တန်းကလိုက်လာနိုင်ပြီ၊ ငါပြောခဲ့သည့် ဖာနိုင်ငံစကားကိုဖျက်ပြီး၊ လူနိုင်ငံဖြစ်ပြီ""လို့ ပြောဆိုရေးသား၍ အင်မတန်မှ အားရဂမ်းသာ မှာကို တွေ့မြင်ကြရမှာပါပဲ။ ဖာနိုင်ငံစကားနှင့် လူနိုင်ငံစကားလုံးဟာ ပြင်ဖို့အင်မတန်မှလွယ်ကူပါတယ်။ သို့သော်လည်း ဒီစာလုံး ၂-လုံးကို ပြင်ဖို့ရာကတော့ ယခုလက်ရှိမြန်မာနိုင်ငံတော်မှာနေထိုင်ကြသည့် သန်း ၂၀ကျော် ပြည်ထောင်စုသားတွေအပေါ်မှာတည်ရှိပါသည်။ ဒီဖာနိုင်ငံဆိုသည့်စကားလုံးကို ပြင်ချင်ပါလျှင် သန်း၂၀ကျော်ရှိသည့်ပြည်ထောင်စုသားအားလုံးဟာ ညီညီညာညာ စည်းစည်းရုံးရုံးနှင့် ပေါင်းသင်းတိုင်ပင်ပြီး လူနိုင်ငံဆိုသည့်စကားလုံးကို မပြင်ချင်ကြဘူးဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သည့်ဖာနိုင်ငံဆိုသည့်စကားလုံးနှင့်ပဲနေကြပါတော့။

ကျွန်ုပ်ဟာ ကုသိုလ်ကံအင်မတန်ကောင်းမွန်လုပါ၍ ဖာစပ်စုဘဂမှလွတ်မြောက်၍လာခဲ့ရပါသည်။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းထဲမှာအမြဲပြောလေ့ရှိသည့် ဖာနိုင်ငံဖာနိုင်ငံဟာဖြစ်ခဲ့လျှင်တော့ မြန်မာပြည် မှာရှိသည့်လူကြီးလူကောင်း ယောကျ်ားမိန်းမများပါအပြင် ခလေးပါမကျန် ကျွန်ုပ်ဦးစပ်စုလည်း အပါအဝင် ဖာနိုင်ငံသားတစ်ယောက်ဖြစ်ရမှာပါပဲ။

မည်သည့်အလုပ်မဆို အလုပ်တစ်ခုကိုလုပ်မည်ဆိုလျှင် နီးလျှင် အနှစ်၃၀-၄၀၊ ဝေးလျှင် အနှစ် ၂၀၀၀-၃၀၀၀ဆိုသည့်စကားလို ကြီးကြီးငယ်ငယ် ဘာမဆိုလုပ်သည့်အခါမှာ သေသေချာချာ အင်အားပြည့်ဝပြီးလာမှလုပ်ပါ။ ဒါမှကိုယ်လုပ်သည့်အလုပ်ဟာအောင်မြင်မှုရမယ်။ အကယ်၍ အင်အား ပြည့်ဝစုံလင်မှုမရှိပဲလုပ်လျှင် ဒီအလုပ်ဟာပျက်စီးသွားမှာသေချာပါသည်။ နောက်တစ်ခုက ကျွန်ုပ်ဟာ အလုပ်တစ်ခုကိုလုပ်မည်ဆိုလျှင် အားချင်းမတူသေးလို့မနိုင်သေးသည့်အခါမှာ ကိုယ်ဟာသည့်ခံနေရမည်။ မြန်မာပြည်ကျွန်ဘဂမှာရှိစဉ်အချိန်က အုပ်ချုပ်သူများ၏လက်အောက်မှာ မျက်နှာငယ်ငယ်နှင့် အတော်ပဲ နေခဲ့ရပါတယ်မဟုတ်လား၊ အုပ်ချုပ်သူများရဲ့မျက်နှာကိုကြည့်ပြီးနေထိုင်ခဲ့ရတယ်။ ကျွန်ုပ်ဟာ ဟိုတုန်းကအဖြစ်ကိုတွေးကြည့်မိရာ တွေးမိတိုင်းစိတ်မကောင်းဖြစ်၍ အများကြီးဂမ်းနည်းမိပါသည်။

## ယမ်းတောင့်ကျည်ဆန်နှင့်တူသောကျွန်ဘဂ

ကျွန်ုပ်တို့တတွေ သူတစ်ပါး၏လက်အောက်မှာ နေခဲ့ရသည့်အခါက ဘာနှင့်သဏ္ဍာန်တူသလဲ ဆိုတော့ ယမ်းတောင့်ကျည်ဆန်နှင့်အင်မတန်မှတူပါသည်။ အုပ်ချုပ်သည့်သူကတော့ သေနတ်နှင့် တူပါသည်။ ကျည်ဆန်ဟာ

သေနတ်ထဲကိုထည့်ပြီးထားလိုက်လျှင် သေနတ်ကိုင်ထားသူ၏လက်မှ သေနတ်ထဲကကျည်ဆန်ဟာ ဘယ်ကိုလှည့်ပြီးပစ်ပစ် ကျည်ဆန်ဟာထွက်ရမှာပါပဲ။ ဒါတင်မကသေး ပါဘူး။ ကျည်ဆန်ဟာ သေနတ်ထဲမှာနေရ၍ အုပ်ချုပ်သူ၏လက်ထဲကကိုင်ထားသည့်သေနတ်ဟာ ကျွန်ုပ်၏ဆွေမျိုးမိဘ ညီအစ်ကိုမောင်နှမမိတ်ဆွေသူငယ်ချင်းများဘက်ကိုပဲလှည့်၍ ခလုပ်ဆွဲပြီးပစ် လိုက်တော့ ကျည်ဆန်ဟာမထွက်ပဲမနေနိုင်ပါဘူး။ ထွက်ရမှာပါပဲ။ ဒါကတော့ကျည်ဆန်၏အပြစ် မဟုတ်ပါဘူး။ သေနတ်ကိုင်ထားတဲ့အုပ်ချုပ်သူ၏အပြစ်သာဖြစ်ပါသည်။

ယခုကျွန်ုပ်ပြောဆိုရေးသားဦးမည့်သင်ခန်းစာတစ်ခုဟာ အားမညီမျှသည့်အခါမှာ အောင့်အီး မျိုသိပ်ထားပြီး အားအင်ပြည့်ဝလာသည်အထိ စောင့်မျှော်ရမည်ဆိုသည့် သင်ခန်းစာလေးတစ်ခုပါပဲ...။ ဒီသင်ခန်းစာဟာ ကျွန်ုပ်တို့၏ကျေးဇူးရှင် အမျိုးသားစိတ်ဓါတ်ပြင်းထန်သည့် ဆရာတော်ဦးဥတ္တမ ကိုယ်တော်ကြီးဟာ လွန်ခဲ့သည့် ၃၈နှစ်လောက်အချိန်အခါကဟောပြောခဲ့သည့် သင်ခန်းစာကလေး တစ်ခုဖြစ်ပါသည်။ ဆရာတော်ဦးဥတ္တမကိုယ်တော်ကြီးဟောပြောခဲ့သည့်သင်ခန်းစာကလေးကို ကျွန်ုပ်ဟာ ယခုစာရေးနေသည့်အချိန်အထိ မမေ့သေးပါဘူး။ နားထဲမှာယခုတိုင်ကြားနေမိပါသည်။ ဆရာတော် ဦးဥတ္တမတရားဟောသည့်အကြောင်းရင်းပုံပြင်ရာဇဝင်ကလေးကတော့ ဒီလိုပါ....၊

လွန်လေပြီးသောအခါက တောကြီးတစ်တောမှာ ကျွဲအုပ်ကြီးတစ်အုပ်ရှိတယ်။ ဒီကျွဲအုပ်ကြီးထဲမှာ ကျွဲထီးကြီးတစ်ကောင်ဟာမင်းမူပြီး အကြီးအကဲဗိုလ်လုပ်နေတယ်။ ကျွဲမှန်သမျှ မွေးထုတ်လိုက်သည့် ကျွဲထီးကလေးများကို နင်းနင်းပြီး၊ ဝှေ့၍ဝှေ့၍သတ်ပစ်လိုက်တယ်။ ဒါနဲ့ ဒီကျွဲအုပ်ထဲမှာလည်း ကျွဲထီးဆို၍သူတစ်ကောင်ထဲရှိပြီး အမြဲဗိုလ်ကျမင်းမူနေတယ်။ တစ်နေ့ကျတော့ကျွဲမလေးတစ်ကောင်ဟာ ကျွဲထီးလေးတစ်ကောင်ကိုမွေးတယ်။ ကျွဲထီးကြီးသိရင် နင်းပြီးဝှေ့သတ်မှာကြောက်လို့ တောထဲမှာ သွားပြီးပုက်ထားလိုက်တယ်။ အဲဒီကျွဲထီးလေးဟာ တောထဲမှာနေပြီးတစ်နေ့တစ်နေ့နဲ့ကြီးပြင်းလာတယ်။ ဒီလိုကြီးပြင်းလာတဲ့အခါမှာ သူ့မိခင်ကျွဲမကြီးကိုပြောတယ်၊ ""သူဟာ ဗိုလ်ကျတဲ့ကျွဲထီးကြီးကို သွားဝှေ့မယ်"" လို့ပြောတယ်၊ ကျွဲမကြီးက ""မင်းဟာငယ်သေးတယ်၊ သူနှင့်ခွာရာချင်းမတူသေးဘူး၊ ခွာရာချင်းတိုင်းကြည့်အုံး၊ အားမွေးအုံး""လို့ပြောတယ်။ အဲဒီလိုအင်အားချင်းမတူပဲနှင့်သွားပြိုင်လျှင် မင်းရှုံးပြီးသေမှာပဲ""လို့ ထပ်ပြောပြန်တယ်။

ဒါနဲ့ကျွဲကလေးဟာ တောထဲမှာဗိုလ်ကျနေသည့်ကျွဲထီးကြီးမသိအောင် ခြေရာထွက်တိုင်းလိုက်၊ အားမွေးလိုက်နှင့်နေတဲ့အခါမှာ တစ်နေ့ကျတော့ခွာရာချင်းတူပြီး အားချင်းလည်းပြည့်ဝတူညီလာတယ်။ အဲဒီလိုအခါကျတော့ကျွဲကလေးဟာ ကျွဲကြီးကိုဝှေ့ခတ်ဖို့တောထဲကထွက်လာတယ်။ ကျွဲထီးကြီးကလည်း တောထဲကျွဲကလေးထွက်လာတာကိုမြင်လိုက်တော့ အတင်းပြေးလာပြီးဝှေ့ခတ်တယ်။

တစ်ကောင်နှင့် တစ်ကောင်ဟာလည်း အကြိတ်အနယ်ပွေ့ကြခတ်ကြတယ်။ တစ်ကောင်နှင့်တစ်ကောင်ဟာ ဒီလိုခတ်ကြ ပွေ့ကြပြီး၊ နောက်ဆုံးကျတော့ကျွဲကြီးဟာ ကျွဲကလေးပွေ့ခတ်လိုက်သည့်ဒဏ်ကြောင့် ထွက်ပြေးပြီး သေရရှာတယ်။ ကျွဲကလေးဟာ အရင်တစ်ကြိမ်က ကျွဲကြီးကိုခွာရာချင်းမတူ၊ အင်အားချင်းမတူပဲနှင့် တောထဲကထွက်၍ခတ်လိုက်ပါလျှင် ကျွဲကြီးရဲ့ပွေ့ခတ်လိုက်မှုဒဏ်ကြောင့် သေသွားရမှာပါပဲ။ ယခုတော့ ကျွဲကလေးဟာ ကျွဲကြီးနှင့်ခွာရာချင်းတူ အင်အားချင်းလည်းတူမှထွက်ပြီးယှဉ်ပြိုင်ခတ်တော့ ကျွဲကလေးနိုင်တာပေါ့၊ ကျွဲကလေးဟာလည်း ကျွဲကြီးကို သေချာစွာအနိုင်ရရှိသွားတော့တာပါပဲ။

အထက်ပါရာဇဂင်ပုံပြင်ကလေးကဲ့သို့ ကျွန်ုပ်ဟာ ဘယ်အလုပ်မဆို ကြီးကြီးငယ်ငယ် အင်အားမပြည့်ဂသေးပဲနှင့်လုပ်မည်ဆိုလျှင် အားလုံးဟာပျက်စီးဆုံးရှုံးကုန်မှာပါပဲ။ ဒါကြောင့် ဘယ်အလုပ်မဆိုကျွန်ုပ်တို့ဟာ အားအင်ပြည့်ဂစုံလင်မှပြုလုပ်တာဟာ အောင်မြင်မှုကိုသေချာစွာ ရရှိနိုင်ပါသည်။

ဤကဲ့သို့ ဦးဥတ္တမဆရာတော်ဟောသောတရားများကို အင်္ဂလိပ်အစိုးရက သဘောမကျပါသဖြင့် ဆရာတော်ဦးဥတ္တမကိုယ်တော်ကို ဖမ်းဆီးလိုက်ပါသည်။ ဟိုစဉ်အခါက (ဖျာပုံအရေးပိုင်လုပ်ခဲ့ဖူးသူ) ဦးဘိုးလှက (သမတဟောင်းဒေါက်တာဘဦး၏အဖေဖြစ်သည်။) ဒီအမှုစစ်ဆေးပြီး စီရင်ချက်ချမှတ်ဖို့ရာ အင်မတန်မှခက်နေတယ်။ ဒီဘက်ကလည်း အမျိုးသားစိတ်ဓါတ်ပြင်းထန်လှသည့် ဆရာတော်ဦးဥတ္တမ ကိုယ်တော်၊ ကျွန်ုပ်တို့၏မြန်မာလူမျိုး၊ တစ်ဖက်ကလည်း တိုင်းပြည်အုပ်ချုပ်နေသည့် အင်္ဂလိပ် အစိုးရ၊ ဒီအချိန်တုန်းကဦးဘိုးလှဟာ အုပ်ချုပ်သူများရဲ့လက်ထဲမှာကိုင်ထားသည့်သေနတ်ထဲက ကျည်ဆန်လိုဖြစ်နေတယ်။ ဆရာတော်ဦးဥတ္တမဟာ ကိုယ့်မြန်မာအမျိုးသား ဆရာတော်ဖြစ်နေပေမယ့် အုပ်ချုပ်သူဟာ သူ၏လက်ထဲကသေနတ်ကို ခလုတ်ဆွဲလိုက်တော့ ကျည်ဆန်ဟာ မထွက်ချင်ပေမယ့် မနေရပါဘူး။ ထွက်ရတော့မှာပါပဲ။ ဒါကြောင့်ဦးဖိုးလှဟာ အင်္ဂလိပ်အစိုးရအမိန့်နှင့် ဆရာတော်ဦးဥတ္တမ ကိုယ်တော်ကို ထောင်ချလိုက်ပါသည်။

ဒီဦးဘိုးလှဟာ ဖြူဖြူသန့်သန့်နတ်ခမ်းမွေးထားပါသည်။ လွန်ခဲ့သော အနှစ်၃၀-လောက်က ကျွန်ုပ်ဟာ ပုသိမ်မြို့ (B.O.C) ရေနံဆီအေးဂျင်းကိုယ်စားလှယ်ထံမှာ တစ်နှစ်ကျော်လောက် ပိုင်းဂန်းကူညီလုပ်ကိုင်ဆောင်ရွက်ပေးနေသည့်အချိန်က ကျွန်ုပ်နှင့်အလုပ်အတူ လုပ်ကိုင်ဆောင်ရွက် နေသူတစ်ဦးဟာ ဦးဘိုးလှကိုအင်မတန်မှချစ်ခင်ရင်းနှီးပါသည်။ ဦးဘိုးလှကိုတွေ့သည့်အခါကျလျှင် ဘကြီး၊ ဘကြီးလို့ခေါ်တယ်။ ကျွန်ုပ်ကလည်း ကျွန်ုပ်နှင့်အတူတူ ကူညီလုပ်ကိုင်ဆောင်ရွက်နေသူ ခေါ်သည့်အတိုင်း ဘကြီးလို့ပဲခေါ်ပါသည်။ ဦးဘိုးလှဟာ နောက်တော့ကျွန်ုပ်နှင့်အင်မတန်မှ ရင်းနှီးသွားပြီး ချစ်ချစ်ခင်ခင်ရှိသွားကြပါတယ်။ ကျွန်ုပ်ဟာ ဦးဘိုးလှကိုအကဲခတ်ကြည့်သည့်အခါမှာ သူဟာ ပညာလည်းရှိတယ်။ အမျိုးသားစိတ်မရှိသည့် လူစားမျိုးထဲကလည်းမဟုတ်သေးပါဘူး။ အမျိုးသားစိတ်ဓါတ်လည်းရှိပါသည်။ ဟိုစဉ်အချိန်က

ဆရာတော်ဦးဥတ္တမကိုထောင်ချလိုက်ရတာဟာ အုပ်ချုပ်သူအင်္ဂလိပ်လက်ထဲကကိုင်ထားသည့် သေနတ်ထဲကကျည်ဆန်ဘဂမျိုးဖြစ်နေပါ၍ မလွှဲမကင်းသာနှင့် အင်္ဂလိပ်အစိုးရ၏အမိန့်အရ အပြစ်ပေးထောင်ချလိုက်ရခြင်းဖြစ်ပါသည်။

ယခု ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်မှာ နေထိုင်ကြတဲ့ သန်း၂၈-ကျော်ရှိသည့်လူထုဟာ မလွတ်လပ်ခင် သူတစ်ပါး၏လက်အောက်မှာနေထိုင်ခဲ့ရတဲ့ဟိုဘဂဟာ ဘယ်လောက်ကြပ်တည်း ကျဉ်းမြောင်းတည်ဆိုတာ အထက်ပါဆရာတော်ဦးဥတ္တမနှင့် အရေးပိုင်ဦးဘိုးလှတို့၏အကြောင်းကို ဖတ်ရှုကြည့်လိုက်ကြရပါလျှင် သိနိုင်ကြပါသည်။

ဟိုအချိန်အခါတုန်းက သခင်စံဂေဟာ ကျွဲကလေးလိုခွာရာချင်း အင်အားချင်းမတူညီသေးပဲနှင့် သွားပြိုင်လျှင်ရှုံးဖို့ပဲရှိပါတယ်။ ခွာရာချင်း အားချင်းတူညီသည့်အခါမှ ဘာအလုပ်ကိုမဆို လုပ်ကိုင်ပါလျှင် အမြဲတမ်းအောင်မြင်မှုကို ရရှိနိုင်ပါတယ်ဆိုသည့်သင်ခန်းစာကို မှတ်သားထားကြဖို့ အင်မတန်မှ ကောင်းပါသည်။ ကျွန်ုပ်ဟာ နောက်ထပ်အနည်းငယ် ရှင်းလင်းပြောပြချင်ပါသေးသည်။ ယခုလို အင်အားချင်းပြိုင်သည့်အခါမှာ အင်အားချင်းတူညီပြည့်စုံသည့်အခါမှ အားပြိုင်လျှင်အနိုင်ရတယ်ဆိုသည့် သင်ခန်းစာကို ကျွန်ုပ်ဟာ ရေးသားပြောဆိုတင်ပြခဲ့ပါတယ်။

## တရုပ်ပုံပြင်မှဟိုင်စင်

ယခုတဖန် သည်းခံ၍ အနိုင်ရမှုဆိုသည့် တရုပ်ရာဇဝင်ပုံပြင်ကလေးတစ်ခုကို ရှင်းလင်းတင်ပြ ဥပမာပေး ပြော၍ ရေးသားပါရစေဦး၊ စာရှုသူ.. ဒီရာဇဝင်တရုပ်ပုံပြင်ကလေးကတော့..

လွန်ခဲ့သည့် အနှစ် ၂၄ဂဂ-လောက်က မြို့တစ်မြို့မှာ ပွဲတစ်ခုကျင်းပကပြတယ်။ လူပေါင်း များစွာလာကြည့်ကြတယ်။ ဒီလိုလာကြည့်ကြသည့်လူတွေထဲမှာ လူတစ်ယောက်၏နာမည်က ဟိုင်စင် လို့ခေါ်တယ်။ သူဟာ ပိန်ပိန်ပါးပါး၊ လူကလည်းခပ်ပျော့ပျော့၊ လမ်းလျှောက်သည့်အခါမှာလည်း ဟိုယိုင်ဒီယိုင်ဖြစ်နေသည့်အတွက်ကြောင့် ဒီလိုလူစားမျိုးဟာ ကြက်တစ်ကောင်တောင်နိုင်မှာ မဟုတ်ပါဘူးလို့ ရွာသူရွာသားအများအပြားဟာ ကဲ့ရဲ့ပြောဆိုကြတယ်။ ပွဲကိုလာကြည့်ကြသည့် သူတွေထဲမှာလည်း အားကလည်းကောင်း၊ အရွယ်လည်းကောင်း၊ ဗလကလည်းကောင်းသည့် လူမိုက်တစ်ဦးဟာပါဂင်နေသည်။ ဒီလူမိုက်ဟာ ဟိုင်စင်ကိုသွားပြီးတော့တွေ့တဲ့အခါ ဆဲလည်းဆဲတယ်၊ စော်လည်းစော်ကားတယ်။ အဲဒီလို လူမိုက်ဟာ ဟိုင်စင်ကိုစော်ကားဆဲဆိုနေသည့်အချိန်မှာ သူတို့နှစ်ယောက်ကို လူပေါင်းများစွာကလာပြီးတော့ဝိုင်းရံပြီးကြည့်ရှုနေကြတယ်။

ဒီလူမိုက်ကပြောတယ်၊ ""ဟိုင်စင်... မင်းပြန်ချင်လျှင် ငါဘယ်နည်းနဲ့မှပြန်မလွှတ်နိုင်ဘူး၊ မင်းဟာ သတ္တိရှိလျှင် ငါနှင့်ထိုးရမည်၊ ငါ့ကိုနိုင်အောင်ထိုးနိုင်လျှင် မင်းပြန်ရမယ်""

အဲဒီတော့ဟိုင်စင်ကပြောတယ်။ ""ခင်ဗျားတစ်ချက်ထိုးလျှင် ကျွန်ုပ်ဟာ လဲ၍သေသွားမှာပါပဲ၊ ကျွန်ုပ်ဟာ ခင်ဗျားကိုရှုံးပြီးသားပါ""လို့ လူမိုက်ကို အသနားခံပြီးတောင်းပန်၍ ""ကျွန်ုပ်ကိုလွှတ်ပါ""လို့ ပြောရှာတယ်။ လူမိုက်ကလည်းဟိုင်စင်ကိုမလွှတ်ဘူး။ နောက်ပြီးဟိုင်စင်ကလည်း ရှိခိုးဒူးထောက်၍ တောင်းပန်ပြန်တယ်။ ဒီတုန်းက လူမိုက်ဟာလည်း ခြေထောက်နှစ်ခုကိုဖက်ထားတယ်။ မင်းပြန်ချင်လျှင် ငါ့ရဲ့ခြေထောက်အောက်ကငုံ့ပြီးတော့ပြန်တော့လို့ လူမိုက်ကပြောလိုက်တယ်။

ဒီဟိုင်စင်ဟာ ဘယ်လောက်အထိသည်းခံနိုင်သလဲဆိုလျှင် လူပေါင်းများစွာဝိုင်းအုံ ကြည့်ရှုလျက်ရှိသည့်လူအုပ်ကြီးကို မရှက်မကြောက်ပဲ လူမိုက်ပြောသည့်အတိုင်း ခြေထောက်အောက်က ငုံ့ပြီးထွက်သွားတယ်။

""လူမိုက်က များပြားလှတဲ့ထောင်ပေါင်းများစွာလူတွေထဲမှာ ခေါ်ပြီးတော့ ငါ့ကိုအရှက်ခွဲတယ်၊ အဲဒီအချိန်တုန်းက ငါဟာသည်းမခံပဲ လူကြားထဲမှာ လူမိုက်ဟာ ငါ့ကိုအရှက်ခွဲရမလားဆိုပြီး၊ လူမိုက်ကိုပြိုင်သတ်ရင် ငါဟာသေဖို့ပဲရှိမှာပါပဲ၊ ငါဟာ အစသည်းခံ၍နေခဲ့၍ အသက်မသေတာပဲ""လို့ သူ့စိတ်ထဲမှာယူဆအောက်မေ့မိတယ်။

ဒါနဲ့ဟိုင်စင်ဟာ သူ့ဟာသူစဉ်းစားတယ်။ ""ငါ့ကို လူမိုက်ကလည်း ထောင်ပေါင်းများစွာ လူကြားထဲမှာအရှက်ခွဲတယ်။ ရွာသူရွာသားများဟာလည်း ငါ့ကို ကြက်တစ်ကောင်တောင်မနိုင်ဘူးလို့ မမြဲကဲ့ရဲ့နောက်ပြောင်ပြောဆိုကြတယ်""။

အဲဒီလိုဟိုင်စင်ဟာ သူ့ကိုယ်သူစဉ်းစားပြီးသည့်အချိန်ကစပြီး တရုပ်ရာဇဝင်တွင် နာမည်ကျော်ကြားသည့် စစ်သူကြီးစွန်ဘွန်စူးရေးသားထားသည့် ၁၃စောင်ရှိသော ဥပဒေကျမ်းစာအုပ်များကို နေ့စဉ်ညစဉ်အချိန်မရွေး အမြဲမှတ်သားလေ့လာတယ်။ နေ့ညအချိန်မရွေး မှတ်သားလေ့လာလို့ ဟိုင်စင်ဟာ ၁၀-နှစ်လောက်အတွင်းမှာပဲ အကုန်လုံးကို သဘောပေါက် နားလည်သွားတယ်။ စစ်သူကြီးစွန်ဘွန်စူးရေးသားထားသည့် ဥပဒေကျမ်းစာအုပ်ကြီးများကို ဟိုင်စင်ဟာ သဘောပေါက်နားလည်ပြီးသည့်အခါမှာ အင်မတန်ကြီးကျယ်လှသည့်စစ်ပွဲကြီးတစ်ခုဟာ ပေါ်ပေါက်လာတယ်။

ဒီစစ်ပွဲမှာ ရှင်ဘုရင်ကိုယ်တိုင် သူ့ဟာသူစစ်သေနာပတိချုပ်လုပ်တယ်။ ဒီရှင်ဘုရင်နာမည်ကတော့ "ချောဘအုံ"လို့ခေါ်သည်။ ဒီရှင်ဘုရင်ဟာ တရုပ်ပြည်တစ်ပြည်လုံးမှာ အင်မတန်မှအင်အားကြီးတယ်။ ဘယ်ရှင်ဘုရင်မှသူ့ကို စစ်တိုက်လို့မနိုင်ဘူး။ ဒီဘုရင်ကိုစစ်ပြိုင်တိုက်၍ရှုံးသည့်ဘုရင်များက ""ဒီရှင်ဘုရင် ချောဘအုံ၏စစ်အင်အားဟာ တောင်ကြီးတစ်တောင်လုံးကိုတောင်

လှည့်ပတ်ပစ်နိုင်ပါတယ်""လို့ ပြောဆိုနေကြတယ်။ အခြားနိုင်ငံများကိုတိုက်ခိုက်ပြီး အနိုင်ရရှိလာတာကလည်းအများကြီးရှိပါသည်။

ယခုလည်းဟိုင်စင်တို့နေထိုင်သည့်တိုင်းပြည်ကို တိုက်ခိုက်စပြုနေပါပြီ။ ဟိုင်စင်နေထိုင်သည့် တိုင်းပြည်၏ ရှင်ဘုရင်အမည်ကတော့ "ဟန့်ကော်ကျို့"လို့ခေါ်တယ်။ သူ၏နန်းရင်းဝန်နာမည်က "ရှောင်ဟို"ဖြစ်တယ်။ ချောဘအံ့ရှင်ဘုရင်ဟာ ဟန့်ကော်ကျို့ရှင်ဘုရင်၏တိုင်းပြည်ကိုလည်း တိုက်ခိုက်၍ လာနေပြီ။ ဟန့်ကော်ကျို့ရှင်ဘုရင်ရဲ့တိုင်းပြည်၏မြို့တွေဟာ တစ်နေ့တစ်မြို့ပါကုန်တယ်။ ဟိုကတစ်မြို့၊ ဒီကတစ်မြို့နှင့် တစ်မြို့ပြီးတစ်မြို့ပါကုန်ပြီ။ ဟန့်ကော်ကျို့ဘုရင်၏နန်းရင်းဝန် ရှောင်ဟိုဟာ ယူကျုံးမရဖြစ်ပြီးစိတ်ပူနေတယ်။ သူ့တိုင်းပြည်မှာအင်မတန်ကျော်ကြားနေတဲ့ ပထမတန်းစစ်ဗိုလ်၊ ဒုတိယတန်းစစ်ဗိုလ်၊ တတိယတန်းစစ်ဗိုလ်တို့သွားရောက်ပြီးတော့ ခုခံတိုက်ခိုက်နေတဲ့အခါမှာလည်း တတိယတန်းစစ်ဗိုလ်လိုဟာမျိုးဟာ တစ်ရက်အတွင်းပဲပြုတ်သွားတယ်။ ဒုတိယတန်းစစ်ဗိုလ်များ သွားရောက်တိုက်ခိုက်တဲ့အခါမှာလည်း ၂-ရက် ၃-ရက်အတွင်းပြုတ်သွားတယ်။ သူ၏တိုင်းပြည်မှာ ဟိုစဉ်အခါက နာမည်ကျော်ကြားသည့်ပထမအဆင့်စစ်ဗိုလ်များကိုလည်း သွားရောက်၍တိုက်ခိုက် ခိုင်းတယ်။ ဒီစစ်ဗိုလ်ကြီးများသွားရောက်တိုက်ခိုက်တာဟာလည်း နိုင်ဖို့အကြောင်းကို မျှော်လင့်စရာ မရှိဘူးလို့ဖြစ်နေပါတယ်။ ရက်အနည်းငယ်အတွင်းပို၍ခုခံနိုင်တာတစ်ခုပဲရှိတယ်။ သိပ်မကြာခင် ရှုံးတော့မှာပါပဲ။ ဒီတုန်းအချိန်မှာ နန်းရင်းဝန်ရှောင်ဟိုဟာ ယူကျုံးမရဖြစ်၍ အင်မတန်မှလည်း ဦးနှောက်ခြောက်စိတ်ရှုပ်နေပါတယ်။

အဲဒီတော့ နန်းရင်းဝန်ရှောင်ဟိုဟာ သူတို့တိုင်းပြည်မှာ ချောဘအံ့ရှင်ဘုရင်၏တပ်တွေကို တိုက်ခိုက်ဖို့ရာ စစ်ပညာအတတ်ကိုကျွမ်းကျင်သည့်သူများ ရှိလေမလားလို့ လိုက်လံစုံစမ်းမေးမြန်းတယ်။ အင်မတန်မှနာမည်ကျော်ကြားတဲ့ ပထမတန်းစစ်ဗိုလ်ကြီးတွေ သွားပြီးတိုက်ခိုက်တာတောင် နိုင်အောင် မတိုက်နိုင်ဘူး။ တစ်နေ့ကျရင်ရှုံးမှာပါပဲလို့ စိတ်ထဲမှပူပင်ပြီး စစ်ပညာအတတ်ကျွမ်းကျင်တဲ့သူကို လိုက်လံရှာဖွေစုံစမ်းနေတဲ့ နန်းရင်းဝန်ရှောင်ဟိုဟာ တရုပ်စစ်သူကြီးစွန်ဘွန်စူးအကြောင်းကို ၁ဂနစ်လုံးလုံး လေ့လာမှတ်သားနေသည့် ဟိုင်စင်ကိုသွားပြီးတော့သတိရမိတယ်။ သတိရတာနဲ့တစ်ပြိုင်နက် နန်းရင်းဝန်ဟာ ဟိုင်စင်ထံကိုသွားတယ်။ နန်းရင်းဝန်ရှောင်ဟိုဟာ ဟိုင်စင်ထံသို့ရောက်တော့ တစ်ခါထဲ ဆွေးနွေးတိုင်ပင်ပါတော့တယ်။

""တတိယဆင့်စစ်ဗိုလ်တွေလည်းပြုတ်ပြီး၊ ဒုတိယအဆင့်စစ်ဗိုလ်တွေလည်းပြုတ်တာပဲ၊ ယခု ပထမဆင့်စစ်ဗိုလ်တွေဟာလည်း ဘယ်စစ်ကြောင်းဘယ်နေရာမှာ ချောဘအံ့ဘုရင်၏တပ်တွေကို ခုခံတိုက်ခိုက်နေတယ်။ ဒါဟာလည်း မကြာခင်ပြုတ်ပြီး ရှင်ဘုရင်နေထိုင်သည့် တို့မြို့ကိုရောက်တော့မယ်"" လို့နန်းရင်းဝန်ကပြောပြလိုက်တယ်။ ဟိုင်စင်ကိုပြောပြပြီးတော့ နန်းရင်းဝန်ဟာ

ရှင်ဘုရင်၏အမိန့်တော်နှင့် ဟိုင်စင်ကို စစ်သေနာပတိချုပ်ခန့်အပ်လိုက်တယ်။ ဟိုင်စင်ကလည်း နန်းရင်းဂန်နှင့်အတူ တစ်ပါတည်းရှင်ဘုရင်ထံကိုလိုက်သွားတယ်။ ရှင်ဘုရင်ဟန်ကော်ကျို့ကလည်းဟိုင်စင်အား စစ်သေနာပတိချုပ်ခန့်အပ်လိုက်ပြီးဆိုတာကိုလည်း အားလုံးသိအောင်တိုင်းပြည်ကိုကြေညာလိုက်တယ်။

တိုင်းသူပြည်သားအားလုံးနှင့် တပ်မတော်သားအားလုံးကလည်း ""ဒီဟိုင်စင်ဆိုသည့်အကောင်ဟာ ကြက်တစ်ကောင်မှ မနိုင်သည့်အကောင်၊ သူများခြေထောက်အောက်က ငုံ့ပြီးထွက်လာသည့်အကောင်၊ လူကလည်းလမ်းသွားသည့်အခါ ဟိုယိုင်ဒီယိုင်နှင့်ဘာများအသုံးကျလို့လဲ ဒီရှင်ဘုရင်နှင့် နန်းရင်းဂန်ဟာ မျက်စိမပါဘူးလား""ဆိုပြီး ရှင်ဘုရင်နှင့်နန်းရင်းဂန်ကိုဆဲဆို၍ အပြစ်တင်ကဲ့ရဲ့ကြတယ်။

ဟိုင်စင်ကလည်း လူပါးတစ်ယောက်ပါပဲ၊ သူ့ကိုစစ်သူကြီးနှင့်စစ်သေနာပတိချုပ်ခန့်အပ်တဲ့ အတွက် တိုင်းသူပြည်သားများနှင့် တပ်မတော်သားအားလုံးဟာ ရှင်ဘုရင်နှင့်နန်းရင်ဂန်ကို အပြစ်တင်ပြောဆိုနေကြတာကိုကြားသိထားတယ်။ ဟိုင်စင်ဟာ သူ့ကိုစစ်သူကြီးနှင့် စစ်သေနာပတိချုပ်ခန့်ပေမယ့်

တိုင်းပြည်လူထုနှင့်တပ်မတော်သားအားလုံးကပါမယုံကြည်နေတော့ ဟိုင်စင် ညကြီးသန်းခေါင်အချိန်မှာ ထွက်ပြေးတယ်။ ဟိုင်စင်ထွက်ပြေးသွားတာကို သူ၏အစောင့်စစ်သားကမြင်တယ်။ မြင်တာနှင့် တစ်ပြိုင်နက်နန်းရင်းဂန်ကိုချက်ချင်းသွားပြောတယ်။ နန်းရင်းဂန်ကလည်း ချက်ချင်းမြင်းစီး၍ ဟိုင်စင်နောက်ကိုလိုက်သွားတယ်။ ဒီအချိန်တုန်းက လရောင်အောက်မှာ ဟိုင်စင်နောက် မြင်းစီးပြီး လိုက်သည့်နန်းရင်းဂန်ကိုမြင်ကြရပါတယ်။ တရုပ်ခေတ်ဟောင်းရာဇဝင်ကိုဖတ်ဖူးသူတိုင်း လရောင်အောက်မှာဟိုင်စင်နောက်ကိုမြင်းစီးပြီးလိုက်နေတဲ့ နန်းရင်းဂန်အကြောင်းကိုသိကြပါလိမ့်မည်။

နန်းရင်းဂန်ဟာ မြင်းနှင့်လိုက်၍ ဟိုင်စင်ကိုမှီတဲ့အခါဟိုင်စင်ကိုပြောပြတယ်။ ""ခင်ဗျား မတိုက်လှျင်လည်း တိုင်းပြည်ဟာ ပြုတ်ပြုတ်ပြုန်းမှာပါပဲ၊ ခင်ဗျားနှင့်တကွလူအားလုံးဟာလည်း ကျွန်ဖြစ်မှာပါပဲ၊ ခင်ဗျားမပြေးပါနှင့် အတူပြန်လိုက်ခဲ့ပါ""လို့ခေါ်တယ်။

ဟိုင်စင်ဟာ ဒီတော့နန်းရင်းဂန်စကားကိုနားထောင်ပြီး မြို့တော်ကိုပြန်လိုက်လာခဲ့တယ်။ မြို့တော်ကိုပြန်ရောက်လာသည့်အခါ သတင်းဆိုးကြီးတစ်ခုကိုကြားလိုက်ရတယ်။ ""ယခု ပထမတန်း ပထမဆင့် စစ်သေနာပတိချုပ်စစ်ဗိုလ်ကြီးကျသွားပြီ၊ စစ်ရှုံးတော့မယ်၊ ချောဘအုံ၏တပ်တွေဟာ ယခုရက်အနည်းငယ်အတွင်းမှာပဲ ဒီမြို့တော်ကိုရောက်လာတော့မယ်။ အင်မတန်မှ အရေးကြီးသည့် အချိန်ရောက်နေပါပြီ""။

ဒီတော့ရှင်ဘုရင်နှင့်နန်းရင်းဂန်ဟာ တိုင်ပင်ပြီးချက်ချင်းအမိန့်တစ်ခုချလိုက်တယ်၊ ""နက်ဖြန်ခါ မွန်းလွဲချိန်ကျလျှင် တပ်မတော်သားအားလုံးနှင့် ဗိုလ်မှူးများပါဗိုလ်ရှုသဘင်ကို တစ်ယောက်မကျန် လာရမယ်၊ မရွယ်ရောက်သည့် မောင်မယ်များလည်းလာရမယ်၊ နောက်ပြီး တိုင်းသူပြည်သား အားလုံးလည်းလာရောက်ရမယ်""လို့ အမိန့်ချမှတ်ထုတ်ပြန်လိုက်တယ်၊ ရှင်ဘုရင်အမိန့်ထုတ်ပြန် ကြေညာလိုက်သည့် မွန်းလွဲပိုင်းအချိန်ကိုရောက်သည့်အခါ ရှင်ဘုရင်ရော၊ နန်းရင်းဂန်တွေရော၊ စစ်ဗိုလ်ကြီးတွေရော၊ တိုင်းသူပြည်သားအားလုံးနှင့် အရွယ်ရောက်သည့်မောင်မယ်မှန်သမျှဟာလည်း ဘုရင့်အမိန့်အတိုင်း ဗိုလ်ရှုသဘင်ညီလာခံကို အားလုံးစုဝေးပြီးရောက်ရှိလာကြတယ်။

ဒီအချိန်အခါမှာ ရှင်ဘုရင်ဟန့်ကော်ကျို့က ""တိုင်းပြည်မှာ ဘယ်လောက်ရန်သူနှင့် နီးကပ်နေတယ်၊ ဘယ်လောက်အရေးကြီးနေပြီဆိုတာကို ကျုပ်အထူးပြောနေဖို့ မလိုတော့ပါဘူး၊ တိုင်းသူပြည်သားအားလုံးသိပြီးသားပါပဲ။ ယခုဟိုင်စင်ကို စစ်သေနာပတိချုပ်ခန့်ထားလိုက်ပါပြီ။ ဟိုင်စင်၏အမိန့်ကိုနာခံတာဟာ ကျုပ်၏အမိန့်ကိုနာခံတာနဲ့ အတူတူပါပဲ""လို့ပြောပြီး ရှင်ဘုရင်ဟာ သူ၏ခါးထဲမှာအမြဲချိတ်ထားသည့် အင်မတန်အဖိုးတန်တဲ့ နှစ်ဖက်သွားဓါးကို ဟိုင်စင်အားပေးလိုက်သည်၊ သူပေးထားသောအာဏာကို မနာခံတဲ့သူရှိလျှင် သူပေးထားတဲ့ဓါးနှင့်လည်ပင်းကိုဖြတ်ပါလို့ ရှင်ဘုရင်ဟာ ပြောပြီးတာနှင့်တစ်ပြိုင်နက် ဟိုင်စင်ဟာ ရှင်ဘုရင်ပေးအပ်လိုက်သည့်ဓါးကို ခါးမှာချိတ်ပြီး၊ မတ်တပ်ရပ်၍မိန့်ခွန်းစကားထပြောတယ်။


""ကျွန်ုပ်ဟာ ကျွန်ုပ်၏ခေါင်းထဲမှာရှိတဲ့ဦးနှောက်နှင့်ဗိုက်ထဲမှာရှိတဲ့ အူအသည်းနှလုံးတွေဟာ မြေကြီးကိုထိပြီး ကျွန်ုပ်သေတဲ့အထိ ရန်သူကိုနိုင်အောင်တိုက်ခိုက်ပါမည်ဆိုတဲ့စိတ်ကို ကျွန်ုပ်၏စိတ်ထဲမှာ ဆုံးဖြတ်ချက်ချထားပြီးပါပြီ။ တပ်မတော်သားတွေဟာလည်း တညီတညွတ်တည်းရှေ့ကိုတက်၍ ရန်သူကိုတိုက်ပါ။ စစ်ပြီးဆုံးတဲ့အခါကျလျှင် ကျွန်ုပ်ဟာ ချီးမြှင့်ရမယ့်သူကိုချီးမြှင့်မည်။ အပြစ်ရှိတဲ့သူကို အပြစ်ရှိသလိုအရေးယူပါမည်၊ ဘယ်သူ့ကိုမှလည်းမျက်နှာမလိုက်ပါဘူး""လို့ ပြောပြီးတာနှင့်တစ်ပြိုင်နက် စစ်မျက်နှာ ၁၀ ကြောင်းကို တစ်ခါတည်းဖွင့်လိုက်တယ်။

စစ်မျက်နှာ ၁၀-ကြောင်းကိုဖွင့်လိုက်တဲ့အခါမှာ တစ်ခါတည်းနှင့် တပ်ရင်း ၁-စစ်ဗိုလ်ချုပ်ကြီးက ဘယ်သူ၊ ဒုတိယစစ်ဗိုလ်ချုပ်ကြီးကဘယ်သူ၊ ဗိုလ်ကြီးကဘယ်သူ၊ ဒုတိယဗိုလ်ကြီးကဘယ်သူဆိုတာကို စစ်သေနာပတိချုပ်ဟိုင်စင်ဟာ အမိန့်ပေးလိုက်တယ်။ ဒီကနေဘယ်နေရာ ဘယ်နှစ်မိုင်ဝေးတဲ့နေရာကို သွားပြီးတော့စစ်စခန်းသွားချရမယ်၊ စစ်သားဘယ်လောက်ခေါ် သွားရမယ်။ ဘယ်တပ်ကဘယ်နေရာကို သွားနေရမယ်၊

စားသောက်စရာရိက္ခာပစ္စည်းကဘယ်လောက်ယူသွားရမယ်။ အလံဂါကိုအမြဲထူထားရမယ် ဆိုတာတွေကို စစ်သေနာပတိချုပ်ဟိုင်စင်ဟာတစ်ခါတည်းချက်ချင်းအမိန့်ပေးလိုက်တယ်။

တပ်ရင်း ၂-ကလည်း အလံနီထူပြီး ဗိုလ်မှူးကြီးကဘယ်သူ၊ ဘယ်နေရာ၊ ဘယ်စခန်းကို သွားနေရမယ်ဆိုတာတွေနှင့် ကျန်သည့်တပ်ရင်းတွေကလည်း အလံစိမ်း၊ အဖြူအပြာများကိုထူပြီး အထက်ပါအလားတူကဲ့သို့ ဘယ်နေရာဘယ်စခန်းမှာသွားရောက်၍နေရမယ်လို့ စစ်သေနာပတိချုပ် ဟိုင်စင်ကအမိန့်ချမှတ်ပေးလိုက်ပါသည်။

ဆက်ရန်ရှိသေးသည်။
ဒုတိယတွဲမျှော်ပါ။






Printed at the MALA MYAING Press,
No. 5, Chin Tsong Avenue, Kokkine, Rangoon.